**ဥဒဂ္ဂစိတ္တဒိဝသ** (ပု) [ဥဒဂ္ဂစိတ္တ+ဒိဝသ] တက်ကြွ-ရွှင်ပျ-သောစိတ်ရှိရာနေ့။ သကလ-နဂရဿ ဥဒဂ္ဂစိတ္တဒိဝသေ ဇာတောတိ ဥဒါယီတွေဝ နာမံ အကံသု။ အံ၊ဋ္ဌ၊၁။၂၃၄။ သာရတ္ထ၊၃။၂၄၄။

**ဥဒဂ္ဂတနုဇ** (တိ) [ ဥဒဂ္ဂ+တနု+ဇ(ဇန+ကွိ)] မြင့်တက်သော ခန္ဓာကိုယ်ဖြင့်ဖြစ်သော၊ အရပ် အမောင်းကောင်းသော၊သူ။ (မြန်မာပြန်-၁၂၉-၌ ရွှင်လန်း တက်ကြွသော အမွေးရှိသော-ဟု ပြန်သည်။) တေံ ပဿထ ဗြာဟ္မဏံ--- ဥဒဂ္ဂတနုဇံ ဟဋ္ဌံ။ အပ၊၂။၁၃၄၊၁၄၀။ ထေရ၊ ဋ္ဌ၊၂။၈၀။

**ဥဒဂ္ဂတေဇ** (တိ) [ ဥဒဂ္ဂ+တေဇ] ဥဂ္ဂတတေဇ (က) နှင့်အနက်တူ၊ ၎င်းကြည့်။

**ဥဒဂ္ဂမန** (တိ) [ ဥဒဂ္ဂ+မန ] တက်ကြွ-ရွှင်ပျ-သော စိတ်ရှိသော၊သူ။ မေဓာဝိနာ သဟာယေန သဒ္ဓိံ အတ္တမနော တုဋ္ဌမနော ဟဋ္ဌောမနော ပဟဋ္ဌမနော ဥဒဂ္ဂမနော မုဒိတမနော စရေယျ။ စူဠနိ။၂၅၆။ (-အပ၊ ၂။၁၃။)

**ဥဒဂ္ဂမေဃ** (ပု) [ဥဒဂ္ဂ+မေဃ] တက်ကြွ-ပြန့်ပြော-မွန်မြတ်-ကြီးစွာ-သောမိုး။ နဂါ နဂဂ္ဂေသု သုသံဝိရူဠှာ။ ဥဒဂ္ဂမေဃေန နဝေန သိတ္တာ။ ထေရ။၂၄၃။ ဥဒဂ္ဂမေဃေန နဝေန သိတ္တာတိ ပဌမပုပ္ပန္နေန ဥဠာရေန မဟတာ ပါဝုသမေဃေန အဘိပ္ပဝုဋ္ဌာ။ ထေရ၊ဋ္ဌ၊၁။၂၇၇။

**ဥဒဂ္ဂိဟုတ္တ** (နု) [ဥဒ+အဂ္ဂိ+ဟုတ္တ] ရေမီးကို-ပူဇော်-ပြုစု-စောင့်ရှောက်-ခြင်း။ ဥဒဂ္ဂိဟုတ္တံ ဥပတိဋ္ဌတော မမ။ ဇာ၊၂။၁၀၃။ ဥဒဂ္ဂိဟုတ္တန္တိ ဥဒကအဂ္ဂိဟုတ္တံ။ ဇာ၊ဋ္ဌ၊၅။၄၂၂။ ဥဒက-

အဂ္ဂိဟုတန္တိ ဥဒကဿ စေဝ အဂ္ဂိဿ စ ဟုတံ ဟဝနံ ပူဇနံ။ ဇာ၊ဋ္ဌ၊သစ်။ ဇာ၊ကျော်။

**ဥဒဂ္ဂု(ဂ္ဂု)ဒဂ္ဂ** (တိ) [ ဥဒဂ္ဂ+ဥဒဂ္ဂ ] (ပီတိ၏ အစွမ်းဖြင့်) တက်ကြွတက်ကြွသော-အလွန် တက်ကြွသော-ကိုယ် စိတ်ရှိသော၊သူ။ ဧဝံ ဝုတ္တေ မဟာဗြဟ္မာ---ဟဋ္ဌပဟဋ္ဌော ဥဒဂ္ဂုဒဂ္ဂေါ ဟုတွာ သာဓူတိ ပဋိဿုဏိတွာ ပဋိညံ အဒါသိ။ ဝိ၊ဋ္ဌ၊၁။၂၈။ ဥဒဂ္ဂုဒဂ္ဂေါတိ သရီရ-ဝိကာရုပ္ပါဒနပီတိဝသေန ဥဒဂ္ဂုဒဂ္ဂေါ။ ပီတိမာ ဟိ ပုဂ္ဂလော ကာယစိတ္တာနံ ဥဂ္ဂတတ္တာ "ဥဒဂ္ဂုဒဂ္ဂေါ"တိ ဝုစ္စတိ။ သာရတ္ထ၊၁။၁၁၅။ ဝိမတိ၊၁။၂၆။ (-မ၊၂။၃၂၃။ မ၊ဋ္ဌ၊၁။၁၁၆။ ဝိသုဒ္ဓိ၊၁။၃၄၁။ ဓမ္မ၊ဋ္ဌ၊၁။၃၀၇။ မဋီ၊၃။၂၇၃။ သံဋီ၊၁။၁၆၃။ သံဋီ၊၂။၃၀၈။) ဟဋ္ဌပဟဋ္ဌော ဥဒဂ္ဂုဒဂ္ဂေါ သမ္ပိယာယမာနော။ အံဋီ၊၁။၂၈၆။

**ဥဒဂျ** (န) [ ဥဒဂ္ဂ+ဏျ ] တက်ကြွသော၊ ရွှင်ပျသော။ အောက်ပုဒ်ကြည့်။

**ဥဒဂျမန** (တိ) [ ဥဒဂျ+မန] တက်ကြွ-ရွှင်ပျ-သော စိတ်ရှိသော၊သူ။ သမုဂ္ဂတတနူရုဟန္တိ သုဒ္ဓ ဥဂ္ဂတလောမံ ဥဒဂ္ဂလောမံ ဥဒဂျမနံ ဝါ။ အပ၊ဋ္ဌ၊၂။၂.၂၇။

**ဥဒင်္ဂဏ**[1] (န) [ ဥဒ+အင်္ဂဏ ] ကွင်းပြင်၊ ရင်ပြင်၊ မြေပြင်။ ဥဒင်္ဂဏေ တတ္ထ ပပံ အဝိန္ဒုံ။ ဇာ၊၁။၁။ အဘိ၊ဋ္ဌ၊၂။၄၇၉။ ဥဒင်္ဂဏေတိ ဧတ္ထ ဥဒါတိ နိပါတော၊အင်္ဂဏေတိ မနုဿာနံ **သဉ္စရဏဋ္ဌာနေ**၊ အနာဝါသေ ဘူမိဘာဂေတိ အတ္ထော။ ဇာ၊ဋ္ဌ၊၁။၁၂၅။

**ဥဒင်္ဂဏ**[2] (ပု) [ယာဒိစ္ဆကနာမ်] ဥဒင်္ဂဏတောင်။ ဟိမဝန္တဿာဝိဒူရေ၊ ဥဒင်္ဂဏော နာမ ပဗ္ဗတော။ အပ၊၂။၇၄။ ထေရ၊ဋ္ဌ၊၁။၉၈၊၃၄၆။

**ဥဒစ္ဆိဒါ** (ကြိ) [ ဥ+ဆိဒ(ဆိဒိ)+အ+တိ။ တိ-ကို အာပြု] ဖြတ်၏၊ ဖျက်ဆီး၏။ ယော ရာဂမုဒစ္ဆိဒါ အသေသံ။ သုတ္တနိ။၁။ ဥဒစ္ဆိဒါတိ ဥစ္ဆိန္ဒတိ ဘဉ္ဇတိ ဝိနာသေတိ၊ အတီတ-ကာလိကာနမ္ပိ ဟိ ဆန္ဒသိ ဝတ္တမာနဝစနံ အက္ခရစိန္တကာ ဣစ္ဆန္တိ။ သုတ္တနိ၊ဋ္ဌ၊၁။၁၅။ ဥစ္ဆိန္ဒတိ-လည်းကြည့်။

**ဥဒဉ္စန** (ပု၊န) [ ဥ+အစိ+ယု။ ပါဠိ၌ ပုံလိင် ဖြင့်ရှိ၏၊ ထောမနိဓိနှင့် ပါဠိအင်္ဂလိပ်, သက္ကတ အင်္ဂလိပ် အဘိဓာန်တို့၌ နပုံလိင်သာပြထား ၏] ရေငင်ပုံး၊ ရေခပ်အိုးငယ်။ ဥဒဉ္စနိက၊ ဥဒဉ္စနီ-တို့ကြည့်။

**ဥဒဉ္စနဘာဝ** (ပု) [ဥဒဉ္စန+ဘာဝ] ရေငင်ပုံး-ရေခပ်အိုး ငယ်-၏အဖြစ်။ အောက်ပုဒ်ကြည့်။

**ဥဒဉ္စနဘာဝပ္ပတ္တိ** (ထီ) [ဥဒဉ္စနဘာဝ+ပတ္တိ] ရေငင်ပုံး-ရေခပ်အိုးငယ်-၏အဖြစ်သို့ ရောက်ခြင်း။ ဝိစရန္တဿ မေ အနန္တဝါသိက-ဝါသော စာဋိယာ ဥဒဉ္စနဘာဝပ္ပတ္တိဝိယ ဟောတိ။ ဓမ္မ၊ဋ္ဌ၊၁။၆၀၇၂။

**ဥဒဉ္စနိက** (ပု) [ဥဒဉ္စန+ဣက] ရေငင်ပုံး၊ရေခပ် အိုးငယ်။ သေယျထာပိ နာမ ဥဒကမဏိကော ဟုတွာ ဥဒဉ္စနိကော အဿ။ မ၊၂။၂၃၀။ ဥဒဉ္စနိကောတိ ဥဒကဝါရကော။ မ၊ဋ္ဌ၊၃။၁၉၀။ ဥဒဉ္စနိကောတိ ဥဒဉ္စနော။ မဋီ၊၃။၁၃၂။ အောက်ပုဒ်လည်းကြည့်။

**ဥဒဉ္စနီ** (တိ) [(က) ဥ+အစိ+ယု+နဒါဒိဤ။ (ခ) ဥဒဉ္စနီ+ဏ] (က) ရေငင်ပုံး၊ရေခပ်အိုးငယ်။ (ခ) ရေခပ်အိုးငယ်နှင့်တူသော မိန်းမ။ (က) (ခ) သုခံ ဝတ မံ ဇီဝန္တံ၊ ပစမာနာ ဥဒဉ္စနီ။ ဇာ၊၁။၂၅။ ဥဒကံ အဉ္စန္တိ တောယာတိ ဥဒဉ္စနီ၊ စာဋိတော ဝါ ကူပတော ဝါ ဥဒက-ဥဿိဉ္စနယဋ္ဌိကာယေတံ နာမံ၊ သာ ပန ဥဒဉ္စနီ ဝိယ၊ ဥဒကံ ဝိယ ဃဋိကာ ယေန ယေန-တ္တိကာ ဟောတိ၊ တံ တံ အာကနုတိယေဝါတိ အတ္ထော။ ဇာ၊ဋ္ဌ၊၁။၄၄၁။

**ဥဒဥ္စလ** (န) [ ဥဒ+ဇလ ] ရေညွန်၊ ညွန်နှင့်ရောသောရေ။ အညတရဿ ဘိက္ခုနော ဥဒဥ္စလံ ကိဥ္စန္တဿ အသုစိ မုစ္စိ။ ဝိ၊၁။၁၇၀။ ဥဒဥ္စလန္တိ ဥဒကစိက္ခလ္လော ဝုစ္စတိ။ ဝိ၊ဋ္ဌ၊၂။၁၁၉။ ဥဒကစိက္ခလ္လ-လည်းကြည့်။

**ဥဒဥ္စလဝတ္ထု** (န) [ဥဒဥ္စလ+ဝတ္ထု] ရေညွန်ကို ကစားသောရဟန်း၏-ဝတ္ထု-အကြောင်းအရာ။ ဥဒဥ္စလဝတ္ထုသုပိ ဧသေဝနယော။ ဝိ၊ဋ္ဌ၊၂။၁၁၉။

**ဥဒဏှာသိ** (ကြိ)[ဥ+ဌာ+ဤ] (နေရာမှ)ထ၍ရပ်ပြီ။ တဿာ မာတာ ဥဒဏှာသိ၊ ခတ္တိယာ ဒေဝဝဏ္ဏိနီ။ ဇာ၊၂။၇၀။ ဥဒဏှာသီတိ အာသနာ ဥဋ္ဌာယ ရညော သန္တိကံ ဂန္တွာ အဋ္ဌာသိ။ ဇာ၊ဋ္ဌ၊၅။၃၂၂။ ဥဋ္ဌာတိ-လည်းကြည့်။

**ဥဒဏှ** (ပု) [ ဥ(ဥဒ်)+အဟ ] နေတက်ချိန်။ အောက်ပုဒ်ကြည့်။

**ဥဒဏှသမယ** (ပု) [ ဥဒဏှ+သမယ ] နေတက်ရာ-နေထွက်ရာ-အချိန်အခါ။ ပါတောဝ ပါတရာသမ္ဗိုဥဒဏှသမယံ ပတိ။ ဇာ၊၂။၁၃။ ဥဒဏှသမယံ ပတီတိ သူရိယုဂ္ဂမနဝေလာယမေဝ။ ဇာ၊ဋ္ဌ၊၅။၁၆၅။

**ဥဒတာရယိံ** (ကာ၊ကြိ) [ ဥ+တရ+ဏယ+ဤ] ကြွတက် စေပြီ၊ သွားအံ့သော အစီအရင်ကို ပြုပြီ။ တံ သူလ္လဝတ္ထုံ ဥဒတာရယိံ ရထံ။ ဇာ၊၂။၁၁၁။ ဥဒတာရယီတိ ဥတ္တာရေသိ ဥက္ခိပိတ္ဝာ ဂမနသဇ္ဇမကာသိ။ ဇာ၊ဋ္ဌ၊၅။၄၃၇။

**ဥဒတာရိ** (ကြိ) [ဥ+တရ+ဤ] ကူးမြောက်-ကူးတက်-ပြီ။ တေနုဒတာရိ ဒုခသမ္ဘရေတော (ဇာ၊၁။၇၄)တိ တေန ကာရဏေနမှိ --- ဥတ္တိဏ္ဏော။ ဇာ၊ဋ္ဌ၊၂။၂၇၇။

**ဥဒတာရိ**[၁] (ကြိ) [ ဥ+တရ+ဤ ] ကူးမြောက်-ကူးတက်-ပြီ။ သမာဟိတော ယော ဥဒတာရိ ဩဃံ။ သုတ္တနိ။၃၄၈။ (-ဥဒါန။၁၇၀၊၁၀၂။ နေတ္တိ။၅၄၊၁၂၃။) ဥဒတာရီတိ ဥတ္တိဏ္ဏော။ သုတ္တနိ၊ဋ္ဌ၊၂။၁၃၅။ (-ဥဒါန၊ဋ္ဌ။၃၂၉၊၃၆၅။ နေတ္တိ၊ဋီ။၁၃၂။ နေတ္တိ၊ဝိဘာ။၂၉၇။)

**ဥဒတာရိ**[၂] (ကာ+ကြိ) [ ဥ+တရ+ဏေ+ဤ ] ကူးမြောက်စေပြီ၊ ထုတ်ဆောင်ပြီ။ ပင်္ကေ ပေါသံ ပလိပေ ဗျသန္နံ၊ ဗလီ ယထာ ဒုဗ္ဗလမုဒ္ဓရေယျ။ ဧဝမ္ပိ မံ တွံ ဥဒတာရိ ဟောတိ။ ဇာ၊၁။၃၅၂။ ဥဒတာရီတိ ကာမပင်္ကတော ဥတ္တာရယိ၊ ဥဒတာသီတိပိ ပါဠော။ အယမေဝတ္ထော။ ဥဒ္ဓတာသီတိပိ ပါဠော၊ဥဒ္ဓရီတိ အတ္ထော။ ဇာ၊ဋ္ဌ၊၄။၄၉၀။

**ဥဒတာသိ** (ကာ၊ကြိ) [ဥ+တရ+ဏေ+ဤ။ သအာဂုံ] ကူးမြောက်စေပြီ၊ ထုတ်ဆောင်ပြီ။ အထက်ပုဒ်ကြည့်။

**ဥဒတ္တ**[၁] (တိ) [ ဥ+အာ+ဒါ+တ။ ဝိ၊ပိ၊မာန်။ (ဥဒါတ္တ-သံ။) ] (၁) မြင့်သော၊ မြင့်တက်သော (အသံ)။ (၂) မြင့်မြတ်သော (ပညာ)။ (၁) ဥဒတ္တာနုဒတ္တာဒိ နှင့် ဥဒတ္တာနုဒတ္တာဒိသမ္ပဒါန-ကြည့်။(၂) အောက်ပုဒ်ကြည့်။

**ဥဒတ္တ**[၂] (တိ) [ဥဒ+အတ္တ] မြင့်မြတ်သောပညာရှိသော၊ မြင့်မြတ်သောအကျိုးကိုလည်း ပေးတတ်၍ မိမိသန္တာန်၌လည်း ဖြစ်သောပညာရှိသော၊ သူ။ တဏှာစရိတော ဥဒတ္တော (ဥဒတ္တော။ဋ္ဌ။) သမာဓိန္ဒြိယေန ဒုက္ခာယ ပဋိပဒါယ ခိပ္ပါဘိညာယ နိယျာတိ ဈာနေဟိ နိဿယေဟိ။ နေတ္တိ။၇။ ဥဒတ္တောတိ ဥဒအတ္တော၊ ဥဠာရပညောတိ အတ္ထော။ နေတ္တိ၊ဋ္ဌ။၅၁။ ဥဒတ္တောတိ ဥဒအတ္တော၊ ဥဠာရံ ဖလံ ဒေတီတိ အတ္တော၊ ဥဠာရံ ဖလံ ဒေတီတိ ဥဒေါ၊ ကော သော၊ ပဝိစယော။ အတ္တနိ

နိဗ္ဗတ္တော အတ္တော၊ ဥဒေါ အတ္တော ယဿ ပုဂ္ဂလဿာတိ ဥဒတ္တောတိ ဝစနတ္တော ကာတဗ္ဗော။ နေတ္တိ၊ဋီ။၆၉။ (-နေတ္တိ။၉၈။ နေတ္တိ၊ ဋီ။၂၆၅။)

**ဥဒတ္တပည** (တိ) [ဥဒတ္တာ+ပညာ] မြင့်မြတ်သောပညာရှိသော၊သူ။ ဒုတိယာယ ပဋိပဒါယ ဟေတု နာမ တဏှာစရိတတာ ဥဒတ္တပညတာ စ။ နေတ္တိ၊ဋီ။၆၉။

**ဥဒတ္တာနုဒတ္တာဒိ** (တိ) [ဥဒတ္တ+အနုဒတ္တ+အာဒိ] မြင့်သောအသံ, နိမ့်သောအသံ အစရှိသော။ သဇ္ဈာယိတန္တိ ဂါယနဝသေန သဇ္ဈာယိတံ၊ တံ ပန ဥဒတ္တာနုဒတ္တာဒီနံ သရာနံ သမ္ပဒါဝသေနေဝ ဣစ္ဆိတန္တိ အာဟ "သရသမ္ပတ္တိဝသေနာ"တိ။ ဒီ၊ ဋီ၊၁။၃၀၈။ အံ၊ဋီ၊၃။၅၇။ (-သီဋီ၊သစ်၊၂။၂၇၃။)

**ဥဒတ္တ** (တိ) [ ဥဒ+အတ္တ] မြင့်မြတ်သောပညာရှိသော။ ဥဒတ္တ² - ကြည့်။

**ဥဒဒ္ဒရိ** (ကြိ) [ ဥ+ဒရ+ဤ ] ထုတ်ဆောင်ပြီ။ မနုညံ ဘာသမာနဿ၊ ဂရုံ ဘာရံ ဥဒဒ္ဒရိ။ ဇာ၊ ၁။၇။ ဓမ္မ၊ဋ္ဌ၊၂။၁၃၇။ မနာပံ ပိယဝစနံ ဘာသမာနဿ ဗြာဟ္မဏဿ ဂရုံ ဘာရံ ဥဒ္ဒရိ၊ ဥဒ္ဒရိတွာ ကမိတွာ ပဝဍ္ဎေသီတိ အတ္တော၊ ဒကာရော ပနေတ္ထ ဗျဉ္ဇနသန္ဓိဝသေန ပဒ-သန္ဓိကရော။ ဇာ၊ဋ္ဌ၊၁။၂၀၉။

**ဥဒဓိ** (ပု) [ ဥဒက+ဓာ+ဣ။ ဇလာနိ ဥဒကာနိ စ နိဓီယန္တေ ဓီယန္တေ ဧတ္ထာတိ ဇလနိဓိ ဥဒဓိ စ၊ ဥဒကဿ ဥဒါဒေသော။ ဓာန်၊ဋီ။ ၆၅၉။ ဥဒကံ ဒဓာတီတိ ဥဒဓိ။ ကစ္စည်း၊သုတ္တ။၅၅၁။ ရူပ၊ ၃၇၀။ နီတိ၊သုတ္တ။၁၁၃၈။] (က) များစွာသောရေ၏စုဝေးတည်နေရာအရပ်။ (ခ) ပင်လယ်၊ သမုဒ္ဒရာ။ (က) သမုဒ္ဒေါ ဥဒဓိနံ သေဋ္ဌော၊ နက္ခတ္တာနဉ္စ စန္ဒိမာ။ သံ၊၁။၆၇။ ဥဒဓိနန္တိ ဥဒကနိဓာနာနံ။ သံ၊ဋ္ဌ၊၁။၁၁၈။ ဥဒကံ ဓီယတိ ဧတ္ထာတိ ဥဒဓိ၊ မဟောဒဓိ။ သံ၊ဋီ၊၁။၁၆၈။ ယထာ သမုဒ္ဒေါ ဥဒဓီနံ မဂ္ဂေါ၊ နေရုဗ္ဗ နဂါနံ ပဝရော သိလုစ္စယော။ အပ၊၁။ ၁၈၀။ ထေရ၊ဋ္ဌ၊၁။၂၁၈။ (ခ) သေပ္ပမေယျော ဥဒဓိဝ သာဂရော။ ဝိမာန။ ၅၀၆၂။ အဘိ၊က။ ၄၀၂။ ဝိမာန၊ဋ္ဌ။၁၇၆။ ဥဒဓိဝ သာဂရောတိ ယထာ ဥဒကံ တ္ထေ ဓီယတီတိ "ဥဒဓိ"တိ လဒ္ဓနာမော သာဂရော... အပ္ပမေ-ယျော။ ဝိမာန၊ဋ္ဌ။၁၄၁။ ဥဒဓိမိဝ အဏ္ဏဝါန (စူဠနိ။၂၀၉)န္တိ ဝိတိဏ္ဏအဏ္ဏဝါနံ အန္တရေ သမုဒ္ဒံ ဝိယ အဓိဂစ္ဆိ။ စူဠနိ၊ဋ္ဌ။၈၃။

**ဥဒဓူပမ** (တိ) [ဥဒဓိ+ဥပမာ] မဟာသမုဒ္ဒရာ လျှင် ဥပမာရှိသော၊ မဟာသမုဒ္ဒရာနှင့်တူသော၊ သူ။ ဥဒဓူပမော မဟာဝီရော၊ သော မေ ဗုဒ္ဓေါ နိမန္တိတော။ အပ၊၁။၃၇၃။ ထေရ၊ဋ္ဌ၊၂။၃၁၅။

**ဥဒပဇ္ဇထ** (ကြိ) [ ဥ+ပဒ+ယ+တ္ထ။ တ္ထ ကို ထ ပြု] ဖြစ်ခဲ့ပြီ၊ ထင်ရှားဖြစ်ခဲ့ပြီ။ ဥဒပါဒိ- ကြည့်။

**ဥဒပဇ္ဇိံသု** (ကြိ) [ ဥ+ပဒ+ယ+ဥံ ] ဖြစ်ခဲ့ကုန်ပြီ။ ဥဒပါဒိ-ကြည့်။

**ဥဒပတ္တ¹** (ပု) [ဥဒ+ပတ္တ(ဥဒပါတြ-သံ)] ရေခွက်၊ ရေဖြင့်ပြည့်သောခွက်။ သေယျထာပိ ဗြာဟ္မဏ ဥဒပတ္တော သံသဋ္ဌော လာခါယ ဝါ ဟလိဒ္ဒိယာ ဝါ။ သံ၊၃။၁၀၆။ အံ၊၂။၂၀၂။ ဥဒပတ္တောတိ ဥဒကဘရိတာ ပါတိ။ သံ၊ဋ္ဌ၊၃။၂၁၀။ အံ၊ဋ္ဌ၊၃။၆၇။ (-ဝိမတိ၊၁။၂၆၉။)

**ဥဒပ(ပ္ပ)တ္တ²** (တိ) [ ဥ+ပဒ+တ။ ဥ+အပ+တ] (က) ပျံတက်သွားသော၊သူ။ (ခ) ထသွားသော၊ အိပ်ရာနေရာမှ ထပြေးသော၊သူ။ (က) ဥဒပ-တ္တောတိ ဝေဂေန၊ ဗလိ ပက္ခိ ဒိဇုတ္တမော။ ဇာ၊ ၁။၁၈၇။ ဥဒပတ္တောတိ ပိတု သြဝါဒံ အကတွာ ကောဒိဝသံ ဂိဇ္ဈောဟိ သဒ္ဓိံ ဥပ္ပတိတော တေ သြဟာယ ပိတရာ ကထိတဋ္ဌာနံ အဂမာသိ။

ဇာ၊ဋ္ဌ၊၃။၄၆၁။ (ခ) သော စ ဝေဂေနုဒပ္ပတ္တော၊ ကပိ ရှဟိရမက္ခိတော။ ဇာ၊၁။၃၈၃။ ဥဒပ္ပတ္တောတိ ဥဒဋ္ဌိတော။ ဇာ၊ဋ္ဌ၊၅။၇၆။

**ဥဒပတ္တာ** (ကြိ၊ဝိ) [ ဥ+ပဒ+တွာ။ ဥ+အပ+တွာ] ပျံတက်၍။ သော စ ဘက္ခုပရိက္ခီဏော၊ ဥဒပတ္တာ ဝိဟင်္ဂမော။ ဇာ၊၂။၅၅။ ဥဒပတ္တာတိ ...သော ကာကော ဥဒကေ ပတိဋ္ဌာတုံ အသက္ကောန္တော ဥပ္ပတိ၊ ဝေံ ဥပ္ပတိတွာတိ အတ္ထော။ ဇာ၊ဋ္ဌ၊၅။၂၇၁။

**ဥဒပါဒိ** (ကြိ) [ဥ+ပဒ+ဤ။ ရှုဒို၊နာ။၂၀၀။] ဖြစ်ခဲ့ပြီ၊ ဖြစ်ဘူးပြီ။ မဟာ အကာလမေဃော ဥဒပါဒိ။ ဝိ၊၃။၃။ ဝေံ စိတ္တံ ဥဒပါဒိ(ဇာ၊ ၁။၂၄၃)တိ...ဥပ္ပန္နံ။ ဇာ၊ဋ္ဌ၊၅။၁၅၈။ **ဥဒပဇ္ဇီသု**- ဥဒပဇ္ဇီသု(ဇာ၊၂။၃၆၉)တိ ဥပ္ပဇ္ဇီသု။ ဇာ၊ဋ္ဌ၊၇။ ၃၆၇။ **ဥဒပဇ္ဇထ**-ဥဒပဇ္ဇထာ(ဝိမာန။၂၉)တိ ဥပ္ပဇ္ဇိတ္ထ။ ဝိမာန၊ဋ္ဌ။၁၀၄။ ဝိပါကော ဥဒပဇ္ဇထာ(ပေတ။၁၃၄)တိ ...ဖလံ ဥပ္ပဇ္ဇိ။ ပေတ၊ ဋ္ဌ။၄၆-၄၇။ (-ထေရ။၂၂၆၊၂၇၂။ ဇာ၊၁။၂၃၄။ ထေရ၊ဋ္ဌ၊၁။၁၁၂။ ထေရ၊ဋ္ဌ၊၂။၂၆၊၉၉။ ဇာ၊ဋ္ဌ၊ ၄။၁၁၉။)

**ဥဒပါန** (ပု၊န) [ဥဒက+ပါန ] (၁)(က) ရေတွင်း။ (ခ) ရေကန်၊ တစ်ဘက်ဆည်ကန်။ (ဂ) ရေမြောင်း။ (၂) ဥဒပါနမည်သောဥယျာဉ်။ (၁)(က) သေယျထာပိ အာဝုသော ကန္တာရမဂ္ဂေ ဥဒပါနော။ သံ၊၁။၃၃၉။ ဥဒပါနောတိ ဝီသတိသဟတ္ထဂမ္ဘီရော ပါနီယကူပေါ။ သံ၊ဋ္ဌ၊၂။၁၁၄။ ဥဒပါနံ တိဏာဿ စ ဘုသဿ စ ယာဝ မုခတော ပူရေသု(ဥဒါန။၁၇၅)န္တိ ပါနီယကူပံ တိဏေန စ ဘုသေန စ မုခပ္ပမာဏေန ဝမေသုံ။ ဥဒါန၊ဋ္ဌ။၃၄၃။ (-ဝိ၊၃။၁၉၅။ ဝိ၊၄။၂၅၉၊၃၀၇။ ပေတ။၁၅၆။ ဇာ၊၁။၇၉။ ဝိ၊ဋ္ဌ၊၃။၃၁၀။ ဝိ၊ သင်္ဂဟ။၁၄၂၊၂၁၇။ ဝိမာန၊ဋ္ဌ။၄၀။ ပေတ၊ဋ္ဌ။ ၁၁၂။ ဇာ၊ဋ္ဌ၊၂။၂၈၅။ ဝိမတိ၊၂။၂၃၃။) (က) (ခ)(ဂ) ပပဥ္စ ဥဒပါနဉ္စ၊ ယေ ဒဒန္တိ ဥပဿယံ။ သံ၊၁။၃၀။ ဥဒပါနန္တိ ယံကိဉ္စိ ပေါက္ခရဏိတဠာကာဒိ။ သံ၊ဋ္ဌ၊၁။၈၃။ တဠာကာဒီတိ အာဒိသဒ္ဒေန မာတိကံ သင်္ဂဏှာတိ။ သံ၊ဋီ၊၁။၁၂၃။ ဝိပဿိနော ဘဂဝတော၊ ဥဒပါနော ကတော မယာ(အပ၊၁။၂၀၈)တိ ဥဒကံ ပိဝန္တိ ဧတ္ထာတိ ဥဒပါနော။ ကူပပေါက္ခရဏိတဠာကာနမေတံ အဓိဝစနံ။ အပ၊ဋ္ဌ၊၂။၁၈၀။ (၂) ဂဂ်ါတီရေ ဥဒေနဿ ရညော ဥဒပါနံ နာမ ဥယျာနံ အတ္ထိ။ သံ၊ဋ္ဌ၊၃။၃၈။

**ဥဒပါနတင္ရ** (တိ) [ ဥဒပါန+တင္ရ ] ရေတွင်းကမ်းပါး၊ ရေတွင်းနှုတ်ခမ်း။ ဟတ္ထိ ဥဒပါနတင္ရေ ဌပေတွာ တဿ ပါဒေ ယောတ္တံ ဗန္ဓိတွာ ယောတ္တေန ဥဒပါနံ ဩတရိတွာ။ ဇာ၊ဋ္ဌ၊၂။၂၈၅။

**ဥဒပါနဒါယက** (ပု) [ဥဒပါန+ဒါယက] ရေတွင်းရေကန်လှူသောသူ။ ဣတ္ထံ သုဒံ အာယသ္မာ ဥဒပါနဒါယကော ထေရော ဣမာ ဂါထာယော အဘာသိတ္ထ။ အပ၊၁။၂၀၉။

**ဥဒပါနဒါယကထေရ** (ပု) [ဥဒပါနဒါယက+ထေရ] ရေတွင်းရေကန်လှူသောထေရ်၊ ဥဒပါနဒါယကထေရ်။ (ဤထေရ်ရှင်မြတ်သည်ရှေးရှေးဘဝပေါင်းများစွာ၌ ကုသိုလ်ကောင်းမှု ဖြည့်ကျင့်ဆည်းပူးခဲ့ပြီးလျှင် ရှေးရှေးဘုရားရှင်များ လက်ထက်၌မှု ပါရမီကုသိုလ်တို့ကို အထူးတလည်ကြိုးစားအားထုတ် ပြုလုပ်ခဲ့၏။ ဝိပဿီဘုရားရှင်လက်ထက်တော်သို့ ရောက်သောအခါအမျိုးတစ်ဦးအိမ်၌ဖြစ်၍ အသက်အရွယ်ကြီးပြင်းလာသော် ငါသည် သောက်ရေအလှူကို ပေးလှူသင့်သည်၊ ထိုအလှူကိုလည်း တခါတရံ၌သာပေးလှူခြင်းမျိုးမဟုတ်ပဲ အမြဲထာဝရ အလှူမျိုး ဖြစ်စေသင့်သည်ဟု ကြံစည်စိတ်ကူး၍ ရေတွင်းကိုတူးစေ၏၊ ထိုရေတွင်း၌ရေရရှိလာသောအခါ အုတ်များစီ၍ ခိုင်မာအောင်ပြုလုပ်၏၊ မြေအောက်မှ စိမ့်ထွက်သောရေတို့ဖြင့်ပြည့်သောအခါ ထိုရေတွင်းကို ဝိပဿီဘုရားရှင်အား လှူဒါန်း

လေသည်၊ မြတ်စွာဘုရားသည် သောက်ရေ လှူဒါန်းခြင်း၏ အကျိုးအာနိသင်ကို ဟောကြားတော်မူသည်။ ထိုအမျိုးကောင်းသားသည် ယင်းကောင်းမှု ကုသိုလ်ကြောင့် ကျင်လည်သမျှ လူနတ်ဘဝတိုင်း၌ ရေတွင်း ရေကန် သောက်ရေများ အလျှံအပယ် ပေါများစွာ စည်းစိမ်ချမ်းသာ ခံစားခဲ့ရ၏၊ ငါတို့ မြတ်စွာဘုရား လက်ထက်တော်သို့ ရောက်လာသော အခါ တစ်ဦးသောအမျိုးအိမ်၌ ပဋိသန္ဓေ တည်နေ၍ ဖွားမြင်ပြီးနောက် အရွယ်ရောက်လတ်သော် ရတနာသုံးပါး၌ ကြည်ညိုသော အမျိုးကောင်းသားပီပီ ရဟန်းပြုပြီး မကြာမြင့်မီပင် ရဟန္တာအဖြစ်သို့ ရောက်ရှိလေသည်။ ထိုအခါ ရှေးဘဝက မိမိပြုခဲ့ဘူးသော ကောင်းမှုကို ဆင်ခြင်၍ နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်သောကြောင့် ထိုရှေးကောင်းမှုတို့ကို ထုတ်ဖေါ် ဟောကြားတော်မူလေသတည်း။) ဝိပဿိနော ဘဂဝတော တိအာဒိကံ အာယသ္မတော ဥဒပါနဒါယကတ္ထေရဿ အပဒါနံ။ အပ၊၄၊၂။၁၇၉။

**ဥဒပါနဒူသက** (တိ) [ ဥဒပါန+ဒူသက] သောက်ရေတွင်းကို(ကျင်ကြီးကျင်ငယ်စွန့်လျက်) ဖျက်ဆီးသော၊သူ။ တဒါ ဥဒပါနဒူသကော အယမေဝ သိင်္ဂါလော အဟောသိ။ ဇာ၊၄၊၂။၃၂၁။

**ဥဒပါနဒူသကဇာတက** (န) [ ဥဒပါနဒူသက+ဇာတက] ဥဒပါနဒူသကဇာတ်၊ သောက်ရေတွင်းကို ကျင်ကြီးကျင်ငယ်စွန့်လျက် ဖျက်ဆီးသော မြေခွေးကို အကြောင်းပြု၍ ဟောကြားတော်မူသော ဇာတ်။ (မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတော်များ၏ သောက်ရေတွင်းကို မြေခွေး တစ်ကောင်သည် ကျင်ကြီး ကျင်ငယ်စွန့်ကာ ဖျက်ဆီးပြီး ထွက်သွားလေ၏၊ ကနေ့သ၌ ရေတွင်း အနီးသို့ ရောက်လာသော ထိုမြေခွေးကို သာမဏေတို့က ခဲတို့ဖြင့် ပစ်ခတ်ကြ၏၊ ခဲမှန်သဖြင့် အထိနာသွားသော ထိုမြေခွေးသည် ထိုအချိန်မှစ၍ ထိုနေရာကို လှည့်၍ပင် မကြည့်ဝံ့တော့ပေ။ တရားသဘင်၌ ရဟန်းတော်များသည် ထိုမြေခွေး အကြောင်းကို ပြောဆိုနေကြစဉ် မြတ်စွာဘုရား ကြွလာတော်မူပြီးလျှင် ရှေးအခါကလည်း ထိုမြေခွေးသည် ဣသိပတန မည်သော ဤတော၌ ဤရေတွင်းကိုပင် ဖျက်ဆီးခဲ့ဘူးကြောင်း, ရသေ့ အပေါင်းက ထိုမြေခွေးကို ဖမ်းဆီးခေါ်ဆောင် လာသဖြင့် ဘုရားအလောင်းဖြစ်သော ငါရသေ့က ဆုံးမဩဝါဒ ပေးခဲ့ဘူးကြောင်း ဟောကြားတော် မူလေသည်။ ဇာ၊၁။၇၉။ ဇာ၊၄၊၂။၃၂၀-၁။

**ဥဒပါနဒူသကသိင်္ဂါလ** (ပု) [ ဥဒပါနဒူသက+သိင်္ဂါလ] သောက်ရေတွင်းကို (ကျင်ကြီး ကျင်ငယ် စွန့်လျက်) ဖျက်ဆီးသောမြေခွေး။ ဣဒံ သတ္ထာ ဇေတဝနေ ဝိဟရန္တော ဧကံ ဥဒပါနဒူသကသိင်္ဂါလံ အာရဗ္ဘ ကထေသိ။ ဇာ၊၄၊၂။၃၂၀။

**ဥဒပါနနိဒဿန** (န) [ ဥဒပါန+နိဒဿန] ရေတွင်းကို ဥပမာ အဖြစ်ဖြင့် ညွှန်ပြခြင်း၊ ရေတွင်းဥပမာ။ ဝေဠု ကတ္ထ ဣဓ ဥဒပါန- နိဒဿနမ္ပိ သမတ္ထိတန္တိ ဒဋ္ဌဗ္ဗံ။ သံ၊ဋီ၊၂။ ၁၂၂။

**ဥဒပါနပနာဠိ** (ထီ၊ပု) [ ဥဒပါန+ပနာဠိ] ရေတွင်းမှ သွယ်တန်းအပ်သော-ရေတံလျှောက်-မြောင်း-မြွန်ချောင်း-ပိုက်လုံး။ အန္တောသုဝိသောဓိတံ ဝိသောဓေတွာ ဥဒပါနပနာဠိ ယောဇေတိ။ အံ၊၃။၁၇။

**ဥဒပါနပနာဠိယတ္ထိက** (တိ) [ ဥဒပါနပနာဠိ + အတ္ထိက] ရေတွင်းမှ သွယ်တန်းအပ်သော ရေတံလျှောက်ဖြင့် အလိုရှိသော၊သူ။ သေယျ- ထာပိ ဘိက္ခဝေ ပုရိသော ဥဒပါနပနာဠိ-

ယတ္ထိကော တိဏှံ ကုဍာရိ အာဒါယ ဝနံ ပဝိသေယျ။ အံ၊၃။၁၇။

**ဥဒပါနသမီပ** (န) [ ဥဒပါန+သမီပ ] ရေတွင်း၏ အနီးအရပ်။ အထ နံ ကေဒိဝသံ ဥဒပါနသမီပံ အဂတံ သာမဏေရာ လေဍ္ဍုဟိ ပဟရိတွာ ကိလမေသုံ။ ဇာ၊ဋ္ဌ၊၂။၃၂၀။

**ဥဒပါနသာလာ** (ထီ) [ ဥဒပါန+သာလာ] ရေတွင်း ဇရပ်။ ဥဒပါနသာလာ ကာရာပိတာ ဟောတိ။ ဝိ၊၃။၁၉၅။ (-ဝိ၊၄။၃၀၇။ဝိ၊ သင်္ဂဟ။၂၁၇။)

**ဥဒပါနသုတ္တ** (န) [ ဥဒပါန+သုတ္တ ] ဥဒပါနသုတ်။ ထိုသုတ်၌- မြတ်စွာဘုရားသည် ရဟန်းသံဃာများစွာနှင့်အတူ မလ္လတိုင်း နယ်ပယ်၌ ခရီးဒေသစာရီ ကြွချီတော်မူလေသော် ထူဏမည်သော ပုဏ္ဏားရွာသို့ ရောက်တော်မူ၏။ ထိုအခါ ရတနာမြတ် သုံးပါး၌ မကြည်ညိုကုန်သော ထူဏရွာသား တို့သည် မြတ်စွာဘုရား ကြွလာတော်မူခြင်း ကြောင့် ပုဏ္ဏားတို့၏ ကျင့်စဉ်တရား ပျက်ပြား သွားမည်စိုးရကား ထိုရွာ၌ မြတ်စွာဘုရားနှင့် ရဟန်းတော်များ မနေနိုင်စေရန် မြတ်စွာဘုရား ကြွတော်မူရာ လမ်းခရီး၌ရှိသော ရေတွင်းကို မြက်အမှိုက်သရိုက်များဖြင့် ရေတွင်းနှုတ်ခမ်း ရောက်အောင် လောင်းထည့် ဖို့သိပ်ကြကုန်၏။ မြတ်စွာဘုရားသည် လမ်းခရီးမှ ဘေးသို့ဖဲ၍ပြီး သစ်တပင်အောက်သို့ ကြွတော်မူပြီးလျှင် အရှင် အာနန္ဒာကို ထိုရေတွင်းမှရေကို အခပ်ခိုင်းတော် မူ၏။ အရှင်အာနန္ဒာသည် ယခုပင် ထိုရေတွင်း ကို ရွာသားတို့က မြက်အမှိုက်သရိုက်များ လောင်းထည့် ဖို့သိပ်ထားကြောင်း နှစ်ကြိမ် တိတိ လျှောက်ထားသော်လည်း သုံးကြိမ် တိတိပင် ရေအခပ်ခိုင်းမြဲ ခိုင်းနေတော်မူ သောကြောင့် သပိတ်ကိုယူ၍ ရေခပ်သွား လေ၏။ ထိုရေတွင်းအနီးသို့ အရှင်အာနန္ဒာ ရောက်သည်နှင့် တပြိုင်နက် မြက်အမှိုက်သရိုက် အားလုံးသည် ရေတွင်းနှုတ်ခမ်းမှ ဘေးသို့ လွင့်စင်သွားပြီး အမှိုက်သရိုက်ကင်းစင် ကြည် လင် သန့်ရှင်းသော ရေသည် ရေတွင်း နှုတ်ခမ်းမှ အပြင် ဘက်သို့ စီးထွက်တော့ မည်ကဲ့သို့ ကျိုးငှက်များပင် အလွယ်တကူ သောက်နိုင်လောက်သည်အထိ ပြည့်လေ၏။ အရှင်အာနန္ဒာသည် ထိုအဖြစ်ကို တွေ့မြင် ရသဖြင့် မြတ်စွာဘုရား၏ ကြီးမားလှသော တန်ခိုး အာနုဘော်ကို အလွန်အမင်း အံ့သြ ခြင်း ဖြစ်ပြီးလျှင် သပိတ်ဖြင့် သောက်ရေကို ခပ်ယူ၍ မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ထားကာ ဆက်ကပ်လေသည်။ မြတ်စွာဘုရားသည် "ကိံ ကယိရာ---- စရေ"ဟူသော ဂါထာဖြင့် (ရွာသားတို့က ရေတွင်းကို အမှိုက်သရိုက်တို့ဖြင့် ဖို့သိပ်ကြ သော်လည်း) ရောက်ရာ အရပ်တိုင်း၌ အချိန်မရွေး ရေကို အလိုရှိသလောက် ရရှိ နေလျှင် ထိုရေတွင်းကို အဘယ်မှာ အားကိုး အားထား ပြုနေဘို့ လိုတော့အံ့နည်း၊ တဏှာဖြင့် ဖွဲ့နှောင်ချည်တုပ် ခံရသော သတ္တဝါတို့သည် ကုသိုလ်ကောင်းမှု မပြုခဲ့ကြ သဖြင့် လိုတာမရ ဒုက္ခရောက်နေကြ၏၊ ထိုတဏှာ၏ အရင်းအမြစ်ကို ပယ်ဖြတ်ပြီး သော ငါကဲ့သို့သော သဗ္ဗညု မြတ်စွာဘုရား သည် အဘယ်မှာလျှင် သောက်ရေ ရှာဘို့, အခြားပစ္စည်းဥစ္စာရှာဘို့ ထိုထို ဤဤ လှည့် လည်နေတော့အံ့နည်း-ဟူ၍ နှစ်သက် ရွှင်လန်း ဥဒါန်းကျူးရင့်တော်မူ၏။ ခုဒ္ဒက- နိကာယ ဥဒါနပါဠိ၊ရ-ဝဂ်၊၉-သုတ်။ ဥဒါန။ ၁၇၄-၅။ ဥဒါန၊ဋ္ဌ။၄၃၂-၆။

**ဥဒပါနာဘိမုခ** (တိ) [ ဥဒပါန+အဘိမုခ။ ထီ-၌ ဥဒပါနာဘိမုခီ ] ရေတွင်းသို့-ရှေးရှုသော-ဦးတည်သော၊သူ။ ထေရော ဘဂဝတော ပတ္တံ အာဒါယ ဥဒပါနာဘိမုခေါ

အဂမာသိ။ ဝိမာန၊၄။ ၄၁။ အညတရာ ဇူတ္ထိ ဥဒကဘာဇန် ဂဟေတွာ ဥဒကတ္ထာယ ဥဒပါနာဘိမုခီ ဂစ္ဆတိ။ ဝိမာန၊ ၄။၃၄။

**ဥဒဗိန္ဒု** (န) [ဥဒ+ဗိန္ဒု] ရေပေါက်။ လောဘော ပဟီယတေ တမှာ၊ ဥဒဗိန္ဒုဝ ပေါက္ခရာ။ ဇူတိဝုတ်။ ၂၅၂။ ဥဒဗိန္ဒုဝ ပေါက္ခရာတိ ပဒုမိနိပဏ္ဏတော ဥဒကဗိန္ဒု ဝိယ။ ဇူတိဝုတ်၊ ၄။၂၆၃။ ယာဝဉ္စော ဥဒဗိန္ဒုနိ၊ ကာယသ္မိံ နိပတိံသု မေ။ ဇာ၊၁။၃၈၃။ ဇာ၊၄။၅။၇၄။

**ဥဒဗိန္ဒုနိပါတ** (ပု) [ ဥဒဗိန္ဒု+နိပါတ] ရေပေါက် ကျခြင်း။ ဥဒဗိန္ဒုနိပါတေန ဥဒကုမ္ဘောပိ ပူရတိ။ ဓမ္မ။၁၂၁။ ဓမ္မ၊၄၊၂။၁၃။

**ဥဒဗ္ဗမိ** (ကြိ) [ဥ+ဟန+ဤ]. ပယ်ဖြတ်လျက် သတ်၏။ ယော မာနမုဒဗ္ဗမိ အသေသံ။ သုတ္တနိ။၂၈၀။ အရဟတ္တမဂ္ဂေန အသေသံ ဥဒဗ္ဗဓိ၊ အနဝသေသပ္ပဟာနဝသေန ဥစ္ဆိန္ဒိ နတ္ထော ဝဓေတီတိ ဝုတ္တံ ဟောတိ။ သုတ္တနိ၊၄၊၁။၁၇။

**ဥဒဗ္ဗဟီ** (ကြိ) [ ဥ+ဝဟ+ဤံ ] ဆွဲထုတ်ပြီ၊ တည်စေ ပြီ။ ယောနိသော ပဋိပဇ္ဇိတွာ၊ ဘဝေ စိတ္တံ ဥဒဗ္ဗဟီ။ ထေရ။၂၅၂။ အရိယမဂ္ဂေန ဟတ္ထေန ဥတ္တာရိံ နိဗ္ဗာနထလေ ပတိဋ္ဌာပေသိန္တိ အတ္ထော။ ထေရ၄၊၁။၃၅၄။

**ဥဒဗ္ဗဟိ** (ကြိ) [ ဥ+ဝဟ+ဤ] (က) ဆွဲ ထုတ်ပယ်နှုတ်ပြီ။ (ခ) ဆွဲငင်ပြီ။ (က) ဘဝ- ရာမာယ ဝတ ဘော ပဇာယ-----သမူလံ ဘဝံ ဥဒဗ္ဗဟိ။ မ၊၁။၄၀၆။ သမူလံ ဘဝံ ဥဒဗ္ဗဟီတိ------သမူလံ ဘဝံ ဥဒဗ္ဗဟိ ဥဒ္ဓရိ၊ ဥပ္ပါဋေသီတိ အတ္ထော။ မ၄၊၂။၃၁၁။ (ခ) မနာပံ ဘာသမာနဿ ဂရုံ ဘာရံ ဥဒဗ္ဗဟိ။ ဝိ၊၂။၈။ ဥဒဗ္ဗဟီတိ အာကမိ။ ဝဇိရ။၂၈၊ ဥဒဒ္ဓရိ- လည်းကြည့်။

**ဥဒဗ္ဗဟေ** (ကြိ) [ ဥ+ဝဟ+ယျေ ] ဆောင်ရာ၏၊ ဖြစ်ရာ၏။ ပရိဒေဝယမာနော စေ၊ ကိဉ္စိ အတ္ထံ ဥဒဗ္ဗဟေ။ သုတ္တနိ။၃၇၁။ ဇာ၊၁။၂၃၇။ ဇာ၊၄၊ ၄။၁၂၉။ ဥဒဗ္ဗဟေတိ ဥဒဗ္ဗဟေယျ ဓာရေယျ၊ အတ္တနိ သဥ္စနေယျာတိ အတ္ထော။ သုတ္တနိ၊၄၊ ၂။၁၈၁။ (-ဇာ၊၁။၆၄။ ဇာ၊၂။၃၇၄။ ဇာ၊၄၊ ၂။ ၂၀၄။ ဇာ၊၄၊၇။၃၇၉။)

**ဥဒဗ္ဗဟေယျ** (ကြိ) [ ဥ+ဝဟ+ယျေ ] ဥဒဗ္ဗဟေ နှင့် အနက်တူ။ အထက်ပုဒ်ကြည့်။

**ဥဒယ** (ပု) [ ဥ+ဣ+အ ] (၁) ဖြစ်ခြင်း၊ (အကြောင်း တရားတို့၏ ပေါင်းဆုံမိခြင်း ကြောင့်) ဖြစ်ခြင်းသဘော-ဥပါဒ်ခြင်း သဘော-ဟူသော အမှတ် လက္ခဏာ။ သခ်တ တရားတို့၏ အမှတ်လက္ခဏာ။ (၂) ပေါ်ထွက် ရာအခါ။ (၃) တက်ခြင်း။ (၄) အမြင့်၊အစောက်။ (၅) နေစသည်ထွက်ရာတောင်၊ ဥဒည်း တောင်။ (၆) (က) အတိုးအပွား၊ အမြတ်အစွန်း။ (ခ) အကျိုးအာနိသင်။ (၇) ဥဒယ မည်သူ။ သာသနာတော်၌ ဥဒယမည်သူ ကိုးယောက်တွေ့ရ၏။ (က) ဥဒယထေရ်၊ (တိဿမြတ်စွာဘုရား၏ ဒုတိယ အဂ္ဂသာဝက။) (ခ) ဥဒယထေရ်၊ (မဟာသာဝက ရှစ်ကျိပ် တွင်ပါဝင်သောထေရ်။) (ဂ) ဥဒယမင်း၊ (ဂင်္ဂမာလဇာတ်လာ ဘုရားအလောင်းတော်။) (ဃ) ဥဒယမင်း၊ (ဥဒယဘဒ္ဒဇာတ်လာ ဘုရားအလောင်းတော် ဥဒယဘဒ္ဒမင်း။) (င) ဥဒယရသေ့ ၊(ဇာဝရိပုဏ္ဏား ရသေ့ကြီး၏ တပည့်-၁၆-ဦးတွင် ပါဝင်သော ရသေ့။) (စ) ဥဒယပုဏ္ဏား၊ (ဥဒယသုတ္တန်အဆုံး၌ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သော ပုဏ္ဏား။) (ဆ) ဥဒယမည်သော ဝေရဉ္ဇပုဏ္ဏား။ (ဇ) ဥဒယ မင်းသား၊ (အဇာတသတ်မင်း၏ သားဖြစ်သော ဥဒယဘဒ္ဒမင်းသား။) (ဈ) ဥဒယမည်သောပုဏ္ဏား လုလင်။ (ထိ) (၈) ဥဒယာမည်သောမိဖုရား (ဘုရားအလောင်း

တော် ဥဒယဘဒ္ဒမင်း၏ ဥဒယဘဒ္ဒါ မည်သောမိဖုရား။)

(၁)ဖြစ်ခြင်း၊ (အကြောင်းတရားတို့၏ ပေါင်းဆုံမိခြင်းကြောင့်) ဖြစ်ခြင်း-ဥပါဒ်ခြင်း-သဘောဟူသော အမှတ်လက္ခဏာ၊ သင်္ခတ တရားတို့၏ အမှတ်လက္ခဏာ။ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော။ ပဋိသံ။၅၂။ ဝိသုဒ္ဓိ၊ ၂။၂၆၅။ တဿ ဇာတဿ ရူပဿ နိဗ္ဗတ္တိလက္ခဏံ ဇာတိ ဥပ္ပါဒံ အဘိနဝါကာရံ ဥဒယောတိ။ ပဋိသံ၊ဋ္ဌ၊၁။၂၃၄။ နိဗ္ဗတ္တိလက္ခဏံ ဥဒယောတိ နိဗ္ဗတ္တနသညိတံ သင်္ခတလက္ခဏံ ဥဒယော ဥပ္ပါဒေါ။ ဝိသုဒ္ဓိ၊ဋီ၊၂။၄၂၀။ (၂) ပေါ်ထွက်ရာအခါ။ သာ ဟိ ယသ္မာ တဿာ ဥဒယတော ပဋ္ဌာယ တေန သညာဏေန သြသဓာနိ ဂဏှန္တိပိ ပိဝန္တိပိ။ မ၊ဋ္ဌ၊၃။၁၈၈။ (၃) တက်ခြင်း။ ကိရိယာယ ကိရိယန္တရူပလက္ခဏံ ဘာဝေန ဘာဝလက္ခဏံ၊ ယထာ ဥဒယေ သတိ စန္ဒေ ဇာတော ရာဇပုတ္တောတိ။ ဝိမတိ၊၁။ ၄၀။ (၄) အမြင့်၊ အစောက်။ ဒီဃနုကုဏ္ဍူ ဥဒယေန ကဏ္ဍိကာ။ ဇာ၊၁။၁၅၅။ ဥဒယေနာတိ ဥစ္စတ္တေန။ ဇာ၊ဋ္ဌ၊ ၃။၂၉၈။ (၅) နေစသည် ထွက်ရာ တောင်၊ ဥဒည်းတောင်။ ပုဗ္ဗသေလော တု စောဒယော။ ဓာန်။၆၀၆။ ဥဒယန္တျသ္မာ သူရိယာဒယောတိ ဥဒယော၊ သူရိယာဒိနမုဒယယောဂတော ဝါ ဥဒယော။ ဓာန်၊ဋီ။၆၀၆။ (ဥဒယဂိရိ၊ ဥဒယပဗ္ဗတ-တို့ လည်းကြည့်။) (၆) (က) အတိုးအပွား၊ အမြတ် အစွန်း။ (က) တွေ့ကံ မူလံ ဘဝိဿတိ၊တွေ့ကော ဥဒယော။ အံ၊ ၁။၁၁၄။ (-၅၂၀။ မဟာနိ။ ၃၀၁။) တသ္မိံ ဝိက္ကယေ တွေ့ကော ဥဒယော ဘဝိဿတိ၊ တွေ့ကာ ဝမိတိ အတ္ထော။ အံ၊ဋ္ဌ၊၂။၈၆။(-၃၇၀။ မဟာနိ၊ဋ္ဌ။၃၆၈။ စရိယာ၊ဋ္ဌ။၆၂။) (ခ) အကျိုးအာနိသင်။ အာနိသံသောတိ ဥဒယော။ မ၊ဋီ၊၁။၂၅၉။ (-မ၊ဋီ၊၂။၁၁။ သံ၊ဋီ၊၂။၄၄၅။)

(၇) ဥဒယမည်သူ။ (က) ဥဒယထေရ်၊ (တိဿ မြတ်စွာဘုရား၏ ဒုတိယအဂ္ဂသာဝက။) ဖြဟ္မ-ဒေဝေါ ဥဒယော စ၊ အဟေသုံ အဂ္ဂသာဝကာ။ ဗုဒ္ဓဝံ။ ၃၆၀။ (-အဘိ၊ဋ္ဌ၊၁။၆၈။ ဗုဒ္ဓဝံ၊ဋ္ဌ။၂၇၁။ ဇာ၊ဋ္ဌ၊၁။ ၄၉။ (ခ) ဥဒယထေရ်၊ (မဟာသာဝက ရှစ်ကျိပ်တို့တွင် ပါဝင်သော ထေရ်။) ဘဒြာ-ဝုဓော ဥဒယော ပေါသာလော -----ဧတေ အသီတိ မဟာသာဝကာ နာမ။ ထေရ၊ဋ္ဌ၊ ၂။၅၄၂။ အံ၊ဋီ၊၂။၁၃၂။ (ဂ) ဥဒယမင်း၊ (ဂင်္ဂမာလဇာတ်လာ ဘုရားအလောင်းတော်။) အပ္ပဿ ကမ္မဿ ဖလံ မမေဒံ၊ ဥဒယော အဇ္ဈာဂမာ မဟတ္တပတ္တံ။ ဇာ၊၁။၁၈၀။ ဥဒယောတိ အတ္တာနံ သန္ဓာယ ဝဒတိ။ ဇာ၊ဋ္ဌ၊ ၃။၄၂၈။ (ဃ) ဥဒယမင်း၊ ( ဥဒယဘဒ္ဒ ဇာတ်လာ ဘုရားအလောင်းတော် ဥဒယ ဘဒ္ဒမင်း။) ဥဒယောဟသ္မိ ကလျာဏီ၊ သင်္ကရတ္တာ ဣဓာဂတော။ ဇာ၊၁။၂၃၃။ ကလျာဏဒဿနေ အဟံ ပုရိမဘဝေ တဝ သာမိကော ဥဒယော နာမ တာဝတိံသဘဝနေ သက္ကော ဟုတ္ဝာ နိဗ္ဗတ္တော။ ဇာ၊ဋ္ဌ၊၄။၁၁၃။ (င) ဥဒယရသေ့၊ (ဗာဝရီပုဏ္ဏားရသေ့ကြီး၏ တပည့်-၁၆-ဦးတွင် ပါဝင်သော ရသေ့။) ဘဒြာဝုဓော ဥဒယော စ၊ ပေါသာလော စာပိ ဗြာဟ္မဏော။ သုတ္တနိ။ ၄၃၂။ စူဠနိ။၄။ (စ) ဥဒယပုဏ္ဏား၊ (ဥဒယသုတ္တန် အဆုံး၌ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သော ပုဏ္ဏား။) (သံ၊၁။၁၇၅။ သံ၊ဋ္ဌ၊၁။၂၃၅-ကြည့်။) ယေန ဥဒယဿ ဗြာဟ္မဏဿ နိဝေသနံ တေနုပသင်္ကမိ။ သံ၊၁။၁၇၅။ (ဆ) ဥဒယမည်သော ဝေရဉ္ဇပုဏ္ဏား။ (ဝိ၊၁။၁-၆။အံ၊ ၃။၁၈-၂၄-ကြည့်။) မာတာပိတူဟိ ကတနာမ-ဝသေန ပနာယံ ဥဒယောတိ ဝုစ္စတိ။ ဝိ၊ဋ္ဌ၊ ၁။၈၃။ (ဇ) ဥဒယမင်းသား၊ (အဇာတသတ်မင်း၏ သားဖြစ်သော ဥဒယဘဒ္ဒမင်းသား။) အဇာတသတ္တု ဗိမ္ဗိသာရံ ဃာတေသိ၊ ဥဒယော

အဇာတသတ္တုံ။ ဒီ၊ဋ္ဌ၊၁။၁၃၉။ (ဈ) ဥဒယ **မည်သော** ပုဏ္ဏားလုလင်။ ဥဒယောတိ တဿ ဗြာဟ္မဏဿ နာမံ။ စူဠနိ။၁၅၅။ (ဏိ) (ဂ) ဥဒယာမည်သောမိဖုရား၊ (ဘုရားအလောင်းတော် ဥဒယဘဒ္ဒမင်း၏ ဥဒယဘဒ္ဒါ မည်သော မိဖုရား။) ဥဒယေ မာပမာဒ စရဿု ဓမ္မံ။ ဇာ၊၁။၂၃၃။ ဇာ၊ဋ္ဌ၊၄။၁၁၃။

**ဥဒယကာလ** (ပု) [ ဥဒယ+ကာလ ] တက်ရာပေါ်ထွက်ရာ-အခါ။ နိစ္စကာလံ သူရိယဿ ဥဒယကာလေ သူရိယမဏ္ဍလံ ဥလ္လောကေတွာ အတ္တနော ရက္ခံ ကရောန္တော ဝေ ဝဒတိ။ အံ၊ ဋ္ဌ၊၁။၁၉။ (-သာရတ္ထ၊၁။၁၃၈။ ဝိမတိ၊၁။၃၀။)

**ဥဒယကုမာရ** (ပု) [ ဥဒယ+ကုမာရ ] ဥဒယ သတို့သား၊ဥဒယမင်းသား။ ဥဒယကုမာရောတိဿ နာမံ အကံသု။ ဇာ၊ဋ္ဌ၊၃။၄၂၄။

**ဥဒယက္ခဏ** (ပု) [ဥဒယ+ခဏ] ဖြစ်ခြင်း၏ အခိုက်အတန့်ကာလ၊ ဖြစ်ရာခဏ၊ ဖြစ်ဆဲခဏ။ သဘာဝလက္ခဏေ သင်္ခတလက္ခဏဿ တာဝကာလိကတ္တမ္ပိ ပါကဋံ ဟောတိ ဥဒယက္ခဏေ ဝယဿ, ဝယက္ခဏေ စ ဥဒယဿ အဘာဝါဝဗောဓတောတိ။ ပဋိသံ၊ဋ္ဌ၊၁။၂၃၈။ (-ဝိသုဒ္ဓိ၊ဋီ၊၂။၄၃၇။)

**ဥဒယဂါမိ** (တိ) [ ဥဒယ+ဂမု+ဏီ။ ထို-၌ ဥဒယ ဂါမိနီ] (၁) ကြီးပွား တိုးတက်ခြင်းသို့ ရောက်စေနိုင်သော၊ လက်ဦးပဌမ အားထုတ်သည်မှစ၍ ကြီးပွားတိုးတက် စေနိုင်သော။ (၂) (ခန္ဓာငါးပါးတို့၏) ဖြစ်ခြင်း သဘောကို ထိုးထွင်း သိမြင်နိုင်သော။ (၁) ဗြာဟ္မဏာ ဘိက္ခဝေ ဥဒယဂါမိနိံ နာမ ပဋိပဒံ ပညပေန္တိ။ သံ၊ ၃။၃၁၄။ ဥဒယဂါမိနိန္တိ အတ္တနော သမယေ ဝုဍ္ဎိဂါမိနိံ။ သံ၊ဋ္ဌ၊၃။၃၁၆။ ဥဒယဂါမိနိန္တိ အာရမ္ဘတော ပဋ္ဌာယ သမ္ပတ္တိအာဝဟံ။ သံ၊ဋီ၊ ၂။၅၃၂။ (၂) ဥဒယတ္ထဂါမိနိယာတိ ဥဒယဂါမိနိယာ စေဝ အတ္ထဂါမိနိယာ စ။ မဟာနိ၊ဋ္ဌ။၁၂၅။ ဥဒယတ္ထဂါမိနီ-လည်းကြည့်။

**ဥဒယဂိရိ** (ပု) [ ဥဒယ+ဂိရိ ]နေလစသည် ထွက်ရာတောင်၊ ဥဒည်းတောင်။ အောက်ပုဒ် ကြည့်။

**ဥဒယဂိရိသိခရ** (နု) [ ဥဒယဂိရိ+သိခရ ] ဥဒည်းတောင်ထိပ်။ အောက်ပုဒ်ကြည့်။

**ဥဒယဂိရိသိခရမတ္ထက** (ပု) [ ဥဒယဂိရိ သိခရ+မတ္ထက] ဥဒည်းတောင်ထိပ်၏ အထက်။ ဥဒယဂိရိသိခရမတ္ထကေ သရဒသမယဒိဝသကရမိဝ ဆဗ္ဗဏ္ဏရံသိဇာလေန အဘိဇ္ဇလန္တံ နိသိန္နံ ဘဂဝန္တံ ဒိသွာ စိန္တေသိ။ ဗုဒ္ဓဝံ၊ဋ္ဌ။၂၄၇။

**ဥဒယဋ္ဌာန** (နု) [ ဥဒယ+ဌာန] တက်ရာပေါ်ထွက်ရာ-အရပ်။ ဥဒယဋ္ဌာနတော အာကာသံ ဥလ္လင်္ဃန္တော။ ဣတိဝုတ်၊ဋ္ဌ။၈၆။ သူရိယဿ ဥဒယဋ္ဌာနာ ပုရတ္ထိမာ ဒိသာ နာမ ဟောတိ။ ဒီ၊ဋီ၊၃။၁၅၃။

**ဥဒယတိ** (ကြိ) [ ဥ+ဣ+အ+တိ ] ဖြစ်၏။ အဝသေသပစ္စယသမာဂမေ ဥဒယတိ ဥပ္ပဇ္ဇတိ။ မ၊ဋီ၊၂။၂၅၆။ **ဥဒယန္တိ**- ပေဋကော၊၂၆၈။သံ၊ဋီ၊၂။၁၀၂။

**ဥဒယတ္ထဂါမိ** (တိ) [ ဥဒယတ္ထ+ဂမု+ဏီ။ ထို-၌ ဥဒယတ္ထဂါမိနီ ] (ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏) ဖြစ်ခြင်းပျက်ခြင်း-အဖြစ်အပျက်-သဘောကို ထိုးထွင်း သိမြင်နိုင်သော (ပညာ)။ ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော။ ဒီ၊၃။ ၁၉၈။ မ၊၂။၁၉၊၂၉၉။ သံ၊၃။၁၇၃။ အံ၊၂။၂၅၈။ နေတ္တိ။ ၁၆၀။ အံ၊ဋီ၊၁။၁၀၁။ ဥဒယတ္ထဂါမိနိယာတိ ပဉ္စန္နံ ခန္ဓာနံ ဥဒယဝယဂါမိနိယာ၊ ဥဒယဉ္စ ဝယဉ္စ ပဋိဝိဇ္ဈိတုံ သမတ္ထာယ။ မ၊ဋ္ဌ၊၃။၂၂။ အံ၊ဋ္ဌ၊ ၃။၂။ ဂတိအတ္ထာ ဓာတုသဒ္ဒါ ဗုဒ္ဓိအတ္ထာ

ဧဟာန္တီတိ အာဟ " ဥဒယဥ္စ ဝယဥ္စ ပဋိဝိဇ္ဈိတုံ သမတ္ထာယာ"တိ။ မ၊ဋီ၊၃။၁၇။ အံ၊ဋီ၊၃။၂။ (-ဒီ၊ဋ္ဌ၊၃။၂၁၂။ မ၊ဋ္ဌ၊၃။၂၂၅။ သံ၊ဋ္ဌ၊၃။၂၆၆။ အံ၊ဋ္ဌ၊၃။၂၇။ ပဋိသံ၊ ဋ္ဌ၊၂။၂။ ဥဒါန၊ဋ္ဌ။၂၁၂။ မဟာနိ၊ဋ္ဌ။၁၂၅။ နေတ္တိ၊ဋ္ဌ။၂၆၄။ ဒီ၊ဋီ၊၃။၂၄၇။ သံ၊ဋီ၊၂။၄၈၉။ အံ၊ဋီ၊၁။၁၀၁။ အံ၊ဋီ၊၃။၂၄။)

**ဥဒယတ္ထင်္ဂမနဒဿနတ္ထ** (ပု) [ဥဒယတ္ထင်္ဂမန+ဒဿနတ္ထ] ဖြစ်ခြင်းချုပ်ခြင်းသို့ ရောက်ခြင်းကို-အဖြစ်အပျက်သဘောကို-မြင်စေခြင်း အကျိုး- မြင်အောင်ဖော်ပြခြင်းအကျိုး။ သုခ-ဝေဒနိယန္တိ ဝေမာဒိပစ္စယဗသေန ဥဒယ-တ္ထင်္ဂမနဒဿနတ္ထံ ဝုတ္တံ။ မ၊ဋ္ဌ၊၄။၂၀၉။

**ဥဒယတ္ထိက** (တိ) [ ဥဒယ+အတ္ထိက] အတိုး အပွား-အမြတ်အစွန်း-ဖြင့်(ကို) အလိုရှိသော၊ အာ့၊ သေယျထာပိ ဘန္တေ ပုရိသော ဥဒယတ္ထိကော အဿဗဏိယံ ပေါသေယျ။ အံ၊ ၁။၅၂၀။ ဥဒယတ္ထိကောတိ ဝဍ္ဎိ- အတ္ထိကော။ အံ၊ဋ္ဌ၊၂။၃၇၀။

**ဥဒယဒဿန** (နု) [ ဥဒယ+ဒဿန ] (၁) ဖြစ်ခြင်း သဘောကို-ရှုမြင်ခြင်း-ရှုမြင်သော ဝိပဿနာဉာဏ်။ (၂) ဖြစ်ခြင်းသဘောကို-မြင်စေခြင်း-မြင်အောင် ဖော်ပြခြင်း။ (၁) ဥဒယဒဿနေန ဥစ္ဆေဒဒိဋ္ဌိယာ။ မ၊ဋ္ဌ၊၁။၂၄။ သံ၊ဋ္ဌ၊၂။၂၃၃။ အဘိ၊ဋ္ဌ၊၁။၃၈၆။ ဣတိဝုတ်၊ ဋ္ဌ။၃၆။ မ၊ဋီ၊၁။၆၅။ သံ၊ဋီ၊၂။၂၀၅။ (၂) အောက်ပုဒ်ကြည့်။

**ဥဒယဒဿနတ္ထ** (ပု) [ ဥဒယဒဿန+အတ္ထ] ဖြစ်ခြင်းသဘောကို-မြင်စေခြင်း-မြင်အောင် ဖော်ပြခြင်း-အကျိုး။ သမုဒယဝသေန ဥဒယဒဿနတ္ထဉ္စေဝ။ မ၊ဋီ၊၃။၃၉၉။

**ဥဒယဒဿနပညာ** (ထီ) [ ဥဒယဒဿနာ+ပညာ] ဖြစ်ခြင်းသဘောကို သိမြင်သော ပညာ။ ဥဒယဒဿနပညာဝေသာ ဒဿနဋ္ဌေန စက္ခု။ ဒီ၊ဋ္ဌ၊၂။၅၂။

**ဥဒယဒဿနပဋိပတ္တိ** (ထီ) [ဥဒယဒဿနာ+ပဋိပတ္တိ] ဖြစ်ခြင်းသဘောကို ရှုမြင်ခြင်းဟူသော အကျင့်။ ပစ္စယသမုဒယဋ္ဌေန ခန္ဓာနံ ဥဒယဒဿနပဋိပတ္တိ ဝုတ္တာ ဟောတိ။ မူလဋီ၊ ၃။၃၈။

**ဥဒယန** (နု) [ ဥ+ဣ+ယု ] တက်ခြင်း၊ ပေါ်ထွက်ခြင်း။ သူရိယုဂ္ဂမနန္တိ သူရိယဿ ဥဒယနံ။ ဗုဒ္ဓဝံ၊ဋ္ဌ။၁၂၈။ (-ဒီ၊ဋ္ဌ၊၁။၉၀။ သီ၊ ဋီ၊သစ်၊၁။၃၇၃။)

**ဥဒယန္တ** (တိ) [ ဥ+ဣ+အ+အန္တ ] တက်သော၊ ပေါ်ထွက် လာသော။ အတိရောစတိ ဝဏ္ဏေန၊ ဥဒယန္တောဝ ဘာဏုမာ။ ဝိမာန။၁၀၅။ ဥဒယန္တောတိ ဥဂ္ဂစ္ဆန္တော။ ဝိမာန၊ဋ္ဌ။၂၈၅။ (-သံ၊၃။၇၀။ အံ၊၃။၄၄၉။ ဒီ၊ဋ္ဌ၊၁။ ၃၁၃၂၄။ သီ၊ဋီ၊သစ်၊၁။၁၆၀။)

**ဥဒယန္တိ** (ကြိ) [ ဥ+ဣ+အန္တိ ] ဖြစ်ကုန်၏။ ဥဒယတိ-ကြည့်။

**ဥဒယပဉ္စ** (တိ) [ ဥဒယ+ပဉ္စ ] ဥဒယ ပုဏ္ဏားလုလင်၏ အမေးပုစ္ဆာ။ သုတ္တနိပါတပါဠိ၊ ၅-ပါရာယနဝဂ်၊ ၁၃-ဥဒယ မာဏဝပုစ္ဆာ။ သုတ္တနိ။၄၄၆။ ကေမေကဿ စေပိ ပဉ္စဿာတိ---ကေမေကဿ စေပိ ဥဒယ-ပဉ္စဿ။ စူဠနိ။၁၉၆။ (-အံ၊ဋ္ဌ၊၂။၁၀၂။)

**ဥဒယပတ္ထနာ** (ထီ) [ ဥဒယ+ပတ္ထနာ ] အတိုး အပွား-အမြတ်အစွန်း-ကို တောင့်တခြင်း။ ပဉ္စဟိ သဟာဓမ္မိကေဟိ သဒ္ဓိံ ဝဍ္ဎနာဝသေန ဝါ ဥဒယပတ္ထနာဝသေန ဝါ နု တိဋ္ဌေယျ။ သုတ္တနိ၊ဋ္ဌ၊၂။၂၈၀။

**ဥဒယပဗ္ဗတ** (ပု) [ ဥဒယ+ပဗ္ဗတ ] ဥဒည်း တောင်။ အောက်ပုဒ်ကြည့်။

**ဥဒယပဗ္ဗတကူဠ** (န) [ ဥဒယပဗ္ဗတ+ကူဋ] ဥဒည်းတောင်ထွတ်။ ဘဂဝါ----ရတ္တဝရပ်သုကူလံ ပါရုပိတွာ ဂန္ဓကုဋိဒွါရတော နိက္ခမိ ကဥ္စနဂုဟတော သီဟော ဝိယ ဥဒယပဗ္ဗတကူဋတော ပုဏ္ဏစန္ဒော ဝိယ စ။ မ႒၊ ၃။၁၄။ သံ႒၃။၈၉။ သာရတ္ထ၁။၃၀၈။

**ဥဒယဗ္ဗယဉာဏ** (န) [ ဥဒယ+ဝယ+ဉာဏ] (ရုပ်နာမ်တရား တို့၏) ဖြစ်ခြင်းပျက်ခြင်း-အဖြစ်အပျက်-ကိုသိသောဉာဏ်။ (ဝိပဿနာတရားပွားများ အားထုတ်သော ယောဂီပုဂ္ဂိုလ်၌ သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်စသည်ဖြင့် အစဉ်အတိုင်း ဖြစ်ပေါ်လာသော ဉာဏ်(၁၀)ပါးတို့တွင် ဒုတိယဖြစ်သောဉာဏ်တည်း။) ထို ယောဂီ ပုဂ္ဂိုလ်သည် နိစ္စသညာစသည်တို့ကို ပယ်ရှား ခြင်းကြောင့် ဉာဏ်အမြင် သန့်ရှင်းစင်ကြယ် လာသဖြင့် သမ္မသနဉာဏ်၏ အထွတ်အထိပ် အပြီးအဆုံးသို့ ရောက်သောအခါ ဥဒယဗ္ဗယဉာဏ်ကို ရအောင် ဆက်လက် အားထုတ်ရ၏။ ယင်းသို့ အားထုတ်ရာ၌

(၁) ရှေးဦးစွာ အကျဉ်းနည်းအားဖြင့် အားထုတ် နှလုံးသွင်းခြင်း။

(၂) ထို့နောက်အကျယ်နည်းအားဖြင့် အားထုတ် နှလုံးသွင်းခြင်း-

ဟူ၍နှစ်မျိုးရှိ၏။ ထိုတွင် အကျဉ်းနည်းအားဖြင့် အားထုတ်နှလုံးသွင်းရာ၌ ထိုယောဂီပုဂ္ဂိုလ်သည် ဖြစ်ဆဲပစ္စုပ္ပန်ဖြစ်သော ရုပ်ဝေဒနာအစရှိသော ရုပ်နာမ်တရားတို့၏ ဖြစ်ပေါ်လာပုံ (ဥဒယသဘော)ကိုလည်းကောင်း, ဖေါက်ပြန်ပျက်စီးပုံ, ချုပ်ပျောက်ပုံ (ဝယသဘော)ကိုလည်းကောင်း အထပ်ထပ် ရှုမှတ်၏။ ယင်းသို့ ရှုမှတ်သောအခါ ထိုယောဂီ၌ ဤသို့အသိဉာဏ် ဖြစ်ပေါ်လာ၏-

ဤရုပ်နာမ်တရားများသည် ယခုလို ဖြစ်ပေါ်မလာမီ ရှေးက (ဖြစ်ပေါ်လာဘို့ အတွက်) ကြိုတင်၍ အဆင်သင့် စုဝေး နေကြသည်လည်းမဟုတ်၊ ဖြစ်ပေါ်ဆဲ အခိုက်မှာ လည်း အခြားတနေရာမှ ဘွားကနဲ ထွက်လာသကဲ့သို့ အစုလိုက် အပုံလိုက် ထွက်လာကြသည်လည်း မဟုတ်၊ ချုပ်ပျောက် ပျက်စီးနေဆဲ အခိုက်မှာလည်း အခြား အရပ်ဒေသသို့ ပြောင်းရွှေ့ သွားကြသည်လည်း မဟုတ်၊ ချုပ်ပျောက်ပျက်စီးပြီးသည့် အခါမှာလည်း တနေရာ၌ စုပုံထပ်နေကြ သည်လည်း မဟုတ်၊ စောင်းတီးသောအခါ စောင်းသံ မမြည်မီက မြည်ဘို့ရာ အဆင်သင့် စုဝေး ရပ်တည်နေသော စောင်းသံ ဟူ၍လည်း မရှိ၊ စောင်းသံ မြည်နေဆဲအခါမှာလည်း ထိုစောင်းသံသည် အုပ်စုလိုက် ထွက်ပေါ် လာသည် မဟုတ်၊ ကွယ်ပျောက်နေဆဲ အခိုက်မှာလည်း ထိုစောင်းသံသည် အခြား တနေရာသို့ ပြောင်းရွှေ့ သွားသည်မဟုတ်၊ သူ၏မြည်ခြင်းကိစ္စ ပြီးသွားသည့် အခါမှာ လည်း အခြားတနေရာ၌ စုဝေးရပ်တည် နေသည်လည်း မဟုတ်၊ အမှန်တကယ် အားဖြင့်ကား စောင်း, လက်ခပ်, စောင်းသမား ၏ အားစိုက်တီးမှု ဝီရိယ ဤသုံးမျိုး ပေါင်းစပ် လိုက်ခြင်းကြောင့် ရှေးက အဆင်သင့် မရှိသော စောင်းသံသည် ရုတ်တရက် ပေါ်ထွက် လာ၏၊ပေါ်ထွက်လာပြီးနောက်ချုပ် ပျောက် သွား၏။ ဤအတူပင် အားလုံးသော ရုပ်နာမ် တရားတို့သည်လည်း ရှေးက အဆင်သင့် ရှိပြီး, ဖြစ်ပေါ်နိုင်ပြီး မဟုတ်ဘဲ ရုတ်တရက် ဖြစ်ပေါ် လာကုန်၏၊ ဖြစ်ပေါ်ပြီးနောက် ချုပ်ပျောက် သွားကုန်၏၊ ဤသို့ ယောဂီပုဂ္ဂိုလ်၌ အသိ ဉာဏ် ဖြစ်ပေါ်လာ၏။

ယင်းသို့ ရုပ်နာမ်တို့၏ အဖြစ်အပျက်

(ဥဒယဗ္ဗယ)သဘောကို အကျဉ်းနည်း နှလုံးသွင်းမှုပြုပြီးနောက် အကျယ်နည်းအားဖြင့်လည်း ဤသို့ နှလုံးသွင်းမှု ပြု၏။

## ဥဒယဗ္ဗယဉာဏ် (၅၀)

ရူပက္ခန္ဓာ၏ ဖြစ်ခြင်း(ဥဒယ) သဘောကို ရှုသော ယောဂီပုဂ္ဂိုလ်သည် ဖော်ပြလတ္တံ့သော ငါးမျိုးသော လက္ခဏာတို့ကိုလည်း ရှု၏၊ (၁) ရူပက္ခန္ဓာသည် အကြောင်းမဲ့ ဖြစ်ပေါ်လာသည်မဟုတ်၊ ရှေးဘဝက အဝိဇ္ဇာဟူသော အကြောင်းတရား ရှိခဲ့ဖြစ်ခဲ့ခြင်းကြောင့်သာ ဤဘဝ၌ ရူပက္ခန္ဓာ ဖြစ် ပေါ်လာရ၏ ဟု အဝိဇ္ဇာဟူသော အကြောင်း ရှိခြင်း ဖြစ်ခြင်း (အတ္ထိတာလက္ခဏာ) ကိုလည်း ရှု၏၊ (၂) ရှေးဘဝက တဏှာဟူသော အကြောင်း ရှိခဲ့ဖြစ်ခဲ့ ခြင်းကြောင့် ဤဘဝ၌ ရူပက္ခန္ဓာ ဖြစ်ရ၏ ဟု တဏှာဟူသော အကြောင်းတရား၏ ရှိခြင်း ဖြစ်ခြင်း (အတ္ထိတာလက္ခဏာ) ကိုလည်းရှု၏၊ (၃) ထိုရူပက္ခန္ဓာသည် ရှေးဘဝက အကြောင်းကံ ကြောင့်လည်း ဖြစ်ရ၏ဟု အကြောင်းကံ၏ ရှိခြင်း ဖြစ်ခြင်း လက္ခဏာကိုလည်း ရှု၏၊ (၄) ယခုဘဝ၌ စားမျိုအပ်သော ကဗဠီကာရအာဟာရကြောင့်လည်း ဖြစ်၏ဟု အာဟာရ အကြောင်းတရား၏ ရှိခြင်း ဖြစ်ခြင်း လက္ခဏာကိုလည်း ရှု၏၊ (၅) ရူပက္ခန္ဓာ ဖြစ်နေဆဲ အခိုက်အတန့် ခဏပိုင်း အချိန်အတွင်းမှာလည်း ထိုရူပက္ခန္ဓာ၏ ဖြစ်ခြင်း (နိဗ္ဗတ္တိလက္ခဏာ) ကိုလည်းရှု၏၊ ဤသို့အားဖြင့် လက္ခဏာ ငါးမျိုးတို့ကို ရှု၏၊

ရူပက္ခန္ဓာ၏ ဖောက်ပြန်ပျက်စီးခြင်း (ဝယ) သဘောကို ရှုသော ယောဂီပုဂ္ဂိုလ်သည် ဖော်ပြလတ္တံ့သော ငါးမျိုးသော လက္ခဏာတို့ကို ရှု၏၊ (၁) အဝိဇ္ဇာ၏ ချုပ်ပျောက်ပျက်စီးခြင်းကြောင့် ရူပက္ခန္ဓာလည်း ချုပ်ပျောက်ပျက်စီး၏ ဟု အကြောင်းအဝိဇ္ဇာ၏ ချုပ်ပျောက်ပျက်စီးခြင်း လက္ခဏာကိုလည်း ရှု၏၊ (၂) တဏှာ၏ ချုပ်ခြင်း ကြောင့် ရူပက္ခန္ဓာလည်း ချုပ်ရ၏ ဟု အကြောင်း တဏှာ၏ ချုပ်ခြင်း လက္ခဏာကိုလည်း ရှု၏၊ ထို့အတူ (၃) အကြောင်းကံ၏ ချုပ်ခြင်းလက္ခဏာကိုလည်းကောင်း (၄) အာဟာရ၏ ချုပ်ခြင်း လက္ခဏာကိုလည်းကောင်း (၅) ရူပက္ခန္ဓာ ချုပ်ပျောက် ပျက်စီးနေဆဲ အခိုက်အတန့် ခဏပိုင်း အချိန်အတွင်း၌ ရူပက္ခန္ဓာ၏ ဖောက်ပြန် ပျက်စီးခြင်း (ဝိပရိဏာမ) လက္ခဏာကိုလည်းကောင်း ရှု၏၊ ဤသို့အားဖြင့် ငါးမျိုးသော လက္ခဏာတို့ကို ရှု၏၊ ဤသို့လျှင် အဖြစ်(ဥဒယ) သဘောကို ရှုရာ၌ လက္ခဏာငါးမျိုး ရှုပွား၍၊ အပျက်(ဝယ) သဘောကို ရှုရာ၌ လက္ခဏာငါးမျိုးတို့ကို ရှုပွားသောကြောင့် ရူပက္ခန္ဓာ၏ ဥဒယ သဘောကို ရှုရာ၌ အကျယ်နည်းအားဖြင့် လက္ခဏာ(၁၀)မျိုး တို့ကို ရှုပွား၏၊

ထို့အတူ ဝေဒနာက္ခန္ဓာ၏ ဥဒယ သဘောကို ရှုရာ၌လည်း (၁) အဝိဇ္ဇာ (၂) တဏှာ (၃) ကံ (၄) ဖဿ ဟူသော အကြောင်းလေးမျိုး၏ ဖြစ်ခြင်း (ရှိခြင်း) လက္ခဏာကို ရှုခြင်းနှင့် (၅) နိဗ္ဗတ္တိလက္ခဏာကို ရှုခြင်းအားဖြင့် လက္ခဏာငါးမျိုးကို ရှု၏၊ ဝေဒနာက္ခန္ဓာ၏ ဝယလက္ခဏာကို ရှုရာ၌လည်း ထို အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ ဟူသော အကြောင်း လေးမျိုး၏ ချုပ်ခြင်းလက္ခဏာကို ရှုခြင်းနှင့် ဝိပရိဏာမလက္ခဏာကို ရှုခြင်း အားဖြင့် လက္ခဏာငါးမျိုးတို့ကို ရှု၏၊ ဤသို့လျှင် ဝေဒနာက္ခန္ဓာ၏ ဥဒယဝယသဘောကို ရှုရာ၌လည်း အကျယ်နည်း အားဖြင့် လက္ခဏာ(၁၀)မျိုးကို ရှု၏။

သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့၌ လည်း ဝေဒနာက္ခန္ဓာနည်းတူပင် လက္ခဏာ

(၁၀)ပါးတို့ကို ရှု၏၊ ဝိညာဏက္ခန္ဓာ၌မူ ယခင်အကြောင်းလေးမျိုးတို့တွင် ဖဿနေရာ၌ နာမ်ရုပ်ကို လဲလှယ် ထည့်သွင်းယူရ၏၊ ဤသို့အားဖြင့် ခန္ဓာငါးပါး၌ လက္ခဏာ(၅၀) ရှိသောကြောင့် ဥဒယဗ္ဗယဉာဏ်သည်လည်း (၅၀)ပင် ရှိလေသည်။

ယင်းသို့ ရုပ်နာမ်ခန္ဓာတို့၏ အဖြစ်အပျက် သဘောကို အကျယ်ရှုရာ၌ အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့၏ ဖြစ်ခြင်းကြောင့် ရုပ်နာမ် ခန္ဓာတို့ ဖြစ်ကြရပုံကိုလည်းကောင်း, အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့၏ ချုပ်ခြင်းကြောင့် ရုပ်နာမ်ခန္ဓာတို့ ချုပ်ကြရပုံ ကိုလည်းကောင်း သိမြင်ခြင်းသည် (ပစ္စယ=) အကြောင်းအားဖြင့် အဖြစ်အပျက်သဘောကို သိမြင်ခြင်းမည်၏။ ရုပ်နာမ်ခန္ဓာတို့ ဖြစ်နေဆဲ ခဏ၌ ထိုရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ခြင်း (နိဗ္ဗတ္တိ) လက္ခဏာကိုလည်းကောင်း, ဖေါက်ပြန် ပျက်စီး ဆဲခဏ၌ ထိုရုပ်နာမ်ခန္ဓာတို့၏ ပျက်စီးခြင်း (ဝိပရိဏာမ) လက္ခဏာကိုလည်းကောင်း သိမြင်ခြင်းသည် ခဏ(အခိုက်အတန့်ကာလ) အားဖြင့် အဖြစ်အပျက် သဘောကို သိမြင် ခြင်းမည်၏။

ယင်းသို့ ပစ္စယအားဖြင့်လည်း ကောင်း, ခဏအားဖြင့် လည်းကောင်း ရုပ်နာမ်ခန္ဓာတို့၏ အဖြစ်အပျက်သဘောကို သိမြင်သော ယောဂီပုဂ္ဂိုလ် သန္တာန်၌ (၁) သစ္စာလေးပါး (၂) ပဋိစ္စသမုပ္ပါဒ်တရား (၃) နည်းအမျိုးအစား (၄) လက္ခဏာတို့သည် ပေါ်လွင်ထင်ရှားလာ ကုန်၏။

## (၁) သစ္စာလေးပါးထင်ရှားလာခြင်း

ပစ္စယအားဖြင့် ဥဒယသဘောကို ရှုမြင်ခြင်းအားဖြင့် ထိုရုပ်နာမ်တရားတို့ကို ဖြစ်စေတတ်သော အဝိဇ္ဇာစသော အကြောင်း တရားတို့ကိုပါ ထိုးထွင်းသိမြင်သောကြောင့် အကြောင်း သမုဒယသစ္စာသည် ပေါ်လွင် ထင်ရှားလာ၏၊ ခဏအားဖြင့် ဥဒယသဘောကို ရှုမြင်ခြင်းအားဖြင့် ဇာတိဒုက္ခ (ဖြစ်ခြင်း ဆင်းရဲ)ကိုပါ သိမြင်သောကြောင့် ဒုက္ခသစ္စာ သည် ပေါ်လွင်ထင်ရှားလား၏၊ ပစ္စယအားဖြင့် ဝယသဘောကို ရှုမြင်ခြင်းအားဖြင့်အကြောင်း မဖြစ်၍ အကျိုးမဖြစ်ခြင်း (ချုပ်ခြင်း)ကိုပါ သိမြင်လာသောကြောင့် နိရောဓသစ္စာသည် ပေါ်လွင်ထင်ရှားလာ၏၊ ခဏအားဖြင့် ဝယ သဘောကို ရှုမြင်ခြင်းအားဖြင့် မရဏဒုက္ခ (ပျက်စီးခြင်းဆင်းရဲ)ကိုပါ သိမြင်လာသော ကြောင့် ဒုက္ခသစ္စာသည် ပေါ်လွင်ထင်ရှား လာ၏၊ ထိုယောဂီပုဂ္ဂိုလ်သန္တာန်၌ ရုပ်နာမ်တို့၏ အဖြစ်အပျက်ကိုသိမြင်သော ဝိပဿနာ ဉာဏ်သည် လောကီမဂ်ပင် ဖြစ်၏၊ ထို လောကီမဂ်အပေါ်၌ တွေဝေမှုကို ပယ်သတ် နိုင်ခြင်းကြောင့် ထိုယောဂီပုဂ္ဂိုလ်၌ မဂ္ဂသစ္စာ လည်း ပေါ်လွင်ထင်ရှားလာ၏။

## (၂) ပဋိစ္စသမုပ္ပါဒ်ထင်ရှားလာခြင်း

ပစ္စယအားဖြင့် ရုပ်နာမ်တို့၏ ဥဒယ သဘောကို ရှုမြင်ခြင်းအားဖြင့် "ဤအကြောင်း တရားဖြစ်ပေါ်လာ၍ ဤအကျိုးတရား ဖြစ်ပေါ် လာရသည်"ဟု ထိုးထွင်း သိမြင်သောကြောင့် အနုလောမပဋိစ္စသမုပ္ပါဒ် (ဖြစ်စဉ်အား လျော်သည့် ကြောင်းကျိုးကွင်းဆက်)သည် ပေါ် လွင်ထင်ရှားလာ၏၊ ပစ္စယအားဖြင့် ရုပ်နာမ် တို့၏ ဝယသဘောကို ရှုမြင်ခြင်းအားဖြင့် "ဤအကြောင်းတရား ချုပ်၍ ဤအကျိုးတရား ချုပ်ရသည်"ဟု ထိုးထွင်း သိမြင်သောကြောင့် ပဋိလောမ ပဋိစ္စသမုပ္ပါဒ် (ကြောင်းကျိုး ဖြစ်စဉ်၏ ပြောင်းပြန် ပျက်စဉ်) သည် ပေါ်လွင်ထင်ရှားလာ၏၊ ခဏအားဖြင့်

ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို ရှုမြင်ခြင်းအားဖြင့် ရုပ်နာမ်သင်္ခတ တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းလက္ခဏာ (သင်္ခတလက္ခဏာ)ကို ထိုးထွင်း သိမြင်သောကြောင့် ပဋိစ္စသမုပ္ပန္န (အကြောင်းကိုစွဲ၍ဖြစ်သော အကျိုး) တရားတို့သည်ပေါ်လွင် ထင်ရှားလာ၏။

## (၃) နည်းအမျိုးအစား ထင်ရှားလာခြင်း

ပစ္စယအားဖြင့် ရုပ်နာမ်တို့၏ ဥဒယသဘောကို ရှုမြင်ခြင်းအားဖြင့် ကုသိုလ် အကုသိုလ် တည်းဟူသော အကြောင်းကံကို ပြုလုပ်သူက တခြား၊ အကျိုးကို ခံစားသူက တခြားမဟုတ်ဘဲ ဘဝဟောင်း ရုပ်နာမ်နှင့် ဘဝသစ် ရုပ်နာမ်တို့ အကြောင်းအကျိုး ဆက်စပ်နေခြင်းအားဖြင့် ရုပ်နာမ်ခန္ဓာအစဉ်သန္တာန် မပြတ်မစဲ တဆက်တည်း ဖြစ်မှုကို သိမြင်သောကြောင့် ဧကတ္တနည်း (အစဉ်သန္တာန်မပြတ် တစပ်တည်းဖြစ်ပုံနည်း) သည် ပေါ်လွင်ထင်ရှားလာ၏၊ ထိုအခါ ဥစ္ဆေဒဒိဋ္ဌိကို ကောင်းကောင်းကြီး ပယ်စွန့်နိုင်၏၊

ခဏအားဖြင့် ရုပ်နာမ်တို့၏ ဖြစ်ခြင်းသဘောကို ရှုမြင်ခြင်းအားဖြင့် (ဘဝဟောင်းနှင့် ဘဝသစ် ရုပ်နာမ် ခန္ဓာအစဉ်သည် တဆက်တည်း ဖြစ်နေသော်လည်း ဘဝသစ် ရုပ်နာမ်သည် ဘဝ ဟောင်း ရုပ်နာမ်မဟုတ်ဘဲ) အဟောင်းအဟောင်း ရုပ်နာမ်များ ချုပ်ပြီးတိုင်း ချုပ်ပြီးတိုင်း အသစ်အသစ် ရုပ်နာမ်များ ခဏတိုင်းခဏတိုင်း ဖြစ်ပေါ်နေခြင်းကို သိမြင်သောကြောင့် နာနတ္တနည်း (အဟောင်းအသစ် ကွဲပြား၊ တမျိုးတခြားစီဖြစ်ပုံနည်း)သည် ပေါ်လွင်ထင်ရှားလာ၏၊ ထိုအခါ သဿတဒိဋ္ဌိကို ကောင်းစွာပယ်စွန့်နိုင်၏။

ပစ္စယအားဖြင့် ရုပ်နာမ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းသဘောကို ရှုမြင်ခြင်း အားဖြင့် (အကြောင်းတရား ဖြစ်ခြင်းရှိသောကြောင့် အကျိုးတရား ဖြစ်ရ ရှိရသည်၊ အကြောင်းတရား မရှိလျှင် အကျိုးတရား မရှိတော့ပုံကို သိမြင်ခြင်းအားဖြင့်) ထိုအကြောင်းတရားတို့ကား ပုဂ္ဂိုလ်သတ္တဝါ တစ်ဦးတစ်ယောက်၏ အလိုဆန္ဒ ကြောင့်ကြ ဗျာပါရအတိုင်း ဖြစ်ရခြင်း မရှိဟု သိမြင်နိုင်သောကြောင့် အဗျာပါရနည်းသည် ထင်ရှားလာ၏၊ ထိုအခါ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါကောင်၊ အတ္တကောင်ဟု ယူဆသော အယူမှား အတ္တဒိဋ္ဌိ ကို ကောင်းစွာ ပယ်စွန့်နိုင်၏။

ပစ္စယအားဖြင့် ရုပ်နာမ်တို့၏ ဖြစ်ခြင်းသဘောကို ရှုမြင်ခြင်းအားဖြင့် သူ့အကြောင်းနှင့် ဆီလျော်သော သူ့အကျိုးဖြစ်ပုံ အစဉ်အလာဓမ္မတာကို သိရခြင်းကြောင့် ဧဝံဓမ္မတာနည်းသည် ထင်ရှားလာ၏၊ ထိုအခါ အကြောင်းကံမရှိဟု ယူဆသော အကိရိယဒိဋ္ဌိကို ကောင်းစွာ ပယ်စွန့်နိုင်သည်။

## (၄) လက္ခဏာထင်ရှားလာခြင်း

ပစ္စယအားဖြင့် ရုပ်နာမ်တို့၏ ဖြစ်ခြင်းသဘောကို ရှုမြင်ခြင်းအားဖြင့် ထိုရုပ်နာမ်တရားတို့မှာ အကျိုးတရား ဖြစ်ပေါ်လာအောင် ကြောင့်ကြ စိုက်ထုတ်ရမှု မရှိခြင်း၊ သူ့ဆိုင်ရာအကြောင်းတရားနှင့်သာ ဆက်စပ်လျက် ဖြစ်နေခြင်းကို သိရခြင်းကြောင့် သတ္တဝါကောင် အတ္တကောင် မရှိခြင်းဟူသော အနတ္တလက္ခဏာ ထင်ရှားလာ၏။

ခဏအားဖြင့် အဖြစ်အပျက်ကို ရှုမြင်ခြင်းအားဖြင့် (၁) ဖြစ်ပြီးနောက် ချုပ်ပျောက်သွားခြင်းကိုလည်းကောင်း၊ ဥပါဒ်ဠီဘင်ခဏမှ ရှေ့ပိုင်းနောက်ပိုင်းတို့၌ ဘာမျှ မရှိခြင်း၊ ဆိတ်သုဉ်း ခြင်းကိုလည်းကောင်း ထိုးထွင်း သိနိုင်သောကြောင့် အနိစ္စလက္ခဏာသည်

ထင်ရှားလာ၏၊ (၂) အဖြစ် အပျက်တို့က နှိပ်စက်နေခြင်းကို သိရသောကြောင့် ဒုက္ခလက္ခဏာထင်ရှားလာ၏၊ (၃) ဖြစ်ပျက်နှစ်ရပ်တို့က ပိုင်းခြားကန့်သတ်မှုကို သိရသောကြောင့် ပထဝီ ဖဿစသော တရားတို့၏ ခက်မာခြင်း တွေ့ထိခြင်း စသော သဘာဝလက္ခဏာသည်လည်း ထင်ရှားလာ၏။ (၄) ထိုခက်မာခြင်း၊ တွေ့ထိခြင်း စသော သဘောလက္ခဏာ၌ ဥပါဒ်ဌီဘင်ဟူသော သင်္ခတလက္ခဏာသည် အခိုက်အတန့်အတွင်းသာ တည်ရှိနေပုံလည်း ထင်ရှားလာ၏၊ ဘာ့ကြောင့်နည်း? ဖြစ်ဆဲခဏ၌ ပျက်မှုမရှိခြင်း၊ ပျက်ဆဲခဏ၌ ဖြစ်မှုမရှိခြင်းကို သိရသောကြောင့်တည်း။

ဤပြဆိုခဲ့သည့်အတိုင်း သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ်၊ နည်း၊ လက္ခဏာများ ထင်ရှား ပေါ်လွင်လာသောအခါ " ဤရုပ်နာမ်သင်္ခါရတို့သည် ရှေးက မရှိဘဲ ဖြစ်ပေါ်လာကြပါတကား၊ ဖြစ်ပေါ်လာပြီးလျှင်လည်း ချုပ်ပျောက်ပျက်စီးသွားကြပါတကား" ဟု သင်္ခါရတရားတို့ အသစ်အသစ် ဖြစ်ဖြစ်နေပုံသည် ယောဂီပုဂ္ဂိုလ်ဉာဏ်၌ ထင်ပေါ်လာကုန်၏။ ထို့ပြင် နေတက်ချိန်ခါ ဆီးနှင်းပေါက်ကဲ့သို့လည်းကောင်း၊ ရေပွက်များကဲ့သို့လည်းကောင်း အချိန်တိုလျ တခဏမျှ တည်ရှိပြီး ပျက်စီးသွားပုံ၊ ရေမြှုပ်စိုင် ငှက်ပျောတုံးစသည်တို့ကဲ့သို့ အနှစ် သာရမရှိပုံ တို့သည်လည်း ယောဂီပုဂ္ဂိုလ်ဉာဏ်၌ ထင်ပေါ်လာကုန်၏။

ယောဂီပုဂ္ဂိုလ်သည် ဤအဆင့်သို့ ရောက်သည်အထိ အားထုတ်မိလျှင် "အပျက်ဘက်သို့ ဦးတည်လျက်သာ ဖြစ်နေသည်၊ ဖြစ်ပြီးပါက ပျက်စီးသွားသည်"ဟု သိမြင်ခြင်းအားဖြင့် ငါးဆယ်သော လက္ခဏာတို့ကို ထိုးထွင်းသိသော ဥဒယဗ္ဗယာနုပဿနာ ဟုခေါ်သော အနုစား တရုဏဝိပဿနာဉာဏ် ကို ရရှိပြီ ဖြစ်ပေသတည်း။

## ဝိပဿနာ ညစ်ညူးကြောင်း "ဥပက္ကိလေသ" တရားများ

ဤ တရုဏဝိပဿနာ အဆင့်သို့ ရောက်သော ယောဂီပုဂ္ဂိုလ်၌ ဝိပဿနုပက္ကိလေသ ဟုခေါ် သောဝိပဿနာ ညစ်ညူးကြောင်းတရား (၁၀) ပါးတို့ ဖြစ်ပေါ်လာကြလေကုန်၏၊

(၁) ဩဘာသ ဟုခေါ်သော ဝိပဿနာ အလင်းရောင်။ ဝိပဿနာစိတ်ကြောင့်ဖြစ်သော ခန္ဓာကိုယ်ပေါ်၌ရှိသော အလင်းရောင်နှင့် ခန္ဓာကိုယ် အပြင်ပသို့ ဖြာထွက်နေသော အလင်းရောင်တည်း။ ထိုအလင်းရောင်သည် အချို့သောယောဂီ၌ မိမိ ထိုင်သောနေရာမျှလောက်သာ လင်းနေ၏၊ အချို့၌ တိုက်ခန်းတွင်းတစ်ခုလုံး၊ အချို့၌ တိုက်ခန်းပြင်ဘက်အထိ လင်းနေ၏၊ တစ်ကျောင်းတိုက်လုံး၊ တစ်ဂါဝုတ်၊ ယူဇနာဝက်၊ တစ်ယူဇနာ စသည်အထိလည်း လင်းတတ်၏၊ တချို့၌ မြေပြင်မှအထက် အကနိဋ္ဌဘုံအထိ လင်းနေ၏၊ မြတ်စွာဘုရား၏ ထိုအရောင်အလင်းကား တစ်သောင်းသော လောကဓာတ်တစ်ခုလုံး ထိန်ထိန်လင်းနေ၏။ ထိုအခါ ယောဂီပုဂ္ဂိုလ်၌ "ငါ့၌ ရှေးက မပေါ်ထွက်ဘူးသော အလင်းရောင်များ ပေါ်ထွက် နေပါတကား၊ အမှန်ပင် ငါသည် မဂ်ဖိုလ်တရားထူး ရလေပြီ" ဟု အထင်အမြင်လွဲမှားတတ်၏၊ ထိုသို့ လွဲမှားသော ယောဂီပုဂ္ဂိုလ်သည် ဝိပဿနာကမ္မဋ္ဌာန်း လမ်းကြောင်းမှန်မှ ဘေးသို့ ချော်ထွက် သွားကာ ထိုအလင်းရောင်ကိုပင် သာယာနေလေ၏၊

ထို့ကြောင့် ထိုအလင်းရောင်သည် ဝိပဿနာ ညစ်ညူးကြောင်း (ဝိပဿနုပက္ကိလေသ) တရား ဖြစ်ရလေသည်။

(၂) ဉာဏ၊ ဝိပဿနာဉာဏ်ပင်တည်း။ ဝိပဿနာဉာဏ်ကို အထွတ်အထိပ် ရောက် အောင် အားထုတ်သော ထိုယောဂီပုဂ္ဂိုလ် သည် ရုပ်နာမ်တရားတို့ကို နှိုင်းချိန်သုံးသပ် ရှုမှတ်သောအခါ သိကြားမင်း ပစ်လွှတ် အပ်သော ဝရဇိန်လက်နက်ကဲ့သို့ အရှိန်အဟုန် ထက်မြက်၍ တန်ခိုးစွမ်းအား ကြီးမားသော ဝိပဿနာဉာဏ်သည် ယောဂီသန္တာန်၌ ဖြစ် ပေါ်လာ၏၊ ထိုဉာဏ်ကိုလည်း မဂ်ဖိုလ် တရားထူးဟု အမှတ်မှားတတ်၏။

(၃) ပီတိ၊ ဝိပဿနာဉာဏ်နှင့် ယှဉ် သော ခုဒ္ဒကာပီတိစသော ပီတိငါးမျိုးတည်း။ ယင်းပီတိငါးမျိုးသည် ယောဂီပုဂ္ဂိုလ်၏ ခန္ဓာကိုယ်တစ်ခုလုံး ပျံ့နှံ့လျက် နေ၏။

(၄)ပဿဒ္ဓိ၊ ဝိပဿနာစိတ်နှင့် ယှဉ်သော ကိုယ်စိတ် ငြိမ်းအေးခြင်း သဘော တည်း၊ ထိုပဿဒ္ဓိ ဖြစ်လာသောအခါ ညဉ့် သန့်စင်ရာ, နေ့သန့်စင်ရာအရပ်၌ ထိုင်နေ သော ယောဂီပုဂ္ဂိုလ်၏ ကိုယ်စိတ်များသည် ပူပန်ခြင်း, လေးလံခြင်း, ကြမ်းတမ်း ခက် ထန်ခြင်း, အမှုကိစ္စ၌ မခန့်ခြင်း, မပြုစွမ်း နိုင်ခြင်း, မကျမ္မာခြင်း, ကောက်ကျစ်ခြင်း မရှိကုန်၊ ကိုယ်စိတ်တို့သည် ငြိမ်းအေးလျက်, ပေါ့ပါးလျက်, နူးညံ့လျက်,အမှုကိစ္စ၌ ခန့်လျက်, သန့်ရှင်းသန့်စွမ်းလျက်, ဖြောင့်မတ်လျက်သာ နေကုန်၏၊ ထိုယောဂီသည် ဘာဝနာကင်းသည့် သာမန်လူသားတို့ မခံစားရသော မွေ့လျော်မှု ချမ်းသာကို ခံစားနေရ၏။

(၅) သုခ၊ ဝိပဿနာစိတ်နှင့်ယှဉ် သော အလွန်မွန်မြတ်သော သုခတည်း၊ ထို သုခ ဖြစ်လာသောအခါ ယောဂီပုဂ္ဂိုလ်၏ တစ်ကိုယ်လုံး စိုပြေလန်းဆန်းလျက် နေ၏။

(၆) အဓိမောက္ခ၊ ဝိပဿနာစိတ် နှင့်ယှဉ်သော စိတ်စေတသိက်တရားတို့ကို ကြည်လင်စေတတ်သော အလွန်အားကောင်း သော သဒ္ဓါတရားတည်း။

(၇) ပဂ္ဂဟ (ချီးပင့်မြှင့်တင်တတ်သော ဝီရိယ)၊ ဝိပဿနာစိတ်နှင့် ယှဉ်သော မလျော့ လွန်း, မတင်းလွန်းသော ကောင်းစွာချီးပင့် မြှင့်တင်တတ်, အားထုတ်အပ်သော ဝီရိယ တည်း။

(၈) ဥပဋ္ဌာန (စွဲကပ်တည်နေသော ထင်ပေါ်သော သတိ)၊ ဝိပဿနာစိတ်နှင့် ယှဉ်သည်ဖြစ်၍ ကောင်းစွာ စွဲကပ်ထင်ပေါ် နေသော မြေကြီးထဲ၌ စွဲမြဲစွာ စိုက်နှက် ထားသောတိုင်, မလှုပ်ရှားသည့် တောင်မင်း ကြီးတို့နှင့် တူသော ထိုသတိသည် ယောဂီ ပုဂ္ဂိုလ်၌ ဖြစ်ပေါ်လာ၏။

(၉) ဥပေက္ခာ၊ (က) ဝိပဿနုပေက္ခာ (ခ) အာဝဇ္ဇနုပေက္ခာတို့တည်း၊ (က) သင်္ခါရ တရားတို့၏ အဖြစ်အပျက်တို့သည် အလွန် ထင်ရှားနေသည်ဖြစ်၍ ထိုအဖြစ်အပျက်ကို ရှုရာ၌ အလွန်ကြောင့်ကြ မစိုက်ရတော့ဘဲ အလယ်အလတ်အားဖြင့်သာ ရှုသော (လျစ်လျူရှုသော) တတြမဇ္ဈတ္တုပေက္ခာ တည်းဟူသော ဝိပဿနုပေက္ခာသည်လည်း ယောဂီပုဂ္ဂိုလ်၌ အလွန်အားကောင်းစွာ ဖြစ်လာ၏၊ (ခ) ထိုထို ရုပ်နာမ်တို့၏ အဖြစ် အပျက်ကို ဆင်ခြင်သောအခါတိုင်း၌ သိကြားမင်း ပစ်လွှတ်အပ်သော ဝရဇိန် လက်နက်ကဲ့သို့လည်းကောင်း, ဖက်ရွက်၌ ပစ်လွှတ်အပ်သော ပူလောင်သော စဉ်းသွား များကဲ့သို့ လည်းကောင်း, အရှိန်အဟုန်

ကောင်း၍ အလွန် ထက်မြက်သော အာဝဇ္ဇနုပေက္ခာ (မနောဒွါရာဝဇ္ဇန်းနှင့် ယှဉ်သော စေတနာဟူသော ဥပေက္ခာ) သည်လည်း ယောဂီပုဂ္ဂိုလ်၌ဖြစ်ပေါ်လာသည်။

(၁၀) နိကန္တိ၊ (ဝိပဿနာ၌ တပ်မက်ခြင်းသဘော)၊ အရောင်းအလင်း သြဘာသ အစရှိသော အဆင်တန်ဆာတို့ဖြင့် ဆင်ယင်ထားသော ဝိပဿနာ၌ တပ်မက်တွယ်တာသော သိမ်မွေ့သော နိကန္တိသည်လည်း ယောဂီပုဂ္ဂိုလ်၌ ဖြစ်ပေါ်လာ၏၊ ထိုနိကန္တိကို ကိလေသာအညစ်အကြေးဟု သိရန် မလွယ်ကူပေ။

ထို (၁၀) ပါးတို့တွင် နိကန္တိကို ချန်လှပ်၍ ကျန်(၉)ပါးသည် ပင်ကိုယ်အားဖြင့် မည်းညစ်သော အကုသိုလ် မဟုတ်သောကြောင့် ဥပက္ကိလေသ အစစ် မဟုတ်နိုင်၊ သို့သော် မည်းညစ်ခြင်း၏ အာရုံ အကြောင်းဝတ္ထုများ ဖြစ်ကြသောကြောင့် (ဥပစာရအားဖြင့်တင်စား၍) ဥပက္ကိလေသ အမည်ရသည်။ နိကန္တိသည်ကား ပင်ကိုယ်ကပင် မည်းညစ်သော အကုသိုလ်လည်းဖြစ်၏၊ ဝိပဿနာဉာဏ် မည်းညစ် ခြင်း၏ အကြောင်းဝတ္ထုလည်း ဖြစ်၏၊ ထိုကြောင့် နိကန္တိသည် ဥပက္ကိလေသ ⸍ အစစ်မည်၏။

## ဥပက္ကိလေသ (၃၀) ဖြစ်ပွားလာပုံ

မည်းညစ်ခြင်း၏အကြောင်းဝတ္ထုနှင့်စပ်၍ သြဘာသ, ဉာဏ်, ပီတိ စသည်ဖြင့် ဥပက္ကိလေသ (၁၀)ပါး ရှိ၏၊ ထို(၁၀)ပါး တို့တွင် တစ်ပါးတစ်ပါး၌ ဒိဋ္ဌိ, မာန, တဏှာ ဟူသော အစွဲ(ဂါဟ)သုံးမျိုးစီ ဖြစ်နိုင်ရကား ဥပက္ကိလေသ (၃၀) ဖြစ်နိုင်၏၊ ဖြစ်နိုင်ပုံမှာ-(၁) ငါ့ကိုယ်မှ အရောင်အလင်း ပေါ်ထွက် နေလေပြီ ဟု စွဲလမ်းလျှင် ဒိဋ္ဌိဂါဟ ဖြစ်၏၊ (၂) နှစ်သက်မြတ်နိုးဖွယ် အရောင်အလင်း ပေါ်ထွက်နေပါတကား ဟု စွဲလမ်း လျှင် မာနဂါဟ ဖြစ်၏၊ (၃) ထိုအရောင်အလင်းကို တွယ်တာသာယာနေလျှင် တဏှာ ဂါဟ ဖြစ်၏၊ ဤသို့အားဖြင့် သြဘာသ၌ အစွဲဂါဟ သုံးမျိုးဖြစ်၏၊ ထို့အတူ ဉာဏ်,ပီတိ စသည်တို့၌လည်း အစွဲဂါဟ သုံးမျိုးစီဖြစ်ရကား ဂါဟနှင့်စပ်လျဉ်း၍ ဥပက္ကိလေသပေါင်း(၃၀) ဖြစ်လာနိုင်၏။

## မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

မကျွမ်းကျင် မလိမ္မာသော ယောဂီပုဂ္ဂိုလ်သည် ထိုသြဘာသစသည်နှင့် တွေ့ကြုံသောအခါ စိတ်တုံလှုပ်၏၊ ပျံ့လွင့်၏၊ သြဘာသစသည်တို့၌ ငါ့ဟာ, ငါ, ငါ၏ အတ္တကောင် ဟုရှု၏၊ ကမ္မဋ္ဌာန်း၌ ကျွမ်းကျင်လိမ္မာ၍ ကျမ်းဂန်နှံ့စပ်သော ပညာရှိ ယောဂီသည်ကား ထိုသြဘာသစသည်တို့ကို အနိစ္စ, ဒုက္ခ, အနတ္တ ဟုရှု၏၊ ထိုသို့ရှုသောကြောင့် စိတ်တုံလှုပ်ခြင်း, ပျံ့လွင့်ခြင်း မဖြစ်။ ထိုယောဂီပုဂ္ဂိုလ်သည် ထို (၃၀) သော ဥပက္ကိလေသ အရှုပ်အထွေးကို ဖြေရှင်းပြီးလျှင် "သြဘာသစသည်သည် လမ်းမှန် (မဂ်) မဟုတ်၊ ၎င်းတို့မှ ကင်းလွတ်၍ ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို ရှုခြင်းဖြင့် လမ်းကြောင်းအတိုင်း သွားသော ဝိပဿနာ ဉာဏ်သည်သာ လမ်းမှန် (မဂ်)ဖြစ်သည်"ဟု မဂ္ဂ, အမဂ္ဂ= မဂ်ဟုတ်သည်, မဂ်မဟုတ်သည်ကို ခွဲခြားမှတ်သား၏၊ ယင်းသို့ ခွဲခြားသိသောသန့်ရှင်းစင်ကြယ်သော ဉာဏ်အမြင်ကို မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဟုခေါ်သည်။

## မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၏ထူးခြားချက်

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိအဆင့်သို့ မရောက်မီက ဥဒယဗ္ဗယဉာဏ်သည် ဝိပဿနာဉာဏ်, အလင်းရောင် (သြဘာသ)စသည်ကို

ဖြစ်ပေါ်စေနိုင် လောက်အောင် ထက်မြက် သန့်ရှင်းသော်လည်း ထိုဖြဘာသစသည်ကို အာရုံပြု၍ ဒိဋ္ဌိ,မာန,တဏှာ ဟူသော အညစ်အကြေးတို့ဖြင့် ညစ်နွမ်းနေသောကြောင့် ထိုဥဒယဗ္ဗယဉာဏ်သည် တုံးမြိ တုံးနေ၏၊ မသန့်မရှင်း ဖြစ်လျက်သာ နေ၏၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ အဆင့်သို့ ရောက်သောအခါ၌ကား ထိုအညစ်အကြေးတို့မှ ကင်းလွတ်၍ ထက်မြက်၏၊သန့်ရှင်း၏။ တဖန် ထိုအညစ်အကြေးတို့မှ မလွတ်မြောက်သေးသော ဥဒယဗ္ဗယဉာဏ်သည် အနိစ္စ စသော လက္ခဏာသုံးပါး တို့ကိုလည်း သဘာဝအမှန်အတိုင်း မမှတ်သားနိုင်သေး၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ အဆင့်သို့ရောက်၍ ထိုအညစ်အကြေးတို့မှ ကင်းလွတ်သော ဥဒယဗ္ဗယဉာဏ်သည်သာလျှင် ယင်းလက္ခဏာသုံးပါးကို မှတ်သားနိုင်၏၊ ထို့ကြောင့် ဘင်္ဂဉာဏ်စသော အထက်ဉာဏ်များသို့ တက်လှမ်းလိုသော ယောဂီပုဂ္ဂိုလ်သည် လက္ခဏာသုံးပါးကို ကွဲကွဲပြားပြား မှတ်သားနိုင်ခြင်းငှါ ရုပ်နာမ် တို့၏ အဖြစ်အပျက်ကို ရှုပွားသော ဥဒယဗ္ဗယဉာဏ်ကိုပင် ဆက်လက်၍ ရှုပွားရ၏။

## ဖြစ်ပျက်ရှုခြင်းကြောင့် လက္ခဏာသုံးပါးထင်ရှားလာပုံ

ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို မရှုလျှင် တဆက်တည်း တစပ်တည်း ထင်မှတ်ရသော ရုပ်နာမ်အစဉ် (သန္တတိ) ပညတ်သည် မမြဲခြင်းအနိစ္စ လက္ခဏာကို မမြင်နိုင်အောင် ဖုံးအုပ်ထား၏၊ အဖြစ်အပျက် ကို ရှုလျှင်ကား ရုပ်နာမ်တို့၏ ဖြစ်ဆဲအခိုက်အတန့်သည် ပျက်ဆဲအခိုက်အတန့်သို့ မရောက်၊ ပျက်ဆဲအခိုက် အတန့်သည်လည်း ဖြစ်ဆဲ အခိုက့်အတန့်သို့ မရောက်၊ ဖြစ်ဆဲခဏကား တခြား၊ ပျက်ဆဲခဏကား တခြား ဟူ၍ တရားတစ်မျိုးတစ်စားတည်းသည်ပင် ခဏအားဖြင့် ကွဲပြားထင်ရှားစွာ ပေါ်လွင်လာ၏၊ ရှေ့ဆင့်နောက်ဆင့် တစ်ခုပြီး တစ်ခု ဖြစ်နေသော ရုပ်နာမ်တရားတို့သည် သံချောင်း သံလုံးများ စီထားသကဲ့သို့ တခြားစီ တခြားစီအားဖြင့် ကောင်းစွာ ထင်ရှားလာ၏၊ ထို့ကြောင့် ပြခဲ့သော သန္တတိပညတ် ပြိုကွဲပျက်စီးသွားပြီးလျှင် ဖြစ်မှု ပျက်မှု မမြဲမှု အနိစ္စလက္ခဏာသည် ပင်ကိုယ်သဘော အမှန်အတိုင်း ထင်ပေါ်လာ၏။

အဖြစ်အပျက်တို့က အမြဲမပြတ်နှိပ်စက် နေမှုကို မရှုလျှင် သွားရပ်ထိုင်လျောင်း အမျိုးမျိုးပြောင်းလဲနေသော ဣရိယာပုထ်သည် ဒုက္ခလက္ခဏာကို ဖုံးအုပ်ထား၏၊ ဣရိယာပုထ် တစ်မျိုးကြောင့်ဖြစ် သော ဒုက္ခကို တခြားသော ဣရိယာပုထ်က ဖုံးအုပ်ထားသကဲ့သို့ ဖြစ်နေ၏၊ထို့ကြောင့် ဒုက္ခလက္ခဏာကို မမြင်နိုင်တော့ပေ။ ရုပ်နာမ်သခါရတို့အပေါ်၌ ဖြစ်ခြင်းပျက်ခြင်း သဘောတို့က အမြဲနှိပ်စက်နေပုံကို နှလုံးသွင်းလျှင်ကား ထိုဣရိယာပုထ်တို့က ဒုက္ခအမျိုးမျိုးကို ဖုံးအုပ်ထားပုံကို သိမြင်လာရ ကား ဒုက္ခလက္ခဏာသည်လည်း ပေါ်လွင် ထင်ရှားလာ၏။

ပထဝီ,အာပေါ စသော ရုပ်တရား, ဖဿ ဝေဒနာ စသော နာမ်တရား အမျိုးမျိုးတို့၏ ကွဲပြားခြားနားမှုကို နှလုံးမသွင်းခြင်းကြောင့် ထိုရုပ်နာမ်တရားတို့ကို တလုံးတခဲတည်း တစ်ခုတည်း တစ်ကောင်တည်း အနေအားဖြင့် ထင်မှတ်သော အစိုင်အခဲ (ဃန) ပညတ်သည် အနတ္တလက္ခဏာကို ဖုံးအုပ်ထား၏၊ ပထဝီဓာတ်က တခြား, အာပေါဓာတ်ကတမြား စသည်ဖြင့်လည်းကောင်း,

ဖဿကတခြား, ဝေဒနာကတခြား စသည်ဖြင့် လည်းကောင်း ခွဲခြားစိတ်ဖြာ၍ နှလုံးသွင်း လျှင်ကား ထိုယနပညတ်သည် ရေမြှုပ်စိုင်ကို လက်ဖြင့် ဆုပ်လိုက်သကဲ့သို့ ပြိုကွဲပျက်စီး သွား၏။ ထို့ကြောင့် အသက်ရှင်အတ္တကောင်, သူကောင်, ငါကောင် မဟုတ်ဘဲ ပထဝီ အာပေါ ဖဿ ဝေဒနာ စသော ဓာတ်သဘော သက်သက်မျှသာ ဖြစ်ပါတကား ဟူ၍ သိမြင် လာကာ အနတ္တလက္ခဏာသည် ပင်ကိုယ် သဘောမှန်အတိုင်း ပေါ်လွင်ထင်ရှားလာ၏။ ဤပြဆိုခဲ့သည့်အတိုင်း လက္ခဏာသုံးပါး ပေါ်လွင်ထင်ရှား လာစေခြင်းငှါ ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို သိမြင်သော ဥဒယဗ္ဗယ ဉာဏ်ကိုပင် ဆက်လက် ဖြစ်ပွားစေရ, အားထုတ်ရမည်ဖြစ်၏၊ ယင်းသို့ အားထုတ် ခြင်းဖြင့် ဥဒယဗ္ဗယဉာဏ် ရင့်သန်မှသာလျှင် ဘင်္ဂဉာဏ်, ဘယဉာဏ် စသော ဉာဏ်များ ဖြစ်ပေါ်လာမည် ဖြစ်သတည်း။ ပဋိသံ။၅၂-၃။ ဝိသုဒ္ဓိ၊၂။၂၆၅-၆၊၂၇၅-၆။ ဝိသုဒ္ဓိဋီ၊၂။ ၄၁၉၊၄၂၀၊၄၃၇။ ဓေတေန ပညာသလက္ခဏ- ပရိဂ္ဂါဟကံ ဥဒယဗ္ဗယဉာဏံ ဝုတ္တံ။ ဒီဋ္ဌ၊ ၃။၂၁၂။ မဋ္ဌ၊၃။၂၂၅။ အံဋ္ဌ၊၃။၂၇။ (-ဒီဋ္ဌ၊ ၂။၃၇၃။ မဋ္ဌ၊၁။၂၉၁။ ဣတိဝုတ်၊ဋ္ဌ။၆၀။ ပဋိသံ၊ ဋ္ဌ၊၁။၂၇၅။ စရိယာ၊ဋ္ဌ။၈။ သာရတ္ထ၊၁။၁၉၃၊၃၁၅။ မဋီ၊၁။၃၈။ မဋီ၊၂။၁၂၀။ မဋီ၊၃။၄၂။ သံဋီ၊ ၁။၃၄။ အံဋီ၊၃။၁၁၆။ ဝိသုဒ္ဓိဋီ၊၁။၁၁။)

**ဥဒယဗ္ဗယဉာဏကထာ** (ထီ) [ ဥဒယဗ္ဗယ ဉာဏ+ကထာ] ဥဒယဗ္ဗယဉာဏ်ကို အကျယ် ဖွင့်ပြဆိုရာ အပိုင်းအခန်း။ (ပဋိသံ။ ၅၂- ၅၃။ ဝိသုဒ္ဓိ၊၂။၂၆၅-၂၆၆၊၂၇၄။) ဝိတ္ထာရော ပန ဝိသုဒ္ဓိမဂ္ဂေ ဥဒယဗ္ဗယဉာဏကထာယံ ဝုတ္တော။ ဒီဋ္ဌ၊၂။၃၇၃။ မဋ္ဌ၊၁။၂၉၁။

**ဥဒယဗ္ဗယဉာဏပဋိပါဋိ** (ထီ) [ ဥဒယဗ္ဗယ ဉာဏ+ပဋိပါဋိ] ဥဒယဗ္ဗယဉာဏ်အစဉ်။ ဥဿက္ကိတ္ဗာတိ ဥဒယဗ္ဗယဉာဏပဋိပါဋိယာ အာယူဟိတ္ဗာ။ ဝိသုဒ္ဓိဋီ၊၂။၇၅။ (မဋီ၊၂။၂၆၅- ၌ ဥဒယဗ္ဗယဉာဏာဒိဉာဏပဋိပါဋိ-ဟုရှိ။)

**ဥဒယဗ္ဗယဉာဏပရိယောသာန** (တိ) [ဥဒယ ဗ္ဗယဉာဏ+ပရိယောသာန] ဥဒယဗ္ဗယဉာဏ် ဟူသော အဆုံးရှိသော။ ဥဒယဗ္ဗယဉာဏ- ပရိယောသာနာ တီရဏပရိညာ။ ဝိသုဒ္ဓိဋီ၊ ၂။၃၈၆။

**ဥဒယဗ္ဗယဉာဏာနုဘာဝ** (ပု) [ ဥဒယဗ္ဗယ ဉာဏ+အာနုဘာဝ ] ဥဒယဗ္ဗယဉာဏ်၏- အာနုဘော်-အစွမ်း။ အထ ခေါ ဥဒယဗ္ဗယ- ဉာဏာနုဘာဝေန ပစ္စက္ခတော ဥပဋ္ဌိတေသု ဥဒယဝယေသု ---အနိစ္စတော အနုပဿတိ။ ဝိသုဒ္ဓိဋီ၊၂။၄၄၁။

**ဥဒယဗ္ဗယဉာဏုပ္ပတ္တိ** (ထီ) [ ဥဒယဗ္ဗယ ဉာဏ+ ဥပ္ပတ္တိ] ဥဒယဗ္ဗယဉာဏ်၏ဖြစ်ခြင်း။ ဥဒယဗ္ဗယဉာဏုပ္ပတ္တိ ဟိ ဣဓ နယ- ဝိပဿနာယ သမ္ပဇ္ဇနန္တိ အဓိပ္ပေတံ။ ဝိသုဒ္ဓိဋီ၊ ၂။၃၉၈။ (-ဣတိဝုတ်၊ဋ္ဌ။၆၀။ မဋီ၊၂။၂၅၈။)

**ဥဒယဗ္ဗယဉာဏုပ္ပါဒ** (ပု) [ ဥဒယဗ္ဗယဉာဏ+ ဥပ္ပါဒ] (၁) ဥဒယဗ္ဗယဉာဏ်ဖြစ်ခြင်း။ (၂) ဥဒယဗ္ဗယ ဉာဏ်ဖြစ်ရာအခါ။ (၁) ဝိပဿနာယ သတိ ဥဒယဗ္ဗယဉာဏုပ္ပါဒေ။ ဝိသုဒ္ဓိဋီ၊၂။ ၃၈၆။ (၁)(၂) ဥဒယဗ္ဗယဉာဏုပ္ပါဒတော ပဋ္ဌာယ သမ္မောစိပဋိပဒါယံ ဌိတော နာမ ဟောတိ။ မဋီ၊၁။၃၈၀။

**ဥဒယဗ္ဗယဉာဏုပ္ပါဒန** (နု) [ ဥဒယဗ္ဗယ ဉာဏ+ဥပ္ပါဒန ] ဥဒယဗ္ဗယဉာဏ်ကို ဖြစ်စေ ခြင်း။ ကလာပသမ္မသနာဒိကောပိ ဟိ သမ္မော ဘာဝနာဝိဓိ ဥဒယဗ္ဗယဉာဏုပ္ပါဒနသေဝ။ ဝိသုဒ္ဓိဋီ၊၂။၄၂၆။

**ဥဒယဗ္ဗယညာဏတ္တဂ္ဂဟဏ** (န) [ ဥဒယဗ္ဗယ+အညာဏတ္တ+ဂဟဏ ] ဖြစ်ခြင်း, ပျက်ခြင်း, (ထိုဖြစ်ခြင်း,ပျက်ခြင်းမှ) တမျိုးတခြား ကွဲပြားသည်၏ အဖြစ်ဟူသော ရင့်ရော်ခြင်းတို့ကို ယူငင်မှတ်သားခြင်း၊ ဖြစ်ခြင်း, ပျက်ခြင်း, ရင့်ရော်ခြင်းတို့ကို ရှုမှတ်ဆင်ခြင်ခြင်း၊ အောက်ပုဒ်ကြည့်။

**ဥဒယဗ္ဗယညာဏတ္တပရိဂ္ဂါဟက** (တိ) [ဥဒယဗ္ဗယညာဏတ္တ+ပရိဂ္ဂါဟက။ ထီ-ဣပရိဂ္ဂါဟိကာ။] ဖြစ်ခြင်း, ပျက်ခြင်း, ရင့်ရော်ခြင်းတို့ကို ယူငင်မှတ် သားတတ်သော။ ပဉ္စန္နံ ဥပါဒါနက္ခန္ဓာနံ ဥဒယဗ္ဗယညာဏတ္တပရိဂ္ဂါဟိကံ ပဉ္စသု ခန္ဓေသု အနိစ္စန္တိ ဥပ္ပဇ္ဇနကသညံ ဘာဝေတိ။ အံ၊ဋ္ဌ၊၁၊၄၀၉။ ဥဒယော နိဗ္ဗတ္တိလက္ခဏံ၊ ဝယော ဝိပရိဏာမလက္ခဏံ၊ အညထတ္တံ ဇရာ၊ ဥဒယဗ္ဗယညာဏတ္တဂ္ဂဟဏေန အနိစ္စလက္ခဏံ ဒဿေတိ။ အံ၊ဋီ၊၁၊၂၇၄။

**ဥဒယဗ္ဗယဒဿန** (န) [ ဥဒယဗ္ဗယ+ဒဿန] ဖြစ်ခြင်းပျက်ခြင်း-အဖြစ်အပျက်-ကိုရှုခြင်း-ကိုရှုပုံရှုနည်း။ ဝေံ သခေ်ပတော ဥဒယ-ဗ္ဗယဒဿနံ ဒဿေတွာ။ ပဋိသံ၊ဋ္ဌ၊၁၊၂၃၅။ (-၂၃၇။ ဝိသုဒ္ဓိ၊ဋီ၊၂။၄၂၂။)

**ဥဒယဗ္ဗယဒဿနာဘိနိဝေသ** (ပု) [ ဥဒယဗ္ဗယဒဿန+အဘိနိဝေသ] အဖြစ်အပျက်ရှုခြင်းကို နှလုံးသွင်းခြင်း။ သန္တတိပစ္စုပ္ပန္နေ ခဏပစ္စုပ္ပန္နေ ဝါ ဓမ္မေ ဥဒယဗ္ဗယဒဿနာဘိနိဝေသော ကာတဗ္ဗော၊ န အတီတာနာဂတေ။ ဝိသုဒ္ဓိ၊ဋီ၊၂။၄၁၉။

**ဥဒယဗ္ဗယဓမ္မ** (ပု) [ ဥဒယဗ္ဗယ+ဓမ္မ ] (၁) ဖြစ်ခြင်း ပျက်ခြင်း သဘော။ (တိ)(၂) ဖြစ်ခြင်းပျက်ခြင်းသဘောရှိသည်၏အဖြစ် (ဘာဝပ္ပဓာနအနက်)။ (၁) ဥဒယဗ္ဗယဓမ္မေဟိ အဘိဏှပဋိပိဋ္ဌနတော ဒုက္ခမနေ္တန ဒုက္ခံ။ မ၊ ဋီ၊၁။၁၆၁။ (တိ)(၂) ဝိညာဏံ ဥဒယဗ္ဗယ-ဓမ္မတော အနိစ္စံ။ အဘိ၊ဋ္ဌ၊၂။၃၂။ (-ဝိသုဒ္ဓိ၊ဋီ၊ ၂။၃၉၄။)

**ဥဒယဗ္ဗယပညာ** (ထီ) [ ဥဒယဗ္ဗယ+ပညာ] အဖြစ်အပျက်ကို သိမြင်သောဉာဏ်ပညာ၊ ဥဒယဗ္ဗယဉာဏ်။ ပညဝန္တပုဂ္ဂလသေဝနာ နာမ သမပညာသက္ခဏပရိဂ္ဂါဟိကာယ ဥဒယ-ဗ္ဗယပညာယ သမန္နာဂတပုဂ္ဂလသေဝနာ။ ဒီ၊ဋ္ဌ၊၂။၃၇၈။ အံ၊ဋ္ဌ၊၁။၃၉၂။

**ဥဒယဗ္ဗယပဋိဝိဇ္ဈန** (န) [ဥဒယဗ္ဗယ+ပဋိဝိဇ္ဈန] အဖြစ်အပျက်ကို ထိုးထွင်းသိခြင်း။ ယေ သတ္တာ ပဉ္စန္နံ ခန္ဓာနံ ဥဒယဗ္ဗယပဋိဝိဇ္ဈနေန စတုသစ္စ-ပဋိဝိဇ္ဈနေန စ ကိလေသေဟိ အာရကာ ဌိတတ္တာ အရိယာယ-----ပညာယ ပရိဟီနာ။ ဣတိဝုတ်၊ဋ္ဌ။၁၄၈။

**ဥဒယဗ္ဗယပ(ပ္ပ)ဋိပိဋ္ဌန** (န) [ ဥဒယဗ္ဗယ + ပဋိပိဋ္ဌန] (၁) အဖြစ်အပျက်-ဖြစ်ခြင်း ပျက်ခြင်း-တို့က အဖန်ဖန်နှိပ်စက်ခြင်း။ (၂) အဖြစ်အပျက်-ဖြစ်ခြင်းပျက်ခြင်း-တို့က အဖန်ဖန် နှိပ်စက်အပ်သည်၏ အဖြစ်။ (၁) ဥဒယဗ္ဗယပဋိပိဋ္ဌနံ ပဿတော ဒုက္ခ-လက္ခဏဉ္စ။ စူဠနိ၊ဋ္ဌ။၉၈။ (ဝိသုဒ္ဓိ၊၂။၂၄၅။ ဝိသုဒ္ဓိ၊ဋီ၊၂။၃၉၂။) ဥဒယဗ္ဗယပ္ပဋိပိဋ္ဌနာကာရ-လည်းကြည့်။ (၂) တေ ဥဒယဗ္ဗယပဋိ-ပိဋ္ဌနတော သပ္ပဋိဘယတော-----ဒုက္ခန္တိ ဝါ ပဿ။ ထေရ၊ဋ္ဌ၊၂။၄၇၁။ (-ဝိသုဒ္ဓိ၊ဋီ၊၂။၄၅၃။)

**ဥဒယဗ္ဗယပဋိပိဋ္ဌနဋ္ဌ** (ပု) [ ဥဒယဗ္ဗယပဋိပိဋ္ဌန+အတ္ထ] ဖြစ်ခြင်းပျက်ခြင်းတို့က အဖန်ဖန် နှိပ်စက်အပ်သည်၏ အဖြစ်ဟူသော အနက်သဘော။ အနိစ္စြယဗဒ္ဓံ ဥဒယဗ္ဗယ-ပဋိပိဋ္ဌနဋ္ဌေန "ယဒနိစ္စံ တံ ဒုက္ခ"န္တိ သင်္ဂဟိတတ္တာ ဒုက္ခံ။ အဘိ၊ဋ္ဌ၊၃။၂၅၆။ (-သီ၊ ဋီ၊သစ်၊၁။၂၈၅၄၀၉။ အနုဋီ၊၂။၁၈၃။)

**ဥဒယဗ္ဗယပ(ပ္ပ)ဋိပီဠိတ** (တိ) [ ဥဒယဗ္ဗယ+ပဋိပီဠိတ] ဖြစ်ခြင်းပျက်ခြင်းတို့က အဖန်ဖန်နှိပ်စက်အပ်သော။ ဥဒယဗ္ဗယပဋိပီဠိတတ္တာ ဒုက္ခာ။ ဥဒါန၊ဋ္ဌ။၁၉၄။ (-ဝိသုဒ္ဓိ၊၂။၁၃၀။ ဒီ၊ဋီ၊၃။၂၂၀။ မဋီ၊၁။၁၆၁။ မဋီ၊၂။၉၅။ အနုဋီ၊၁။၃၇။ ဝိသုဒ္ဓိဋီ၊၁။၆၇။ ဝိသုဒ္ဓိဋီ၊၂။၁၉၃။)

**ဥဒယဗ္ဗယပရိဂ္ဂါဟက** (တိ) [ ဥဒယဗ္ဗယ + ပရိဂ္ဂါဟက။ ထီ-၌ပရိဂ္ဂါဟိကာ] အဖြစ်အပျက်-ဖြစ်ခြင်းပျက်ခြင်း-ကို သိမ်းယူတတ်သော၊ ပညာဝန္တောတိ ပဉ္စန္နံ ခန္ဓာနံ ဥဒယဗ္ဗယပရိဂ္ဂါဟိကာယ ပညာယ သမန္နာဂတော။ ဒီ၊ဋ္ဌ၊၂။၁၂၀။ (-သံ၊ဋ္ဌ၊၃။၂၆၆။ သံ၊ဋီ၊၂။၄၈၉။)

**ဥဒယဗ္ဗယပရိစ္ဆိန္န** (တိ)[ဥဒယဗ္ဗယ+ပရိစ္ဆိန္န ] အဖြစ်အပျက်-ဖြစ်ခြင်းပျက်ခြင်း-ဖြင့် ပိုင်းခြား အပ်သော။ ဝေဒနာ နာမာယံ အနစ္စန္တိကတာယ အာဒိအန္တဝတီ ဥဒယဗ္ဗယပရိစ္ဆိန္နာ ခဏဘင်္ဂုရာ တာဝကာလိကာ။ ဒီ၊ဋီ၊၃။၂၂၀။ (-မဋီ၊၁။၃၆၁။ မဋီ၊၃။၆၈။ သံ၊ဋီ၊၂။၂၁၃၊၃၅၆၊၄၆၅။)

**ဥဒယဗ္ဗယပရိစ္ဆိန္နာဝဘောဓ** (ပု) [ ဥဒယဗ္ဗယပရိစ္ဆိန္န+အဝဘောဓ ] အဖြစ်အပျက်-ဖြစ်ခြင်းပျက်ခြင်း-ဖြင့် ပိုင်းခြားအပ်သည်၏ အဖြစ်ကို ထိုးထွင်း၍သိခြင်း။ (သျှ၊၅။၁၇၇။) သဘာဝလက္ခဏမ္ပိ ပါကဋံ ဟောတိ ဥဒယဗ္ဗယပရိစ္ဆိန္နာဝဘောဓတော ။ဝိသုဒ္ဓိ၊၂။၂၆၈။ (-ဝိသုဒ္ဓိဋီ၊၂။၄၂၅။)

**ဥဒယဗ္ဗယပီဠိတ** (တိ) [ ဥဒယဗ္ဗယ+ပီဠိတ] ဖြစ်ခြင်း ပျက်ခြင်းသဘောတို့သည် နှိပ်စက်အပ်သော။ ဥပေက္ခာဝေဒနာ စေဝ အဝသေသာ စ တေဘူမကာ သင်္ခါရာ ဥဒယဗ္ဗယပီဠိတတ္တာ သင်္ခါရဒုက္ခံ နာမ။ အဘိ၊ဋ္ဌ၊၂။၈၈။

**ဥဒယဗ္ဗယပ္ပဋိပီဠန** (နု) [ ဥဒယဗ္ဗယ+ပဋိပီဠန ] ဖြစ်ခြင်း ပျက်ခြင်းတို့သည် အမြဲမပြတ်ထပ်တလဲလဲ နှိပ်စက်ခြင်း။ အောက်ပုဒ်ကြည့်။

**ဥဒယဗ္ဗယပ္ပဋိပီဠနာကာရ** (ပု) [ ဥဒယဗ္ဗယပ္ပဋိပီဠန+အာကာရ ] ဖြစ်ခြင်းပျက်ခြင်းတို့သည် အမြဲမပြတ် ထပ်တလဲလဲ နှိပ်စက်ခြင်းဟူသောအခြင်းအရာ။ ဥဒယဗ္ဗယပ္ပဋိပီဠနာကာရေနာ(မဋ္ဌ၊၂။၂၃၈)တိ ဥပ္ပါဒနိရောဓေဟိ ပတိ ပတိ အဘိက္ခဏံ ပီဠနာကာရေန ဟေတုနာ ဒုက္ခာ။ မဋီ၊၂။၂၅၇။

**ဥဒယဗ္ဗယမနသိကာရ** (ပု) [ ဥဒယဗ္ဗယ + မနသိကာရ] အဖြစ်အပျက်ကိုနှလုံးသွင်းခြင်း။ ဇဝံ သင်္ခေပတော ဥဒယဗ္ဗယမနသိကာရံ ကတွာ။ ဝိသုဒ္ဓိ၊၂။၂၆၆။

**ဥဒယဗ္ဗယမနသိကာရဝိဓိ** (ပု) [ ဥဒယဗ္ဗယ မနသိကာရ+ဝိဓိ ] အဖြစ်အပျက်ကို နှလုံးသွင်းပုံ အစီအစဉ်။ ဇဝံ သင်္ခေပတော ဥဒယဗ္ဗယမနသိကာရဝိဓိံ ဒဿေတွာ။ ဝိသုဒ္ဓိဋီ၊၂။၄၂၀။

**ဥဒယဗ္ဗယာမနသိကာရ** (ပု) [ ဥဒယဗ္ဗယ+အမနသိကာရ ] အဖြစ်အပျက်ကို နှလုံးမသွင်းခြင်း။ သာ စ သန္တတိ ဥဒယဗ္ဗယာမနသိကာရေန ပဋိစ္ဆာဒိကာ ဇာတာ။ ဝိသုဒ္ဓိဋီ၊၂။၄၃၆။

**ဥဒယဗ္ဗယဝန္တု** (တိ) [ ဥဒယဗ္ဗယ+ဝန္တု] (၁) ဖြစ်ခြင်း ပျက်ခြင်းသဘောရှိသော(တရား)။ (၂) ဖြစ်ခြင်း ပျက်ခြင်း သဘောရှိသည်၏အဖြစ်။ (၁) ဥဒယဗ္ဗယဝန္တာနံယေဝ ဝတ ဓမ္မာနံ ဥဒယဗ္ဗယဉာဏံ ဥပ္ပါဒဝယေ အဒ္ဒသ။ ဝိသုဒ္ဓိ၊၂။၃၀၉။ (-သာရတ္ထ၊၂။၂၄၅။ မူလဋီ၊၂။၆၀။ ဝိသုဒ္ဓိဋီ၊၂။၃၉၄၊၄၂၂၊၄၈၀။ (၂) အနိစ္စတောတိ ဟုတွာ အဘာဝတော ဥဒယဗ္ဗယဝန္တတော တာဝကာလိကတော ---အနိစ္စာတိ

ပဿိတဗ္ဗာ။ ဇာတိဝုတ်၊ဋ္ဌ။၁၈၄။ (-သံ၊ဋ္ဌ၊၃။၂။ ဥဒါန၊ဋ္ဌ။၂၁၄။ မ၊ဋ္ဌီ၊၁။၃၄၇။ မ၊ဋ္ဌီ၊၂။၉၄။ သံ၊ ဋ္ဌီ၊၂။၄၅၆။ အံ၊ဋ္ဌီ၊၃။၂၈၂။ မူလဋ္ဌီ၊၂။၆၀။)

**ဥဒယဗ္ဗယဝိနိစ္ဆယ** (ပု) [ဥဒယဗ္ဗယ+ဝိနိစ္ဆယ] ဖြစ်ခြင်းပျက်ခြင်းကို ဆုံးဖြတ်ခြင်း။ ရုပ်နာမ်တို့၏ အဖြစ်အပျက် ရှုပုံရှုနည်းကို ဆုံးဖြတ်ချက်။ ဝိတ္ထာရေန ပန ဥဒယဗ္ဗယဝိနိစ္ဆယော သဗ္ဗာကာရပရိပူရော ဝိသုဒ္ဓိမဂ္ဂေ ဝုတ္တော။ ဒီ၊ ဋ္ဌ၊၂။၅၄။ (-သံ၊ဋ္ဌ၊၂။၄၅။)

**ဥဒယဗ္ဗယဝိပဿနာ** (ထီ) [ ဥဒယဗ္ဗယ+ ဝိပဿနာ ] (ရုပ်နာမ် တို့၏)အဖြစ်အပျက်ကို ရှုမှတ်ခြင်း။ ပဥ္စသု ခန္ဓေသု အဘိနိဝိသိတွာ ဝုတ္တပ္ပကာရံ ဥဒယဗ္ဗယဝိပဿနံ အာရဘိ။ ဒီ၊ ဋ္ဌ၊၂။၅၃။

**ဥဒယဗ္ဗယသဘာဝ** (တိ) [ ဥဒယဗ္ဗယ+သဘာဝ] ဖြစ်ခြင်းပျက်ခြင်းသဘောရှိသော။ န ဟိ ဒီပါဒိနံ

ဗ္ဗယာနုပဿနာဉာဏ်။) တယိဒံ သဗ္ဗမ္ပိ အယံ ယောဂါဝစရော ဥပက္ကိလေသဝိမုတ္တေန ဝီထိပဋိပန္နဝိပဿနာသင်္ခါတေန ဥဒယ-ဗ္ဗယာနုပဿနာဉာဏေန ယာထာဝသရ-သတော သလ္လက္ခေတိ။ ဝိသုဒ္ဓိ၊၂။၂၇၇။ (-ပဋိသံ၊ဋ္ဌ၊၁။၁၉၊၂၃၄။ ဝိသုဒ္ဓိ၊ဋ္ဌီ၊၂။၄၃၈။)

**ဥဒယဗ္ဗယာနုပဿနာနိဿန္ဒ** (ပု) [ဥဒယဗ္ဗယာ နုပဿနာ+နိဿန္ဒ ] (ရုပ်နာမ်တို့၏) အဖြစ်အပျက်ကို ရှုခြင်း၏အကျိုး ။သုတ္တာဿ အတ္ထံ အညာတာ ဂဟေတွာ ဥဒယဗ္ဗယာနုပဿနာ-နိဿန္ဒေန မဂ္ဂက္ခဏေပိ ဒုက္ခန္တိ ဝိပဿနာ ဥပဋ္ဌာတိ။ အနုဋ္ဌီ၊၃။ ၁၀၄။

**ဥဒယဗ္ဗယာနုပဿနာနုက္ကမ** (ပု) [ ဥဒယ ဗ္ဗယာနုပဿနာ+အနုက္ကမ ] ဖြစ်ခြင်း ပျက်ခြင်းကို အဖန်ဖန် ရှုဆင်ခြင်ခြင်း အစဉ်။ ဥဒယဗ္ဗယံ ပဋိဝိဇ္ဈန္တော သဗ္ဗာ ဒုဂ္ဂတိယော ဇဟိဿတိတိ အတော ယဇတိ ဥဒယဗ္ဗယာ-

**ဥဒယဗ္ဗယာနုပဿနာသဟိတ** (တိ) [ ဥဒယဗ္ဗယာနုပဿနာ+သဟိတ ] ဥဒယဗ္ဗယာနုပဿနာဉာဏ်နှင့်တကွဖြစ်သော။ဥဒယဗ္ဗယာနုပဿနာသဟိတတာယ စဿ ဝိပဿနာမိဿကတာဝစနံ။ မဋီ၊၁။၂၈၄။

**ဥဒယဗ္ဗယာနုပဿီ** (တိ) [ ဥဒယဗ္ဗယ+အနုပဿီ ] ဖြစ်ခြင်းပျက်ခြင်း-အဖြစ်အပျက်-ကို အဖန်ဖန်ရှုလေ့ရှိသော၊သူ။ ပဉ္စသု ဥပါဒါနက္ခန္ဓေသု ဥဒယဗ္ဗယာနုပဿီ ဝိဟာသိ (ဝိဟရတိ)။ ဒီ၊၂။၃၀။ ဒီ၃။၂၄၅။ သံ၊၂။၁၀၇၊ ၃၅၃။ အံ၊၁။၃၅၄၊၄၀၃။ အဘိ၊၃၊၁။၂၈၇။ ဥဒယဗ္ဗယာနုပဿီတိ တမေဝ ပဉ္စမံ ဒိဋ္ဌံ ဥဒယဉ္စ ဝယဉ္စ အနုပဿမာနော။ ဒီဋ္ဌ၊၂။၅၂။ (-မ၃။၁၅၆။ အံ၊၂။၂၆။ အံ၃။၄၊၅။ အံဋ္ဌ၊၂။၃၀၃။)

**ဥဒယဗ္ဗယာဘာဝ** (ပု) [ဥဒယဗ္ဗယ+အဘာဝ ] ဖြစ်ခြင်း ပျက်ခြင်းတို့၏မရှိခြင်း။ ဇာတိဇရာမရဏာနံ ဥဒယဗ္ဗယာဘာဝတော ဇာတိဇရာမရဏံ အနာမသိတွာ-----ပေယျာလံ ကတံ။ ပဋိသံဋ္ဌ၊၁။၂၃၄။ သာ ဟိ ဥဒယဗ္ဗယာဘာဝတော "န ကဒါစိ ခရတီတိ အက္ခရ"န္တိ ဝုတ္တာ။ သံဋီ၊၁။၁၀၂။ (-သံဋီ၊၂။၃၆၀)။

**ဥဒယဘဒ္ဒ** (ထိ၊ပု) [ ဥဒယ+ဘဒ္ဒ ] (ပု)(၁) ဥဒယဘဒ္ဒ မင်းသား၊ ဥဒယဘဒ္ဒမင်း။ (က) ဘုရားအလောင်းတော်ဖြစ်သော ဥဒယဘဒ္ဒမည်သော-မင်းသား-မင်း။ (ခ) အဇာတသတ်မင်း၏သားဖြစ်သော ဥဒယဘဒ္ဒမည်သော-မင်းသား-မင်း။ (ထိ)(၂) ဥဒယဘဒ္ဒါမည်သောမင်းသမီး။ (ပု)(၁)(က) အထဿ မဟာဇနဿ ဟဒယံ ဝဍ္ဎေတွာ ဇာတဘာဝေန "ဥဒယဘဒ္ဒေါ"တိ နာမံ ကရိံသု။ ဇာဋ္ဌ၊၄။၁၀၆။ ဥဒယဘဒ္ဒဇာတက-လည်းကြည့်။ (ခ) ဠမိနာမေ ဥပသမေန ဥဒယဘဒ္ဒေါ ကုမာရော သမန္နာဂတော ဟောတု။ ဒီ၊၁း၄၇။ (-ဝိဋ္ဌ၊ ၁။၅၄။ သာရတ္ထ၊၁။၁၅၆။) (ထိ)(၂) တဿာပိ "ဥဒယဘဒ္ဒါ"တိ နာမံ ကရိံသု။ ဇာဋ္ဌ၊၄။၁၀၆။ ဥဒယဘဒ္ဒဇာတက-လည်းကြည့်။

**ဥဒယဘဒ္ဒကုမာရီ** (ထိ) [ဥဒယဘဒ္ဒါ+ကုမာရီ] ဥဒယဘဒ္ဒါမည်သောမင်းသမီး၊ (ဘုရားအလောင်း ဥဒယဘဒ္ဒမင်း၏ မိဖုရား။) အထ နေသံ အနိစ္ဆမာနာနညေဝ ဝေမာတိကံ ဘဂိနိံ ဥဒယဘဒ္ဒကုမာရိံ အဂ္ဂမဟေသိံ ကတွာ ဇောဝိသတ္တံ ရဇ္ဇေ အဘိသိဉ္စိံသု။ ဇာဋ္ဌ၊၄။ ၁၀၆။ ဥဒယဘဒ္ဒဇာတက-လည်းကြည့်။

**ဥဒယဘဒ္ဒဇာတက**(န) [ဥဒယဘဒ္ဒ+ဇာတက] ဥဒယဘဒ္ဒဇာတ်။ (ပါဠိတော်၌ ဥဒယဇာတက ဟုသာ သုံးနှုံးသည်။) (မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် သာသနာတော်၌ မပျော်မွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောကြားတော်မူအပ်သော တရားဒေသနာတော် ဖြစ်သည်။ မြတ်စွာဘုရားသည် ထိုမပျော်မွေ့သော ရဟန်းကို စစ်ဆေး မေးမြန်းတော် မူပြီးလျှင် ရှေးပညာရှိတို့သည် အလွန်စည်ကား၍ (၁၂) ယူဇနာရှိသော သုရုန္ဓနမြို့၌ မင်းပြုစဉ် အခါ ဝယ် နတ်သမီးတမျှ ချောမောလှပသော မိဖုရားနှင့် အတူတကွ နှစ်ပေါင်း(၇၀၀)တိတိ တိုက်ခန်းတစ်ခုတည်း၌ နေကြပါသော်လည်း တဏှာပေမဖြင့် ဣန္ဒြေ ပျက်လောက်အောင် မိဖုရားကို မကြည့်ခဲ့ဖူးကြောင်း ဟောတော်မူ၏။

ဘုရားအလောင်းတော် ဥဒယဘဒ္ဒ မင်းသားသည် အတတ်ပညာအားလုံးကို အပြီးတိုင်တတ်မြောက်၍ အရွယ်ရောက်နေသော်လည်း မွေးရာပါ ဗြဟ္မစရိယ အကျင့်ရှိသူ (ဇာတိဗြဟ္မစာရီ) ဖြစ်ရကား မေထုန်အမှုနှင့် စပ်၍ အိပ်မက်မျှပင် မမက်ခဲ့ဖူးပေ၊ ကိလေသာ

တို့၌ စိတ်ဓာတ်ကပ်ငြိခြင်း အလျဉ်းမရှိ၊ ထိမ်းနန်းစည်းစိမ်ကို ခံစားလိုစိတ်လည်း အလျဉ်း မရှိ။ သို့ဖြစ်၍ ထီးနန်းကို အလိုမရှိကြောင်း၊ ရှင်ဘုရင် မလုပ်လိုကြောင်း အတန်တန် ငြင်း ပယ်နေပါလျက်ပင် အဖေတူအမေကွဲ ဖြစ်သော ဥဒယဘဒ္ဒါမင်းသမီးကို မိဖုရား တင်မြှောက်၍ ဘုရားအလောင်းမင်းသားကို အဘိသိက်သွန်းပြီး မင်းမြှောက်ကြ၏။ မင်းနှင့် မိဖုရားတို့သည် နှစ်ဦးလုံးပင် မေထုန်ရှောင်ကြဉ်မှု=ဗြဟ္မစရိယအကျင့်ကို ကျင့်ကာ တိုက်ခန်း တစ်ခုတည်း၌ အတူတကွ နေကြပါလျက် တပ်မက်သော တဏှာဖြင့် တစ်ဦးကို တစ်ဦး မကြည့်ကြ၊ ငယ်သွေးငယ်မှု ဖြူစင်သော စိတ်ဖြင့် ချစ်ခင်ကြင်နာစွာ နေထိုင်ကြ၏။ ငါတို့နှစ်ယောက်တို့တွင် ရှေးဦးကွယ်လွန် သူသည် ဖြစ်ရာဘုံဘဝမှ လာရောက်၍ မည်သည့် ဘုံဘဝ၌ ဖြစ်နေကြောင်း ပြော စတမ်းဟု ဝန်ခံဂတိ ပြုလုပ်ထားကြ၏။

ယင်းသို့ဖြင့် ဗြဟ္မစရိယအကျင့်ကို ခိုင်မြဲစွာ ကျင့်၍ ချစ်ခင်စွာ နေထိုင်လာခဲ့ကြရာ နှစ်ပေါင်း (၇၀၀)ကြာသောအခါ ဘုရားအလောင်း ဥဒယဘဒ္ဒမင်းသည် ရှေးဦးစွာ ကွယ်လွန်၍ တာဝတိံသာနတ်ပြည်၌ သိကြားမင်း ဖြစ်လေ၏။ ထိုသိကြားမင်းသည် များလှစွာသော အခြံအရံတို့ကြောင့် သိကြားမင်း ဖြစ်ခါစ (၇)ရက်မျှကြာအောင် နောက်ကြောင်းကို ဘာမျှမစဉ်းစားနိုင်။ (၇)ရက်လွန်မှ ပြန်လည်စဉ်းစားမိသဖြင့် ရွှေအပြည့် ထည့်ထားသော ရွှေခွက်ကိုယူဆောင်၍ ဥဒယဘဒ္ဒါ မိဖုရားထံသို့ သွားပြီးလျှင် မိမိကိုယ်ကို ဥဒယဘဒ္ဒမင်းဖြစ်ခဲ့ဘူးကြောင်းကို အသိမပေးသေးဘဲ ရိုးရိုးနတ်သားတစ်ဦး ဖြစ်ကြောင်းမျှကိုသာ ပြောကြား၍ ထိုဥဒယဘဒ္ဒါ မိဖုရားနှင့် အိပ်ရာတိုက်ခန်းအတွင်း၌ အတူတကွ အိပ်စက် ပေါင်းသင်းလိုကြောင်း စကားဆိုလေ၏။

ဥဒယဘဒ္ဒါ မိဖုရားသည်လည်း မိမိအနေဖြင့် ကွယ်လွန်သွားသော ဥဒယဘဒ္ဒမင်းက လွဲ၍ မည်သည့်နတ်၊ မည်သည့်လူကိုမျှ မတောင့်တကြောင်း၊ အသင်ယူခဲ့သော ရွှေခွက် လက်ဆောင်ကိုလည်း အလိုမရှိကြောင်း ပြောကာ နတ်သားကို တိုက်ခန်း အတွင်းမှ နှင်ထုတ်လေ၏၊ နတ်သားသည် နောက်တစ်နေ့၌ ရွှေအပြည့်ထည့်ထားသော ငွေခွက် လက်ဆောင်ကိုယူ၍ မိဖုရားထံ သွားရောက် ဖြားယောင်း သွေးဆောင်ပြန်လေရာ မိဖုရားက လုံးဝစကားမပြောဘဲနေသဖြင့် ထိုနေ့အတွက် လက်လျှော့ ပြန်သွားရ၏။ တတိယနေ့၌ကား နတ်သားသည် ငွေအပြည့် ထည့်ထားသော ကြေးခွက်လက်ဆောင်ကို ယူဆောင်လာခဲ့ပြီး မိဖုရားကို ဖြားယောင်းသွေးဆောင် ပြန်လေရာ ရွှေခွက်ငွေခွက် ကြေးခွက်လက်ဆောင်တို့ဖြင့် အဆင်ဆင့် ပစ္စည်းတန်ဘိုးလျော့ချ၍ ဖြားယောင်းလုပ်ကြံလှည့်သော အသင်နတ်သား၏ အပြုအမူသည် လောကသဘာဝ နှင့် မလျော်မကန် အလွန်ပင် ဆန့်ကျင်လှကြောင်း မိဖုရားက ပြောပြသောအခါ နတ်သားက လူ့လောက၌ အသက်နှင့် ရုပ်ရည်အဆင်းမှာ တစ်နေ့ ထက်တစ်နေ့ ဆုတ်ယုတ်နေသော ကြောင့် သင့်အတွက် လက်ဆောင်ပစ္စည်းကိုလည်း တန်ဘိုးချရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သင်သည် မိမိ၏ ရွှေရောင်အဆင်း ရှိသော ခန္ဓာကိုယ်ကို အိုမင်းရင့်ရော်ခြင်း တည်းဟူသော ဇရာတရားက မလုယက် မဖျက်ဆီးသေးမီ မြတ်သောအကျင့်ကို ကျင့်သင့်ကြောင်း၊ သို့မှသာလျှင် သင်သည် ယခုထက်ပို၍ ရုပ်ရည်အဆင်း လှပလာမည်ဖြစ်ကြောင်း၊ နတ်များမှာမူ လူတို့ကဲ့သို့ မအိုဘဲ ပို၍ပို၍ အဆင်း

လုပလာပြီး စည်းစိမ်များလည်း ပို၍ပို၍ များပြားလာကြောင်း ပြောပြ၏၊ ထို့နောက် မိဖုရား၏ ဆက်လက်မေးမြန်းချက်အရ တမလွန်ဘဝ ပြောင်းသွားသူတို့အတွက် မကြောက်မရွံ့ ရဲဝံ့စေသောတရားများ, နတ်ပြည်ရောက်ကြောင်း တရားများကိုလည်း နတ်သားက ဟောပြ၏၊ ထိုစကားများကို ကြားရ၍ မိမိကို မိဘများကဲ့သို့ သွန်သင်ဆုံးမသော အသင်နတ်သားသည် မည်သူမည်ဝါဖြစ်သည်ကို အကျွန်ုပ်အား ပြောပြစေလိုကြောင်း မိဖုရားက မေးမြန်း၏၊ထိုအခါ နတ်သားက–

ငါသည် ရှေးဘဝက သင်၏ခင်ပွန်း ဥဒယပင် ဖြစ်ကြောင်း ,ယခုအခါ တာဝတိံသာ နတ်ပြည်၌ သိကြားမင်းအဖြစ်သို့ ရောက်နေကြောင်း ,ရှေးဘဝတုံးက ဝန်ခံဂတိ ရှိခဲ့သောကြောင့် သင့်ထံသို့ ယခုလာခြင်း ဖြစ်ကြောင်း ပြောပြပြီး မိမိနေရာ တာဝတိံသာ နတ်ပြည်သို့ ပြန်သွားလေ၏။ မိဖုရားသည်လည်း နောက်တစ်နေ့၌ အမတ်တို့ကို တိုင်းပြည်အုပ်ချုပ်စေကာ မိမိကမူ မြို့တွင်း ဥယျာဉ်သို့ သွား၍ ရသေ့မ ပြုလုပ်ပြီး တရားအားထုတ် နေလေ၏။ ကွယ်လွန်သော အခါ တာဝတိံသာနတ်ပြည်၌ပင် ဘုရားအလောင်း သိကြားမင်း၏ မိဖုရားကြီး ဖြစ်လေ၏။ ခုဒ္ဒကနိကာယ ဇာတကပါဠိ၊ ကောဒသက နိပါတ်၊ဥဒယဘဒ္ဒဇာတက (ဥဒယ– **ဇာတက**) ဇာ၊၁။ ၂၃၁– ၂၃၄။ဇာ၊ဋ္ဌ၊၄။၁ဝ၅–၁၁၅။

**ဥဒယဘူတ** (တိ) [ ဥဒယ+ဘူတ ] ရှေ့ပြေးထွက်ပေါ် လာသောတရားဖြစ်သော။ ပါတိ– **မောက္ခသီလသံဝရော** ဟိ သူရိယဿ အရုဏုဂ္ဂမနံ ဝိယ နိဗ္ဗာနဿ ဥဒယဘူတော။ ဋ္ဌကတိ ဝုတ်၊ဋ္ဌ။၂၉၂။ (–သာရတ္ထ၊၂။၆ဝ။ မငြီ၊၁။ ၂၅၈။ အံငြီ၊၃။ ၂၇၂။ အနုငြီ၊၂။၁၇၉။)

**ဥဒယမာဏဝပုစ္ဆာ** (ထီ) [ ဥဒယမာဏဝ+ပုစ္ဆာ] ဥဒယပုဏ္ဏားလုလင်၏ အမေးပုစ္ဆာ။ ခုဒ္ဒကနိကာယ စူဠနိဒ္ဒေသပါဠိ၊ ပါရာယနဝဂ်၊၁၃– ပုစ္ဆာ၊ စူဠနိ။၁ဝ၂၁၈။

**ဥဒယမာဏဝပုစ္ဆာနိဒ္ဒေသ** (ပု) [ ဥဒယမာဏဝပုစ္ဆာ+နိဒ္ဒေသ] ဥဒယမာဏဝပုစ္ဆာကို အကျယ်ဖွင့်ပြရာ အပိုင်းအခန်း ပါဠိတော်။ ခုဒ္ဒကနိကာယ စူဠနိဒ္ဒေသပါဠိ၊ ပါရာယနဝဂ်၊၁၃– ပုစ္ဆာနိဒ္ဒေသ၊ စူဠနိ၊ ၁၅၄၁၀၆၂။

**ဥဒယရာဇ** (ပု) [ဥဒယ+ရာဇ] ဥဒယမည်သော မင်း။ ဥဒယ(၇)(ဂ)–ကြည့်။ တတ္ထ ကိဠိတ္ဗာ ဥဒယရာဇာ အနုမာသကရဉ္ဇော အင်္ဂေ သိသံ ကတ္တာ နိပဇ္ဇိ။ ဇာ၊ဋ္ဌ၊၃။၄၂၆။

**ဥဒယဝယဂါမိနီ** (ထီ) [ ဥဒယ+ဝယ+ဂါမိနီ] (ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏) ဖြစ်ခြင်းပျက်ခြင်း– အဖြစ်အပျက်–သဘောကို ထိုးထွင်းသိမြင်နိုင်သော(ပညာ)။ ဥဒယတ္ထဂါမိနီ–ကြည့်။

**ဥဒယဝယနိဟရဏနယ** (ပု) [ဥဒယဝယ+နိဟရဏ+နယ] ဖြစ်ခြင်းပျက်ခြင်းသဘောကို ထုတ်ဆောင်ဖော်ပြ ကြောင်းနည်း။ န ကေဝလံ ခဏတော ဥဒယဝယနိဟရဏနယော။ သံငြီ၊ ၂။၃၇။

**ဥဒယဝယပဋိပီဠန** (န) [ ဥဒယဝယ+ပဋိပီဠန] ဖြစ်ခြင်းပျက်ခြင်းသဘောတို့၏ နှိပ်စက်ခြင်း။ ဘယဋ္ဌေနာတိ ဥဒယဝယပဋိပီဠနာဒိနာ သပ္ပဋိဘယတာယ။ ဝိသုဒ္ဓိ၊ငြီ၊၁။၄၅၃။

**ဥဒယဗ္ဗယပ္ပဋိပီဠနာကာရ** (န) [ဥဒယဗ္ဗယပ္ပဋိပီဠန+အာကာရ] ဥဒယဗ္ဗယပဋိပီဠနာ– ကာရ နှင့် အနက်တူ။ ၎င်းကြည့်။

**ဥဒယဝယပရိစ္ဆိန္န**(တိ) [ ဥဒယဝယ+ပရိစ္ဆိန္န ] ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် ပိုင်းခြားအပ်သော။ သင်္ခတမ္ဗာနံ ဥဒယဝယပရိစ္ဆိန္နဿ ပဝတ္တိ–

ခဏသ္မ ဘင်္ဂေါ နိရောဓော။ ဝိသုဒ္ဓိ၊ဋ္ဌ၊၁။ ၂၈၇။ (–မဋ္ဌ၊၃။ ၂၅၁။ အံ၊ဋ္ဌ၊ ၂။၃၃၀။ ဝိသုဒ္ဓိ၊ဋ္ဌ၊၁။၃၅၈၊ ၃၉၉။)

**ဥဒယဝယပရိစ္ဆိန္နဇရာ** (ထီ) [ ဥဒယဝယ ပရိစ္ဆိန္န+ဇရာ] ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် ပိုင်းခြားအပ်သော–အိုခြင်း–ဇရာ–သဘော။ ယံ ဟိ နိစ္စံ န ဟောတိ တံ ဥဒယဝယပရိစ္ဆိ– **န္နဇရာယ** မရဏေနစာတိ ဒွေဓာ ဝိပရိဏတံ ဟုတ္ဝာရက္ခဏမေဝ စ ဟောတိ။ အံ၊ဋ္ဌ၊၃။ ၂၉၈။

**ဥဒယဝယမတ္တဂ္ဂဟဏ** (နှ) [ ဥဒယဝယ+ မတ္တ+ဂဟဏ] **အဖြစ်အပျက်မျှကိုသာ** ယူခြင်း။ ဥဒယဝယမတ္တဂ္ဂဟဏဋ္ဌေတ္ထ ဥဒယဗ္ဗယ– ဒဿနဝသေနေဝ ဟုမဿ ဉာဏဿ **ပဝတ္တ–** နတော။ ဝိသုဒ္ဓိ၊ဋ္ဌ၊ ၂။၄၂၆။

**ဥဒယဝယဝန္တု** (တိ) [ ဥဒယဝယ+ဝန္တု ] ဖြစ်ခြင်း ပျက်ခြင်း **သဘော**ရှိသော။ (ဖြစ်ခြင်းပျက်ခြင်း သဘော ရှိသည်၏အဖြစ်။) တတောဝေ ဥဒယဝယဝန္တတော ဝိပရိဏာ– မတော တာဝကာလိကတော စ တေ **အနိစ္စာ။** အံ၊ဋ္ဌ၊၃။ ၂၉၈။

**ဥဒယဝယာနုပဿီ** (တိ) [ဥဒယဝယ+အနုပဿီ] ဖြစ်ခြင်းပျက်ခြင်းကို အဖန်ဖန် ရှုဆင်ခြင် လေ့ရှိသော၊ သူ။ တဿ စ ဥဒယဝယာနုပဿီ ဟောတိ။ မူလဋ္ဌ၊ ၂။ ၂၇။

**ဥဒယဝယာသမ္ဘဝ** (ပု) [ ဥဒယဝယ+အသမ္ဘဝ] ဖြစ်ခြင်း ပျက်ခြင်းသဘော၏ မဖြစ်နိုင်ခြင်း။ တယိဒံ ကေဝလံ ဝါစာဝတ္ထုမတ္တံ ဥဒယ– ဝယာသမ္ဘဝတော။ အနုဋ္ဌ၊၃။၉၇။

**ဥဒယသမကာလ** (တိ) [ ဥဒယ+သမကာလ] တက်ထွန်းဖြစ်ပေါ်ခြင်းနှင့် ညီမျှသောကာလရှိ သော။ ဥဒယသမကာလမေဝ ဟိ တန္နိဝတ္တ– နိယနိဝတ္တနံ။ ဝိသုဒ္ဓိ၊ဋ္ဌ၊ ၂။ ၂၃၈။

**ဥဒယသုတ္တ** (နှ) [ ဥဒယ+သုတ္တ] ဥဒယသုတ်။ ဥဒယပုဏ္ဏားကို အကြောင်းပြု၍ ဟောကြား ထားသောသုတ်ဖြစ်သည်၊ ဘုရားရှင်သည် ဥဒယပုဏ္ဏားအိမ်သို့ ထပ်ခါတလဲလဲ **ဆွမ်းခံ** ကြွတော်မူသည်၊ထို့ကြောင့် ဥဒယပုဏ္ဏားက " ရှင်ဂေါတမသည် အရသာ၌ မက်မော၍ ထပ်ခါတလဲလဲ **ဆွမ်းခံ**ကြွသည်" ဟုစွပ်စွဲ လိုက်သည်၊ ဘုရားရှင်**ကလည်း** ယင်းသို့ အစွပ်စွဲခံရအောင် ထပ်ခါထပ်ခါ **ဆွမ်းခံ** ကြွဟန်တူပါသည်၊ ဘုရားရှင်က **မျိုးစေ့**ကို ထပ်ခါထပ်ခါ **စိုက်ပျိုး**ကြရပုံ၊ မိုးလည်း ထပ်ခါ ထပ်ခါ ရွာရပုံ၊ လယ်ကိုလည်း ထပ်ခါထပ်ခါ ထွန်ယက်ကြရပုံ စသည်ဖြင့် လော**က**ရေးရာ ထပ်ခါထပ်ခါ ပြုလုပ်ကြရပုံတို့ကို ဟောတော် မူပြီး ၊ဘဝသံသရာရေးရာ၌ ပညာနည်းသူအဖို့ ထပ်ခါထပ်ခါ ပဋိသန္ဓေ နေရ၊ အိုရ၊ နာရ၊ သေရ၊**သင်္ချိုင်း**သို့ ပို့ဆောင်ခံရပုံကို ဟော ကြား**တော်**မူသည်၊ ပညာရှိသူအဖို့မူကား ဘဝ သံသရာမှ လွတ်မြောက်ရေးလမ်းစဉ်ကို သိမြင်ရသဖြင့် ထပ်ခါထပ်ခါ ပဋိသန္ဓေမနေရ၊ မအိုရ၊ မ**နာရ**၊ မသေရတော့ဘဲ ဘဝသံသရာ ဝဋ်ဆင်းရဲမှ **လွတ်မြောက်**ရပုံကို ဟောတော် မူသည်။ **သံယုတ္တနိကာယ၊**သဂါထာဝဂ္ဂ **သံယုတ္တ** ပါဠိ၊ ၇–သံယုတ်၊ ၂– ဝဂ်၊ ၂–သုတ်။ သံ၊ ၁။၁၇၅–၆။

**ဥဒယာ** (ထီ) [ ဥ+ဒု+အ+ဒုတ္တိဇောတက အာပစ္စည်း] ဥဒယာမည်သောမိဖု**ရား။** ဥဒယ(ထီ)(၈) ကြည့်။

**ဥဒယာဝတ္ထာ** (ထီ) [ ဥဒယ+အဝတ္ထာ] (၁) ဖြစ်ခြင်းအခိုက်အတန့်။ (တိ)(၂) ဖြစ်ခြင်း အခိုက်အတန့်ရှိသော။ (၁) ဥဒယဗ္ဗယံ ပဿတော န ဥဒယာဝတ္ထာ ဝယာဝတ္ထံ ပါပုဏာတိ။ ဝိသုဒ္ဓိ၊ဋ္ဌ၊ ၂။၄၃၇။ (တိ)(၂) အနိဝ– တ္တသဘာဝတာသင်္ခါတံ ဥဒယာဝတ္ထတာသင်္ခါတံ

ဝါ။ ဝိသုဒ္ဓိ၊ဋီ၊၂။၂၄၉။

**ဥဒယာဝါသ** (ပု) [ ဥဒယ+အာဝါသ ] ဥဒည်းတောင်-နေထွက်တောင်-ဟူသောနေရာဌာန။ ဥဒယတော ဥဒယန္တဿ ဥဒယာ ဝါ သမုဂ္ဂစ္ဆတော သူရိယဿ ပုဗ္ဗဂ်မံ ပုရေစရံ ဘဝိတုံ အရဟတိ ဝိယာတိ သမ္ဗန္ဓော။ သံ၊ဋီ၊သစ်၊၁။၁၆၀။

**ဥဒရ** (နု) [ ဥ+ဒရ+အ။ ဥပုဗ္ဗော ဒရ ဂမနေ၊ ဥဒရတိ ဥဒ္ဓံ ဂစ္ဆတိ ဝါယု ယတြာတိ ဥဒရံ။ ဓာန်၊ဋီ၊ ၂၇၁။ ဥ+အဒရ+အ။ ဝိ၊ပိ၊ဓာန် ] (၁) ဝမ်းဗိုက်။ (၂) အစာသစ်။ (ဤ ဥဒရ ပုဒ်၌ ဝမ်းဗိုက်ဟူသော အနက်ကိုသာမက ဝမ်းဗိုက် အတွင်း၌ ရှိသော အစာသစ်ဟူသော အနက်ကိုပါ ဌာနူပစာရအားဖြင့် ယူ၍ အနက်ပြန် ဆိုရသည်။) (၃) အစာသစ်အိမ်။ (၁) ကထံ ဟိ နာမ တုမှေ မောဃပုရိသာ ဥဒရဿ ကာရဏာ ဂိဟီနံ အညမညဿ ဥတ္တရိမနုဿဓမ္မဿ ဝဏ္ဏံ ဘာသိဿထ။ ဝိ၊၁။၁၁၄။ ဝိ၊၂။၃၇။ (-ဝိ၊ဋ္ဌ၊၂။ ၁၁၈၊၁၂၂။ ဝိ၊ဋ္ဌ၊၃။ ၁၈၊၁၇၀။) (၂) ဥဒရပူရ (၂) အနက်-ကြည့်။ (၃) ဥဒရံ နာမ ဥဘတော နိပ္ပိဋ္ဌိယမာနဿ အလ္လသာဋကဿ မဇ္ဈေ သဉ္ဇာတဖေါင္ကသဒိသံ အန္တပဋလံ။ အဘိ၊ဋ္ဌ၊၂။ ၂၃၀။ ဝိသုဒ္ဓိ၊၁။ ၂၅၀။ ဥဒရိယ (နု) (၁) လည်းကြည့်။

**ဥဒရကာရဏ** (နု) [ ဥဒရ+ကာရဏ] ဝမ်းတည်းဟူသောအကြောင်း။ မယာ နာမ ဥဒရကာရဏာ ဘဂဝတော သိက္ခာပဒပညာပနံ ပဋိဗာဟိတံ။ မ၊ဋ္ဌ၊၃။၁၀၅။

**ဥဒရဂတ**(တိ) [ ဥဒရ+ဂတ] ဝမ်းဗိုက်အတွင်းသို့ ရောက်သော။ ယထာ မဇ္ဇေ ဥဒရဂတေ စိတ္တံ သံကိလိဿတိ။ အဘိ၊ဋ္ဌ၊၁။၄၁၁။

**ဥဒရဂ္ဂိ** (ပု) [ ဥဒရ+အဂ္ဂိ] ဝမ်းမီး၊ ကမ္မဇတေဇောဓာတ်။ ယံကိဉ္စိ အာမာသယေ ပတိတံ ပါနဘောဇနာဒိကံ ဥဒရဂ္ဂိနာ ဖေဏုဒ္ဒေဟကံ ပက္ကံ ပက္ကံ နိသဒါယ ပိသိတမိဝ သဏှဘာဝံ အာပဇ္ဇိတွာ ---သန္နိစိတံ ဟုတွာ တိဋ္ဌတိ။ အဘိ၊ဋ္ဌ၊၂။၂၃၁။ ဝိသုဒ္ဓိ၊၁။၂၅၁။ ခုဒ္ဒက၊ဋ္ဌ။၄၇။ (-သုတ္တနိ၊ဋ္ဌ၊၂။၁၈၃။ ပေတ၊ဋ္ဌ။၃၁။ ဝိမတိ၊၁။၂၀၃။)

**ဥဒရဂ္ဂိသန္တာပဝေဂကုထိတ** (တိ) [ ဥဒရဂ္ဂိ+သန္တာပ+ဝေဂ+ကုထိတ] ဝမ်းမီးအပူဓာတ်၏အရှိန်အဟုန်ကြောင့် ကျိုက်ကျိုက်ဆူသော။ ဝေမေဝ နာနာပ္ပကာရပါနဘောဇနာဒိဒန္တမုသလသဉ္စုဏ္ဏိတံ----ဥဒရဂ္ဂိသန္တာပဝေဂကုထိတံ ကိမိကုလာကုလံ ---တိဋ္ဌတိ။ အဘိ၊ဋ္ဌ၊၂။၂၃၁။ ခုဒ္ဒက၊ဋ္ဌ။၄၆။ (-ပဋိသံ၊ဋ္ဌ၊၁။၇၇။)

**ဥဒရဂ္ဂိသန္နိပါတ** (ပု) [ဥဒရဂ္ဂိ+သန္နိပါတ] ဝမ်းမီး၏ပေါင်းစုမိခြင်း။ ပေါင်းစုမိသော ဝမ်းမီး၏ အရှိန်အဟုန်။ ဇီဃစ္ဆာပိပါသာဟိ ရုပ္ပနဉ္စ ဥဒရဂ္ဂိသန္နိပါတေန ဟောတိ။ မူလဋီ၊၂။၅။

**ဥဒရဂ်** (နု) [ ဥဒရ+အဂ် ] ဝမ်းပျဉ်း၊ ဝမ်းဗိုက်အရေ၏ အရေးအကြောင်း။ ဇရာသိထိလစမ္မသို ၊ဥဒရင်္ဂေ မတာ ဝလိ။ ဓာန်။၉၉၁။

**ဥဒရစ္ဆဝိ** (ထီ) [ ဥဒရ+ဆဝိ ] ဝမ်းဗိုက်၏အရေ။ ဥဒရစ္ဆဝိ ဥပ္ပါဋေတွာ အန္တဂဏ္ဌိံ နီဟရိတွာ ဘရိယာယ ဒဿေသိ။ ဝိ၊၃။၃၈၇။ (-မ၊၁။၁၁၄။ မ၊ဋ္ဌ၊၁။၃၅၅။ မ၊ဋီ၊၂။၁၅၊၃၇။)

**ဥဒရဇီဝှါမံသ** (နု) [ ဥဒရ+ဇီဝှါမံသ] ဝမ်းလျှာအသား၊(လျှာနှင့်ပုံသဏ္ဍာန်တူ၍ နှလုံးသား၏ဝဲဘက်ဘေးနှင့် ဝမ်းပျဉ်း(ဝမ်းအရေလွှာ)၏ အထက်ပိုင်း နံဘေး၌ မှီတည်နေသောအသား၊ ၎င်းကို သရက်ရွက်ဟု လည်းကောင်း, ဘေဟု

လည်းကောင်း , အဖျဉ် (အဖျဉ်း) ဟုလည်းကောင်း ခေါ်၏။) ပိဟက-လည်းကြည့်။ ပိဟကန္တိ ဥဒရဝဋ္ဋိမံသံ။ အဘိ၊ဋ္ဌ၊၂။ ၂၂၉။ ဝိသုဒ္ဓိ၊၁။၂၄၉။ ဥဒရဝဋ္ဋိမံသန္တိ ဝဋ္ဋိသင်္ခာတံ ဥဒရဿ မတ္ထကပဿေ တိရောနကမံသံ။ ဝိသုဒ္ဓိ၊ဋီ၊၁။၃၀၇။ ပိဟကံ ဟဒယဿ ဝါမပဿေ ဥဒရပဋလဿ မတ္ထကပဿံ နိဿာယ ဌိတံ ဥဒရဝဋ္ဋိမံသံ။ ပဋိသံ၊ဋ္ဌ၊၁။၇၆။

**ဥဒရဏီ** (ထီ) [ ဥဒရ+အဿတ္ထိ ဤပစ္စည်း+ ဣတ္ထိဇောတက နီ (သို့မဟုတ်) ဣနီပစ္စည်း၊ (အတိသာယန ၌ "အတိသာယနံ (အတိသယနေန) ဥဒရမဿာ အတ္ထီတိ ဥဒရဏီ ကညာ" ဟူသည်တည်း၊ ဒဏ္ဍာဒိ တွင်ကဤ ဝါ-ဖြင့် ဤပစ္စည်းသက်၍ ပြီးသော "ဥဒရီ"သဒ္ဒါ နောင် ယုဝဏ္ဏေဟိ နီ-ဖြင့် နီပစ္စည်းသက်၍ "ဃရဏျာဒယော"-ဟူသော သုတ္တ နိပါတနဖြင့် ဤကို အ၊ နကို ဏပြုလျှင် ဥဒရဏီ-ဟုပြီး၏။ ကာသိကာဝုတ္တိ တတွဗောဓိနီ တို့၌ "အတိသာယနေ ဥဒရိဏီ ကညာ"-ဟု ဤကို အ မပြုမူ၍ ထုတ်၏။ မောဂ်၊ပဉ္စိကာ၊ သျှ၊၂။နှာ-၁၁၈။] ဝမ်းဗိုက်ရှိသော၊ဝမ်းဗိုက်ကြီးသော အမျိုးသမီး။ အတိသယေ-နောဒရမဿာ အတ္ထိ ဥဒရဏီ ကညာ။ မောဂ်၊ ၄။၇၈(ပဉ္စိကာ)။ ရှင်းသျှ။

**ဥဒရတာပန** (နှ) [ ဥဒရ+တာပန ] ဝမ်းဗိုက်ကိုမီးကင်ခြင်း။ ဥဒရတာပနေန အင်္ဂါတောပိ တတ္တေ တာဝတ္တကေန နိမိတ္တေ ဥပဏ္ဏမော ကတော နာမ န ဟောတိ။ ဝိမတိ၊၁။၂၅၇။

**ဥဒရတ္ထ** (ပု) [ ဥဒရ+အတ္ထ ] ဝမ်း၏အကျိုး၊ ဝမ်းစာ-အစာအာဟာရ-ဟူသောအကျိုး။ ဣဒါနိ ဥဒရတ္ထာယ အနရဟာဝ အရဟတ္တံ ပဋိဇာနိတွာ လောကံ ဝဉ္စေန္တော ဝိစရတိ။ အံ၊ဋ္ဌ၊၁။၂၁၉။

**ဥဒရဒူတ** (ပု) [ ဥဒရ+ဒူတ ] ဝမ်း၏စေတမန်၊ အစာအာဟာရ၌ တပ်မက်သော တဏှာက ဝမ်းစာ (အစာအာဟာရ)အတွက် စေခိုင်းရာ ပြုလုပ်ရသော၊သူ။ မဟာရာဇ အဟံ တဏှာ-ဒူတော ဥဒရဒူတော။ ဇာ၊ဋ္ဌ၊၂။၂၈၉။

**ဥဒရန္တရ** (နှ) [ ဥဒရ+အန္တရ ] (၁) ဝမ်းဗိုက်၏အလယ်အကြားအရပ်။ (၂) ဝမ်းဗိုက်၏အတွင်း။ (၁) တသ္မိံ ခဏေ သိင်္ဂါလော သီဟဿ ဥဒရန္တရံ အတ္တနော သီသံ ပဝေသေတွာ---သီသေန ဥဒရံ ပဟရိ။ ဇာ၊ ဋ္ဌ၊၂။၂၄။ (၁)(၂) ဥဒရန္တရ (ဝိသုဒ္ဓိ၊၁။၁၈၀) န္တိ နာဘိဋ္ဌာနသညိတံ ကုစ္ဆိဝေမဇ္ဈံ၊ ဥဒရဿ ဝါ အဗ္ဘန္တရံ။ ဝိသုဒ္ဓိ၊ဋီ၊၁။၂၀၇။

**ဥဒရပဋလ** (နှ) [ ဥဒရ+ပဋလ ] (၁) ဝမ်းဖျဉ်း၊ ဝမ်းဗိုက်အရေလွှာ, အရေပြား။ (၂) အစာသစ်၏ တည်ရာ အူမလွှာ၊ အစာသစ်အိမ်ဟူသော ဝမ်းလွှာ အူခေါင်း။ (၁) ယထာ ဟိ အညေ အန္တော ကုစ္ဆိဂတာ----ဥဒရပဋလံ ပိဋ္ဌိတော ကတွာ ပိဋ္ဌိကဏ္ဍကံ နိဿာယ---မက္ကဋာ ဝိယ နိသီဒန္တိ။ ဒီ၊ဋ္ဌ၊၂။၂၈။ မ၊ဋ္ဌ၊၄။၁၂၉။ မနုဿာနံ ဟိ မဟန္တံ ပဋပရိဿာဝနမတ္တမ္ပိ ဥဒရပဋလံ နာမ ဟောတိ။ မ၊ဋ္ဌ၊၃။၉၈။ (-သံ၊ဋ္ဌ၊၁။၂၇၅။ အံ၊ ဋ္ဌ၊၁။၂၁၄။ အဘိ၊ဋ္ဌ၊၁။၃၆၆။ ဓမ္မ၊ဋ္ဌ၊၂။၂၃၄။ ထေရ၊ဋ္ဌ၊၁။၄၉။ သာရတ္ထ၊၂။၃၄၃။ သံ၊ဋီ၊ ၁။၃၀၈။ ဝိသုဒ္ဓိ၊ဋီ၊၂။၃၇၂။) (၂) (ပိဟကံ) သြကာသတော ဟဒယဿ ဝါမပဿေ ဥဒရပဋလဿ မတ္ထကပဿံ နိဿာယ ဌိတံ။ အဘိ၊ဋ္ဌ၊၂။၂၂၉။ ဝိသုဒ္ဓိ၊၁။၂၄၉။ ခုဒ္ဒက၊ဋ္ဌ၊၄၃။ (သေမှ) သြကာသတော ဥဒရပဋလေ ဌိတံ။ အဘိ၊ဋ္ဌ၊၂။၂၃၂။ ဝိသုဒ္ဓိ၊၁။၂၅၂။ ခုဒ္ဒက၊ဋ္ဌ၊၄၈။ (-မ၊ဋ္ဌ၊၃။၃၅။ အဘိ၊ဋ္ဌ၊၂။၅၈၆၁၆။ ပဋိသံ၊ ဋ္ဌ၊၁။၇၆။ ဝိသုဒ္ဓိ၊၁။၂၅၁။)

**ဥဒရပဋလဗ္ဘန္တရ** (နှ) [ဥဒရပဋလ+အဗ္ဘန္တရ ] အစာသစ်အိမ်ဟူသော ဝမ်းလွှာ အူခေါင်း၏

အတွင်းအရပ်။ ယဋ္ဌ အဘိဝနိုတံ------ ဥဒရပင္ရလဗ္ဘန္တရေ ဝေ ကုဏပဂန္ဓ သန္နိရုမ္ဘိတွာ တိဋ္ဌတိ။ ခုဒ္ဒကာ၊ဋ္ဌ။၄၉။

**ဥဒရပင္ရလမံသ** (န) [ ဥဒရပင္ရလ+မသ ] ဝမ်းပျဉ်းသား။ ကိသသရိရဿ ဇဃမံသ- ဦရုမံသ--- ဥဒရပင္ရလမံသာနိ နိဿာယ။ ခုဒ္ဒကာ၊ဋ္ဌ။၅၁။

**ဥဒရပ(ပ္ပ)ဒေသ** (ပု) [ဥဒရ+ပဒေသ] ဝမ်းဗိုက် အရပ်။ တဒဝသိဋ္ဌော ဥဒရပဒေသော ဂူမ ကုစ္ဆိသဒ္ဒေန ဝုစ္စတိ။ မဋီ၊၂။၁၇၄။ ဝိသုဒ္ဓိ၊ဋီ၊ ၁။၄၃၁။

**ဥဒရပရိယာယ** (ပု) [ ဥဒရ+ပရိယာယ] ဥဒရ သဒ္ဒါ၏-ပရိယာယ်-စကားလှယ်။ ကုစ္ဆိသဒ္ဒေါ ဥဒရပရိယာယော။ မဋီ၊၂။၁၇၄။ ဝိသုဒ္ဓိ၊ဋီ၊ ၁။၄၃၁။

**ဥဒရပရိယောသာန** (တိ) [ ဥဒရ+ပရိယော သာန] ဝမ်းဗိုက်ဟူသော အဆုံးအပိုင်း အခြားရှိသော၊ အဆုံးပိုင်း၌ ဝမ်းဗိုက်ရှိသော (အထက်ပိုင်းကိုယ်)။ ဥဒရပရိယောသာနံ အတိရေကံ ဥဒ္ဓုမာတကံ ဟောတိ။ ဝိသုဒ္ဓိ၊ ၁။၁၈၀။ ဥဒရပရိယောသာနံ ဥပရိမသရီရံ။ ဝိသုဒ္ဓိ၊ဋီ၊၁။၂၀၇။

**ဥဒရပါဒ** (တိ) [ ဥဒရ+ပါဒ] ဝမ်းဗိုက်ဟူသော ခြေထောက်ရှိသော။ (ခြေထောက်သီးခြားမရှိ ပဲ ဝမ်းဗိုက်ကိုသာ ခြေထောက်အဖြစ် အသုံး ပြုရသော မြွေသတ္တဝါ။) ပါဒူဒရေတိ ဥဒရပါဒေ၊ ဥဒရံယေဝ ယေသံ ပါဒါတိ ဝုတ္တံ ဟောတိ။ မဋ္ဌ၊၃။၂၉၆။ သုတ္တနိ၊ဋ္ဌ၊၂။၁၈၅။

**ဥဒရပူရ** (တိ) [ ဥဒရ+ပူရ ] (၁) ဝမ်းဗိုက် ကိုပြည့်ဝ စေနိုင်လောက်သော၊ ဝမ်းဝနိုင် လောက်သော၊ ဝမ်းဝအောင် (ကြိ၊ဝိ)။ (၂) အစာသစ်ဖြင့်ပြည့်သော (ခန္ဓာကိုယ်)။ (၁) သကလမ္ပိ ဂါမံ ဝိစရိတွာ ဥဒရပူရံ န လဘတိ။ ဒီ၊ဋ္ဌ၊၁။၂၈၈။ တဒါပိ ကောဒိဝသံ ဘတ္တဝမန့် ဥဒရပူရံ လဘိ၊ သေသကာလေ ပန တေန ဥဒရပူရော အာဟာရော နာမ န လဒ္ဓပုဗ္ဗော။ ဇာ၊ဋ္ဌ၊ ၁။၂၅၆။ (-ဒီ၊ဋ္ဌ၊၂။၃၀၉။ မဋ္ဌ၊၁။၃၇၃။ အံ၊ ဋ္ဌ၊၃။၇၈။ အဘိ၊ဋ္ဌ၊၂။၄၈၆။ ဇာ၊ဋ္ဌ၊၁။၂၅၄။ မဋီ၊၂။၅၄။ (၂) အန္တပူရော ဥဒရပူရော၊ ယကနပေဠဿ ဝတ္ထိနော။ သုတ္တနိ။၃၀၈။ ဇာ၊ ဋ္ဌ၊၁။၁၆၃။ (-ဒီ၊ဋ္ဌ၊၁။ ၉၆။) ဥဒရဿ ပူရော ဥဒရပူရော၊ဥဒရန္တိ စ ဥဒရိယဿေတံ အဓိဝစနံ၊ တဉ္စ ဌာနနာမေန "ဥဒရ"န္တိ ဝုတ္တံ။ သုတ္တနိ၊ဋ္ဌ၊၁။၂၃၈။

**ဥဒရပေါသန** (န) [ ဥဒရ+ပေါသန ] ဝမ်းကို- မွေးမြူခြင်း-ကျွေးမွေးခြင်း။ အောက်ပုဒ်ကြည့်။

**ဥဒရပေါသနတပ္ပရ** (တိ) [ဥဒရပေါသန+တပ္ပရ] ဝမ်းကို မွေးမြူခြင်းဟူသော ပဓာနလုပ်ငန်းရှိ သော၊သူ။ ဩဒရိကောတိ ဥဒရေ ပသုတော ဥဒရပေါသနတပ္ပရော။ ထေရ၊ဋ္ဌ၊၁။၂၆၁။

**ဥဒရပေါသနတ္ထ** (ပု) [ ဥဒရပေါသန+အတ္ထ ] ဝမ်းကို မွေးမြူခြင်းအကျိုး။ ကုမ္ဘိလဘာယာနီတိ ဥဒရပေါသနတ္ထံ အကိစ္စကာရိတာဝသေန ဩဒရိကတ္တာဘယာနိ။ ထေရီ၊ဋ္ဌ။၂၉၅။

**ဥဒရဗဒ္ဓ** (တိ) [ဥဒရ+ဗဒ္ဓ] ဝမ်းဗိုက်၌ဖွဲ့ချည် ရစ်ပတ်ထားအပ်သော၊ ခါး၌ ဝတ်ထား အပ်သော။ အောက်ပုဒ်ကြည့်။

**ဥဒရဗဒ္ဓသာဋက** (ပု) [ ဥဒရဗဒ္ဓ+သာဋက ] ဝမ်းဗိုက်၌ ဖွဲ့ချည်ရစ်ပတ်ထားအပ်သော- ခါး၌ဝတ်ထားအပ်သော-အဝတ်ပုဆိုး။ အတ္တနော အတ္တနော ဥဒရဗဒ္ဓသာဋကမ္ပိ ဆဍ္ဍေတွာ ပလာယိံသု။ ဇာ၊ဋ္ဌ၊၆။၂၅၄။

**ဥဒရမံသ** (န) [ ဥဒရ+မံသ ] ဝမ်းဗိုက်အသား။ ခဇ္ဇမာနန္တိ ဥဒရာဒီသု နိသိဒိတွာ ဥဒရမံသ-

ပြဋ္ဌမံသအကွံကူဋ္ဌာဒီနိ လုဉ္စိတွာ လုဉ္စိတွာ ခါဒိယမာနံ။ ဒီ၊ဋ္ဌ၊၂။၃၆၂။ မ၊ဋ္ဌ၊၁။၂၇၈။ (–အံ၊ဋ္ဌ၊၃။၁၀၄။)

**ဥဒရဝဋ္ဋိ** (ထီ) [ ဥဒရ+ဝဋ္ဋိ ] ဝမ်းပျဉ်း၊ ဝမ်းဗိုက်၏–အရေပြား–အရေလွှာ။ ဧဟိ ဘန္တေ ဥဒရဝဋ္ဋိယံ ဃဋ္ဋေဟိ။ ဝိ၊၁။၄၉၊(–၁၆၇။)

**ဥဒရဝဋ္ဋိမံသ** (န) [ ဥဒရဝဋ္ဋိ+မံသ ] ဝမ်းပျဉ်းအသား။ ကိံ သသရီရဿ ဇဃံမံသံ–––ဥဒရဝဋ္ဋိမံသန္တိ ဧတာနိ နိဿာယ။ အဘိ၊ဋ္ဌ၊၂။၂၃၄။ ဝိသုဒ္ဓိ၊၁။၂၅၄။

**ဥဒရဝဍ္ဎန** (န) [ ဥဒရ+ဝဍ္ဎန ] ဝမ်းဗိုက်ကို ကြီးမားစေခြင်း။ ဒိဝသေ ဒိဝသေပိ ပိလောတိကာဝေဌနေန စ ဥဒရဝဍ္ဎနံ ဝဍ္ဎယိ။ ဇာ၊ဋ္ဌ၊၄။၃၇။

**ဥဒရဝါတ** (ပု) [ ဥဒရ+ဝါတ ] (၁) ဝမ်းလေ၊ ဝမ်း၌ဖြစ်သောလေ။ (၂) ဝမ်းလေ၏ဖေါက်ပြန်ခြင်း။ (၁)ထေရဿ ကိရ ရတ္တိံ ပဓာနေန ဝီတိနာမေန္တဿ ဌိတဿ ဥဒရဝါတော ဥပ္ပဇ္ဇိ။ မ၊ဋ္ဌ၊၁။၈၃။ (–အံ၊ဋ္ဌ၊၁၊၂၃၆။ ဓမ္မ၊ဋ္ဌ၊၂။၃၈၇။ ဇာ၊ဋ္ဌ၊၂။၃၅၂။ အံ၊ဋီ၊၃။၁၃၀။) (၁)(၂) ဝါတေဟီတိ ဥဒရဝါတေဟိ။ သံ၊ဋ္ဌ၊၁။၂၃၇။ ဥဒရဝါတေဟီတိ ဝါတကတဝိဇ္ဇနတောဒနာ–ဒိဝသေန အပရာပရံ ဝတ္တမာနေဟိ ဥဒရ–ဝါတေဟိ၊ တဿ ဝါ ဝိကာရေဟိ။ သံ၊ဋီ၊၁။၂၇၅။

**ဥဒရဝါတာဗာဓ** (ပု) [ ဥဒရ+ဝါတာဗာဓ ] ဝမ်း၌မှီသော လေကြောင့်ဖြစ်သော အနာရောဂါ။ အထဿ ဧကသ္မိံ ဒိဝသေ ဥဒရဝါတာဗာဓော ဥပ္ပဇ္ဇိတွာ အတိဒုက္ခံ ဇနေသိ။ ဝိသုဒ္ဓိ၊၁။၃၉။ ဥဒရသန္နိဿိတော ဝါတာဗာဓော ဥဒရဝါတာဗာဓော။ ဝိသုဒ္ဓိ၊ဋီ၊၁။၇၀။

**ဥဒရသဏ္ဌာန** (န) [ ဥဒရ+သဏ္ဌာန ] ဝမ်းဗိုက်၏ အသွင်သဏ္ဌာန်။ ဣဒမဿ သီသသဏ္ဌာနံ –––ဣဒံ ဥဒရသဏ္ဌာနံ။ ဝိသုဒ္ဓိ၊၁။၁၇၉။

**ဥဒရသန္တိက** (န) [ဥဒရ+သန္တိက] ဝမ်းဗိုက်၏အနီး အရပ်။ အညိဿာ ဥဒရသန္တိကေ အညိဿာ သီသမ္ပိ ဥဒရမ္ပိ ပါဒါပိ။ အဘိ၊ဋ္ဌ၊၂။၂၇။

**ဥဒရသန္နိဿိတ** (တ) [ ဥဒရ+သန္နိဿိတ ] ဝမ်း၌မှီနေသော။ ဥဒရဝါတာဗာဓ–ကြည့်။

**ဥဒရသာဋက** (ပု) [ ဥဒရ+သာဋက ] ဝမ်းဗိုက်၌–ဝတ်အပ်–ဖွဲ့ချည်ရစ်ပတ်ထားအပ်–သောပုဆိုး၊ ခါးဝတ်ပုဆိုး။ ပုဗ္ဗေ မယံ ဂဟပတိပုတ္တံ နိဿာယ ဥဒရသာဋကဿပိ အသာမိကာ ဇာတာ။ ဇာ၊ဋ္ဌ၊၆။၃၀၃။

**ဥဒရဟေတု** (ပု) [ ဥဒရ+ဟေတု ] ဝမ်းဟူသော အကြောင်း၊ ဝမ်းစာ–အစာအာဟာရ–အတွက်။ ဣဒါနိ ဥဒရဟေတု အနာရဟာဝ သမာနော အရဟတ္တံ ပဋိဇာနိတွာ။ အပ၊ဋ္ဌ၊၂။၂၃၄။

**ဥဒရာဗာဓ** (ပု) [ ဥဒရ+အာဗာဓ ] ဝမ်း၌မှီသော လေနာ။ သတ္ထု ဥဒရာဗာဓေ ဥပ္ပန္နေ အရညတော ဘေသဇ္ဇာနိ အာဟရိတွာ။ ထေရ၊ဋ္ဌ၊၁။၄၄၀။

**ဥဒရာဝဒေဟက**(တိ) [ ဥဒရ+အဝဒေဟက ] ဝမ်းဗိုက်ကို ပြည့်ဝစေသော (ဗိုက်ပြည့်အောင်။ ကြိဝိ)။ ယာဝဒတ္ထံ ဥဒရာဝဒေဟကံ ဘုဉ္ဇိတွာ။ ဒီ၊၃။၁၉၉။ မ၊၁။၁၄၆။ အံ၊၂။၁၉၆၊၂၁၈။ အဘိ၊ ဝိ၊၃၉၂။ ဣတိဝုတ်၊ဋ္ဌ၊၉၄၊၂၃၅။ ထေရ၊ဋ္ဌ၊၁။၂၂၇။ မဟာနိ၊ဋ္ဌ၊၁၆၆။ ဝဇီရ၊၄၁။ သာရတ္ထ၊ ၁။၃၀၈။ မ၊ဋီ၊၁။၃၅၆။ သံ၊ဋီ၊၂။၄၆၀။ ဝိသုဒ္ဓိ၊ ဋီ၊၁။၁၄၉၊၂၅၄။ ဥဒရာဝဒေဟကန္တိ ဥဒရပူရံ၊ တဉှိ ဥဒရံ အဝဒေဟနတော "ဥဒရာဝ–

ဒေဟက”န္တိ ဝုစ္စတိ။ ဒီ၊ဋ္ဌ၊၃။၂၁၄။ မ၊ဋ္ဌ၊၁။ ၃၇၃။ အံ၊ဋ္ဌ၊၃။၇၈။ အဘိ၊ဋ္ဌ၊၂။၄၈၆။ ဥဒရာဝဒေဟကန္တိ ဥဒရံ အဝဒိဟိတ္ဝာ ဥပစိနိတ္ဝာ ပူရေတ္ဝာ။ အံ၊ဋ္ဌ၊၃။၆၅။ ဥဒရံ အဝဒိဟတိ ဥပစိနောတိ ပူရေတီတိ ဥဒရာဝဒေဟကံ၊ ဘာဝနပုံသကဠေတံ၊ ဥဒရာဝဒေဟကံ ကတ္ဝာ ဥဒရံ ပူရေတ္ဝာတိ အတ္ထော။ တေနာဟ”ဥဒရံ အဝဒိဟိတ္ဝာ”တိအာဒိ။ အံ၊ဋီ၊၃။၅၆။ (-ဒီ၊ဋီ၊ ၃။၂၄၉။ အံ၊ဋီ၊၃။၇၇။ ဝိသုဒ္ဓိ၊ဋီ၊၁။၆၁။)

**ဥဒရာဝဒေဟကဘောဇနေပရိဝဇ္ဇန** (န) [ ဥဒရာဝဒေဟက+ဘောဇနေပရိဝဇ္ဇန ] ဝမ်းဗိုက်ပြည့်အောင် စားခြင်းကို ရှောင်ကြဉ်ခြင်း။ ယာဝဒတ္ထံ ဥဒရာဝဒေဟကဘောဇနေပရိဝဇ္ဇနေန ဝါ သေယျသုခပဿသုခမိဒ္ဓသုခါဒီနံ အဘာဝတော အနဝဇ္ဇတာ။ အံ၊ဋီ၊၃။၁၂၇။

**ဥဒရိဏီ** (ထီ) ဥဒရဏီ-ကြည့်။

**ဥဒရိယ** (န) [ ဥဒရ+ဣယ။ဥဒရေ ဘဝံ ဥဒရိယံ။ နီတိ၊သုတ္တ။၇၇၄။(ဥဒယ်-သံ)] (န)(၁) အစာသစ်၊ စားသောက်မျိုချလိုက်သဖြင့် အစာသစ်အိမ်၌ တည်နေသောအစာ အာဟာရ။ (တိ)(၂) ဝမ်းဗိုက်၌ဖြစ်သော။ (န)(၁) အတ္ထိ ဣမသ္မိံ ကာယေ ကေသာ ---ဥဒရိယံ ကရီသံ။ ဒီ၊၂။၂၃၃-၄။ မ၊၁။၇၂။ သံ၊၃။၂၄၃။ အံ၊၂။၂၈၅။ အဘိ၊ဝိ။၈၄။ ခုဒ္ဒက။၂။ ဥဒရိယံ ဥဒရေ ဌိတံ အသိတပီတခါယိတသာယိတံ။ အဘိ၊ဋ္ဌ၊၂။၅၉။ ဝိသုဒ္ဓိ၊၁။၃၅၃။ အာမာသယေ ဌိတော ပရိဘုတ္တာဟာရော ဥဒရိယန္တိ အဓိပ္ပေတန္တိ အာဟ” ဥဒရိယံ ဥဒရေ ဌိတံ အသိတပီတခါယိတသာယိတ”န္တိ။ ဝိသုဒ္ဓိ၊ဋီ၊ ၁။၄၄၁။ (-အဘိ၊ဋ္ဌ၊၂။၂၃၀။ ပဋိသံ၊ဋ္ဌ၊၁။၇၇။ ဝိသုဒ္ဓိ၊၁။၂၅၀။ ရူ။၃၇၈။) (တိ) (၂) ဣယ-ဂါမိယော ဥဒရိယော ဒိဝိယော။ မောဂ်၊၄။၂၅။

**ဥဒရိယဘာဂ** (ပု) [ ဥဒရိယ+ဘာဂ ] အစာသစ်အိမ်၏-အဆုံးပိုင်းအဖို့-အဆုံးပိုင်းနေရာ။ ပရိစ္ဆေဒတော ဥဒရပဋလေန စေဝ ဥဒရိယဘာဂေန စ ပရိစ္ဆိန္နံ။ အဘိ၊ဋ္ဌ၊၂။၂၃၁။ ဝိသုဒ္ဓိ၊ ၁။၂၅၁။

**ဥဒဝသိတ** (ပု)[ (၁) ဥဒ+ဝသ+တ။(၂) ဥ+အဝ+သိ+တ] ဘဏ္ဍာတိုက်။ ဥဒေါသိတ-ကြည့်။

**ဥဒသာယေ** (ကြိ) [ဥ+အာ+သိ+သိ] တင်မြှောက်၏၊ တည်စေ၏။ ယံ မဇ္ဇ ရဇ္ဇမှိ ဥဒသာယေ တုဝံ။ ဇာ၊၁။၃၆၇။ ယံ မဇ္ဇာတိ ယေန အနာရာဓကေမ္ဟန အဇ္ဇ မံ ရဇ္ဇမှိ ဥဒသာယေ ဥဿာပေသိ ပတိဋ္ဌာပေသိ။ ဇာ၊ဋ္ဌ၊၅။၂၇။ ဥဒသာယေတိ ဧတ္ထ ဥအာသယေတိ ပဒစ္ဆေဒေါ ဒဋ္ဌဗ္ဗော၊ဒ-ကာရော အာဂမသန္ဓိဇော၊သိ=သယေတိ ဓာတုဿ အတ္ထာ-တိသယယောဂဝသေန ဣစ္ဆ ပတိဋ္ဌာနတ္ထတာ ဟောတိ။ တေနာဟ ” ဥဒသာယေ ဥဿာပေသိ၊ ပတိဋ္ဌာပေသီ”တိ။ ဇာ၊ဋီ၊သစ်။

**ဥဒဟာရ** (ပု) [ ဥဒ+ဟရ+ဏ။ထီ-၌ ဥဒဟာရီ။] (ပု)(၁) ရေကိုသယ်ဆောင်ခြင်း၊ ရေထမ်းခြင်း၊ ရေခပ်ခြင်း။ (တိ)(၂)ရေကိုသယ်ဆောင်သော၊ ရေထမ်းသော၊ရေခပ်သော၊သူ။ (ပု)(၁) အံသံ အသမ္ဘုသံ ဧတိ၊ ဥဒဟာရာယ ဂစ္ဆတော။ ဇာ၊၂။၇၅။ ဥဒါဟာရာယာတိ ဥဒကံ အာဟရိတုံ။ ဇာ၊ဋ္ဌ၊၅။၃၃၉။ (တိ)(၂) ဥဒဟာရော နဒိံ ဂစ္ဆ။ ဇာ၊၂။၁၇၅။ အမှာကံ ဥဒဟာရော ဥဒကံ အာဟရိတုံ နဒိံ ဂစ္ဆ။ ဇာ၊ဋ္ဌ၊၆။၉၈။ (-ဇာ၊ ၂။၁၇၈။ အပ၊၁။၄၂၁။ ဇာ၊ဋ္ဌ၊၆။၁၀၆။) ဥဒဟာရီ-လည်းကြည့်။

**ဥဒဟာရက** (တိ) [ ဥဒ+ဟရ+ဏွု။ထီ-၌ ဥဒ-ဟာရိယာ။] (တိ)(၁) ရေကိုသယ်ဆောင်သော၊ ရေထမ်းသော၊ရေခပ်သော၊သူ။ (ထီ)(၂) ရေကိုသယ်ဆောင်ခြင်း၊ရေခပ်ခြင်း။ (တိ)(၁) ကော နု မံ ဥသုနာ ဝိဇ္ဈိ၊ပမတ္တံ ဥဒဟာရကံ။

ဇာ၊၂။ ၁၇၄။ စရိယာ၊ဋ္ဌ။၂၅၂။ ဇာ၊ဋ္ဌ၆။၉၄။ (ထိ)(၂) အောက်ပုဒ်ကြည့်။

**ဥဒဟာရိယာ** (ထိ) [ဥဒ+ဟရ+ဏျ+အာ] ရေကို သယ်ဆောင်ခြင်း၊ရေခပ်ခြင်း။ ကုင့်ံ ဂဟေတွာ နိက္ခမ္မ၊ အဂ္ဂိဳ ဥဒဟာရိယာ။ ဝိမာန။၆၉။ ဥဒဟာရိယာတိ ဥဒကဟာရိကာ၊ ဥဒကံ အာဟရန္တိ ဝိယ ဟုတွာတိ အဓိပ္ပါယော။ ဝိမာန၊ ဋ္ဌ။၁၉၆။

**ဥဒဟာရီ** (ထိ) [ ဥဒ+ဟရ+ဏ+ဤ ] ရေကို သယ် ဆောင်–ရေခပ်–သောမိန်းမ။ ဥဒဟာရီ အဟံ သီတေ၊သဒါ ဥဒကမောတရိံ။ ထေရီ။ ၄၀၆။ ဥဒဟာရီတိ ဃဋေန ဥဒကံ ဝါဟိကာ။ ထေရီ၊ဋ္ဌ။၂၁၀။

**ဥဒဟိယတိ** (ကြိ) [ ဥ+ဓာ+ယ+တေ] ပေါင်းအပ်၏။ ကေတော သြဒဟီယတေ သမ္ပိဏ္ဍိယတေ, ဥဒဟိယတိ သမ္ပိဏ္ဍိယတီတိ ဝါ သမောဓာနံ။ ပါစိတ်၊ယော။၄၃၂။

**ဥဒါန**^၁(ပုံ၊န) [(၁) ဥ+အန+ဏ။ ဝိ၊ပိ၊ဓာန်။ (၂) ဥဒ+ယု။ နီတိ၊ဓာ။၉၃။] (၁)(က) ဥဒါန်းစကား၊ ဝမ်းမြောက်နှစ်သက် မြွက်ဆိုအပ်သော စကား၊ ပီတိအဟုန်ကြောင့် ကျူးရင့်မြွက်ဆိုအပ် သော စကား။ (ဆီခွက်မဆံ့၍ ဆီများလျှံထွက် လာသကဲ့သို့ နားထောင်မည့်သူ တစ်ဦးဦးကို ပြောဟောရန် မရည်ရွယ်ဘဲ ပီတိအဟုန်ကြွ၍ မျိုသိပ်မရသဖြင့် စိတ်နှလုံးအတွင်းမှ လျှံထွက် ကျူးရင့် မြွက်ဆိုအပ်သောစကားကို ဥဒါန်း စကားဟုခေါ်၏။ ဤဥဒါန်းစကားသည် ဓမ္မသံဝေဂကြောင့် ကျူးရင့် မြွက်ဆိုအပ် သည်လည်း ရှိ၏။ အချို့နေရာ၌ ဂါထာဖြင့် ကျူးရင့်အပ်သော ဥဒါန်းဖြစ်၍ အချို့နေရာ၌ မူ "အညာသိ ဝတ ဘော ကောဏ္ဍညော" စသည်ဖြင့် စုဏ္ဏိယစကားပြေဝါကျဖြင့် ကျူးရင့်အပ်သော ဥဒါန်းဖြစ်၏။ များသော အားဖြင့်မူ ဂါထာဖြင့်ကျူးရင့်ပြီး ပီတိ သောမနဿကြောင့် ဖြစ်ပေါ်လာသော စကား ပင်တည်း။ မြတ်စွာဘုရား ကျူးရင့်တော်မူအပ် သော ဥဒါန်း, ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ ကျူးရင့်အပ်သော ဥဒါန်း, ဘုရားတပည့် ထေရ ထေရီတို့ ကျူးရင့်အပ်သော ဥဒါန်း ဟူ၍ သုံးမျိုးရှိ၏။ ထို့အပြင် "အဟောဒါနံ ပရမဒါနံ၊ ကဿပေ သုပ္ပတိဋ္ဌိတံ" စသည်ဖြင့် သိကြားနတ် မင်းတို့ ကျူးရင့်အပ်သော ဥဒါန်း၊ "နမောတဿ ဘဂဝတော" စသည်ဖြင့် အာရာမဒဏ္ဍပုဏ္ဏား စသော လူပုဂ္ဂိုလ်တို့ ကျူးရင့်အပ်သော ဥဒါန်းများလည်း ရှိ၏။) ဥဒါန၊ဋ္ဌ။၂၊၃။ သာရတ္ထ၊၁။ ၉၈–၁၀၁။ သီ၊ဋီ၊ သစ်၊၁။ ၁၂၈–၁၃၀။ ( သာဓက များလည်း ကြည့်။) (ခ) ဥဒါန်းပါဠိတော်၊ (ယင်းပါဠိတော်၌ ဝဂ်အားဖြင့်ရှစ်ဝဂ်၊ သုတ်ပေါင်း ရှစ်ဆယ်၊ ဂါထာပေါင်း ကိုးဆယ့်ငါး၊ ဘာဏဝါရပေါင်း ရှစ်ဘာဏဝါရ ခွဲ၊ အနုသန္ဓေပေါင်း ရှစ်ဆယ့် တစ်၊ ပဒပေါင်း နှစ်သောင်း တစ်ထောင့် တစ်ရာ(၂၁၁၀၀)၊ ဂါထာပါဒပေါင်း ရှစ်ထောင့် လေးရာနှစ်ဆယ့်သုံး (၈၄၂၃)၊ အက္ခရာပေါင်း ခြောက်သောင်းခုနစ်ထောင် သုံးရာရှစ်ဆယ် နှစ် (၆၇၃၈၂) ရှိ၏။ ဥဒါန၊ဋ္ဌ။၂–၅။ (၂) ဥဒါနလေ၊ လည်ပင်း၌ တည်သောလေ၊ လည် ကြောင်း လေ။ (၁) (က) ဥဒါနံ ဥဒါနေသိ (ဒီ၊၁။၄၄။ မ၊၁။၂၃၅။ သံ၊၁။၁၉၊၂၀။ အံ၊၁။၆၇။ အံ၊ ၂။၂၀၈။)တိ ဥဒါဟာရံ ဥဒါဟရိ။ ယထာ ဟိ ယံ တေလံ ---ဝေမေ၀ ယံ ပီတိဝစနံ ဟဒယံ ဂဟေတုံ န သက္ကောတိ၊အဓိကံ ဟုတွာ အန္တော အသဏ္ဌဟိတွာ ဗဟိ နိက္ခမတိ၊ တံ ဥဒါနန္တိ ဝုစ္စတိ။ ဝေရူပံ ပီတိမယံ ဝစနံ နိစ္ဆာရေသီတိ အတ္ထော။ ဒီ၊ဋ္ဌ၊၁။၁၂၉။ မ၊ဋ္ဌ၊၂။၁၀၂–၃။ သံ၊ ဋ္ဌ၊၁။၅၈။ အံ၊ဋ္ဌ၊၂။၄၂–၃။ အံ၊ဋ္ဌ၊၃။၇၀။ ဥဒါဟရီယတိ ဥဗ္ဗေဂပီတိဝသေနာတိ, တထာ ဝါ ဥဒါဟရဏံ ဥဒါနံ။ မ၊ဋီ၊၂။၁၄၆။ အံ၊ဋီ၊

၃။၆၀။ ဥဒါနန္တိ ကေနဋ္ဌေန ဥဒါနံ။ ဥဒါနနဋ္ဌေန (ဥဒါနဋ္ဌေန)။ ကိမိဒံ ဥဒါနံ နာမ **ပီတိဝေဂသမုဋ္ဌာပိတော** ဥဒါဟာရော။ ဥဒါန၊ ဋ္ဌ။၂။ သာရတ္ထ၊၁။၉၈။ သီ၊ဋီ၊သစ်၊၁။၁၂၈။ **အယမ္ပိ** ဥဒါနော ဝုတ္တော ဘဂဝတာ။ ဥဒါန။ ၈၇။ ဥဒါန၊ဋ္ဌ။၄၂။ ဥဒါနာနိ သန္တိ ဧဝ။ ဥဒါန၊ ဋ္ဌ။၃။ သီ၊ဋီ၊သစ်၊၁။၁၃၀။ ဥဒါနံ ဥဒါနယ ပဋ္ဌနိမိတ္တံ။ ဒီ၊ဋ္ဌ၊၂။၃၃။ ဤမံ ဥဒါနံ **ဥဒါနေသိ**(ဝိ၊ ၃။၂)တိ **ဤမံ** -----ယဒါ ဟဝေ ပါတုဘဝန္တိ-**တိအာဒိကံ** သောမနဿယုတ္တဉာဏသမုဋ္ဌာနံ ဥဒါနံ ဥဒါနေသိ၊ အတ္တမနဝါစံ နိစ္ဆာရေသီတိ ဝုတ္တံ ဟောတိ။ ဝိ၊ဋ္ဌ၊၁။၂၃၆။ ဥဒါနံ ဥဒါနေသိ (ဝိ၊၃။၂၁)တိ သံဝေဂဝသေန ဥဒါနံ ဥဒါနေသိ၊ **သံဝေဂဝသပဝတ္တံ** ဝါစံ နိစ္ဆာရေသီတိ အတ္ထော။ **သာရတ္ထ**၊၃။၁၉၂။ (-သာရတ္ထ၊၁။၉၉။ ဝိမတိ၊ ၂။၉၃။ သီ၊ဋီ၊သစ်၊၁။၁၂၉။) (၁) သုတ္တံ ဂေယျံ ---ဥဒါနံ ဣတိဝုတ္တကံ ။မ၊၁။၁၈၆။ အံ၊၁။၃၁၃။ မဟာနိ ။၁၁၁။ သောမနဿဉာဏ-မယိကဂါထာပဋိသံယုတ္တာ ဒွါသီတိ (ဒွေ အသီတိ) သုတ္တန္တာ ဥဒါနန္တိ ဝေဒိတဗ္ဗံ(ဗ္ဗာ)။ ဝိ၊ဋ္ဌ၊၁။၂၂။ ဒီ၊ဋ္ဌ၊၁။၂၅။ မ၊ဋ္ဌ၊၂။၁၂။ အံ၊ဋ္ဌ၊ ၂။၂၅၂။ အဘိ၊ဋ္ဌ၊၁။၂၇။ မဟာနိ၊ဋ္ဌ၊၂၃၃။ ဤဒံ သုတ္တံ ဥဒါနေပိ သင်္ဂီတံ။ ဣတိဝုတ်၊ဋ္ဌ။၁၅၄။ (၂) ပါဏော ပါနော သမာနော ဘေဒါ န ဗျာနာ စ ဝါယဝေါ။ အမရ။၁။၆၇။ ဥဒါနော ကဏ္ဌဒေသေ တု။ ဗျာနော သဗ္ဗင်္ဂသန္ဓိသု။ ဓာန်၊ဋီ။၃၈။

**ဥဒါန**² (န) [ဥ+ဒါ+ယု] ဥဒါန်းစကား၊ ဥဒ္ဒါန်းစကား၊ အကျဉ်းချုပ်စကား၊ ပြဆိုပြီးပြဆိုလတ္တံ့သော အနက်အဓိပ္ပါယ်တို့ကို နောင်အခါ အစီအစဉ်မရှိ ဖရိုဖရဲ တကွဲတပြားစီ မဖြစ်ရအောင် အကျဉ်းချုပ် အစီအစဉ်ပြုလုပ် ထိန်းသိမ်းထားသော စကား၊ ခေါင်းစဉ် မာတိကာစကား။ ဝုစ္စမာနဿ ဟိ ဝုတ္တဿ ဝါ အတ္ထဿ ဝိပ္ပကိဏ္ဏဘာဝေန ပဝတ္တိတုံ အဒတွာ ဥဒ္ဓံ **ဒါနံ** ရက္ခဏံ ဥဒါနံ (ဥဒ္ဒါနံ?)၊ သင်္ဂဟဝစနန္တိ အတ္ထော။ သီ၊ဋီ၊သစ်၊၁၊၁၃၆။

**ဥဒါနကထာ** (ထီ) [ ဥဒါန+ကထာ ] ဝမ်းမြောက်ဝမ်းသာ ကျူးရင့်သောစကား။ ဥဒါန-ကထာယ ဝုတ္တမေဝ္ဟာနံ ပရိပုဏ္ဏာနံ အတ္ထနိ သံဝိဇ္ဇမာနတ္တာ။ သံ၊ဋီ၊၂။၂၂၄။

**ဥဒါနဂါထာ** (ထီ) [ ဥဒါန+ဂါထာ ] ဝမ်းမြောက်ဝမ်းသာ ကျူးရင့်အပ်သော ဂါထာ၊ **ဥဒါန်း** ဂါထာ။ ကေစိ "ယဒါ ဟဝေ ပါတုဘဝ**န္တိ** ဓမ္မာ"တိ ခန္ဓကေ ဥဒါနဂါထံ အာဟု(ဝဒန္တိ)။ ဝိ၊ဋ္ဌ၊.။၁၄။ ဒီ၊ဋ္ဌ၊၁။၁၆။

**ဥဒါနဂါထာသင်္ဂဟ** (တိ) [ဥဒါနဂါထာ+သင်္ဂဟ] ဥဒါန်းဂါထာတို့ဖြင့် ရေတွက်အပ်သော၊ဥဒါန်း ဂါထာ အရေအတွက်ရှိသော။ ဂါထာတော ပဥ္စနဝုတိဥဒါနဂါထာသင်္ဂဟံ။ ဥဒါန၊ဋ္ဌ။၄။

**ဥဒါနဂီတ** (န) [ ဥဒါန+ဂီတ] ဝမ်းမြောက်ဝမ်းသာ-ကျူးရင့်-သီဆို-အပ်သောသီချင်း။ ဗောဓိသတ္တောပိ----ဣမာဟိ ဒွီဟိ ဂါထာဟိ ဥဒါနဂီတံ ဂါယိ။ ဇာ၊ဋ္ဌ၊၃။၃၈၈။

**ဥဒါနဂီတသဒ္ဒ** (ပု) [ဥဒါနဂီတ+သဒ္ဒ] ဝမ်းမြောက် ဝမ်းသာ-ကျူးရင့်-သီဆို-အပ်သော သီချင်းအသံ။ ပုရောဟိတော----တဿ ဥဒါနဂီတသဒ္ဒံ သုတွာ စိန္တေသိ။ ဇာ၊ဋ္ဌ၊၄။၂၇၀။ အံ၊ဋီ၊၁။၁၄၇။

**ဥဒါနဋ္ဌ** (ပု) [ ဥဒါန+အတ္ထ ] ပီတိအစွမ်းဖြင့် ထုတ်ဆောင်ကျူးရင့်-အပ်သည်၏ အဖြစ် ဟူသော-ခြင်းဟူသော-အနက်သဘော။ သောမနဿဉာဏမယိကဂါထာပဋိ-သံယုတ္တာတိ ဧတေန ဥဒါနဋ္ဌေန ဥဒါနန္တိ အန္ဝတ္ထသညတံ ဒဿေတိ။ သီ၊ဋီ၊သစ်၊၁။၁၂၈။ ဥဒါနနဋ္ဌ-လည်းကြည့်။

**ဥဒါနဋ္ဌကထာ** (ထီ) [ဥဒါန+အဋ္ဌကထာ] ဥဒါန ပါဠိ၏ အနက်ကို ဖွင့်ဆိုရာဖြစ်သောကျမ်း၊ ဥဒါန်းအဋ္ဌကထာကျမ်း။ (ဗဒရတိတ္ထကျောင်းနေ အရှင်ဓမ္မပါလထေရ် ရေးသားသည်၊ ပရမတ္ထဒီပနီ-ဟုလည်း ခေါ်သည်။ ဥဒါန၊ ဋ္ဌ။၃၉၃-ကြည့်။ တံ ပရမတ္ထဒီပနိယံ ဥဒါန-ဋ္ဌကထာယံ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။ မငို၊ ၂။၂၂၆။ (-သံငို၊၂။၆၀၊၂၃၄။)

**ဥဒါနဒေသနာ** (ထီ) [ဥဒါန+ဒေသနာ] ဥဒါန်းတရား တော်၊ ဥဒါန်းပါဠိတော်။ **ဇွေ့ာဝတာ** ဓမ္မဘဏ္ဍာဂါရိကေန ဥဒါနဒေသနာယ နိဒါနံ ဌပေတ္တွန။ ဥဒါန၊ဋ္ဌ။၂၅။

**ဥဒါနန** (နှ) [ ဥ+အန+ယု။ ဥဒ+ယု ] ပီတိ၏ အစွမ်းဖြင့် ထုတ်ဆောင် ကျူးရင့်ခြင်း။ အောက်ပုဒ်ကြည့်။

**ဥဒါနနဋ္ဌ** (ပု) [ဥဒါနန+အတ္ထ] ပီတိ၏အစွမ်းဖြင့် ထုတ်ဆောင်ကျူးရင့်-အပ်သည်အဖြစ်ဟူသော-ခြင်းဟူသော-အနက် သဘော။ ကေနဋ္ဌေန ဥဒါနံ?၊ ဥဒါနနဋ္ဌေန။ ဥဒါန၊ဋ္ဌ။၂။ (-သာရတ္ထ၊၁။၉၈။)

**ဥဒါနနာဒဝိဓိ** (ပု) [ဥဒါနနာဒ+ဝိဓိ] ဥဒါန်း-ဝမ်းမြောက်စကား-ကျူးရင့်ခြင်း ၊ အစီရင်။ ဥဒါနနာဒဝိဓိနာ၊ ဂမ္ဘီရာ နိပုဏာ သုဘာ။ ထေရ၊ဋ္ဌ၊၁။၁။

**ဥဒါနပါဠိ** (ထီ) [ဥဒါန+ပါဠိ] ဥဒါန်းပါဠိတော်။ ခု၁။ နှာ-၇၇-၁၉၇။ ဓမ္မသင်္ဂါဟကေဟိ ဥဒါန-ပါဠိယံ သင်္ဂဟံ အနာရောပေတွာ ဓမ္မပဒေ သင်္ဂီတာ။ ဥဒါန၊ဋ္ဌ။၃။ သာရတ္ထ၊၁။၁၀၁။ သီ၊ ငို၊သစ်၊၁။၁၃၀။

**ဥဒါနဗျာကရဏဂါထာ** (ထီ) [ ဥဒါနဗျာကရဏ+ဂါထာ] ဥဒါန်းစကား-ဝမ်းမြောက်စကား-မြွက်ကြား ကျူးရင့်သော ဂါထာ။ တဒါပိ သော တမေဝ အတ္တနော ဥဒါနဗျာကရဏဂါထံ အဘာသိ။ သုတ္တနိ၊ဋ္ဌ၊၁။၅၉။ (-၇၇။)

**ဥဒါနလက္ခဏ** (နှ) [ ဥဒါန+လက္ခဏ] ဥဒါန်းစကား၏- အမှတ်အသား-လက္ခဏာ။ ယံ ပန--ဥဒါနလက္ခဏံ ဝုတ္တံ။ ဥဒါန၊ဋ္ဌ။၂။ သာရတ္ထ၊ ၁။၁၀၀။

**ဥဒါနသံဝဏ္ဏနာ** (ထီ) [ ဥဒါန+သံဝဏ္ဏနာ] ဥဒါန်းပါဠိတော်ကို ဖွင့်ဆိုရာစကားရပ်၊ ဥဒါန်းအဋ္ဌကထာ။ ပရမတ္ထဒီပနိယာ ခုဒ္ဒကနိကာယ-ဋ္ဌကထာယ ဥဒါနသံဝဏ္ဏနာယ ပဌမဗောဓိ-သုတ္တဝဏ္ဏနာ နိဋ္ဌိတာ။ ဥဒါန၊ဋ္ဌ။၄၂။

**ဥဒါနသင်္ဂဟ** (ပု) [ ဥဒါန+သင်္ဂဟ] အကျဉ်းချုပ် ခေါင်းစဉ် မာတိကာ ပြုလုပ်၍ သိမ်းယူကြောင်းစကား၊ အကျယ်တဝင့်ပြဆိုပြီး ပြဆိုလတ္တံ့သောအနက်အဓိပ္ပါယ်တို့ကို နောင်အခါ မေ့ပျောက် မသွားအောင်အလွယ်တကူ မှတ်ယူနိုင်ခြင်းငှါ အကျဉ်းချုံး, ခေါင်းစဉ် မာတိကာပြုလုပ် ထားအပ် သောဂါထာစကား၊ ("မက္ကင့္ဂိဝဇ္ဇိပုတ္တာစ" အစရှိသော **ဥဒ္ဒါန်း** ဂါထာများ)။ ဥဒါနသင်္ဂဟော နာမ----- ဂါထာယော။ သီငို၊သစ်၊၁။၁၃၆။ ဥဒ္ဒါနသင်္ဂဟ-လည်းကြည့်။

**ဥဒါနသဒ္ဒ** (ပု) [ ဥဒါန+သဒ္ဒ] ပီတိ၏အစွမ်းဖြင့် ထုတ်ဆောင်ကျူးရင့်အပ်သောအသံ၊ ဥဒါန်းကျူးရင့်သံ။ မာရော ဥဒါနသဒ္ဒေန အာဂန္တွာ။ သုတ္တနိ၊ဋ္ဌ၊၂။၁၂၀။

**ဥဒါနသုတ္တ** (နှ) [ ဥဒါန+သုတ္တ ] ဥဒါနသုတ်။ သံယုတ္တနိကာယ ခန္ဓဝဂ္ဂသံယုတ္တပါဠိ၊ ၁-သံယုတ်၊(၆)၁-ဝဂ်၊၃-သုတ်။ သံ၊၂။၄၅-၈။

**ဥဒါနေတိ** ^၁(ကြိ) [(၁) ဥ+အန+ဏေ+တိ။ (၂) ဥ+အာ+နီ+အ+တိ။ ဥဒါန်း နောင် ကရိတ်၏ အနက်၌ ဏပစ္စည်းသက်၍ ဥဒါနေ-ဟု ဖြစ်၏၊

ဤ၀ိဘတ်, သ အာဂုံဖြင့် ဥဒါနေသိ-ဟု ပြီးရသည်။ ဥဒါနေသိ- ဥဒါန်းပြုပြီ၊ (ဝါ) ကျူးရင့်ပြီ-ဟုပေး။ အဋ္ဌသာ၊ဘာသာဋီ၊၁။ ၆၉။] ထွက်ပေါ်စေ၏။ ထုတ်ဆောင်ကျူးရင့်၏။ မြွက်ဆို၏။ ဣမံ ဥဒါနံ ဥဒါနေသိ(ဝိ၊၃။၂) တိ ဣမံ-----အတ္တမနဝါစံ နိစ္ဆာရေသီတိ ဝုတ္တံ ဟောတိ။ ဝိ၊ဋ္ဌ၊၃။၂၃၆။ ဥဒါနေသိ (ပဋိသံ။၃၃၂)တိ ဥဒါဟရိ။ ပဋိသံ၊ဋ္ဌ၊၂။၂၁၉။ **ဥဒါနေတိ** -မ၊ဋ္ဌ၊၄။၆၉။ သံ၊ဋီ၊၂။၅၀၉။ အံ၊ဋီ၊ ၁။၁၄၇။ **ဥဒါနေန္တိ**- ဒီ၊၃။၁၈၃။ ဒီ၊ဋ္ဌ၊၃။၁၈၃။ **ဥဒါနေမိ** -ဝိ၊၄။၃၄၀။ **ဥဒါနေသိ** – ဝိ၊၃။၁၇၊ ၂၈၆။ ဝိ၊၄။၃၃၉။ ဒီ၊၁။၄၄၊၄၇၊၈၇။ ဒီ၊၂။၇၆၊ ၉၀၊၁၁၃။ မ၊၁။၂၃၅။ မ၊၂။၁၇၆။ သံ၊၁။၁၉၊ ၂၀၊၂၆၊၁၆၂။ သံ၊၂။၄၅။ သံ၊၃။၂၃၀၊၃၇၁။ အံ၊ ၁၊၂။၂၀၈။ အံ၊၃။၁၃၁။ ပဋိသံ။၃၃၂။ ဥဒါန။ ၇၇၊၁၉၂။ ဝိ၊ဋ္ဌ၊၃။၂၃၆။ ဒီ၊ဋ္ဌ၊၁။၁၂၉။ ဒီ၊ဋ္ဌ၊ ၂။၁၄၇။ မ၊ဋ္ဌ၊၂။၁၀၂။ မ၊ဋ္ဌ၊၃။၇၀။၂၃၈။ အဘိ၊ ဋ္ဌ။၁။၁၂။ ပဋိသံ၊ဋ္ဌ၊၂။၂၁၉။ ဥဒါန၊ဋ္ဌ။၃၅၂။ အံ၊ဋီ၊၁။၈၆။

**ဥဒါနေတိ** ၂ (ကြိ) [ ဥဒါန+ဏ္ဍ+တိ] ဥဒါန်း (ဥဒ္ဒါန်း) ပြုလုပ်၏။ အကျဉ်းချုပ်-ခေါင်းစဉ်မာတိကာ-ပြုလုပ်၏။ ဝိညာဏဝဇ္ဇံ သဗ္ဗံ တေဝ ဓမ္မေ ဥဒါနေတိ (ဥဒ္ဒါနေတိ?)။ မူလဋီ၊ ၃။၁၈။ (-အနုဋီ၊၃။၂၂)။

**ဥဒါနေတွာ** ၁ (ကြိ၊ဝိ) [ (၁) ဥ+အန+ဏေ+တွာ။ (၂) ဥ+အာ+နီ+တွာ] ထွက်ပေါ်စေ၍၊ ထုတ်ဆောင်ကျူးရင့်၍၊ မြွက်ဆို၍။ အနေကဇာတိသံသာရန္တိ ဥဒါနံ ဥဒါနေတွာ။ ဒီ၊ဋ္ဌ၊ ၂။၇၉။ အံ၊ဋ္ဌ၊၁။၂၂၄။

**ဥဒါနေတွာ** ၂ (ကြိ၊ဝိ) [ဥဒါန ၂+ဏ္ဍ+တွာ] ဥဒါန်း (ဥဒ္ဒါန်း) ပြုလုပ်၍၊ အကျဉ်းချုပ်-ခေါင်းစဉ်မာတိကာ-ပြုလုပ်၍။ ဒသပိ စရိယာဝိသေသေ ဥဒါနေတွာ နိဂမေတိ။ စရိယာ၊ဋ္ဌ။၁၁၀။ မူလဋီ၊ ၃။၁၈။

**ဥဒါနေန္တ** (တိ) (၁) [ဥ+အန+ဏေ+အန္တ။ (၂) ဥ+အာ+နီ+အ+အန္တ ။ထိ-၌ ဥဒါနေန္တီ။] ထွက်ပေါ်စေသော၊ထုတ်ဆောင်ကျူးရင့်သော၊ မြွက်ဆိုသော၊သူ။ အာယသ္မတော ဘဒ္ဒိယဿ ----- အဘိက္ခဏံ ဥဒါနံ ဥဒါနေန္တဿ။ ဥဒါန။၉၈။ (-။အံ၊ဋ္ဌ၊၂။၂၁၂။) အရဟတ္တံ ပန ပတ္တာ ဥဒါနေန္တီ။ ထေရီ၊ဋ္ဌ။၁၅။

**ဥဒါနေန္တိ** (ကြိ) [(၁)ဥ+အန+ဏေ+အန္တိ။ (၂) ဥ+အာ+နီ+ အ+အန္တိ ] ထွက်ပေါ်စေကုန်၏၊ ထုတ်ဆောင်ကျူးရင့် မြွက်ဆိုကုန်၏။ ဥဒါနေတိ ၁-ကြည့်။

**ဥဒါနေမိ** (ကြိ) [(၁)ဥ+အန+ဏေ+မိ။ (၂) ဥ+အာ+နီ+အ+မိ] ထွက်ပေါ်စေ၏၊ထုတ်ဆောင်ကျူးရင့်မြွက် ဆို၏။ ဥဒါနေတိ ၁-ကြည့်။

**ဥဒါနေသိ** (ကြိ) [(၁)ဥ+အန+ဏေ+ဤ ။ (၂) ဥ+အာ+နီ+အ+ဤ ] ထွက်ပေါ်စေပြီ၊ ထုတ်ဆောင် ကျူးရင့် မြွက်ဆိုပြီ။ ဥဒါနေတိ ၁- ကြည့်။။

**ဥဒါနုဒါန** (န)[ ဥဒါန+ဥဒါန] ဝမ်းမြောက်စကားကို ထုတ်ဆောင်ကျူးရင့် မြွက်ဆိုခြင်း။ နစ္စာဒီဟိ ကီဠနံ ဗုဒ္ဓဘာဝံ ပတ္တာ ဥဒါနုဒါနဿ (ပုဗ္ဗနိမိတ္တံ)။ ဗုဒ္ဓဝံ၊ဋ္ဌ။ ၁၀၅။

**ဥဒါပ** (ပု၊န) [ ဥ+အာပ။ ဥ+အာပ+ဏ] တံတိုင်းခြေ။ ဥဒါပေါ ဥပကာရိကာ။ (တောင်ပေါက်မူ) ဓာန်။၂၀၃။ ဥဒ္ဒါပ၊ဥဒ္ဓါပ-တို့လည်းကြည့်။ (တောင်ပေါက်၊ဓာန်၊သျ-၌ သံယုတ်နှင့် တကွ ရှိသော ဥဒ္ဒါပ၊ဥဒ္ဓါပ-ဟူသောပါဌ်များ မသင့်ကြောင်း မိန့်ဆိုထားသည်။)

**ဥဒါယတိ** (ကာ၊ကြိ) [ဥ+ဏ္ဍ+ဏယ+တိ။ရုပ်ပြီးပုံ စလင်း ဂဏ္ဍီ။၁၁၁-၂ ကြည့်။] ထစေ-ဖြစ်စေ-၏။ ကာရိတေ ဥဒါယတီတိ ရူပံ ဘဝတိ၊ ဥဋ္ဌာပေတီတိ ဟိ အတ္ထော။ နီတိ၊ဓာ၊၂။

သမ္ပယုတ္တခေမ္မေ ဥဒါယတီတိ ဥဒိ၊ ဥဋ္ဌာပေတီတိ အတ္ထော။ ဝိ၊ဋ္ဌ၊၁။၁၁၈။ အဘိ၊ဋ္ဌ၊၁။၂၁၄။ ပဋိသံ၊ဋ္ဌ၊၁။၁၇၁။ ဝိသုဒ္ဓိ၊၁။၁၅၁။ မဟာနိ၊ဋ္ဌ။ ၁၁၆။

**ဥဒါယိတ္ထေရ** (ပု) [ဥဒါယီ+ထေရ] ဥဒါယီထေရ်။ (သာသနာတော်၌ ကာဠုဒါယီ,မဟာဥဒါယီ, လာဠုဒါယီ–ဟု ဥဒါယီထေရ် ၃–ပါးတွေ့ရ၏။) ဥဒါယိတ္ထေရော သတ္ထု နိက္ခန္တဘာဝံ ဉတွာ။ အံ၊ဋ္ဌ၊၁။၂၃၅။ (–ဝိ၊ဋ္ဌ၊၂။၁၃၆။ ဇာ၊ဋ္ဌ၊၇။၂၄၁။) ဥဒါယီ–လည်းကြည့်။

**ဥဒါယိတ္ထေရနာဂ** (ပု) [ ဥဒါယိတ္ထေရ+နာဂ] မကောင်းမှု အကုသိုလ်–မရှိ–ကင်းဝေး–သော ကာဠုဒါယီ ထေရ်။ ဥဒါယိတ္ထေရနာဂေန ဒေသိတံ ဗုဒ္ဓနာဂံ ဣတရေ ခီဏာသဝါ နာဂါ ဝိဇာနိံသု။ အံ၊ဋ္ဌ၊၃။၁၁၃။

**ဥဒါယိဝဂ္ဂ** (ပု) [ဥဒါယီ+ဝဂ္ဂ] ဥဒါယီဝဂ်။ သံယုတ္တနိကာယ မဟာဝဂ္ဂသံယုတ္တပါဠိ၊၂–သံယုတ်၊၃–ဝဂ်။သံ၊၃။၇၅–၈၀။

**ဥဒါယီ** (ပု) [ဥ+ဣ+ဏီ] ဥဒါယီမည်သူ။ (သာသနာတော်၌ ဥဒါယီမည်သူ ၅–ဦးတွေ့ရ၏။ ဥဒါယီမထေရ် ၄–ပါးနှင့် ဥဒါယီပုဏ္ဏားတို့ ဖြစ်ကြသည်။ (က) ကာဠုဒါယီမထေရ်သည် ပဒုမုတ္တရ ဘုရားရှင်လက်ထက် ဟံသာဝတီ မြို့၌ ဖြစ်၍ မြတ်စွာဘုရားထံ ကုလပ္ပသာဒက ဧတဒဂ်ရာထူးကို ပန်ဆင်ပြီး ကုသိုလ် ကောင်းမှု ပြုလုပ်ခဲ့သည်။ နောက်ဆုံးဘဝ၌ ဂေါတမဘုရားအလောင်းတော် ပဋိသန္ဓေ နေသောနေ့မှာပင် ကပိလဝတ်မြို့ အမတ် တစ်ဦး၏နေအိမ်တွင် ပဋိသန္ဓေ ယူခဲ့သည်၊ ဘုရားအလောင်းတော်နှင့် တစ်နေ့တည်း ဖွားမြင်သော ဖွားဘက်တော်တစ်ဦး ဖြစ်သည်။ တစ်မြို့လုံး ဝမ်းသာရွှင်ပျ တက်ကြွသောနေ့၌ ဖွားမြင်သောကြောင့် ဥဒါယီဟု အမည်မှည့်၏။ အနည်းငယ် အသားမည်းသောကြောင့် ကာဠနှင့် တွဲ၍ ကာဠုဒါယီ ဟု အမည်တွင်သည်။ မြတ်စွာဘုရားအလောင်းတော်နှင့် ကစားဖေါ် ကစားဘက်လည်း ဖြစ်သည်၊ နောင်အခါ မြတ်စွာဘုရားထံ တရားနာရ၍ ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ရှိကာ ဘုရားရှင်အား ရာဇဂြိုဟ်မှ (ဆွေတော် မျိုးတော်တို့ရှိရာ) ကပိလဝတ်သို့ ပင့်ဆောင် ခဲ့ရာတွင် ဆွေတော်မျိုးတော်တို့ ကြည်ငြိုသဒ္ဓါ တိုးပွားစေရန် ဟောပြောဆောင်ရွက်မှုကို အကြောင်းပြု၍ ကုလပ္ပသာဒကအရာ၌ ဧတဒဂ် ထားတော်မူသည်။ အံ၊ဋ္ဌ၊၁။၂၃၃–၆။ ထေရ၊ဋ္ဌ၊၂။၁၆၅–၁၇၃။ ကာဠုဒါယီ–လည်းကြည့်။

(ခ)မဟာဥဒါယီထေရ်၊ကြီးသောကိုယ်ခန္ဓာ ရှိသောကြောင့် မဟာဥဒါယီဟု ခေါ်တွင်သည်၊ ဤမဟာဥဒါယီကို အကြောင်းပြု၍ နိသီဒိုင်အခင်း၏ အမြိတ်အဆာကို ခွင့်ပြုတော်မူသည်။ ဝိ၊၂။၂၂၁။ ဒီ၊ဋီ၊၃။၈၆။ မဟာ ဥဒါယီကိုပင် ပဏ္ဍိတဥဒါယီထေရ် ဟုလည်း ဖွင့်ဆိုသည်ကို တွေ့ရသည်။ မ၊ဋ္ဌ၊၃။၈၀။ သံ၊ ဋ္ဌ၊၃။၁၂၀။ ဤမဟာဥဒါယီထေရ်သည် ကပိလဝတ်ပြည်ဝယ် ပုဏ္ဏားမျိုး၌ ဖြစ်၍ ဆွေတော်မျိုးတော် ပရိသတ်၌ ပြအပ်သော မြတ်စွာဘုရား၏ တန်းခိုးအာနုဘော်ကို ဖူးမြင်ရကာ သဒ္ဓါတရားဖြစ်ပွား၍ ရဟန်း ပြုလျက် ဝိပဿနာတရား အားထုတ်ရာ မကြာမြင့်မီပင် ရဟန္တာအဖြစ်သို့ ရောက် ရှိလေသည်။ နာဂေါပမသုတ်အဆုံး၌ မိမိ၏ ဉာဏ်စွမ်းအလျောက် မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို ဆင်ခြင်အောက်မေ့ကာ ဂါထာတို့ဖြင့် ဖွဲ့သီ ချီးကျူးခဲ့လေသည်။ ထေရ၊ ဋ္ဌ၊၂။၂၅၈။ နာဂသုတ်အဖွင့် အဋ္ဌကထာ(အံ၊ ဋ္ဌ၊၃။၁၁၀)၌ကား ထိုသို့ချီးကျူးသော ပုဂ္ဂိုလ်မှာ

ကာဠုဒါယီဖြစ်သည်ဟု မိန့်ဆိုထားသည်။
(ဂ) လာဠုဒါယီ(လာလုဒါယီ) မထေရ်။ ထိုမထေရ်သည် ကောဝရိယ၏ သားဖြစ်၏။ ထေရဋ္ဌ၊၂။၂၅၈။ သေယျသကရဟန်း၏ ဥပဇ္ဈာယ်ဆရာတည်း။ တုန်လှုပ်သောသားကောင်နှင့်တူ၏။ အိပ်ခြင်း၌ မွေ့လျော်သော လျပ်ပေါ်လော်လီသော ရဟန်းတို့တွင် တစ်ဦးဖြစ်သည်။ ဝိ၊ဋ္ဌ၊၂။၁၀၅။ ဤလာဠုဒါယီကို အကြောင်းပြု၍ မြတ်စွာဘုရားသည် သိက္ခာပုဒ်များစွာ ပညတ်တော်မူခဲ့ရသည်၊ ၎င်းသိက္ခာပုဒ်တို့မှာ ကာယသံသဂ္ဂ သိက္ခာပုဒ် (ဝိ၊၁။၁၇၂-၃)၊ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ် (ဝိ၊၁။၁၈၆-၇)၊ အတ္တကာမ ပါရိစရိယသိက္ခာပုဒ် (ဝိ၊၁။၁၉၂-၄)၊ သဉ္စရိတ္တသိက္ခာပုဒ် (ဝိ၊၁။၁၉၉၊၂၀၀)၊ ပဌမ အနိယတသိက္ခာပုဒ် (ဝိ၊၁။၂၈၅-၆)၊ ဒုတိယ အနိယတသိက္ခာပုဒ် (ဝိ၊၁။ ၈၉၊၂၉၀)၊ ပုရာဏစီဝရသိက္ခာပုဒ် (ဝိ၊၁။၃၇၆-၇)၊ စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ်(ဝိ၊၁။၃၀၈-၃၁၀)၊ ဓမ္မဒေသနာသိက္ခာပုဒ်(ဝိ၊၂။၃၂-၃)၊ စီဝရသိဗ္ဗနသိက္ခာပုဒ်(ဝိ၊၂။၈၅-၆)၊ ရဟောနိသဇ္ဇသိက္ခာပုဒ် (ဝိ၊၂။၉၃-၄)၊ သဉ္စိစ္စသိက္ခာပုဒ် (ဝိ၊၂။၁၆၃-၄) တို့ဖြစ်သည်။ (ဃ) သံဃာအား ပါတိမောက် ရွတ်ပြသော ကျီးကန်း အသံကဲ့သို့ အသံရှိသော ဥဒါယီရဟန်း။ (င) ဥဒါယီမည်သော ပုဏ္ဏား။

တယော ထေရာ ဥဒါယီ နာမ လာဠုဒါယီ ကာဠုဒါယီ မဟာဥဒါယီတိ။ ဒီ၊ဋ္ဌ၊၃။၈၇။ (-ထေရ၊ဋ္ဌ၊၂။၂၅၈။အံ၊ဋီ၊၃။၃၀၄။) (က) ဝေဝ ဝုတ္တေ အာယသ္မာ ဥဒါယီ ဘဂဝန္တံ တေဒဝေါစ။ အံ၊၂။၃၀၃။ အာယသ္မာ ဥဒါယီတိ ပဋိသမ္ဘိဒါပတ္တော ကာဠုဒါယီတ္ထေရော။ အံ၊ဋ္ဌ၊ ၃။၁၁၀။ သကလနဂရဿ ဥဒဂ္ဂစိတ္တဒိဝသေ ဇာတောတိ ဥဒါယီတွေဝ နာမံ အကံသု။ ထောက် ကာဠုဓာတုကတ္တာ ပန ကာဠုဒါယီ နာမ ဇာတော။ အံ၊ဋ္ဌ၊၁။၂၃၄။ ထေရ၊ဋ္ဌ၊၂။၁၆၅။ (-အံ၊၃။၂၄၂။ အံ၊ဋ္ဌ၊၃။၂၈၃။ ဗုဒ္ဓဝံ၊ဋ္ဌ၊၂၈၃၇။) (ခ) အာယသ္မာ ဥဒါယီ ဘဂဝန္တံ တေဒဝေါစ။ ဒီ၊၃။၉၅။ ဋ္ဌမ မဟာဥဒါယီ အဓိပ္ပေတော။ ဒီ၊ဋ္ဌ၊၃။၈၇။ ဥဒါယီတိ နာမံမဟာသရီရတာယ ပန ထေရော မဟာဥဒါယီတိ ပညာယိတ္ထ။ ဒီ၊ဋီ၊၃။၈၆။ (-ဝိ၊၂။၂၂၁။ မ၊၂။၅၉၊၁၁၁။ သံ၊၂။၄၂၃။ မ၊ဋ္ဌ၊၃။၈၀၊၁၁၄။ သံ၊ဋ္ဌ၊၃။၁၂၀။) (ဂ) အဒ္ဒသ ခေါ အာယသ္မာ ဥဒါယီ အာယသ္မန္တံ သေယျသကံ။ ဝိ၊၁။၁၅၁။ ဥဒါယီတိ တဿ ထေရဿ နာမံ၊ အယဥှိ သေယျသကဿ ဥပဇ္ဈာယော လာဠုဒါယီ နာမ။ ဝိ၊ ဋ္ဌ၊၂။၁၀၅။ (-မ၊၃။၂၅၁။ မ၊ဋ္ဌ၊၄။၁၈၁။) (ဃ) အာယသ္မာ ဥဒါယီ သံဃဿ ပါတိမောက္ခုဒ္ဒေသကော ဟောတိ ကာကဿရကော။ ဝိ၊၃။၁၅၅။ (င) အထခေါ ဥဒါယီ ဗြာဟ္မဏော ယေန ဘဂဝါ တေနုပသင်္ကမိ။ အံ၊၁။၃၅၂။

**ဥဒါယီသုတ္တ** (န) [ဥဒါယီ+သုတ္တ] ဥဒါယီသုတ်။ (ဥဒါယီအမည်နှင့် ၅-သုတ် တွေ့ရ၏၊ ၂-သုတ်၌သာ ဥဒါယီပုဏ္ဏား၊ လာဠုဒါယီမထေရ်-ဟု အမည်သီးခြား တွေ့ရ၍ ကျန် ၃-သုတ်၌ မည်သည့် ဥဒါယီ ဟု မတွေ့ရ။

သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော်လာ ဥဒါယီသုတ်၌ အရှင်ဥဒါယီက အရှင်အာနန္ဒာအား "မြတ်စွာဘုရားသည် ဤကာယကို အနတ္တဟု ဟောကြားသကဲ့သို့ ဝိညာဏ်ကိုလည်း အနတ္တဟု ဟောကြားပညတ်ခြင်းငှါ တတ်ကောင်းပါ၏လော" ဟု မေးမြန်းရာ ထိုကဲ့သို့ဟောကြားရန် တတ်ကောင်းကြောင်း အကျယ် ဖြေဆိုထားသည်။ ဤသုတ်၌ အနိစ္စဖြင့် အနတ္တလက္ခဏာကို ဟောတော်မူသည်။ သံ၊၂။၃၇၅-၇။ သံ၊ဋ္ဌ၊၃။၅၀။

မဟာဝဂ္ဂသံယုတ် ပါဠိတော်လာ ဥဒါယီသုတ်၌ အရှင်ဥဒါယီသည် မြတ်စွာ

ဘုရားအထံတော်မှ ခန္ဓာ ငါးပါး ရုပ်နာမ်နှင့် စပ်သော တရားကို နာရ၍ ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ ဖြစ်မှုပျက်မှုကို သုံးသပ်ဆင်ခြင်ကာ သစ္စာလေးပါးကို သိမြင်ရကြောင်း၊ "ခီဏာ ဇာတိ" စသော ပစ္စဝေက္ခဏာဉာဏ်အကျိုးငါ ကပ်၍ဆောင်နိုင်သော ဝိပဿနာလမ်းစဉ်နှင့် ဗောဇ္ဈင်တရားတို့ကို ရရှိကြောင်းကို အရှင် ဥဒါယီက မြတ်စွာဘုရားအား လျှောက်ထား သည်။ သံ၊၃။၇၉-၈၀။

အင်္ဂုတ္တရနိကာယ၊ စတုက္ကနိပါတ ပါဠိတော်လာ ဥဒါယီသုတ်၌ ဥဒါယီပုဏ္ဏားက မေးသဖြင့် မြတ်စွာဘုရားသည် ကိုယ်တော်မြတ် ချီးမွမ်းအပ်သော ယညနှင့် မချီးမွမ်းအပ်သော ယညကို ခွဲခြား၍ ဟောကြားတော်မူသည်။ အံ၊ ၁။၃၅၂-၃။

အင်္ဂုတ္တရနိကာယ၊ ပဥ္စကနိပါတ ပါဠိတော်လာဥဒါယီသုတ်၌ "အရှင်ဥဒါယီသည် များစွာသော လူပရိသတ်ခြံရံလျက် တရား ဟောနေပါကြောင်း" အရှင်အာနန္ဒာက မြတ်စွာ ဘုရားအားလျှောက်ထားရာ မြတ်စွာဘုရားက "သူတပါးအား တရားဟောရန် မလွယ် ကူကြောင်း၊ သူတပါးကို တရားဟောသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ တရားငါးမျိုးဖြစ်စေ ၍ ဟောရမည်ဖြစ်ကြောင်း "ဟောတော် မူသည်။ အံ၊၂။၁၆၂၊

အင်္ဂုတ္တရနိကာယ၊ ဆက္ကနိပါတ ပါဠိတော်လာ ဥဒါယီသုတ်၌ မြတ်စွာဘုရားက လာဠုဒါယီအား အနုဿတိဋ္ဌာနကို မေးတော် မူရာ အလိုတော်ကျအောင် မဖြေနိုင်၍ အရှင် အာနန္ဒာအား တဖန်မေးတော်မူရာ အရှင် အာနန္ဒာက အနုဿတိဋ္ဌာနတို့ကို ဖြေဆိုသည်။ အံ၊၂။၂၈၄-၆။

**ဥဒါဝတ္တ** (ကြိ၊ဝိ) [ဥ+အာ+ဝတု(ဝတ္တ)+တွာ။ တမုဒါဝတ္တိတွာ-ဟုဆိုလိုလျက် ဆန်းကြောင့် တမုဒါဝတ္တ-ဟု ရှိနေသည်။] ပြန်လည်၍၊ ပြန်နစ်၍။ တမုဒါဝတ္တ ကလာဇကိ(ဇာ၊၂။ ၁၅) တိ တံ ကေသေ ပရာမသိတွာ ဋ္ဌိတံ ဣသိံ ဥဒါဝတ္တိတွာ နိဝတ္တိတွာ။ ဇာ၊ဋ္ဌ၊၅။၁၆၉။ ဥဒါဝတ္တာတိ ဣဒံ တွာပစ္စယန္တပဒံ၊ ဥဒသဒ္ဒေါ စ နိပါတမတ္တော၊ တေနာဟ ဥဒါဝတ္တိတွာ နိဝတ္တိတွာတိ။ ဇာ၊ဋီ၊သစ်၊ယံ။ကျော။

**ဥဒါဝတ္တိတွာ** (ကြိ၊ဝိ) [ဥ+အာ+ဝတု(ဝတ္တ)+တွာ] ပြန်လည်၍၊ပြန်နစ်၍။ အထက်ပုဒ်ကြည့်။

**ဥဒါသိနတ္တ** (န) [ဥဒါသိန+တ္တ] လျစ်လျူရှု သည်၏ အဖြစ်။ ပကတိယာပိ ဥဒါသိနတ္တာ သာတိသယံ တတ္ထ မဇ္ဈတ္တတာ သဏ္ဍာတိ။ ဝိသုဒ္ဓိ၊ဋီ၊၁။၃၇၅-၆။

**ဥဒါသိနဝုတ္တိ** (ထီ) [ဥဒါသိန+ဝုတ္တိ ] လျစ် လျူရှုသောအားဖြင့် ဖြစ်ခြင်း။ ပိယာဒိ- ဘေဒေသု သဗ္ဗသတ္တေသု ဥဒါသိနဝုတ္တိယာ သမဘာဝဿေဝ ဒဿနကိစ္စာ။ ဝိသုဒ္ဓိ၊ဋီ၊ ၁။၃၈၀။

**ဥဒါသိ(သီ)န** (တိ)[ဥ+အာသ+တ။တ-ကို ဤန- ပြု။ ဝိ၊ပိ၊ဓာန်။] (ဖေါ်ပြလတ္တံ့သောပါဠိဝါကျ တို့၌ "သိ၊သီ"ဟု ရဿ ဒီဃနှစ်မျိုး တွေ့ရသော် လည်း ထေရမနိဓိ၊ အမရကောသတို့နှင့် သက္ကတအင်္ဂလိပ် အဘိဓာန်တို့၌ ဒီဃနှင့် ချည်းရှိသည်။) လျစ်လျူရှုသော၊ ချစ်ခြင်း, မုန်းခြင်း, ဝမ်းမြောက်ခြင်း, စိုးရိမ်ပူပန်ခြင်း မရှိဘဲ အလယ်အလတ် သဘောရှိသော၊သူ။ ယော ပန ဒ္ဒိသုပိ ဝတ္တူသု မဇ္ဈတ္တော ဥဒါသိနော။ ဒီ၊ဋ္ဌ၊၂။၃၈၅။ မ၊ဋ္ဌ၊၁။၃၀၃။ မဇ္ဈတ္တဝေဒနာ သုခါကာရေ ဒုက္ခာကာရေ စ ဥဒါသိနာ ဟောတိ။ မူလဋီ၊၁။၄၁။ ဥဒါသိနာတိ နတိအပနတိရဟိတာ။ အနုဋီ၊၁။၄၄။ အညဒတ္ထု ဥဒါသီနောဝ ဘဝေယျ။ ဝိသုဒ္ဓိ၊၂။၂၈၄။ (-

မ၊ဋ္ဌ၊၁။၁၀၅။ ဇာတကဝဏ်၊ဋ္ဌ။၈၇၊၂၅၇။ ထေရ၊ ဋ္ဌ၊၁။၁၁၉။ စူဠနိ၊ဋ္ဌ၊၉၉။ သာရတ္ထ၊၁။၄၅၆။ သံ၊ ဋီ၊၂။၂၄၅။ ဝိသုဒ္ဓိ၊ဋီ၊၁။၃၇၅။ ဝိသုဒ္ဓိ၊ဋီ၊၂။၄၅၉။ နေတ္တိ၊ဋီ။၁၁၇။)

**ဥဒါသိနစိတ္တ** (တိ) [ဥဒါသိန+စိတ္တ] လျစ်လျူရှုသော စိတ်ရှိသော၊သူ။ ပမုဒိတော ဝ ဒေတိ အာဒရဇာတော၊ န ဥဒါသိနစိတ္တော။ သီ၊ဋီ၊ သစ်၊၁။၂၅၅။

**ဥဒါသိ(သီ)နတာ** (ထီ) [ဥဒါသိ(သီ)န+တာ ] လျစ်လျူရှုသည်၏အဖြစ်။ ဥပေက္ခာနုဗြူဟနာ သတ္တသခါရေသု ဥဒါသိနတာပိ အသခံတာ- ဓိဂမဿ ဥပါယော။ မ၊ဋီ၊၁။၁၉၂။ မဇ္ဈတ္တပုဂ္ဂလံ အနုဿရန္တဿ ဥဒါသိနတာ သဏ္ဌာတိ။ ဝိသုဒ္ဓိ၊ ဋီ၊၁။၃၇၃။ (-ဝိသုဒ္ဓိ၊ဋီ၊၂။၄၅၉။)

**ဥဒါသိနဓာတုက** (တိ) [ဥဒါသိန+ဓာတု+က ] လျစ်လျူရှု သောသဘောရှိသော၊သူ။ တသ္မာ သော သရီရဇဂ္ဂနေပိ ဥဒါသိနဓာတုကော ဝ။ ဥဒါန၊ဋ္ဌ။၁၄၉။

**ဥဒါသိ(သီ)နပက္ခ** (ပု) [ဥဒါသိ(သီ)န+ပက္ခ] (၁)လျစ်လျူရှုသောအဖို့။ (တိ)(၂) လျစ်လျူ ရှုသောအဖို့ရှိသော။ (၁)ပကတိယာ သဘာဝေန ဇာမဿ ဘိက္ခုနော ဥဒါသိနပက္ခေ ဌိတော။ ဝိသုဒ္ဓိ၊ဋီ၊၁။၃၇၅။ (တိ) (၂) အလောဘေန စေတ္တ သကပက္ခေသု သတ္တသခါရေသု နိဗ္ဗုတော ဟောတိ။-----အမောဟေန ဥဒါသိနပက္ခေသု။ အဘိ၊ဋ္ဌ၊၁။၁၇၃။ ဝိသုဒ္ဓိ၊ဋီ၊ ၁။၁၃၆။ (-မဟာနိ၊ဋ္ဌ။၁၅၁။ မူလဋီ၊၁။၉၁။)

**ဥဒါသိနပုဂ္ဂလ** (ပု) [ဥဒါသိန+ပုဂ္ဂလ ] လျစ် လျူ ရှုသော ပုဂ္ဂိုလ်။ အထ ဥဒါသိနပုဂ္ဂလော ဟောတိ။ စရိယာ၊ဋ္ဌ။၂၈၄။ ဒီ၊ဋီ၊၁။၇၅။ သီ၊ ဋီ၊သစ်၊၁။၂၆၁။

**ဥဒါဟဋ** (တိ) [ဥ+အာ+ဟရ+တ] ထုတ် ဆောင်အပ်သော။ ဥဒါဟဋမွိ အနုဒါဟဋ- သဒိသမေဝ။ အဘိ၊ဋ္ဌ၊၃။၂၁၀။ (-အံ၊ဋ္ဌ၊၃။၅၉။ ဝိမတိ၊၁။၂၆၉။ ဝိမတိ၊၂။ ၂၆၂။)

**ဥဒါဟဋဂါထာ** (ထီ) [ဥဒါဟဋာ+ဂါထာ] ထုတ် ဆောင်အပ်သောဂါထာ။ ဇာမ ဥဒါဟဋဂါထာ ဝိယ။ နေတ္တိ၊ဋီ။၁၃၀။

**ဥဒါဟဋဝေလာ** (ထီ) [ဥဒါဟဋာ+ဝေလာ] ထုတ်ဆောင် အပ်ရာ အခါ။ ယဿ ပုဂ္ဂလဿ သဟ ဥဒါဟဋဝေလာယ ဓမ္မာဘိသမယော ဟောတိ။ အဘိ၊ပု။၁၄၇။ ဒီ၊ဋ္ဌ၊၂။၆၀။ မ၊ဋ္ဌ၊ ၂။၈၅။ သံ၊ဋ္ဌ၊၂။၄။ မဟာနိ၊ဋ္ဌ။၃၃၈။ သဟ ဥဒါဟဋဝေလာယာတိ ဥဒါဟာရေ ဥဒါဟဋ- မတ္တေယေဝ။ အဘိ၊ဋ္ဌ၊၃။၇၃။ အံ၊ဋီ၊၂။၃၃၄။ (-ဒီ၊ဋီ၊၂။၆၄။ မူလဋီ၊၃။၄၁။)

**ဥဒါဟရဏ** (နု) [ဥ+အာ+ဟရ+ယု] (က) ထုတ်ဆောင်-မြွက်ဆို-ညွှန်ပြ-ခြင်း။ (ခ) ထုတ်ဆောင်အပ်သော- ဥဒါဟရုဏ်-ပြယုဂ်- ပုံစံ-သက်သေ-အထောက်အ ထား။ (က) သမယသဒ္ဒဿ အတ္ထုဒ္ဓါရေ အဘိသမယ- သဒ္ဒဿ ဥဒါဟရဏံ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။ မ၊ဋီ၊၁။၃၅။ အံ၊ဋီ၊၁။၃၄။ (-မ၊ဋီ၊၂။၁၄၆။ အံ၊ ဋီ၊၃။၆၀။) ဝေ အဿာဒါဒယော ဥဒါဟရဏ- ဝသေန သရူပတော ဒဿေတွာ။ နေတ္တိ၊ဋ္ဌ။၄၆။ ဥဒါဟရဏဝသေနာတိ နိဒဿနဝသေန။ နေတ္တိ၊ဋီ။၄၃။ ဥဒါဟရဏဝသေနာ (နေတ္တိ၊ ဋ္ဌ။၂၄၉)တိ နိဒဿနဝသေန ကေဒေသ- ဒဿနဝသေနာတိ အတ္ထော။ နေတ္တိ၊ဋီ။၁၃၉။ ဥဒါဟရဏဝသေနာ (မူလဋီ၊၁။၄၇) တိ နိဒဿနဝသေန၊ န နိရဝသေသဒဿန- ဝသေန။ အနုဋီ၊၁။၄၉။ (-အနုဋီ၊၂။၁၄၃။) (ခ) န ဟိ သက္ကာ ဝေ ဝုတ္တေ ပရဝါဒိနာ သဟဓမ္မိကံ ဥဒါဟရဏံ ဥဒါဟရိတုံ။ အဘိ၊ဋ္ဌ၊ ၁။၃၁။(-အဘိ၊ဋ္ဌ၊၃။၁၄၈၊၂၁၇။)

**ဥဒါဟရဏဃောသ** (ပု) [ဥဒါဟရဏ+ဃောသ] ထုတ်ဆောင်- မြွက်ဆို-ကျူးရင့်-အပ်သော အသံ။ ဝါက္ကရဏန္တိ ဥဒါဟရဏဃောသော။ ဒီ၊ ဋ္ဌ၊၁။ ၂၅၂။ မ၊ဋ္ဌ၊၃။ ၂၈၆။ ဝါစာဝ ကရဏံ--- -ဥဒါဟရဏဃောသောတိ ဝုတ္တံ။ ဝစီဘေဒ- သဒ္ဒေါတိ အတ္ထော။ သီ၊ဋီ၊သစ်၊၂။ ၂၈၆။(- သာရတ္ထ၊၃။၁၈၁။ ဝိမတိ၊၂။ ၂၁။ မ၊ဋီ၊၃။၁၉၁။)

**ဥဒါဟရဏတ္ထ** (တိ) [ဥဒါဟရဏ+အတ္ထ] ထုတ်ဆောင်-ညွှန်ပြ-ခြင်းအနက်ရှိသော။ နိဒဿနတ္ထေနာတိ ဥဒါဟရဏတ္ထေန။ အနုဋီ၊ ၂။၈။

**ဥဒါဟရဏဒဿန** (နု) [ဥဒါဟရဏ+ဒဿန] ဥဒါဟရုဏ်-ပြယုဂ်-ပုံစံ-သက်သေ-ကိုပြခြင်း။ ယထာတိအာဒိ ဥဒါဟရဏဒဿနေန ယထာ- ဝုတ္တဿ အတ္ထဿ ပါကဋကရဏံ။ အနုဋီ၊ ၃။၁၄။ (-အနုဋီ၊ ၂။၁၃၁၊ ၂၁၄။ အနုဋီ၊၃။ ၂၇၊ ၃၀၂။)

**ဥဒါဟရဏဒဿနတ္ထ** (ပု) [ ဥဒါဟရဏဒဿန+ အတ္ထ] ဥဒါဟရုဏ်-ပြယုဂ်-ပုံစံ-သက်သေ- ကိုပြခြင်းအကျိုး။ ယထာကထံ ဝိယာတိ အတ္ထိဘာဝဿ ဥဒါဟရဏဒဿနတ္ထံ ပုစ္ဆာ။ ပဋိသံ၊ဋ္ဌ၊၂။၃၀၅။

**ဥဒါဟရဏဒေါသ**(ပု) [ဥဒါဟရဏ+ဒေါသ] ဥဒါ- ဟရုဏ်-ပြယုဂ်-ပုံစံ-၏အပြစ်။ န ကိဉ္စိ ဇာတန္တိ ပဋိညာဒေါသ ဟေတုဒေါသဥဒါဟရ- ဏဒေါသဒုဋ္ဌဒေါသတာယ န ကိဉ္စိဇာတံ။ မ၊ ဋီ၊၃။၁၁၃။

**ဥဒါဟရဏပုဗ္ဗက** (တိ) [ဥဒါဟရဏ+ပုဗ္ဗ+က] ဥဒါဟရုဏ်လျှင် ရှေ့သွားရှိသော။ တထာ ပန နိဒ္ဒိသန္တော ဥဒါဟရဏပုဗ္ဗကံ ဟေတုံ ဒဿေတုံ ယထာနာမာတိအာဒိ ဝုတ္တံ။ မ၊ဋီ၊၃။ ၂၈၆။

**ဥဒါဟရဏမတ္တ** (တိ) [ဥဒါဟရဏ+မတ္တ ] ဥဒါဟရုဏ်-ပြယုဂ်-ပုံစံ-မျှဖြစ်သော။ ဆာယာဝ အနပါယိနီတိ ဣဒံ သုခါနုဂမနဿ ဥဒါ- ဟရဏမတ္တံ။ နေတ္တိ၊ဋီ၊၁၀၄။ (-အနုဋီ၊၃။၄၁။ နေတ္တိ၊ဋီ၊၁၃၉။)

**ဥဒါဟရဏယုတ္တဝါဒ** (ပု) [ဥဒါဟရဏယုတ္တ+ ဝါဒ] ဥဒါဟရုဏ်နှင့်ယှဉ်သော-အယူ-ဝါဒ။ ကာရဏဝါဒါတိ ဥဒါဟရဏယုတ္တဝါဒံ ဝဒါ- မာတိ ကထေန္တာ။ မဟာနိ၊ဋ္ဌ။ ၂၄၆။

**ဥဒါဟရဏသာဓမ္မိယ** (နု) [ဥဒါဟရဏ+ သာဓမ္မိယ] ဥဒါဟရုဏ်နှင့်-တူသော သဘော ဂုဏ်လက္ခဏာရှိသည်၏-တူသည်၏-အဖြစ်။ ဥဒါဟရဏသာဓမ္မိယာ သာဓျသာဓနံ ဟေတု။ ဝိသုဒ္ဓိ၊ဋီ၊၂။ ၂၆၇။

**ဥဒါဟရဏသုတ္တ** (နု) [ဥဒါဟရဏ+သုတ္တ] ထုတ် ဆောင် အပ်သော-သုတ်-ပါဠိ။ စိရဋ္ဌိတတ္တံ - ----ဥဒါဟရဏသုတ္တာနံ၊လက္ခဏာနုဋ္ဌ သမ္ဘဝေါ။ နေတ္တိ၊ဋ္ဌ။ ၂၇၅။ ဥဒါဟရဏ- သုတ္တသင်္ခါတံ ပါဠိံ တသ္မိံ တသ္မိံ လက္ခဏ- ဘူတေ နေတ္တိဂန္ထေ သမ္မဒေဝ နိယော- ဇေန္တော။ နေတ္တိ၊ဋီ။၁၆။

**ဥဒါဟရဏာဘာဝ** (ပု) [ဥဒါဟရဏ+အဘာဝ] ဥဒါဟရုဏ်-ပုံစံ-၏မရှိခြင်း။ ဧဝမ္ပိ န သိဇ္ဈတိ ဥဒါဟရဏာဘာဝတော။ အနုဋီ၊၃။၆၃။

**ဥဒါဟရတိ** (ကြိ) [ဥ+အာ+ဟရ+အ+တိ] ထုတ် ဆောင်၏၊ မြွက်ဆို၏၊ပြောဆို၏။ န ယာဝ ဘဂဝါ ဘိက္ခုသံဃံ အာရဗ္ဘ ကိဉ္စိဒေဝ ဥဒါဟရတိ။ ဒီ၊၂။၈၅။ သံ၊၃။၁၃၃။ (-အံ၊ ၁။၅၁၀။) န ဥဒါဟရတီတိ ပစ္ဆိမံ ဩဝါဒံ န ဒေတိ။ ဒီ၊ဋ္ဌ၊၂။၁၃၇။သံ၊ဋ္ဌ၊၃။ ၂၃၇။ **ဥဒါဟရန္တိ**- မ၊ဋ္ဌ၊၁။၇၂။ သံ၊ဋ္ဌ၊၂။၄၀။ ဇာ၊ဋ္ဌ၊၂။၁၅၉။ သံ၊ ဋီ၊၂။၃၄၂။ ဝိသုဒ္ဓိ၊ဋီ၊၂။၂၃၈။ **ဥဒါဟရေယျ**- ဝိ၊၃။၂၅၈။ ဝိ၊၄။၄၂၉။ သံ၊၃။၁၃၃။ အံ၊၂။၁၇၁။ သုတ္တနိ။ ၃၃၇။ သုတ္တနိ၊ဋ္ဌ၊၂။၁၀၅။ **ဥဒါဟရိ**-

အပ၊၁။၇၀။ အပ၊၂။၉။ အပ၊၄၊၂။၂၇။ **ဥဒါဟာသိ**- ဇာ၊၄၊၂။၂၉၃။ **ဥဒါဟရိသု**- အံ၊ ၄၊၂။၂၀၈။ **ဥဒါဟရိဿတိ**- သံ၊၃။၁၃၃။ နေတ္တိ၊၄။၃၅။

**ဥဒါဟရန္တ** (တိ) [ဥ+အာ+ဟရ+အန္တ ] ထုတ်ဆောင်-မြွက်ဆို-သော၊သူ။ သမ္မာဒိဋ္ဌိ-သဟဂတေန စိတ္တေန"အတ္ထိ ဒိန္န"န္တိအာဒီနိ **ဥဒါဟရန္တဿ** ကမ္မံ မနောကမ္မံ ဟောတိ။ အဘိ၊ ၄၊၁။၁၃၇။ (-ထေရ၊၄၊၂။၄၀၅။ နေတ္တိ၊၄။၁၄၁၊ ၂၆၉။ ဇာ၊၄၊၃။၂၇၁။ နေတ္တိ၊ဝိ။၂၁၉၊၃၄၇။)

**ဥဒါဟရန္တိ** (ကြိ) [ ဥ+အာ+ဟရ+အန္တိ ] ထုတ်ဆောင်-မြွက်ဆို-ပြောဆို-ကုန်၏။ ဥဒါဟရတိ-ကြည့်။

**ဥဒါဟရိံသု** (ကြိ) [ ဥ+အာ+ဟရ+ဥံ ] ထုတ် ဆောင်-မြွက်ဆို-ပြောဆို-ကုန်ပြီ။ ဥဒါဟရတိ-ကြည့်။

**ဥဒါဟရိ** (ကြိ) [ ဥ+အာ+ဟရ+ဤ ] ထုတ်ဆောင်-မြွက်ဆို-ကျူးရင့်-ပြီ။ ဥဒါဟရတိ-ကြည့်။

**ဥဒါဟရိတ** (တိ) [ ဥ+အာ+ဟရ+တ ] ထုတ်ဆောင်အပ်သော။ ပါဠိယာ သာဓနေတ္ထ ဥဒါ-ဟရိတဘာဝဿ ပစ္စက္ခတော ဝိညာယ-မာနတ္တာ။ သီ၊ဋီ၊သစ်၊၁။၅၃။

**ဥဒါဟရိတဗ္ဗ** (တိ) [ ဥ+အာ+ဟရ+တဗ္ဗ ] ထုတ်ဆောင်-မြွက်ဆို-အပ်သော။ တဒဟု-ပေါသထေ စာတုဒ္ဒသေ ဝါ ပန္နရသေ ဝါ တသ္မိံ ပုဂ္ဂလေ သမ္မုခီဘူတေ သံဃမဇ္ဈေ ဥဒါဟရိတဗ္ဗံ။ ဝိ၊၄။၄၂၉။ (-ဥဒါန၊၄။၁၁၂။ နေတ္တိ၊၄။၉၂။ ဝိမတိ၊၂။၂၆၂။ ကင်္ခါ၊ဋီ။၁၁၀။ သီ၊ဋီ၊သစ်၊၁။၁၈၀။ မ၊ဋီ၊၁။၁၉၈၊၂၆၉။ ဝိသုဒ္ဓိ၊ ဋီ၊၈။၂၂၀။)

**ဥဒါဟရိတုံ** (ကြိ၊ဝိ) [ ဥ+အာ+ဟရ+တုံ ] ထုတ်ဆောင်ခြင်းငှါ။ န ဟိ သက္ကာ ဝေဝ ဝုတ္တေ ပရဝါဒိနာ သဟာဓမ္မိကံ ဥဒါဟရဏံ ဥဒါဟရိတုံ။ အဘိ၊၄၊၁။ ၃၁။

**ဥဒါဟရိတွာ** (ကြိ၊ဝိ) [ ဥ+အာ+ဟရ+တွာ ] ထုတ် ဆောင်-မြွက်ဆို-၍။ ဥဋ္ဌာရတမံ ပုညဝိပါကံ ဥဒါဟရိတွာ။ ဣတိဝုတ်၊၄။၇၂။ အံ၊ ဋီ၊၃။၁၈၂။ (-ဇာ၊၄၊၂။၆၀။)

**ဥဒါဟရိဿတိ** (ကြိ) [ဥ+အာ+ဟရ+ဿတိ ] ထုတ်ဆောင်-မြွက်ဆို-လတ္တံ့-လိမ့်မည်။ ဥဒါဟရတိ-ကြည့်။

**ဥဒါဟရိ(ရီ)ယတိ** (ကမ္မ၊ကြိ) [ဥ+အာ+ဟရ+ယ+တေ] ထုတ်ဆောင်-မြွက်ဆို-အပ်၏။ သပ္ပတိတိ သဒ္ဒေါ၊ ဥဒါဟရိယတိတိ အတ္ထော။ အဘိ၊၄၊၂။၄၂။ ဝိသုဒ္ဓိ၊၂။၁၁၂။ အနုပသဂ္ဂဿ သုတသဒ္ဒဿ အတ္ထုဒ္ဒါရေ သဉပသဂ္ဂေါပိ ဥဒါဟရီယတိ။ ဣတိဝုတ်၊၄။၂၁။ (-မ၊ဋီ၊၂။၁၄၆။ အံ၊ဋီ၊၃။၆၀။ မူလ၊ဋီ၊၂။၃၄။ နေတ္တိ၊ဋီ။၁၀၅။ ဝိသုဒ္ဓိ၊ဋီ၊၂။၈၇၊၁၇၁။) **ဥဒါဟရီယန္တိ**-အနု၊ဋီ၊ ၂။၁၁၀။ **ဥဒါဟရီယိဿတိ**-နေတ္တိ၊ဝိ။၄၉။

**ဥဒါဟရီယန္တိ** (ကမ္မ၊ကြိ) [ဥ+အာ+ဟရ+ယ+အန္တေ] ထုတ်ဆောင်-မြွက်ဆို-အပ်ကုန်၏။ ဥဒါဟရီယတိ-ကြည့်။

**ဥဒါဟရီယိဿတိ** (ကမ္မ၊ကြိ) [ဥ+အာ+ဟရ+ယ+ဿတေ] ထုတ်ဆောင်-မြွက်ဆို-အပ်လတ္တံ့။ ဥဒါဟရီယတိ-ကြည့်။

**ဥဒါဟရေယျ** (ကြိ) [ဥ+အာ+ဟရ+ဧယျ] ထုတ်ဆောင်-မြွက်ဆို-ပြောဆို-ရာ၏။ ဥဒါဟရတိ-ကြည့်။

**ဥဒါဟာရ** (ပု) [ ဥ+အာ+ဟရ+ဏ ] ဥဒါန်းစကား၊ဝမ်းမြောက်နှစ်သက် မြွက်ဆိုအပ်သော

စကား၊ ပီတိအဟုန်ကြောင့် ကျူးရင့်မြွက်ဆို အပ်သော စကား။ ဥဒါဟာရ(ပဋိသံ၊ဋ္ဌ၊၂။ ၂၁၉။)န္တိ ဥဒါဟာရဏယောသန္တိ အတ္ထော။ ပဋိသံ၊ ဂဏ္ဌိ။၃၃၇။ ဥဒါန် ဥဒါဟာရောတိ အတ္ထတော ဧကံ။ သီ၊ဋီ၊သစ်၊၂။၁၃။ (-ဥဒါန၊ဋ္ဌ၊၂။ သာရတ္ထ၊ ၁။၉၈။ သီ၊ဋီ၊သစ်၊၁။၁၂၈။) ဥဒါန-လည်းကြည့်။

**ဥဒါဟာရယောသ** (ပု) [ဥဒါဟာရ+ယောသ] ထုတ်ဆောင်- မြွက်ဆို-ကျူးရင့်-အပ်သော အသံ။ ဝါစာဝ ကရဏံ ဝါက္ကရဏံ၊ ဥဒါဟာရ-ယောသော။ ဒီ၊ဋီ၊၁။၃၁၅။

**ဥဒါဟာရနိဂ္ဃေါသ** (ပု) [ဥဒါဟာရ+နိဂ္ဃေါသ] ထုတ်ဆောင်-မြွက်ဆို-ကျူးရင့်-အပ်သော အသံ။ ဣမဿပိ ဥဒါနဿ ဥဒါဟာရ-နိဂ္ဃေါသော ဒသသဟဿိလောကဓာတုံ ဖရိတွာ အဋ္ဌာသိ။ သံ၊ဋ္ဌ၊၃။၃၂၉၊

**ဥဒါဟာရဝိသေသ** (ပု) [ ဥဒါဟာရ+ဝိသေသ] ထုတ်ဆောင်-မြွက်ဆို-ကျူးရင့်-အပ်သော စကားအထူး။ သော အဓိကော ဟုတွာ ---ဥဒါဟာရဝိသေသော ဥဒါနန္တိ ဝုစ္စတိ။ ဥဒါန၊ ဋ္ဌ။၂။ သာရတ္ထ၊၁။၉၈။ သီ၊ဋီ၊သစ်၊၁။၁၂၉။

**ဥဒါဟာသိ** (ကြိ) [ဥ+အာ+ဟရ+ဤ] ထုတ်ဆောင်ပြီ၊ မြွက်ဆိုပြီ၊ ပြောဆိုပြီ။ ဥဒါဟရတိ-ကြည့်။

**ဥဒါဟု** (ဗျ) [ဥတာဟော-သံ။ အမရ။၂၄။၅။] ဝိကပ္ပ=အထူးကြံစည်ခြင်း၊ တမျိုးတဖုံ ကြံစည်ခြင်း။ (ထိုသို့မဟုတ်၊ သို့တည်းမဟုတ်-ဟု မြန်မာပြန်ဆိုရသည်)။ အာဟော တု ကိံ ကိမုဒါဟု၊ဝိကပ္ပေ ကိမုတော'ဒ စ။ ဓာန်။ ၁၁၃၈။ ကိံ နု ခေါ သော သမဏော သဿုယာ ဇာရော၊ ဥဒါဟု ဩဘာသတိ။ ဝိ၊ ၂။၃၂။(-ဝိ၊၃။၁၄၃။ ဒီ၊၁။၁၄၅။ ဒီ၊ဋ္ဌ၊၁။၁၃၂။)

**ဥဒိ** (ပု) [ဥ+ဒု+ဣ။ပါ၊ဂံ၊သစ်၊၂။၁၈၈။] (သမ္ပယုတ်တရားတို့ကို) ထစေ-ကြွစေ-ထောင်စေ-ဖြစ်စေ-တတ်သောတရား (သမာဓိ)။ သမ္ပယုတ္တဓမ္မေ ဥဒါယတီတိ ဥဒိ၊ ဥဋ္ဌာ-ပေတီတိ အတ္ထော။ ဝိ၊ဋ္ဌ၊၁။၁၁၈။ အဘိ၊ဋ္ဌ၊ ၁။၂၁၄။ ပဋိသံ၊ဋ္ဌ၊၁။၁၃၇။ ဝိသုဒ္ဓိ၊၁။၁၅၁။ မဟာနိ၊ဋ္ဌ။၁၁၆။ ဧကောဒိ-လည်းကြည့်။

**ဥဒိက္ခတိ** (ကြိ) [ ဥ+ဣက္ခ+အ+တိ ] (၁)(က) ကြည့်ရှု၏။ (ခ) လျှစ်လျူရှု၏။ (၂) မျှော်လင့်-စောင့်မျှော်-ဆိုင်းငံ့-တောင့်တ-၏။ (၁) (က) ပလောဘယန္တိ မံ ယဒါ ဥဒိက္ခတိ၊ ဇာ၊၂။၄၀။ ဥဒိက္ခတီတိ ဝေရူပေဟိ နေတ္တေဟိ ယသ္မိံ ခဏေ ဩလောကေတိ။ ဇာ၊ဋ္ဌ၊၅။၂၂၇။(ခ) ဥဒိက္ခသိ (ဇာ၊၂။၃၅၂)တိ အဇ္ဈုပေက္ခသိ။ ဇာ၊ ဋ္ဌ၊၇။၃၂၉။ (၂) ဥဒိက္ခတိ(ဝိ၊ဋ္ဌ၊၁။၆၈)တိ အပေက္ခတိ ပတ္ထေတိ။ သာရတ္ထ၊၁။၁၇၈။ ဝိမတိ၊ ၁။၃၅။ **ဥဒိက္ခတိ**- ဇာ၊၁။၃၈၃၊၃၈၆။ ဇာ၊၂။၄၀။ ထေရ၊ဋ္ဌ၊၂။၂၁၇။ ဇာ၊ဋ္ဌ၊၅။၇၃၊၂၂၇။ ဇာ၊ဋ္ဌ၊ ၆။၃၂၉။ ဇာ၊ဋ္ဌ၊၇။ ၃၂၈။မဋီ၊၂။၃၉။ **ဥဒိက္ခသိ**- ထေရီ။၄၂၂။ ဇာ၊၂။၁၀၆၊၃၅၅။ ထေရီ၊ဋ္ဌ။၂၆၂။ ဇာ၊ဋ္ဌ၊၅။၄၂၆။ **ဥဒိက္ခေယျ**-ဇာ၊၂။၂၉၃။ ဇာ၊ ဋ္ဌ၊၇။၂၀၀။ **ဥဒိက္ခေသိ**-ဇာ၊၂။၂၉၄။ ဇာ၊ဋ္ဌ၊ ၇။၂၀၄။ **ဥဒိက္ခိသု** - ဇာ၊၂။၇၂။ ဇာ၊ဋ္ဌ၊၅။၃၂၈။ **ဥဒိက္ခိသံ**-ဝိမာန။၁၁၁။ ထေရ၊ ၂၆၉။ ဝိမာန၊ ဋ္ဌ။၂၉၇။ ထေရ၊ဋ္ဌ၊၂။၃။ **ဥဒိက္ခိသာမိ**- မ၊ ဋ္ဌ၊၄၊၉၇။

**ဥဒိက္ခန** (န) [ဥ+ဣက္ခ+ယု ] မျှော်လင့်-စောင့်မျှော်-တောင့်တ-ခြင်း။ သံဃပဋိမာနနန္တိ ဘိက္ခုသံဃဿ ပဋိမာနနံ ဥဒိက္ခနံ။ ပဋိသံ၊ ဋ္ဌ၊၁။၂၈၈။ ဝိသုဒ္ဓိ၊၂။၃၄၉။ သာရတ္ထ၊၁။၃၈၂။

**ဥဒိက္ခန္တ** (တိ)[ဥ+ဣက္ခ+အ+အန္တ ။ထိ-ဒ္ဒဥဒိက္ခန္တီ] (၁) ကြည့်ရှုသော၊သူ။ (ကြိ၊ဝိ)ကြည့်ရှုလျက်။ (၂) စောင့်မျှော်-ဆိုင်းငံ့-သော။ (ကြိ၊ဝိ) စောင့်မျှော်လျက်။ (၁) အန္တလိက္ခသ္မိံ ပက္ကာမိ၊

မြာဟ္မဏာနံ ဥဒိက္ခတံ။ ဇာ၊၁။၃၁၀။ မ၊ဋ္ဌ၊၃။ ၅၇။ ဇာ၊ဋ္ဌ၊၄။၃၈၃။ အာယာသမ္ဘိ ဥဒိက္ခန္တော ပိဋ္ဌိတော ပိဋ္ဌိတော အနုဗန္ဓိ။ အပ၊ဋ္ဌ၊၁။၂၃၃။ (-ပဋိသံ၊ဋ္ဌ၊၁။၁၁၅။ စရိယာ၊ဋ္ဌ။၁၀၈။ မ၊ဋီ၊၂။၃၄။ သံ၊ဋီ၊၁။၁၆၆။) (၂) ပဋိမာနေန္တောတိ အာဂမေန္တော၊ အာဂမနဿ ပတ္တေန္တော ဥဒိက္ခန္တောတိ အတ္ထော။ ဒီ၊ဋ္ဌ၊၁။၂၄၇။ (-သံ၊ဋ္ဌ၊၁။၂၇၀။ အံ၊ဋ္ဌ၊၁။၂၆၈။ သုတ္တနိ၊ဋ္ဌ၊၁။၈၇။ ထေရီ၊ဋ္ဌ။၁၉၁။ အပ၊ဋ္ဌ၊၁။၁၉၆။ ဇာ၊ဋ္ဌ၊၁။၃၆၄။) တာနိ အမ္ဗာ ဥဒိက္ခန္တိ၊ သောကံ ပဋိဝိနေဿတိ။ ဇာ၊၂။၃၅၃။

**ဥဒိက္ခမာန** (တိ) [ဥ+ဣက္ခ+အ+မာန] (၀) ကြည့်ရှုသော၊သူ။(ကြိ၊ဝိ) ကြည့်ရှုလျက်။ (၂) စောင့်မျှော်-ဆိုင်းငံ့-သော၊သူ။ (ကြိ၊ဝိ) စောင့်မျှော်လျက်။ (၁) အဿုပုဏ္ဏေဟိ နေတ္တေဟိ တံ ပုရိသံ ဥဒိက္ခမာနော။ ဝိသုဒ္ဓိ၊၁။၂၉၆။ (-ဇာ၊၂။၂၇။ ဗုဒ္ဓဝံ၊ဋ္ဌ၊၃၇။ ဇာ၊ဋ္ဌ၊၅။၁၉၄။) (၂) ကောသမ္ဗိဝါသိနော ----သတ္ထု အာဂမနံ ဥဒိက္ခမာနာ ဒသဗလဿ မဟာသက္ကာရံ သဇ္ဇယိံသု။ အံ၊ဋ္ဌ၊၁။၂၅၂။ (-အံ၊ဋ္ဌ၊၃။၂၆၀။ ဓမ္မ၊ဋ္ဌ၊၂။၂၇၇။ ဝိမာန၊ဋ္ဌ။၁၀၇။ ထေရ၊ဋ္ဌ၊၁။၄၀၈။ အံ၊ဋီ၊၃။၃၅၉။)

**ဥဒိက္ခသိ** (ကြိ) [ဥ+ဣက္ခ+အ+သိ] (က) ကြည့်ရှု၏။ (ခ)လျစ်လျူရှု၏။ ဥဒိက္ခတိ (၁)(က)(ခ)-ကြည့်။

**ဥဒိက္ခိံသု** (ကြိ) [ဥ+ဣက္ခ+ဥံ] ကြည့်ရှုကုန်ပြီ။ ဥဒိက္ခတိ (၁)(က)-ကြည့်။

**ဥဒိက္ခိတု** (ကြိ) [ဥ+ဣက္ခ+တု] ကြည့်ရှုတတ်သော၊သူ။ ပိယစက္ခုနာ ဗဟုဇနံ ဥဒိက္ခိတာ အဟောသိ။ ဒီ၊၃။၁၃၆။

**ဥဒိက္ခိဿံ** (ကြိ) [ဥ+ဣက္ခ+ဿံ။ ဘဝိဿန္တိ ဿံ ဝိဘတ်ကို အတိတ်၌သက်။ ရူ၊၄၇၃-သုတ်ကြည့်။ တနည်း - ဥ+ဣက္ခ+ဣံ။ ဣံ ဝိဘတ်ကို ဿံ ပြု သ တစ်လုံးကိုချေ။ နီတိ၊သုတ္တ။၁၁၀၃။] ကြည့်ရှုပြီ။ ဥဒိက္ခတိ (၁)(က)-ကြည့်။

**ဥဒိက္ခိဿာမိ** (ကြိ) [ဥ+ဣက္ခ+ဿာမိ] စောင့်မျှော်-ဆိုင်း ငံ့-အံ့-လိမ့်မည်။ ဥဒိက္ခတိ (၂)-ကြည့်။

**ဥဒိက္ခေယျ** (ကြိ) [ဥ+ဣက္ခ+ဧယျ] ကြည့်ရှုရာ၏။ ဥဒိက္ခတိ (၁)(က)-ကြည့်။

**ဥဒိက္ခေသိ** (ကြိ) [ဥ+ဣက္ခ+အ+ဧယျာသိ။ ယျာ-ကိုချေ။] ကြည့်ရှုပါလော။ ဥဒိက္ခတိ (၁)(က)-ကြည့်။

**ဥဒိစ္စ**[1] (ကြိ၊ဝိ) [ဥ+ဣ+တွာ] အထက်သို့သွား၍၊ ထ၍။ ယော တံ အဒ္ဒံသိ သရော ဥဒိစ္စ။ ဇာ၊၁။၂၀၉။ ဥဒိစ္စာတိ ဥဒ္ဓံ ဂန္တွာ၊ ဝမ္မိကဗိလတော ဥဋ္ဌဟိတွာတိ အတ္ထော။ စရိယာ၊ဋ္ဌ။၂၃၉။ ဇာ၊ဋ္ဌ၊၄။၃၂။

**ဥဒိစ္စ**[2](ပု) [ ဥဒိတ+ဏျ ] (၁) ဥဒိစ္စမည်သူ။ (တိ)(၂) ဖြစ်သော-ထင်ရှား-ကျော်စော-သော၊သူ။ (၁) အောက်ပုဒ်ကြည့်။ (တိ)(၂) ဗြဟ္မဇစ္စော ပုရေ အာသိံ၊ ဥဒိစ္စော ဥဘတော အဟု။ ထေရ။၃၃၅။ ဥဒိစ္စော ဥဘတောတိ မာတိတော စ ပိတိတော စ ဥဘတော ဥဒိတော သံသုဒ္ဓဂဟဏိကော။ ထေရ၊ဋ္ဌ၊၂။၃၃၅။

**ဥဒိစ္စမြာဟ္မဏ** (ပု) [ဥဒိစ္စ+မြာဟ္မဏ] ဥဒိစ္စ ပုဏ္ဏား။(သျ)။ အညတရဿ ဥဒိစ္စမြာဟ္မဏဿ ပုတ္တော ဟုတွာ နိဗ္ဗတ္တိ။ ထေရ၊ဋ္ဌ၊၁။၂၂၃။(-ဇာ၊ဋ္ဌ၊၂။၇၅။ဇာ၊ဋ္ဌ၊၄။၃၈၁။ဇာ၊ဋ္ဌ၊၆။၄၁။)

**ဥဒိစ္စမြာဟ္မဏကုလ** (န) [ ဥဒိစ္စ+မြာဟ္မဏ ကုလ ] ဥဒိစ္စ ပုဏ္ဏားမျိုး။ ဥဒိစ္စမြာဟ္မဏကုလေ နိဗ္ဗတ္တိတွာ ။ ထေရ၊ဋ္ဌ၊၂။၂၀၇။ ဇာ၊ဋ္ဌ၊၁။၃၆၃၊၃၇၇၊၃၈၃၊၃၉၅၊၄၃၀၊၄၅၇၊၄၇၅။ ဇာ၊

ဋ္ဌ၊၂။၃၉၅။ ဇာ၊ဋ္ဌ၊၃။၂၁၈။

**ဥဒိစ္စပြာပဟ္မကဇစ္စ** (တိ) [ဥဒိစ္စ+ပြာပဟ္မကဇစ္စ ] ဥဒိစ္စပုဏ္ဏားဇာတ်ရှိသော၊သူ။ အာယသ္မာပိ ပုဏ္ဏော ဥဒိစ္စပြာပဟ္မကဇစ္စော။ မ၊ဋ္ဌ၊၂။၆၁။ (-ဥဒါန၊ဋ္ဌ။၂၂၁။)

**ဥဒိစ္စပြာပဟ္မကမဟာသာလကုလ** (နု) [ဥဒိစ္စ+ပြာပဟ္မကမဟာသာလကုလ] ထင်ရှားကျော်စောသော များသော ဥစ္စာနှစ်ရှိသောပုဏ္ဏားမျိုး။ ဥဒိစ္စပြာပဟ္မကမဟာသာလကုလာပဗ္ဗဇိတော ဆန္နပရိဗ္ဗာဇကော။ ဒီ၊ဋ္ဌ၊၂။၁၇၉။ (-ဒီ၊ဋ္ဌ၊၃။၄၄။ အံ၊ဋ္ဌ၊၁။၁၀၀။ ဇာ၊ဋ္ဌ၊၂။၇၅။)

**ဥဒိစ္ဆတိ** (ကြိ) [ဥ+ဒိသ+အ+တိ] ကြည့်ရှု၏။ ဥဒိစ္ဆရေ ဇင်္ဂိလာ။ ဝိ၊၃။၃၃။အပ၊ဋ္ဌ၊၂။၂၇၇။ ဥဒိစ္ဆရေတိ ဥလ္လောကေသုံ၊ ပရိဝါရေသုန္တိ ဝါ အတ္ထော။ သာရတ္ထ၊၃။၂၀၄။(-ဝိမတိ၊၂။၉၆။)

**ဥဒိစ္ဆရေ** (ကြိ) [ဥ+ဒိသ+အန္တိ] ကြည့်ရှုကုန်ပြီ၊ ခြံရံကုန်ပြီ။ ဥဒိစ္ဆတိ-ကြည့်။

**ဥဒိတ**[၁](တိ) [ဥ+ဝဒ+တ] (၁) ပြောဆိုအပ်သော။ (၂) (က) အထက်သို့တက်သော။ (ခ) ဖြစ်သော၊သူ။ (ဂ) ထင်ရှားကျော်စောသော၊သူ။ (၁) ဝုတ္တော ဥဒိတမုဂ္ဂတော။ဓာန်။၁၀၇၅။ ဝုတ္တော ဝတ္တာဗ္ဗော၊ ဥဂ္ဂတေ ဥဒ္ဒံ ဂတော။ ဓာန်၊ဋီ။၁၀၇၅။ (၂) (က) ဥဒိတော အဇ္ဈာကာသေ(အပ၊၂။၁၁၈။)တိ သကလာကာသေ ဥဒိတော ဥဋ္ဌိတော ပါကဋ္ဌဘူတော။ အပ၊ဋ္ဌ၊၂။၂၂၆။ (ခ) ဥ-ဣတိ အယံ သဒ္ဒေါ ဥပ္ပန္နံ ဥဒိတန္တိ- အာဒီသု ဥပ္ပတ္တိ။ အဘိ၊ဋ္ဌ၊၂။၇၉။ ဥဒိစ္စ[၂] -လည်းကြည့်။ (ဂ) အလင်္ကာရတယောဒိတံ။ အလင်္ကာ။၂၅၂၊ (-၂၆၇။)အလင်္ကာရတာယ အလင်္ကာရ-သဘာဝေန ဥဒိတံ ပသိဒ္ဓံ ဟောတိ။ အလင်္ကာ၊ဋီ။၂၅၂။ ဥဒိတောတိ သမ္ဘူတော၊ ကိတ္တိတောတိ အတ္ထော။ အလင်္ကာ၊ဋီ။ ၂၆၇။

**ဥဒိတ**[၂] (တိ) [ဝဒ+တ။ဝ ကို ဥ ပြု။ ဓာန်၊ ဋီ။၇၅၅။ ဥဒ+တ] (က) ဆိုအပ်သော။ (ခ) ကျုံးရင့်မြွက်ဆို အပ်သော။ (က) ဥဒီရိတဍ္ဍ ကထိတံ၊ ဂဒိတံ ဘဏိတော'ဒိတာ။ ဓာန်။၇၅၅။ (ခ) ဥဒ-မောဒေ ကီဠယဍ္ဍာတိ ဟိ အက္ခရ-စိန္တကာ ဝဒန္တိ၊ ဣဒဍ္ဍ ယေဘုယျေန ဝုတ္တံ ဓမ္မသံဝေဂဝသေန ဥဒိတသာပိ ---ဥဒါနဿ ဥဒါနပါဠိယံ အာဂတတ္တာ။ သီ၊ဋီ၊သစ်၊၁။၁၂၉း

**ဥပါဒိယမာန** (တိ) [ဥပ+အာ+ဒါ+ယ+မာန] ယူ-စွဲလမ်း-သော၊သူ။ ကဟံ ပန သော ဘန္တေ ဘိက္ခု ဥပါဒိယမာနော ဥပါဒိယတီတိ။ မ၊၃။ ၅၁။ ဥပါဒိယမာနော ဥပါဒိယတီတိ ပဋိသန္ဓိဂ္ဂဏှမာနော ဂဏှာတိ။ မဋ္ဌ၊၄။၄၄။ ဥပါဒိ-ယမာနော ခေါ ဘိက္ခု ဗဒ္ဓေါ မာရဿ။ သံ၊၂။၆၁။ ဥပါဒိယမာနောတိ တဏှာမာနဒိဋ္ဌိ-ဝသေန ဂဏှမာနော။ သံဋ္ဌ၊၂။၂၅၈။ သဿတော အတ္တာတိ ဣဒံ ပုရိမဒိဋ္ဌိ ဥပါဒိယမာနံ ဥတ္တရဒိဋ္ဌိ နိဒဿေတုံ ဝုတ္တံ။ မဋီ၊၁။၃၁၉။ မူလဋီ၊၂။၁၂၁။ ဝိသုဒ္ဓိဋီ၊၂။၃၂၇။

**ဥပါဒိယိတွာ** (ကြိ၊ဝိ) [ဥပ+အာ+ဒါ+ယ+တွာ] ယူ၍၊ စွဲလမ်း၍၊ အကြောင်းပြု၍။ စတ္တာရိ မဟာဘူတာနိ ဥပါဒိယိတွာ ပဝတ္တန္တိ အတ္ထော။ ပဋိသံဋ္ဌ၊၁။၂၆၃။ ဥပါဒါယာတိ ဥပါဒိယိတွာ၊ ဂဟေတွာတိ အတ္ထော။ မဋ္ဌ၊၁။၂၂၇။ ဥပါဒိ-ယိတွာတိ ပစ္စယေ ကတွာ။ မဋီ၊၁။၃၂၄။ ပဋ္ဌ-ပါဒါနကွန္ဓေ "တော် မဟာ"တိ အာဒိနာ တဏှာ-ဒိဋ္ဌိဂ္ဂါဟဝသေန ဥပါဒိယိတွာ။ မဋီ၊၃။၃၈၉။

**ဥပါဒိဝိရဟိတ** (တိ) [ဥပါဒိ+ဝိရဟိတ] ခန္ဓာငါးပါးအပေါင်းမှ ကင်းဆိတ်သော။ အနုပါဒိ-သေသာယာတိ ဥပါဒိဝိရဟိတာယ။ မဟာနိ၊ ဋ္ဌ။၂၂၃။

**ဥပါဒိသေသ** (ပု) [ဥပါဒိ+သေသ] (၁) ခန္ဓာငါးပါးအကြွင်းအကျန်၊ ကိလေသာတို့မှ ကြွင်းကျန်သော ခန္ဓာငါးပါး။ (၂) စွဲလန်းမှု ဥပါဒါန် အကြွင်းအကျန်။ (၁) ဥပါဒိယတိ ကာမုပါဒါဒိဟိတိ ဥပါဒိ၊ ပဉ္စက္ခန္ဓသေတံ အဓိဝစနံ။ ဥပါဒိယေဝ သေသော ကိလေသေ-ဟိတိ ဥပါဒိသေသော။ ဝိဘာဝိနီ၊၂၁၆။ အနု-ပါဒိသေသ-လည်းကြည့်။ (၂) သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။ ဒီ၊၂။၂၅၁။ မ၊ ၁။၉၀။ သံ၊၃။၁၁၃။ ဣတိဝုတ်။၂၂။ သုတ္တနိ၊ ၃၉၁။ နေတ္တိဋီ၊၄၀၉၇။ သတိ ဝါ ဥပါဒိ-သေသေတိ ဥပါဒါနသေသေ ဝါ သတိ အပရိ-က္ခီဏေ။ ဒီဋ္ဌ၊၂။၃၉၅။ မဋ္ဌ၊၁။၃၀၅။ သတိ ဝါ ဥပါဒိသေသေတိ ဂဟဏသေသေ ဥပါဒါနသေသေ ဝိဇ္ဇမာနမှိ။ သံဋ္ဌ၊၃။၂၁၁။ သတိ ဝါ ဥပါဒိသေသေတိ သတိ ဝါ ကိလေသုပါဒိသေသေ ပဟာတုံ အသက္ကုဏေယျေ သတိ။ ဣတိဝုတ်ဋ္ဌ၊၁၆၁။ သတိ ဝါ ဥပါဒိသေသေတိ ဧတ္ထ ဥပါဒိယတိ အတ္တနော အာရမ္မဏံ ဂဏှာတိတိ ဥပါဒိ၊ ဥပါဒါနံ။ တေဿ ကေဒေသေ အပ္ပဟီနေ သတိတိ အတ္ထော။ သံဋီ၊၂။၄၄၈။

**ဥပါဒိသေသဒရထ** (ပု) [ဥပါဒိသေသ+ဒရထ] ခန္ဓာအကြွင်းအကျန်ကြောင့်ဖြစ်သော ပူပန်မှု။ ဣမမေဝ ကာယန္တိ ဣဒံ ဥပါဒိသေသဒရထ-ဒဿနတ္ထံ ဝုတ္တံ။ မဋ္ဌ၊၄။၁၁၀။ ဥပါဒိသေသ-ဒရထဒဿနတ္ထန္တိ သဗ္ဗသော ကိလေသုပဓိယာ ပဟီနာယ ခန္ဓောပဓိ အဝသိဋ္ဌာ၊ တပ္ပစ္စယာ ဒရထာ ဥပါဒိသေသဒရထာ၊ တံ ဒဿနတ္ထံ။ မဋီ၊၃။၃၂၃။

**ဥပါဒိယ** (တိ) [ဥပ+အာ+ဒါ+ဏျ] ယူအပ်-စွဲလမ်းအပ်-သော။ တဏှာဒိဋ္ဌိဟိ ဥပါဒိယတ္တာ။ ပဋိသံဂံ။၂၅၅။

**ဥပါဓိ** (ထီ) [ဥပ+အာ+ဓာ+ဣ] (၁) ရွှေခြေနင်း။ (၂) ကပ်ရောက်၍တင်ထားအပ်သော (အပြစ်)၊ အပြစ်တင်ခြင်း။ ချုပ်ချယ်ခြင်း။ (၁) ဥပါဓီရထမာရုယှာ(ဇာ၊၂။၁၅၅။ ဇာဋ္ဌ၊၆။၂၇။)တိ သုဝဏ္ဏပါဒုကာ စ ရထံ အာရောပေန္တုတိ အတ္ထော။ ဇာဋ္ဌ၊၆။၂၈။ ဥပါဓီတိ ပါဒုကဥ္ဇ ဂဟေတွာ။ ဇာဋီ၊ဟောင်း။ (၂) သာသဝါ သဥပဓိကာ(ဒီ၊၃။၉၃)တိ သဒေါသာ သဥပါ-

ရမ္မာ။ ဒီ၊ဋ္ဌ၊၃။၇၈။ ဥပေစ္စ အာဓိယန္တီတိ ဥပါဓိ၊ ဒေါသာရောပနာနိ။ သဟ ဥပါဓိဟီတိ သဥ-ပါဓိကာ။ ဒီ၊ဋီ၊၃။၇၈။ (ပါ၊ဋ္ဌ-တို့၌ သဥပဓိကာ၊ ဋီကာ-၌ သဥပါဓိကာ-ဟုရှိသည်။)

**ဥပါဓေယျ** (တိ) [ဥပါဓိ+ဏေယျ] အခင်း၊ ဆင်ကုန်းနှီး၊ အဆင်တန်ဆာ။ သသေတစ္ဆတ္တံ သဥပါဓေယျံ။ ဇာ၊၂။၃၃၁။ ဇာ၊ဋ္ဌ၊၇။၂၈၆။

**ဥပါနယတိ** (ကြိ) [ဥပ+အာ+နီ+အ+တိ] (က) ကပ်-ကပ်ဆောင်-လှူ-ပေးလှူ-၏။ (ခ) ဆောင်ယူ၏။ (က) ယော မေ ဘိက္ခုံ ဥပါနယိ။ အပ၊၁။၅၃။ ယော ဒေဝပုတ္တော မေ မမ ဘိက္ခုံ ဥပါနယိ အဒါသိ။ အပ၊ဋ္ဌ၊၁။၃၃၇။ (ခ) ဥပါနယိ နဂရံ သာဓုရူပံ။ ဇာ၊၁။၂၀၇။ ဇာ၊ဋ္ဌ၊၄။၂၁၊၂၂။ စရိယာ၊ဋ္ဌ။၃၄။ (-ဇာ၊၂။၃၀၂။ ဇာ၊ဋ္ဌ၊၇။၂၂၂။) **ဥပါနယိံသု**—ဇာ၊ဋ္ဌ၊၇။၃၈၀။

**ဥပါနယိ** (ကြိ) [ဥပ+အာ+နီ+ဤ] ကပ်-ကပ်ဆောင်-ပေးလှူ-ပြီ။ ဥပါနယတိ(က)ကြည့်။

**ဥပါနယီ** (ကြိ) [ဥပ+အာ+နီ+ဤ] ဆောင်ယူပြီ။ ဥပါနယတိ(ခ) ကြည့်။

**ဥပါနယိံသု** (ကြိ) [ဥပ+အာ+နီ+ဥံ] ဆောင်ယူကုန်ပြီ။ ဥပါနယတိ (ခ) ကြည့်။

**ဥပါယ**[၁] (ပု) [ဥပ+ဣ+ဏ။ ဓာန်၊ဋီ။၃၄၈] (၁) (တေဘူမကတရားတို့သို့) ကပ်ရောက်တတ်သော တရား။ (၂) သင့်လျော်သောအကြောင်း၊ အကြောင်းမှန်၊ နည်းလမ်း၊ အစီအရင်၊ ဥပါယ် တမည်။ (က) တဏှာဒိဋ္ဌိယော ဟိ တေဘူမက-ဓမ္မေ ဥပေန္တီတိ ဥပါယာ။ မ၊ဋ္ဌ၊၄။၆၃။ (ခ) ဥပါယတော (ဒီ၊ဋ္ဌ၊၂။၂၃၆)တိ ဝိဓိတော။ ...ယေန ဟိ ဝိဓိနာ ဓမ္မာနုဓမ္မပဋိပတ္တိ ဟောတိ၊ သော ဥပေတိ ဧတေနာတိ ဥပါယော။ ဒီ၊ဋီ၊ ၂။၂၁၁။ ဥပါယကောသလ္လံ။ ဒီ၊၃။၁၈၄။ တဿ တဿ ကာရဏံ ဥပါယော။ ဒီ၊ဋ္ဌ၊၃။၁၈၇။ ဧတေနေဝ ဥပါယေနာ(မ၊ဋ္ဌ၊၁။၁၉၆)တိ ဧတေ-နေဝ အဝိဟိံသာပဒေ ဝုတ္တေန ဝိဓိနာ။ မ၊ဋီ၊ ၁။၂၉၄။ ဥပါယေနာ(မ၊ဋ္ဌ၊၂။၃၁၃)တိ ပထေန ဉာယေန။ မ၊ဋီ၊၂။၃၂၀။ ဥပါယေနာ(မ၊ဋ္ဌ၊၄။ ၂၃၁)တိ ယေန ဝိဓိနာ အရိယမဂ္ဂေါ ဘာဝေ-တဗ္ဗော။ မ၊ဋီ၊၃။၄၁၉။ ဣမိနာဝုပါယေနာ (အဘိ၊ဋ္ဌ၊၃။၁၅၆)တိ ခန္ဓာဒိဘာဝါဝိဇဟနတော-တိ ဧဝံ ဝုတ္တေန ဟေတုနာ။ ဥပပတ္တိသာဓနေ-ယုတ္တိ ဟိ ဣဓ ဥပါယောတိ ဝုတ္တာ။ အနု၊ဋီ၊ ၃။၁၀၀။ နိဿရဏမ္ပိ စ ဖလံ ဥပါယော စ။ နေတ္တိ။၃။ နေတ္တိ၊ဋီ။၂၆။ နေတ္တိ၊ဝိ။၂၇။ သီ၊ဋီ၊ သစ်၊၁။၄၈၀။ ဥပါယောတိ အရိယမဂ္ဂပဒ-ဋ္ဌာနဘူတာ...မဂ္ဂ နိဗ္ဗာနာဓိဂမဿ စ ဟေတု-ဘာဝတော ဥပါယော။ နေတ္တိ၊ဋ္ဌ။၂၂။ ပစ္စယ-သာမဂ္ဂီ ဥပဂန္တွာ အယတိ ပဝတ္တတိ ဖလံ ဧတေနာတိ ဥပါယော။ ကော သော? အရိယ-မဂ္ဂဿ ပုဗ္ဗဘာဂပဋိပဒါ၊ ပုရိမာ ပဋိပဒါ ဟိ ပစ္ဆိမာယ ပဋိပဒါယ အဓိဂမုပါယော, ပရမ္ပ-ရာယ မဂ္ဂနိဗ္ဗာနာဓိဂမဿ စ ဥပါယော။ နေတ္တိ၊ ဝိ။၂၈။ အာဃာတာဒီနံ အကရဏံ-ယတော...ဝံ တံတံပယောဇနာဓိဂမဟေတု ဥပါယော၊ ဒီ၊ ဋီ၊၁။၁၉၁။ သီ၊ဋီ၊သစ်၊၁။၄၈၀။ အယံ ဥပါယော (နေတ္တိ။၇) တိ ...တံ ဝိသုဒ္ဓိယာ အဓိဂမ-ဟေတုဘာဝတော ဥပါယော။ နေတ္တိ၊ဋ္ဌ။၄၅။

**ဥပါယ**[၂] (န) [ဥပါယ+ကောသလ္လ] အကြောင်းဟုတ်သည်-ဥပါယ်-နည်းပရိယာယ်-၌ လိမ္မာခြင်း။ ဓမ္မေန ဉာယေန ဥပါယသော နယံ။ ဇာ၊၁။၁၇၉။ ဇာ၊ဋ္ဌ၊၃။၄၂၁။ ဥပါယသောတိ ဥပါယကောသလ္လေန။ ဇာ၊ဋ္ဌ၊၃။၄၂၂။

**ဥပါယကရဏ** (န) [ဥပါယ+ကရဏ] အကြောင်းမှန်-နည်းလမ်း-ကို ပြုလုပ်ခြင်း။ မုဒ္ဓနဿ ဥပါယကရဏတ္ထံ မဇ္ဈေ ပဋိသာခါနံ ပဋိသာခါ။ ပဋိသံ၊ဋ္ဌ၊၁။၂၂။ ဝိသုဒ္ဓိ၊၂။၂၉၉။ (-ပဋိသံ၊ဋ္ဌ၊ ၁။၉၇။ ဝိသုဒ္ဓိ၊၂။၂၉၀။)

**ဥပါယကုသလ** (တိ) [ဥပါယ+ကုသလ] အကြောင်းဟုတ်သည်-နည်းလမ်း-ဥပါယ်-၌ လိမ္မာသော၊ သူ။ အာယကုသလော အပါယကုသလော ဥပါယကုသလော မဟတာ ကောသလ္လေန သမန္နာဂတောတိ။ နေတ္တိ။၁၉။ ဥပါယောတိ သတ္တာနံ အစ္စာယိကေ ကိစ္စေ ဝါ ဘယေ ဝါ ဥပ္ပန္နေ တဿ တိကိစ္ဆနသမတ္ထံ ဌာနုပ္ပတ္တိကာရဏံ၊ တတ္ထ ကုသလောတိ အတ္ထော။ နေတ္တိ၊ဋ္ဌ။၇၈။ အစ္စာယိကေ ကိစ္စေ ဝါ ဘယေ ဝါ ဥပ္ပန္နေ သတိ တဿ ကိစ္စဿ, ဘယဿ ဝါ တိကိစ္ဆနသမတ္ထော ဌာနုပ္ပတ္တိယကာရဏေ ကောဝိဒတ္တာ ဥပါယကုသလောတိ ။ နေတ္တိ၊ ဋီ။၁၁၃။ ဇောဓိသတ္တော ... ပညာဝါ ဥပါယကုသလော အဟောသိ။ ဇာ၊ဋ္ဌ၊၁။၄၅၅။

**ဥပါယကောသလ္လ** (န) [ဥပါယ+ကောသလ္လ] (က) သင့်လျော်သောအကြောင်း-နည်းလမ်း-ဥပါယ်-တို့၌ သိမြင်လိမ္မာကျွမ်းကျင်ခြင်း။ (ခ) (ဒါနစသော ပါရမီတို့၏) အကြောင်းဖြစ်သော ပညာ။ (က) သဗ္ဗာပိ တတြုပါယာ ပညာ ဥပါယကောသလ္လ(အဘိ၊ဝိ။၃၃၈။ ဝိသုဒ္ဓိ၊ ၂။၇၀)န္တိ ဧတ္ထံ ပန အစ္စာယိကကိစ္စေ ဝါ ဘယေ ဝါ ဥပ္ပန္နေ တဿ တိကိစ္ဆနတ္ထံ ဌာနုပ္ပတ္တိယကာရဏဇာနနဝသေနေဝ ဝေဒိတဗ္ဗံ။ အဘိ၊ဋ္ဌ၊၂။၃၉၇။ သဗ္ဗတ္ထ ပန တေသံ တေသံ ဓမ္မာနံ ဥပါယေသု နိဗ္ဗတ္တိကာရဏေသု တံခဏပ္ပဝတ္တံ ဌာနုပ္ပတ္တိကံ ကောသလ္လံ ဥပါယကောသလ္လံ နာမ။ ဝိသုဒ္ဓိ၊၂။၇၀။ ဥပါယေ တဿ တဿ အတ္ထဿ နိဗ္ဗတ္တိကာရဏေ ကောသလ္လန္တိ ဝိသံ ဝိသုံ ကောသလ္လပဒံ သမ္ဗန္ဓိတဗ္ဗံ။ ဝိသုဒ္ဓိ၊ဋီ၊၂။၇၇။ (ခ) ဧဝံ မဟာကရုဏာ ဥပါယကောသလ္လဉ္စ။ တတ္ထ ဥပါယကောသလ္လံ နာမ ဒါနာဒီနံ ဇောဓိသမ္ဘာရဘာဝဿ နိမိတ္တဘူတာ ပညာ။ ဒီ၊ဋီ၊၁။၅၂။ သီ၊ဋီ၊သစ်၊၁။၂၅၈။

**ဥပါယကောသလ္လဉာဏ**(န) [ဥပါယကောသလ္လ+ဉာဏ] သင့်လျော်သောအကြောင်း-ဥပါယ်-နည်းလမ်း-တို့၌ ကျွမ်းကျင်လိမ္မာသော အသိဉာဏ်။ ဣဒမဿ အဇ္ဈ ဂေဟံ ဂတဿ ဘရိယာယ မရဏကာရဏန္တိ ဥပါယကောသလ္လဉာဏေနေဝ အညာသိ။ ဇာ၊ဋ္ဌ၊၃။၃၂၅။

**ဥပါယကောသလ္လတ္ထိ** (တိ) [ဥပါယကောသလ္လ+အတ္ထိ] အကြောင်းမှန်၌ကျွမ်းကျင်ခြင်းကို အလိုရှိသော၊သူ။ တံ ဣစ္ဆန္တေန ယသ္မာ ဥပါယကောသလ္လတ္ထိနာ အနုပါယကောသလ္လံ ဝိယ သံကိလေသော ဇာနိတဗ္ဗောတိ။ ဝိသုဒ္ဓိ၊ဋီ၊၁။၂၄။

**ဥပါယကောသလ္လပုဗ္ဗင်္ဂမ** (တိ) [ဥပါယကောသလ္လ+ပုဗ္ဗင်္ဂမ] အကြောင်းမှန်-ဥပါယ်-နည်းလမ်း-၌ ကျွမ်းကျင်လိမ္မာသော အသိဉာဏ်ပညာရှေ့သွားရှိသော။ ဣတိ ဧဝံ ပကာရံ သကလမေဝ သုတဝိသယံ ဥပါယကောသလ္လပုဗ္ဗင်္ဂမာယ ပညာယ...ဩဂါဟေတွာ။ သီ၊ဋီ၊သစ်၊၁။၂၈၅။

**ဥပါယကောသလ္လယောဂ** (ပု) [ဥပါယကောသလ္လ+ယောဂ] အကြောင်းမှန်-ဥပါယ်-နည်းလမ်း-တို့၌ ကျွမ်းကျင်လိမ္မာသောအသိဉာဏ်နှင့်ယှဉ်ခြင်း။ ပညာဝသေန ဟိ ဥပါယကောသလ္လယောဂတော ပရိစ္စာဂေါ ပရဟိတပဝတ္တိယာ ဒါနပါရမိဘာဝံ ဥပေတိ။ သီ၊ဋီ၊သစ်၊၁။၂၆၅။ (-မ၊ဋီ၊၂။၇၀။)

**ဥပါယစိန္တာ** (ထိ) [ဥပါယ+စိန္တာ] အကြောင်းမှန်-ဥပါယ်-နည်းလမ်း-ကို ကြံစည်ခြင်း။ ပါပကိရိယာသု ဥပါယစိန္တာဝသေန ပါပံ ကတွာ။ မ၊ဋ္ဌ၊၁။၁၉၂။ အဘိ၊ဋ္ဌ၊၂။၄၉၅။ ပဋိသံ၊ဋ္ဌ၊၁။၁၁၂၊ ၃၀၀။ သာရတ္ထ၊၃။၄၈၁။ (-မူလဋီ၊၂။၂၂၉။ အနုဋီ၊၂။၂၂၃။ ဝိသုဒ္ဓိဋီ၊၂။၇၈။)

**ဥပါယဇာနန** (န) [ဥပါယ+ဇာနန] အကြောင်းမှန်-နည်းလမ်း-ဥပါယ်-ကိုသိခြင်း။ အောက်ပုဒ်ကြည့်။

**ဥပါယညူ** (တိ) [ဥပါယ+ဉာ+ရူ] အကြောင်းမှန်-နည်းလမ်း-ဥပါယ်-ကိုသိသောသူ။ ဥပါယေန သမန္နာဂတော ဥပါယညူ ဝိသာရဒါ။ ဝိ၊ဋ္ဌ၊၂။ ၁၃၉။ တဿာ နာဝါယ အာဟရဏပဋိ-ဟရဏာဒိဥပါယဇာနနေန ဥပါယညူ။ သုတ္တနိ၊ဋ္ဌ၊၂။၆၄။

**ဥပါယတိ** (ကြိ) [ဥပ+အာ+ဣ+အ+တိ] ချဉ်းကပ်-ကပ်ရောက်-၏။ ဝိဝိခေဟိ ဥပါယန္တိ။ ဇာ၊၁။၂၁၆။ ဇာ၊ဋ္ဌ၊၄။၅၆။ ဝိဝိခေဟီတိ ဝိဝိခေဟိ ဥပါယေဟိ ဩတာရာပေက္ခာ ဥပဂစ္ဆန္တိ။ ဇာ၊ဋ္ဌ၊၄။၅၈။

**ဥပါယန္တိ** (ကြိ) [ဥပ+အာ+ဣ+အ+အန္တိ] ချဉ်းကပ်-ကပ်ရောက်-ကုန်၏။ အထက်ပုဒ်ကြည့်။

**ဥပါယတ္ထ** (ပု) [ဥပါယ+အတ္ထ] (၁) အကြောင်းဟူသော အနက်သဘော။ (တိ)(၂) ဥပါယ-အကြောင်းဟူသော-အနက်ရှိသော(သဒ္ဒါ)။ (၁) ဟေတွတ္ထေနာတိ ဥပါယတ္ထေန။ မူလ၊ဋီ၊၁။၉၈။ (တိ)(၂)ယောနိသောတိ စေတ္ထ ဥပါယတ္ထော ယောနိသောသဒ္ဒေါတိ ဒဿေန္တော အာဟ ဥပါယေန ပထေနာတိ။ ဝိသုဒ္ဓိ၊ဋီ၊၁။၅၅။ (-မူလဋီ၊၂။၁၆၆။ နေတ္တိ၊ဋီ။၅၃။)

**ဥပါယဒဿန** (န) [ဥပါယ+ဒဿန] အကြောင်းမှန်ကိုပြခြင်း၊ ပြီးစီးကြောင်းဥပါယ်ကို ပြခြင်း။ တဿ ပရိဝဇ္ဇနေ ဥပါယဒဿနံ။ သာရတ္ထ၊ ၁။၂၀၇။ သက္ကစ္စကိရိယာဒိဂ္ဂဟဏံ ပန တဿ ဥပါယဒဿနံ။ ဝိသုဒ္ဓိ၊ဋီ၊၂။၃၉၉။ (-မ၊ဋီ၊၂။၉၁။)

**ဥပါယဒဿနမုခ** (န) [ဥပါယဒဿန+မုခ] အကြောင်းဥပါယ်ကို ပြခြင်းလျှင်-အဦးမူ-ပြဋ္ဌာန်း-ခြင်း။ ဣတရာယ အဓိပ္ပါယမဂ္ဂနဿ စ ဥပါယဒဿနမုခေန တာသံ အညမညံ အဝိရောဓံ ဒဿေတုံ ကုသလာ ကုသလာနံ ပနာတိ အာဒိမာဟ။ အနုဋီ၊၂။၁၉၇။

**ဥပါယန** (န) [ဥပ+အာ+ဣ+ယု] လက်ဆောင်-ပဏ္ဏာ။ ဥပါယနာနိ မေ ဒဇ္ဇုံ။ ဇာ၊၂။၁၅၁။ ဇာ၊ဋ္ဌ၊၆။၁၈။ ဥပါယနာနီတိ ပဏ္ဏာကာရာနိ။ ဇာ၊ဋ္ဌ၊၆။၁၉။ တိမ္ဗာနိ ကတ္တာန ဥပါယနာနိ။ ဇာ၊၂။၃၁၁။ ဇာ၊ဋ္ဌ၊၇။၂၃၈။ ဥပါယနာနီတိ ပဏ္ဏာကာရေ။ ဇာ၊ဋ္ဌ၊၇။၂၃၉။ (-စရိယာ၊ဋ္ဌ။၄၇။)

**ဥပါယနိဒဿန** (န) [ဥပါယ+နိဒဿန] အကြောင်းဥပါယ်ကိုညွှန်ပြကြောင်းဖြစ်သောပုဒ်။ ဣတီတိ ဥပါယနိဒဿနံ၊ ဣမိနာ ဥပါယေနာတိ အတ္ထော။ အဘိ၊ဋ္ဌ၊၁။၄၃၁။ မဟာနိ၊ဋ္ဌ။၃၀၁။

**ဥပါယန္တရ** (န) [ဥပါယ+အန္တရ] အကြောင်း-ဥပါယ်-တမျိုး။ အဓိပ္ပါယဝိဇာနနံ အညေနပိ ကေနစိ ဥပါယန္တရေန သမ္ဘဝတိ။ သာရတ္ထ၊ ၂။ရ၁။

**ဥပါယပညာ** (ထီ) [ဥပါယ+ပညာ] အကြောင်းမှန်-ဥပါယ်-နည်းလမ်း-ကိုသိသော-ပညာ။ စီဝရကမ္မာဒီသု ဣတိကတ္တဗ္ဗေသု ဥပါယ-ပညာယ သမန္နာဂတေန ဘဝိတဗ္ဗံ။ မ၊ဋ္ဌ၊ ၃။၁၂၉။ (-ဇာ၊ဋ္ဌ၊၂။၁၅၈။ ဒီ၊ဋီ၊၃။၂၀၉။ မ၊ဋီ၊၃။၈၃။)

**ဥပါယပဋိပတ္တိ** (ထီ) [ဥပါယ+ပဋိပတ္တိ] အကြောင်းမှန်အားဖြင့်ကျင့်ခြင်း၊ အကြောင်းအားလျော်သောအကျင့်။ ပညာသဟိတေန ပန ဝီရိယေန န ကိဉ္စိ ဒုရဓိဂမံ ဥပါယပဋိပတ္တိတော။ စရိယာ၊ ဋ္ဌ။၂၈၈။ ဒီ၊ဋီ၊၁။ရ၉။ သီ၊ဋီ၊သစ်၊၁။၂၆၆။ (-နေတ္တိ၊ဋ္ဌ။၂၂။)

**ဥပါယပဋိသံယုတ္တ** (တိ) [ဥပါယ+ပဋိသံယုတ္တ] အကြောင်း-နည်းလမ်း-နှင့်-စပ်ယှဉ်သော-ဆက်စပ်သော-ပတ်သက်သော။ ဩပါယိကန္တိ ဥပါယပဋိသံယုတ္တံ။ ဝဇီရ။ ၄၁ရ။ ဩပါယိကန္တိ ဥပါယပဋိသံယုတ္တံ တေ ဥပဇ္ဈာယဂ္ဂဟဏံ။ သာရတ္ထ၊၃။၂၃၂။

**ဥပါယပထမနသိကာရလက္ခဏ** (တိ) [ဥပါယပထမနသိကာရလက္ခဏ] သင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း လက္ခဏာ ရှိသော။ အယံ ဝုစ္စတီတိ အယံ ဥပါယပထမနသိကာရလက္ခဏော ယောနိသောမနသိကာရော နာမ ဝုစ္စတိ။ မဋီ၊၁။၁၄၉။

**ဥပါယပယောဂ** (ပု) [ဥပါယ+ပယောဂ] သင့်လျော်သောအကြောင်း-နည်းမှန်လမ်းမှန်-အားဖြင့် အားထုတ်ခြင်း။ သမ္မာပယောဂေါ ဥပါယပယောဂေါ ဉာယာရမ္ဘော။ ဝိသုဒ္ဓိဋီ၊၂။၁၀၊(-၁၅။)

**ဥပါယပရိဂ္ဂဟ** (ပု) [ဥပါယ+ပရိဂ္ဂဟ] အကြောင်းမှန်ကိုသိမ်းဆည်းခြင်း။ အသမ္ဘဇာနော ဥပါယပရိဂ္ဂဟေ အနုပါယပရိဝဇ္ဇနေ စ သမ္မုယှတိ။ ဒီဋ္ဌ၊၂။၃၄၉။ မဋ္ဌ၁။၂၄၈။ သံဋ္ဌ၃။၂၁၆။ ပဋိသံဋ္ဌ၁။၁၆၃။ ဥပါယပရိဂ္ဂဟေတိ ဇွေ့ သီလဝိသောဓနာဒိ,ဂဏနာဒိ,ဥဂ္ဂဟကောသလ္လာဒိ စ ဥပါယော။ ဒီဋီ၊၂။၂၉၄။ မဋီ၊၁။၃၄၄။ သံဋီ၊၂။၄၅၅။

**ဥပါယပရိစ္စာဂ**— ဥပါယာပရိစ္စာဂ-ကြည့်။

**ဥပါယပရိယေသနစိတ္တ** (န) [ဥပါယပရိယေသန+စိတ္တ] အကြောင်းကို ရှာမှီးသော စိတ်။ တဿ စိတ္တဿ ဥပါယပရိယေသနစိတ္တံ တတောပိ စိတ္တတရံ။ သံဋ္ဌ၊၂။၂၉၉။ ဥပါယပရိယေသနစိတ္တန္တိ ဟတ္ထပါဒါ ဝေ လိခိတဗ္ဗာတိအာဒိနာ ယထာဝုတ္တဥပါယဿ စေဝ ပုဗ္ဗေ ပဝတ္တဿ ဘူမိပရိကမ္မဝဏ္ဏဓာတုသမ္မာယောဇနုပါယဿ စ ဝသေန ပဝတ္တံ စိတ္တံ။ သံဋီ၊၂။၂၅၃။

**ဥပါယပုစ္ဆာ** (ထီ) [ဥပါယ+ပုစ္ဆာ] အကြောင်းကို မေးသော ပုစ္ဆာ။ ကိန္တိ တေ အဓိဂတန္တိ ဥပါယပုစ္ဆာ။ ဝိဋ္ဌ၊၂။၈၁။ မဋ္ဌ၄။၆၄။ ဥပါယပုစ္ဆာတိ အဓိဂမုပါယပုစ္ဆာ။ သာရတ္ထ၊၂။၂၈၃။ မဋီ၊၃။၂၈၅။

**ဥပါယပ(ပ္ပ)ဓာန** (ပု၊န) [ဥပါယ+ပဓာန] အကြောင်းမှန်-နည်းလမ်းမှန်-အားဖြင့် အားထုတ်ခြင်း။ သံဝိဂ္ဂဿ စ ယောနိသော ပဓာနန္တိ ဝေ သံဝေဇာတဿ ဥပါယပဓာနံ။ ဒီဋ္ဌ၊၃။၁၆၆။ အဘိဋ္ဌ၁။၉၆။ ဥပါယပဓာနန္တိ ဥပါယေန ပဝတ္တေတဗ္ဗံ ဝီရိယံ။ ဒီဋီ၊၃။၁၈၃။ (-မဋ္ဌ၃။၁၆၈၊ အဘိဋ္ဌ၁။၄၃၄။) သမ္မပ္ပဓာနာတိ ကာရဏပ္ပဓာနာ ဥပါယပ္ပဓာနာ ယောနိသောပဓာနာ။ အဘိဋ္ဌ၊၂။၂၇၆။ (-မူလဋီ၊၂။၁၆၂။)

**ဥပါယမဂ္ဂ** (ပု) [ဥပါယ+မဂ္ဂ] သင့်သောအကြောင်းဟူသော-နည်းလမ်း-လမ်းစဉ်။ အရဟတ္တဉာဏသင်္ခါတဿ မောနဿ ပထေသု ဥပါယမဂ္ဂေသု သတ္တတိံသဗောဓိပက္ခိယဓမ္မေသု။ ထေရဋ္ဌ၁။၁၉၄။ (-သာရတ္ထ၃။၄၆။)

**ဥပါယမဂ္ဂညူ** (တိ) [ဥပါယမဂ္ဂ+ဉယ+ရူ] သင့်သော အကြောင်းဟူသော-နည်းလမ်း-လမ်းစဉ်-ကို သိသောသူ။ န တွံ ဥပါယမဂ္ဂညူ (အပ၊၂။၁၂၈)တိ တွံ နိဗ္ဗာနာဓိဂမုပါယဘူတမဂ္ဂညူ န အဟောသီတိ အတ္ထော။ အပဋ္ဌ၊၂။၂၃၇။

**ဥပါယမနသိကာရ** (ပု) [ဥပါယ+မနသိကာရ] သင့်လျော်သောအကြောင်း-နည်းလမ်း-အားဖြင့် နှလုံးသွင်းခြင်း၊ (ကုသိုလ်ဖြစ်ခြင်း၏) အကြောင်းဖြစ်သော နှလုံးသွင်းခြင်း။ ဥပါယမနသိကာရာ(ဒီဋ္ဌ၊၂။၅၀)တိ ဥပါယေန မနသိကရဏတော မနသိကာရဿ ပဝတ္တနတော။ ဒီဋီ၊၂။၄၈။ ဥပါယမနသိကာရော(ဒီဋ္ဌ၊၂။၃၆)တိ ကုသလဓမ္မပ္ပဝတ္တိယာ ကာရဏဘူတော မနသိကာရော။ ဒီဋီ၊၂။၂၁။ (-ဒီဋ္ဌ၁။၉၇။)

**ဥပါယမနသိကာရပရိယာယ** (ပု) [ဥပါယမန

သိကာရ+ပရိယာယ] ဥပါယမနသိကာရ၏ ပရိယာယ်။ ဣဓဒါနိ တံ ဥပါယမနသိကာရ- ပရိယာယံ ယောနိသောမနသိကာရံ သရူပ- တော...ဝုတ္တံ။ ဒီ၊ဋီ၊၂။၄၈။

**ဥပါယမနသိကာရသမ္ပတ္တိ** (ထီ) [ဥပါယမနသိ ကာရ+သမ္ပတ္တိ] သင့်လျော်သော အကြောင်း နည်းလမ်းအားဖြင့် နှလုံးသွင်းခြင်း၏ ပြည့် စုံခြင်း။ ယောနိသောမနသိကာရသမ္ပဒါတိ ဥပါယမနသိကာရသမ္ပတ္တိ။ သံ၊ဋ္ဌ၊၃။၁၆၉။

**ဥပါယယောနိသောအတ္ထဒီပကတာ** (ထီ) [ဥပါယ+ ယောနိသော+အတ္ထ+ဒီပက+တာ] ဥပါယအနက် ယောနိသောအနက်ကိုပြသည်၏ အဖြစ်။ သမ္မာသဒ္ဒဿ ဥပါယယောနိသောအတ္ထဒီပ- ကတံ သန္ဓာယ ဥပါယပ္ပဓာနာ ယောနိသော- ပဓာနာတိ ဝုတ္တံ။ မူလဋီ၊၂။၁၆၂။

**ဥပါယဝန္တု** (တိ) [ဥပါယ+ဝန္တု] သင့်လျော် လျောက်ပတ်သော အကြောင်း ရှိသော၊သူ။ ဓေနုတောပိ ဟိ ဥပါယဝန္တာနံယေဝ ခီရ- ပဋိလာဘော ဟောတိ။ သာရတ္ထ၊၁။ရ၁။

**ဥပါယဝိနိဗဒ္ဓါနုဗြူဟန** (တိ) [ဥပါယဝိနိဗဒ္ဓ+ အနုဗြူဟန] သင့်လျော်သောအကြောင်းကို တားမြစ်နှောင့်ယှက်တတ်သောတရားကို အဖန် ဖန် ပွားခြင်း။ ဩလီယနာတိဓာဝနာပရဂ္ဂိဟော ဥပါယဝိနိဗဒ္ဓါနုဗြူဟနာ မိစ္ဆာဘိနိဝေသ- သမန္နာဂမော။ မဋီ၊၁။၁၂၀။

**ဥပါယဝိနိဗန္ဓဝိဓမန** (န) [ဥပါယဝိနိဗန္ဓ+ဝိဓမန] သင့်လျော်သောအကြောင်းကို တားမြစ်နှောင့် ယှက်တတ်သောတရားကို မှုတ်လွှင့်ပယ်ရှားခြင်း။ ဩလီယနာတိဓာဝနာဝိဿဇ္ဇနံ ဥပါယဝိနိ- ဗန္ဓဝိဓမနံ မိစ္ဆာဘိနိဝေသာနုသာရီဘာဝေါ။ သံ၊ ဋီ၊၁။၅၂။

**ဥပါယဝီရိယ** (ပု) [ဥပါယ+ပဝတ္တ+ဝီရိယ] သင့် လျော်လျောက်ပတ်သော-နည်းလမ်း-အစီ အရင်-အားဖြင့်ဖြစ်သော အားထုတ်မှု၊ ဥပါယ- ဝီရိယေနာ(သံ၊ဋ္ဌ၊၁။၁၅ရ)တိ အနုပ္ပန္နာကုသ- လာနံ အနုပ္ပါဒနာယ ဝိဓိနာ ပဝတ္တဝီရိယေန။ သံ၊ဋီ၊၁။၂၀၃။

**ဥပါယသန္ဒဿန** (န) [ဥပါယ+သန္ဒဿန] သင့် လျော်သောအကြောင်းကို ပြခြင်း။ ဥပါယသန္ဒ- ဿနတ္တံ ဝုတ္တံ။ ပဋိသံ၊ဋ္ဌ၊၁။၃၁၂။ (-သီ၊ဋီ၊ သစ်၊၁။၃၄၃။)

**ဥပါယသမင်္ဂီ** (တိ) [ဥပါယ+သမင်္ဂီ] သင့်လျော်- လျောက်ပတ်-သော အကြောင်းနှင့်ပြည့်စုံသော၊ သူ။ ဥပါယသမင်္ဂီနံယေဝ နိပ္ပဇ္ဇနဘာဝံ ဒဿေန္တော "ဓေနု ဝိယ ခီရ" န္တိ အာဟ။ ဝိမတိ၊၁။၁၉။

**ဥပါယသမ္ပဒါ** (ထီ) [ဥပါယ+သမ္ပဒါ] ပြည့်စုံသော အကြောင်း၊ အသင့်အားဖြင့် အားထုတ်ခြင်း။ ဥပါယသမ္ပဒါယေတမဓိဝစနံ။ ဝိသုဒ္ဓိ၊၂။၆။ ဥပါယသမ္ပဒါယာတိ သမ္မန္နဥပါယဿ၊ ဉာယာ- ရမ္ဘဿာတိ အတ္ထော။ ဝိသုဒ္ဓိဋီ၊၂။၁၀။

**ဥပါယသမ္ပန္န** (တိ) [ဥပါယ+သမ္ပန္န] အကြောင်း- ဥပါယ်-နည်းပရိယာယ်-နှင့်ပြည့်စုံသော၊သူ။ ထေရော "ဥပါယသမ္ပန္နော သာမဏေရော"တိ ဝါသိဖလံ ပဝေသေတွာ အဒါသိ။ အဘိ၊ဋ္ဌ၊ ၂။၄၃၀။

**ဥပါယသမ္ပာဒန** (န) [ဥပါယ+သမ္ပာဒန] အ ကြောင်းမှန်၏ ပြည့်စုံခြင်းကို ပြီးစီးစေခြင်း။ မဇ္ဈနဿ ဥပါယသမ္ပာဒနတ္တံ။ ပဋိသံ၊ဋ္ဌ၊၁။၂၃။ ဝိသုဒ္ဓိ၊၂။၂၉၀။ ဥပါယသမ္ပာဒနတ္ထန္တိ အနိစ္စာ- ဒိဝသေန သုဋ္ဌု ပရိဂ္ဂဏှန် ပရိမဒ္ဒနာ ဥပါယော၊ တဿ သာဓနတ္ထံ။ ဝိသုဒ္ဓိဋီ၊၂။၄၅၄။

**ဥပါယသမ္ပာဒိတ** (တိ) [ဥပါယ+သမ္ပာဒိတ] သင့်လျော်-လျောက်ပတ်-သော အကြောင်း

အားဖြင့်ပြီးစေအပ်သော။ ပညာပရိဏာမိတေသု ဥပါယသမ္ဘာဒိတေသု။ ဝိသုဒ္ဓိ၊ဋီ၊၂။ရ၈။

**ဥပါယသဟိတ** (တိ) [ဥပါယ+သဟိတ] အကြောင်း-ဥပါယ်-နှင့်တကွဖြစ်သော။ ကုသလဿ ကရဏာကရဏေသု အာဒီနဝါနိသံသပစ္စဝေက္ခဏံ ပရေဟိ ဥဿာဟနန္တိ ဝေမာဒိဥပါယသဟိတေန။ မူလဋီ၊၁။၉၉။

**ဥပါယာစိက္ခဏ** (န) [ဥပါယ+အာစိက္ခဏ] အကြောင်း-နည်းလမ်း-ကို ပြောကြားခြင်း၊ ဒါနဂ္ဂံ ပန ဂ္ဂမေသံ ဒဿေန္တော ဥပါယာစိက္ခဏေန ပီတိံ ဥပ္ပါဒေန္တော။ ပေတ၊ဋ္ဌ။၁၁၄။

**ဥပါယာဇာနန** (န) [ဥပါယ+အဇာနန] အကြောင်းမှန်-ဥပါယ်-နည်းပရိယာယ်-ကို မသိခြင်း။ တဿ ဥပဒ္ဒဝဿ အဘာဝေ ဥပါယာဇာနနတော အယံ အသဗ္ဗညူတိ ဟေတုပတိရူပကမဟေတုံ ဝတွာ။ ဝဇီရ။၁၄၆။

**ဥပါယာပရိစ္စာဂ** (ပု) [ဥပါယ+အပရိစ္စာဂ] သင့်လျော်သောအကြောင်းကိုမစွန့်ခြင်း။ မုဋ္ဌဿတိ ဥပါယာပရိစ္စာဂေ အနုပါယာပရိဂ္ဂဟေ စ အသမတ္ထော ဟောတိ။ ဒီ၊ဋ္ဌ၊၂။၃၄၉။ မ၊ဋ္ဌ၊၁။၂၄၈။ သံ၊ဋ္ဌ၊၃။၂၁၆။ ပဋိသံ၊ဋ္ဌ၊၁။၁၆၃။ (အဘိ၊ဋ္ဌ၊၂။၂၀၉-၌ ဥပါယပရိစ္စာဂ-ဟု ရှိနေသည်။ ရှိသည့်အတိုင်းလည်း "အကြောင်းကိုစွန့်ခြင်း" ဟု ဘာသာဋီကာ၌ အနက်ပေးထားသည်။)

**ဥပါယာသ** (ပု) [ဥပ+အာ+ယသ+ဏ။ ဥပါယာသေတိ ဥပတာပေတီတိ ဥပါယာသော။ သံ၊ဋီ၊၂။၂၀၉] လွန်ကဲသော-အားကြီးသော-ပြင်းစွာ-လွန်စွာ-ပင်ပန်းခြင်း၊ စိတ်၏ ပင်ပန်းခြင်း။ ဥပ္ပဇ္ဇန္တိ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ။ ဒီ၊၁။၃၃။ မဟာနိ။၄။ (-ဒီ၊၂။၂၄၄။ အံ၊၁။၅၂၄၃၉။ ဣတိဝုတ်။၂ရ၁။ အဘိ၊ဝိ၊၁၀၅။) ဝိသာဒလက္ခဏော ဥပါယာသော။ ဒီ၊ဋ္ဌ၊၁။၁၁၂။ ဘုသော အာယာသော ဥပါယာသော။ မဟာနိ၊ဋ္ဌ။၂၅။ (-ဒီ၊ဋ္ဌ၊၂။၃၈၈။ အံ၊ဋ္ဌ၊၂။ရ။ အဘိ၊ဋ္ဌ၊၁။၄၁၅။ အဘိ၊ဋ္ဌ၊၂။၉၉။ ဣတိဝုတ်၊ဋ္ဌ။၂ရ၈။ အံ၊ဋီ၊၂။၅၊၃၂၆။ ဝိသုဒ္ဓိ၊ဋီ၊၂။၂၀၁။) ဉာတိဗျသနာဒိနာ ဖုဋ္ဌဿ ပရိဒေဝေနာပိ (ပရိဒေဝနာယပိ) အသက္ကုဏန္တဿ အန္တောဂတသောကသမုဋ္ဌိတော ဘုသော အာယာသော ဥပါယာသော။ ဒီ၊ဋီ၊၁။၁ရ၆။ သီ၊ဋီ၊သစ်၊၁။၄၅၁။

**ဥပါယာသကိလေသ** (ပု) [ဥပါယာသ+ကိလေသ] ပြင်းစွာပင်ပန်းခြင်းကိလေသာ။ ဗဟုပါယာသာတိ ဒိဋ္ဌဓမ္မိကသမ္ပရာယိကော ဥပါယာသကိလေသောယေဝေတ္ထ ဗဟု။ မ၊ဋ္ဌ၊၁။၃၆ရ။

**ဥပါယာသဓမ္မ** (တိ) [ဥပါယာသ+ဓမ္မ] ပြင်းစွာလွန်စွာ-ပင်ပန်းခြင်းသဘောရှိသော၊သူ။ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသဓမ္မာ သတ္တာ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသေဟိ ပရိမုစ္စန္တီတိ။ သံ၊၃။၃။ မ၊ဋ္ဌ၊၂။၂ရ၈။ သောကဓမ္မတော ပရိဒေဝဓမ္မတော ဥပါယာသဓမ္မတော။ ပဋိသံ။၄၁၁။ ဝိသုဒ္ဓိ၊၂။၂၄၆၊၂၈၉။ သောကပရိဒေဝဥပါယာသဟေတုတာယ သောကပရိဒေဝဥပါယာသဓမ္မတော။ ပဋိသံ၊ဋ္ဌ၊၂။၃၁ရ။ ဝိသုဒ္ဓိ၊၂။၂၄၈။

**ဥပါယာသနိဒ္ဒေသ** (ပု) [ဥပါယာသ+နိဒ္ဒေသ] ဥပါယာသကို အကျယ်ဝေဖန်ပြရာ။ ဥပါယာသနိဒ္ဒေသေ အာယာသနဋ္ဌေန အာယာသော။ ပဋိသံ၊ဋ္ဌ၊၁။၁၄၄။

**ဥပါယာသနာ** (ထီ) [ဥပ+အာယာသနာ] ပြင်းစွာပင်ပန်းခြင်း။ အာယာသနာ ဥပါယာသနာ အာယာသိတတ္တံ။ ပဋိသံ။၃၈။ အာယာသနာ-လည်းကြည့်။

**ဥပါယာသပရိယောသာန** (တိ) [ဥပါယာသ+ပရိယောသာန] ဥပါယာသအဆုံးရှိသော။ ကောဒသာဟီတိ ရာဂါဒီဟိ ဥပါယာသပရိယော-

သာနေဟိ ကောဒသဟိ သန္တာပနင္ဒေန အဂ္ဂိဟိ။ သံ၊ဋီ၊၂။၂၂၇။

**ဥပါယာသဗဟုလ** (တိ) [ဥပါယာသ+ဗဟုလ] များသော စိတ်ပင်ပန်းခြင်းရှိသော၊ စိတ်ပင်ပန်းခြင်းများသော၊သူ။ ကောဓနော ဟောတိ ဥပါယာသဗဟုလော။ အံ၊၁။၁၂၁။ ဓာတုဝိတ်၊ ဋ္ဌ။၃၂၄။ အံ၊ဋီ၊၂။၂၆၁။ (–ဇာ၊ဋ္ဌ၊၂။၂၅၃။)

**ဥပါယာသသံကိလေသ** (ပု) [ဥပါယာသ+သံကိလေသ] ပြင်းစွာပင်ပန်းခြင်း ကိလေသာ။ ဥပါယာသသံကိလေသေဟိ ဗဟုပါယာသာ။ မ၊ဋ္ဌ၊၃။၃၀။

**ဥပါယာသသဟိတ** (တိ) [ဥပါယာသ+သဟိတ] ပြင်းစွာပင်ပန်းခြင်းနှင့်တကွ ဖြစ်သော။ သဥပါယာသန္တိ ဥပါယာသသဟိတံ။ မဟာနိ၊ဋ္ဌ။၂၆၄။

**ဥပါယာသိ တ** (န) [ဥပ+အာ+ယသ+တ။ ဥပါယာသ+ဣတ] ပြင်းစွာပင်ပန်းသော၊ သူ။ အာယာသိတတ္တံ ဥပါယာသိတတ္တံ။ ပဋိသံ။၃၈။ ဥပါယာသိတဘာဝေါ ဥပါယာသိတတ္တံ။ ပဋိသံ၊ဋ္ဌ၊၁။၁၄၄။

**ဥပါယိဒ္ဒိပါဒ** (ပု) [ဥပါယ+ဣဒ္ဓိပါဒ] အကြောင်းဖြစ်သော ဣဒ္ဓိပါဒ်။ န ဥပါယိဒ္ဓိပါဒေါတိ အာဟ ဥပါယောစာတိ အာဒိ။ အနုဋီ၊၂။၁၆၇။

**ဥပါယိဒ္ဓိပါဒဒဿန** (န) [ဥပါယိဒ္ဓိပါဒ+ဒဿန] အကြောင်းဖြစ်သောဣဒ္ဓိပါဒ်ကိုပြခြင်း။ ဥပါယိဒ္ဓိပါဒဒဿနတ္ထမေဝ ဟိ နိဿယိဒ္ဓိပါဒဒဿနံ ကတံ။ သံ၊ဋီ၊၂။၅၁၂။ မူလဋီ၊၂။၁၆၇။ ဝိသုဒ္ဓိ၊ဋီ၊၂။၁၉။ နေတ္တိ၊ဋီ။၅၃။ ဥပါယိဒ္ဓိပါဒဒဿနတ္ထမေဝါတိ ဆန္ဒာဒိကေ ဓုရေ ဇေဋ္ဌကေ ပုဗ္ဗင်္ဂမေ ကတွာ နိဗ္ဗတ္တိတသမာဓိ (ဆန္ဒာဓိပတိသမာဓိတိ) ဆန္ဒာဒီနံ ဣဒ္ဓိယာ အဓိဂမူပါယဒဿနံ။ သံ၊ဋီ၊၂။၅၁၂။ အနုဋီ၊၂။၁၆၆။

**ဥပါရဒ္ဓ** (တိ) [ဥပ+အာ+ရဘ+တ] ဖိနှိပ်နှိပ်စက်–ညှဉ်းဆဲ–အပြစ်တင်–အပ်သော၊သူ။ ယေဟိ အညတိတ္ထိယာ ဥပါရဒ္ဓါဝ ဇာနန္တိ ဥပါရဒ္ဓသ္မာတိ။ အံ၊၃။၄၄၃။ ဥပါရဒ္ဓါဝ ဇာနန္တိ ဥပါရဒ္ဓသ္မာတိ ဝိရဒ္ဓါ နိဂ္ဂဟိတာ ဧဝံ ဇာနန္တိ "ဝိရဒ္ဓါ မယံ နိဂ္ဂဟိတာ မယံ၊ အာရောပိတော နော ဒေါသော"တိ။ အံ၊ဋ္ဌ၊၃။၃၃၆။

**ဥပါရမတိ** (ကြိ) [ဥပ+အာ+ရမု+အ+တိ] ကြဉ်ရှောင်၏။ သောဟံ ကထံ ဧတ္တော ဥပါရမေယျံ။ ဇာ၊၂။၁၄၃။ ဇာ၊ဋ္ဌ၊၅။၅၃၉။

**ဥပါရမေယျံ** (ကြိ) [ဥပ+အာ+ရမု+အ+ယျံ] ကြဉ်ရှောင်နိုင်ရာ၏။ အထက်ပုဒ်ကြည့်။

**ဥပါရမ္ဘ** (ပု) [ဥပ+အာ+ရဘ+အ။ ဓာန်ဋီ။၅၈၃။ ဥပ+အာရမ္ဘ။ ပါဂံ၊သစ်၊၁။၁၇၅] ချွတ်ချယ်–စွပ်စွဲကဲ့ရဲ့–အပြစ်တင်–မြည်တွန်–ခြင်း၊ ကပ်၍ စကားဖြင့် ညှဉ်းဆဲနှိပ်စက်–အပြစ်ပြ၍ ထိပါး ပုတ်ခတ်–ခြင်း။ တတ္ထ ကတမော ဥပါရမ္ဘော၊ ယော ဥပါရမ္ဘော အနုပါရမ္ဘော။ အဘိ၊ဝိ၊ ၃၈၇။(–အံ၊၁။၁၉၉။ ဒီ၊ဋ္ဌ၊၁။၂၈၅။ မ၊ဋ္ဌ၊၄။၉၆။) တတ္ထ ဥပါရမ္ဘနဝသေန ဥပါရမ္ဘော။ ... အယံ ပရဝဇ္ဇာနုပဿနလက္ခဏော ဥပါရမ္ဘော နာမ။ အဘိ၊ဋ္ဌ၊၂။၄၈၁။ ဥပေစ္စ ပရဿ ဝါစာယ အာရမ္ဘနံ ဗာဓနံ ဥပါရမ္ဘော၊ ဒေါသဒဿနဝသေန ဃဋ္ဋနန္တိ အတ္ထော။ ဒီဋီ၊၁။၃၄၄။ (–မဋီ၊၃။၃၁၀။) အာရမ္ဘနံ အာရမ္ဘော၊ ဘုသော အာရမ္ဘော ဥပါရမ္ဘော၊ တထာ။ ပရဿ ဝါဒေ ဒေါသာရောပနန္တိ အတ္ထော။ (မဏိဒီပ)။ ပါဂံ၊ သစ်၊၁။၁၇၅။ ပရူပါရမ္ဘ–လည်းကြည့်။

**ဥပါရမ္ဘကထာ** (ထီ) [ဥပါရမ္ဘ+ကထာ] ထိပါး–ထိခိုက်–ချွတ်ချယ်–ကဲ့ရဲ့–အပြစ်တင်–ကြောင်း ဖြစ်သောစကား။ သာရမ္ဘကထာတိ ဥပါရမ္ဘကထာ။ သီ၊ဋီ၊သစ်၊၁။၃၆၈။

**ဥပါရမ္ဘကရ** (တိ) [ဥပါရမ္ဘ+ကရ] ချွတ်ချယ်–ထိပါး–ခြင်းကို ပြုတတ်သော၊ မလျော်–

မလျော်ကပ်ပတ်-သော။ အည် ဥပါရမ္ဘကရံ သုတ္တံ အာဟရတိ။ မ၊ဋ္ဌ၊၂။၁၅၅။ သာရတ္ထ၊ ၃။၄၀။ အည် ဥပါရမ္ဘကရန္တိ ယထာ နိက္ခိတ္တ-သုတ္တတော အည် တဿ အနနုလောကံ သုတ္တံ အာဟရတိ။ မ၊ဋီ၊၂။၁၈၉။

**ဥပါရမ္ဘစိတ္တ** (တိ) [ဥပါရမ္ဘ+စိတ္တ] ချွတ်ချယ်-ကဲ့ရဲ့-အပြစ်တင်-ကြောင်း စိတ်ရှိသော၊ အပြစ်တင်လိုသောစိတ်ရှိသော၊သူ။ ဥပါရမ္ဘစိတ္တော ဓမ္မံ သုဏာတိ ရန္ဓဂဝေသီ။ အံ၊၂။၁၅၅။ ဥပါ-ရမ္ဘစိတ္တောတိ နိဂ္ဂဟာရောပနစိတ္တော။ အံ၊ဋ္ဌ၊ ၃။၅၄။ ဥပါရမ္ဘစိတ္တော ဒုမ္မေဓော။ ထေရ။ ၂၇၉။ (-သံ၊ဋ္ဌ၊၂။၆၃။) ဥပါရမ္ဘစိတ္တောတိ သာရမ္ဘစိတ္တော၊ ဒေါသာရောပနာဓိပ္ပါယောတိ အတ္ထော။ ထေရ၊ဋ္ဌ၊၂။၆၈။

**ဥပါရမ္ဘတိ** (ကြိ) [ဥပ+အာ+ရဘ+အ+တိ] ချွတ်ချယ်၏၊ အပြစ်တင်၏။ ဝေံ ဥပဝဒေယျ ဧဝ ဥပါရမ္ဘေယျ စ ဂရဟေယျ စ။ ဝိ၊ဋ္ဌ၊၁။၁၆၀။

**ဥပါရမ္ဘနာ** (ထီ) [ဥပ+အာ+ရဘ+ယု] ချွတ်ချယ်-ကဲ့ရဲ့-အပြစ်တင်-ခြင်း။ ဥပါရမ္ဘနာ အနုပါ-ရမ္ဘနာ။ အဘိ၊ဋ္ဌ၊၂။၄၈၁။

**ဥပါရမ္ဘပရိယေသန** (ထီ၊န) [ဥပါရမ္ဘ+ပရိယေသန] ချွတ်ချယ်-ကဲ့ရဲ့-အပြစ်တင်-ခြင်းကို ရှာမှီး-ရှာဖွေ-ခြင်း။ ရန္ဓဂဝေသီတာယ ဥပါရမ္ဘ-ပရိယေသနဝသေန ကာဠကဓမ္မံ ဩက္ကမမာနာ။ အံ၊ဋ္ဌ၊၃။၃၇။

**ဥပါရမ္ဘဘယ** (န) [ဥပါရမ္ဘ+ဘယ] ကဲ့ရဲ့-အပြစ်တင်-ခြင်း ဘေး။ နိန္ဒာဗျာရောသဥပါ-ရမ္ဘဘယာ။ မ၊၃။၁၂၂။ (-သံ၊၂။၆၀။ အံ၊၁။ ၃၄၀။ နိန္ဒာဗျာရောသဥပါရမ္ဘဘယာတိ အတ္ထနော နိန္ဒာဘယေန ဃဋ္ဋနဘယေန ဥပဝါဒဘယေန စာတိ အတ္ထော။ မ၊ဋ္ဌ၊၄။၉၆။ (-သံ၊ဋ္ဌ၊၁။၂၃၆။ သံ၊ဋ္ဌ၊၂။၂၅၈။ အံ၊ဋ္ဌ၊၂။၂၈၉။) သဟဓမ္မေန ပရေန အတ္ထနော ဥပရိ ကာတဗ္ဗနိဂ္ဂဟော ဥပါရမ္ဘော။ ဂရဟတော ပရိတ္တာသော ဥပါ-ရမ္ဘဘယံ။ တံ ပန အတ္ထတော ဥပဝါဒဘယံ ဟောတီတိ အာဟ ဥပဝါဒဘယေနာတိ။ မ၊ ဋီ၊၃။၃၁၀။ ဥပါရမ္ဘဘယေနာတိ ပရူပဝါဒ-ဘယေန။ သံ၊ဋီ၊၁။၂၇၄။ (-အံ၊ဋီ၊၂။၂၇၉။)

**ဥပါရမ္ဘမောစန** (န) [ဥပါရမ္ဘ+မောစန] စွပ်စွဲ-ကဲ့ရဲ့-အပြစ်တင်-ခြင်းမှ လွတ်ခြင်း။ အတ္တနော ဥပါရမ္ဘမောစနတ္ထာယ "တော် မာ ဘဝိ"န္တိ အာဒိ-ဝစနံ အဝေါစုံ။ ဒီ၊ဋ္ဌ၊၁။၂၃၅။ (-သံ၊ဋ္ဌ၊၃။၃၀၄။) အတ္တနော ဥပါရမ္ဘမောစနတ္ထာယာတိ အာစရိ-ယေန အမ္ဗဋ္ဌေန စ အတ္တနော အတ္တနော ဥပရိ ပါပေတဗ္ဗဥပဝါဒဿ အပနယနတ္ထံ။ ဒီ၊ ဋီ၊၁။၃၀၂။

**ဥပါရမ္ဘဝတ္တုမည** (တိ) [ဥပါရမ္ဘ+ဝတ္တု+မည] အပြစ်တင်-ကဲ့ရဲ့ဖွယ်-အကြောင်းအရာဟု မှတ်ထင်သော၊သူ။ (ကြိ၊ဝိ) အပြစ်တင်-ကဲ့ရဲ့ ဖွယ်-အကြောင်းအရာဟု မှတ်ထင်၍။ ဗာလာ ဥပါရမ္ဘဝတ္တုမည် အမူလကမ္ပိ နံ အာရောပေန္တာ ဥဇ္ဈာယန္တိ။ မ၊ဋီ၊၃။၁၆၁။ (ဥပါရမ္ဘဝတ္ထုမညာ-ဟုရှိကပိုသင့်မည်ထင်သည်။)

**ဥပါရမ္ဘာဓိပ္ပါယ** (ပု) [ဥပါရမ္ဘ+အဓိပ္ပါယ] ကပ်၍ စကားဖြင့် သူတပါးကို ထိပါး,ပုတ်ခတ်,ညှင်းဆဲ, နှိပ်စက်လိုခြင်း။ (တိ)(၂) ကပ်၍ စကားဖြင့် သူတပါးကို ထိပါး,ပုတ်ခတ်,ညှင်းဆဲ, နှိပ်စက် လိုသော၊သူ။ ဥပါရမ္ဘာဓိပ္ပါယေန ဝါဒံ အာရောပေတုကာမာ ဟုတွာ။ ဒီ၊ဋ္ဌ၊၁။၂၈၅။ ဥပေစ္စ ပရဿ ဝါစာယ အာရမ္ဘနံ ဗာဓနံ ဥပါရမ္ဘော၊ ဒေါသဒဿနဝသေန ဃဋ္ဋနန္တိ အတ္ထော၊ တေနာဟ ဥပါရမ္ဘာဓိပ္ပါယေန ဝါဒံ အာရောပေ-တုကာမာ ဟုတွာတိ။ ဒီ၊ဋီ၊၁။၃၄၄။ သီ၊ဋီ၊ သစ်၊၂။၃၄၃။ (တိ)(၂) ဥပါရမ္ဘာဓိပ္ပါယော ဝဒတိ ဧတေနာတိ ဝါဒေါ။ သံ၊ဋီ၊၂။၄၂၂။

**ဥပါရမ္ဘာနိသံသ** (တိ) [ဥပါရမ္ဘ+အာနိသံသ]

ချုပ်ချယ်–ကဲ့ရဲ့–အပြစ်တင်–ခြင်း ဟုဆိုအပ်–သော အကျိုးရှိသော၊သူ။(သူတပါးတို့၏ဝါဒ၌ အပြစ်တင်ခြင်းအကျိုးရှိကုန်သည်။(ပါ၊ဂံ၊သစ်၊ ၁။၁၇၉။) တေ ဥပါရမ္ဘာနိသံသာ စေဝ ဓမ္မံ ပရိယာပုဏန္တိ ဣတိဝါဒပ္ပမောက္ခာနိသံသာ စ။ မ၊၁။၁၈၆။ ဝိ၊ဋ္ဌ၊၁။၁၉။ ဒီ၊ဋ္ဌ၊၁။၂၂။ အဘိ၊ဋ္ဌ၊ ၁။၂၄။ တေ ဥပါရမ္ဘာနိသံသာ စေဝါတိ တေ ပရေသံ ဝါဒေ ဒေါသာရောပနာနိသံသာ ဟုတွာ ပရိယာပုဏန္တီတိ အတ္ထော။ မ၊ဋ္ဌ၊၂။၁၃။ သာရတ္ထ၊၁။၈၃။ (–သံ၊၃။၆၆။ သံ၊ဋ္ဌ၊၃။၁၈၃)။

**ဥပါရမ္ဘိတဗ္ဗ** (တိ) [ဥပ+အာ+ရဘ+တဗ္ဗ] ထိပါး–ချုပ်ချယ်–အပ်သော။ သဉပါရမ္ဘာနိ ပတိရူပ–ကေန ဥပါရမ္ဘိတဗ္ဗတော။ ဒီ၊ဋ္ဌီ၊၁။၃၉၀။ သီ၊ ဋ္ဌီ၊သစ်၊၂။၄၁၄။

**ဥပါရမ္ဘယျ** (ကြိ) [ဥပ+အာ+ရဘ+အ+ယျ] ချုတ်ချယ်ရာ၏၊ အပြစ်တင်ရာ၏။ ဥပါရမ္ဘတိ–ကြည့်။

**ဥပါရူဠှ** (တိ) [ဥပ+အာ+ရုဟ+တ] တက်သော၊ အထ မဟာပုရိသော ပုဏ္ဏမဒိဝသေ ဂဂနတလံ ဥပါရူဠှေ စန္ဒေ စန္ဒဝိမာနံ ဖာလေတွာ။ သုတ္တနိ၊ ဋ္ဌ၊၁။၁၇၀။

**ဥပါလိ** (ပု).[ဥပ+အာ+လီ+ဣ။ အပ၊ဋ္ဌ၊၁။၃၁၂] ဥပါလိမည်သူ။ ဥပါလိ နာမ နာမေနာ(အပ၊ ၁။၄၄)တိ ကိတ္တာပိ သော မာတု နာမေန မန္တာ–ဏိပုတ္တနာမော၊ အနုရုဒ္ဓါဒီဟိ ပန သဟ ဂန္တွာ ပဗ္ဗဇိတတ္တာခတ္တိယာနံ ဥပ သမီပေ အလ္လီနော ယုတ္တော ကာယစိတ္တေဟိ သမင်္ဂီဘူတောတိ ဥပါလီတိ နာမေန။ အပ၊ဋ္ဌ၊၁။၃၁၂။

သာသနာတော်ကျမ်းတို့၌ ဥပါလိ အမည်ဖြင့် မထေရ်နှစ်ပါး၊ သူကြွယ်တစ်ဦး၊ သူငယ်တစ်ဦး ဟူ၍ (၄)ဦးတွေ့ရ၏။ မထေရ်တစ်ပါးမှာ ဘဒ္ဒိယ, အနုရုဒ္ဓါ, အာနန္ဒာ, ဘဂု, ကိမိလ, ဒေဝဒတ်တို့နှင့်အတူ ရဟန်းပြုသော ၎င်းတို့၏ ဆတ္တာသည်ဖြစ်ခဲ့သော**ဥပါလိမထေရ်**ဖြစ်သည်။ အကျယ်ကို–ဝိ၊၄။၃၃၆–၃၃၉–ကြည့်။

ထိုဥပါလိမထေရ်အားဘုရားရှင်ကိုယ်တော်တိုင် ဝိနည်းပိဋကကိုသင်ပေးတော်မူသည်၊ ဘာရုကစ္ဆကဝတ္ထု၊ အဇ္ဇုကဝတ္ထု၊ ကုမာရကဿပဝတ္ထုတို့ကို ဘုရားရှင်၏ ရှေ့ဉာဏ်တော်နှင့်နှီးနှောတိုက်ဆိုင်မိအောင် အဆုံးအဖြတ်ပေးနိုင်သဖြင့် ဝိနည်းအရာ၌ ဧတဒဂ်ထားတော်မူသည်။ အံ၊၁။၂၅။ အံ၊ဋ္ဌ၊၁။၂၄၁–၂။ အပ၊ဋ္ဌ၊ ၁။၃၀၈–၉။

**ဘာရုကစ္ဆကဝတ္ထု**အကြောင်းအရာမှာ–ဘာရုကစ္ဆကအရပ်သား ရဟန်းတစ်ပါးသည် လူ့ဘဝကပေါင်းသင်းခဲ့သော မယားဟောင်း၌ မေထုန်မှီဝဲရသည်ဟု အိပ်မက်မြင်မက်သောကြောင့် ငါရဟန်းမဟုတ်တော့ပြီ၊ လူထွက်အံ့–ဟုကြံ၍ ဘာရုကစ္ဆကအရပ်သို့ပြန်သွားစဉ် အရှင်ဥပါလိနှင့်တွေ့၍ ထိုအကြောင်းစုံကို လျှောက်ထားရာ" ငါ့ရှင် အိပ်မက်၌ မေထုန်မှီဝဲသဖြင့် အာပတ်မသင့်ရောက်နိုင်" ဟုဆုံးဖြတ်တော်မူသည်။ ဝိ၊၁။၄၉။ ဝိ၊ဋ္ဌ၊၁။၂၄၆။ အံ၊ဋ္ဌီ၊ ၁။၁၈၅။

**အဇ္ဇုကဝတ္ထု**အကြောင်းအရာမှာ–ဝေသာလီမြို့၌ အရှင်အဇ္ဇုက၏အလုပ်အကျွေး သူကြွယ်တစ်ဦး၌ သားငယ် တစ်ယောက်နှင့် တူငယ်တစ်ယောက်ရှိသည်၊ ထိုသူကြွယ်သည် မကျန်းမမာဖြစ်သောအခါ၌ အရှင်အဇ္ဇုကအား"ဤကလေးနှစ်ယောက်တွင် ရတနာသုံးပါး၌ သက်ဝင်ကြည်ညို မြတ်နိုးသူအား တပည့်တော်၏အမွေခံယူခွင့်ကို ပြောကြား ပေးတော်မူပါ" ဟုလျှောက်ထားမှာကြား၍ ကွယ်လွန်လေ၏။ သူကြွယ်၏ သားအရင်းသည် ရတနာသုံးပါး၌ သက်ဝင်ယုံကြည်မှုမရှိ၊ ကြည် ညိုမြတ်နိုးမှုမရှိ၊ တူတော်သူသည် ရတနာသုံးပါး၌ သက်ဝင်ယုံကြည်မှုရှိ၏၊ ကြည်ညို မြတ်နိုး၏။ ထို့ကြောင့် အရှင်

အဇ္ဇုကသည် သူကြွယ်၏တူတော်စပ်သူအား သူကြွယ်၏ဥစ္စာစုကို ပေးအပ်လိုက်သည်။ သူကြွယ်၏တူသည် ထိုရသောအမွေအနှစ်ဖြင့် စည်းစိမ်ဥစ္စာပြုလုပ်သည်၊ ပေးလှူသည်၊ ထိုအခါ သားအရင်းသည် အရှင်အာနန္ဒာသို့ ချဉ်းကပ်၍ "အရှင်ဘုရားအာနန္ဒာ သားရင်းက ဘခင်၏ အမွေခံ ဖြစ်ပါသလား၊ တူတော်သူက အမွေခံ ဖြစ်ပါသလား" ဟု မေးလျှောက်သည်။ အရှင်အာနန္ဒာက "သားသည် ဘခင်၏အမွေခံ ဖြစ်သည်" ဟု မိန့်တော်မူလိုက်သည်။

ထိုအခါ .သားဖြစ်သူက "အရှင်အဇ္ဇုကသည် တပည့်တော်တို့၏ ဥစ္စာနှစ်အမွေပစ္စည်းကို သားဖြစ်သူတပည့်တော်အားမပေးဘဲ ဘခင်၏တူဖြစ်သူ, တပည့်တော်နှင့် ညီအကိုတော်စပ်သူအားပေးလိုက်ပါသည်" ဟုလျှောက်ထားသည်။ ထိုအခါ အရှင်အာနန္ဒာက "ငါ့ရှင်ဒကာ အရှင်အဇ္ဇုကသည် ရဟန်းမဟုတ်တော့ပြီ" ဟုပြောဆိုလေသည်။ ထိုအခါ အရှင်အဇ္ဇုက က "ငါ့ရှင်အာနန္ဒာ ငါ့အား အဆုံးအဖြတ်ပေးပါ" ဟု ပြောဆိုပြီးလျှင် အရှင်အဇ္ဇုကနှင့် အရှင်အာနန္ဒာတို့နှစ်ပါးလုံး အရှင်ဥပါလိသို့ သွား၍ အဆုံးအဖြတ် ခံယူကြရာ "ငါ့ရှင်အာနန္ဒာ ဥစ္စာပိုင်ရှင်ဖြစ်သူက ဤဥစ္စာနှစ်ရပိုင်ခွင့်ကို (ဤဥစ္စာနှစ် အမွေခံယူခွင့်ကို) ဤအမည်ရှိသောသူအား ပြောပြပါ, ပေးပါ-ဟု ပြောဆိုတာဝန်ပေးခြင်းခံရသည်ဖြစ်၍ ဥစ္စာပိုင်ရှင်ကရည်ညွှန်းသောသူ အား ပြောပြ, ပေးအပ်သောရဟန်းမှာ အဘယ်အာပတ် သင့်ရောက်နိုင်ပါသနည်း"ဟု အရှင်ဥပါလိက-မေးခွန်းထုတ်သည်။ အရှင်အာနန္ဒာ က တစုံတခုသောအာပတ် မသင့်ရောက်နိုင်ပါ၊ ယုတ်စွအဆုံး ဒုက္ကဋ်အာပတ်မျှပင် မသင့်ရောက်နိုင်ပါ-ဟု ပြန်၍ လျှောက်ထားလေသည်။ ထိုအခါ အရှင်ဥပါလိ က "ငါ့ရှင်အာနန္ဒာ ဤအရှင်အဇ္ဇုကသည် ဥစ္စာပိုင်ရှင်က ဤဥစ္စာနှစ်ခံစားခွင့်, အမွေခံယူခွင့်ကို ဤအမည်ရှိသူအား ပြောပြပါ, ပေးအပ်ပါ ဟုပြောဆိုတာဝန်ပေးခြင်းခံရသူဖြစ်သည်။ ထိုသို့ တာဝန်ပေးခြင်းခံရသူဖြစ်၍ ဥစ္စာရှင်ရည်ညွှန်းသောသူအား ဥစ္စာနှစ်ခံစားခွင့်, အမွေခံပိုင်ခွင့်ကို ပြောပြ ပေးအပ်ခြင်း ဖြစ်သည်။ ငါ့ရှင်အာနန္ဒာ ထို့ကြောင့် အရှင်အဇ္ဇုကမှာ အာပတ်မသင့်နိုင်" ဟု ဆုံးဖြတ်ချက်ချလိုက်သည်၊ ထိုဆုံးဖြတ်ချက်ကို ဘုရားရှင်ကြားသိတော်မူ၍ "ရဟန်းတို့ ဥပါလိသည် ကောင်းစွာ ဆုံးဖြတ်အပ်ပြီ"ဟု မိန့်တော်မူ၍ ကောင်းချီးပေးတော်မူ၏။ ဝိ၊၁။၈၄၊၈၅။ အံ၊ဋ္ဌ၊၁၊၁၈၅။

**ကုမာရကဿပဝတ္ထု** ဖြစ်ပေါ်လာပုံမှာ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် ရာဇဂြိုဟ် သူဌေးသမီးတစ်ယောက်သည် သိနားလည်သော အချိန်မှစ၍ ဘိက္ခုနီပြုလုပ်ခွင့်ပေးရန် မိဘများထံ အကြိမ်ကြိမ် ခွင့်တောင်းသည်။ ဘိက္ခုနီပြုခွင့်မပေးသဖြင့် အိမ်ထောင်ပြုလိုက်ရသည်၊ လင့်အိမ်သို့လိုက်ပါ၍ လင်ယောကျ်ားနှင့် ပေါင်းသင်းနေထိုင်ပြီး ကိုယ်ဝန်ရရှိလေသည်၊ ကိုယ်ဝန်ရရှိခြင်းကိုမသိဘဲ လင်ယောကျ်ားအား ဘိက္ခုနီရဟန်းမပြုခွင့် တောင်းပြန်ရာ အခွင့်ရသဖြင့် ဒေဝဒတ်၏သြဝါဒခံ ဘိက္ခုနီရဟန်းမများထံ၌ ဘိက္ခုနီရဟန်းမဖြစ်ခွင့်ရလေသည်၊ ထိုရဟန်းမမှာ ကိုယ်ဝန်ရှိလာ, ပေါ်လာသည်ကို သိကြသော ရဟန်းမများက မည်သို့မည်ပုံ ပြုလုပ်ရမည်ကို အရှင်ဒေဝဒတ်အားလျှောက်ထားကြသည်၊ အရှင်ဒေဝဒတ်က မိမိ၏သြဝါဒခံရဟန်းမများ အရှိန်အဝော်မဲ့ မဖြစ်စေနှင့်၊ ရဟန်းမကိုလူထွက်စေ ဟု အမိန့်ချလိုက်သည်။ ကိုယ်ဝန်သည် ရဟန်းမက "အကျွန်ုပ်ကို ရဟန်းအဖြစ်မှ မဖျက်ကြပါနှင့်၊ အကျွန်ုပ်သည် ဒေဝဒတ်ကို ရည်စူး၍ ရဟန်းပြုသူမဟုတ်ရပါ၊ လာကြပါ

အကျွန်ုပ်ကို ဇေတဝန်ကျောင်း မြတ်စွာဘုရားထံသို့ ပို့ပေးကြပါ”ဟု တောင်းဆိုသောကြောင့် မြတ်စွာဘုရားထံသို့ပို့ပေးပြီး ထိုအကြောင်းကို လျှောက်ထားကြရာ မြတ်စွာဘုရားသည် ထိုရဟန်းမ၏ ကိုယ်ဝန်ကို လူ့ဘဝက ရခဲ့သော ကိုယ်ဝန်ဖြစ်ကြောင်း သိပါသော်လည်း ကိုယ်တော်တိုင် အဆုံးအဖြတ်ပေးတော်မမူဘဲ သူတပါးတို့ ကဲ့ရဲ့စွပ်စွဲမှုမှ လွတ်စေခြင်းငှာ ကောသလမင်း, အနာထပိဏ်သူဌေးကြီး, အနာထပိဏ်သူဌေးငယ်, ဝိသာခါဉပါသိကာမ စသောသူတို့ကိုခေါ်စေပြီးလျှင် “အမျိုးလေးပါးတို့မျက်မှောက်၌ ဤရဟန်းမ၏ အမှုကို ရှင်းလင်းဆုံးဖြတ်ပါ”ဟု အရှင်ဉပါလိကို စေခိုင်းလိုက်သည်။

အရှင်ဉပါလိသည် အမျိုးသမီးသဘာဝကို သိနားလည်သော ဝိသာခါဉပါသိကာမကို ခေါ်၍ လုံခြုံသောနေရာ၌ ထိုရဟန်းမ၏ကိုယ်ဝန်ကို စမ်းသပ်စစ်ဆေးစေရာ လူ့ဘဝကရခဲ့သော ကိုယ်ဝန်ဖြစ်ကြောင်း ဝိသာခါ၏ စမ်းသပ်တွေ့ရှိချက်, လျှောက်ထားချက်ဖြင့် ပရိသတ်လေးပါးအလယ်၌ ကိုယ်ဝန်သည်ရဟန်းမအား အာပတ်အပြစ်မရှိ၊ သန့်ရှင်းစင်ကြယ်သူဖြစ်ကြောင်း ဆုံးဖြတ်ချက်ချလိုက်သည်။ မြတ်စွာဘုရားရှင်က ဉပါလိမထေရ်အား “အဓိကရုဏ်းကို ကောင်းစွာဆုံးဖြတ်အပ်ပေပြီ”ဟု ကောင်းချီးပေးတော်မူသည်။ မ၊ဋ္ဌ၊၂။၂၇။ အံ၊ဋ္ဌ၊၁။၂၂၁။ ဓမ္မ၊ဋ္ဌ၊၂။၉၂။

အရှင်ဉပါလိသည် ရှစ်ကျိပ်သော မဟာသာဝကကြီးတို့တွင် ပါဝင်သည်။ အံ၊ဋ္ဌ၊၂။၉၂။ မြတ်စွာဘုရားရှင်သည် သံဃာ့အလယ်၌ ထိုင်နေတော်မူလျှက် “ဘိက္ခုဘိက္ခုနီဝိဘင်း, မဟာဝါခန္ဓက, စူဠဝါခန္ဓက, ပရိဝါတို့၌ ဉပါလိနှင့်တူသူမရှိ”ဟုချီးကျူး မြွတ်ဟတော်မူသည်။ အရှင်ဉပါလိကိုယ်တိုင်ကလည်း ဝိနည်းအရာ၌ မိမိထက်သာလွန်သူ မရှိကြောင်းကို “မြတ်စွာဘုရား၏သာသနာပြန့်နှံ့ရာခေတ်အတွင်း၌ ဘုရားမှတစ်ပါး (ဘုရားကိုထား၍) ဝိနည်းပိဋကတ်, ဝိနည်းအဆုံးအဖြတ်အရာ၌ ငါနှင့်တူသူမရှိ၊ ငါ့ထက် သာလွန်သူ မရှိ၊ ငါသာ အမြတ်ဆုံး ဖြစ်သည်”ဟု ဖွင့်ဟခဲ့လေသည်။ အပ၊၁။၄၉။ အပ၊ဋ္ဌ၊၁။၃၂၄။ ထို့ပြင်ဝိနည်းပိဋကသည် မိမိ(ဉပါလိ)၏ အမြဲနေရာ ကျောင်းဝိဟာ, အိပ်ရာနေရာသဖွယ်ဖြစ်ပုံ၊ အမြဲလျှောက်လှမ်းရာ စင်္ကြံလမ်းသဖွယ်ဖြစ်ပုံ၊ စားသောက်စရာ အာဟာရသဖွယ်ဖြစ်ပုံကိုလည်း “ဝိနည်းပိဋကသည် နာယူခြင်း ဆောင်ထားခြင်း နှုတ်သွင်းခြင်း သင်ယူခြင်း မေးမြန်းခြင်း ဖြစ်စေခြင်း၏အစွမ်းဖြင့် ငါ၏ အိပ်ရာနေရာ ဖြစ်၏၊ ဝိနည်းပိဋကသည် ဆောင်ထားခြင်း နှုတ်သွင်းခြင်း၏အစွမ်းဖြင့် ငါ၏ အမြဲကျက်စားရာ အစာအာဟာရ ဘောဇဉ်ဖြစ်၏။ ဝိနည်းပိဋက၌ အပြီးအဆုံးရောက်အောင် တတ်မြောက်၏၊ အဓိကရုဏ်းလေးပါး, အဓိကရုဏ်းငြိမ်းသတ်မှုတို့၌ အပြီးအဆုံးသို့ရောက်အောင် တတ်မြောက်၏၊ ပါရာဇိကစသော အာပတ်ခုနစ်ခုတို့၏ငြိမ်းအေးခြင်း၊ အာပတ်မှထမြောက်ခြင်း၌ လိမ္မာနိုင်နင်း၏၊ အဓိကရုဏ်းလေးပါးတို့၌လည်းကောင်း၊ အဓိကရုဏ်းငြိမ်းသတ်မှုခုနစ်မျိုးတို့၌လည်းကောင်း အလွန် ကျွမ်းကျင်လိမ္မာ၏” ဟူ၍ ဖွင့်ဟဝန်ခံခဲ့လေသည်။ အပ၊ဋ္ဌ၊၁။၃၃၂။

**အရှင်ဉပါလိ၏ အတိတ်ဆုတောင်း။**

အရှင်ဉပါလိ၏ အလောင်းတော်သည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်တွင် ဟံသာဝတီမြို့ အမျိုးသားအိမ်ထောင်စုတစ်ခု၌ ဖြစ်စဉ် မြတ်စွာဘုရားတရားတော်ကို နာယူနေခိုက် ရဟန်းတစ်ပါးကို ဝိနည်းအရာတေဒဂ်ထားတော်မူသည်ကို ဖူးမြင်ရသောကြောင့် ဝိနည်းတေဒဂ်ရာထူးကို ဆုတောင်းခဲ့လေသည်။ ဤဂါတမ

မြတ်စွာဘုရား လက်ထက်တော်ဝယ် ဆတ္တာ
သည် အိမ်ထောင်စု၌ဖြစ်၍ ဥပါလိဟူသော
အမည်ကို မှည့်ခေါ်ကြလေသည်။ အရွယ်
ရောက်သောကာလ သာကီဝင်မင်းသားခြောက်
ယောက်တို့နှင့်အတူ အနုပိယ သရက်ဥယျာဉ်၌
သီတင်းသုံးတော်မူသော ဘုရားရှင်ထံ ရဟန်း
ပြုခဲ့သည်။ အံ၊၄၊၁။ ၂၄၁–၂၄၂။

**တူတော်အရှင်ဥပါလိမထေရ်**။ အရှင်
ဥပါလိ၏ တူတော်ဖြစ်သောဥပါလိသည်ကပိလ
ဝတ်မြို့၌ ဥပါလိ၏နှမက ဖွားမြင် သောသူ
ဖြစ်သည်။ အရွယ်ရောက်သောအခါ ဦးရီးတော်
အရှင်ဥပါလိထံ၌ ရဟန်းပြုပြီးလျှင် ကမ္မဋ္ဌာန်း
သင်ယူပွါးများအားထုတ်ရာ မကြာမီ ရဟန္တာ
အဖြစ်သို့ရောက်သည်။ တူတော်ဥပါလိသည်
ဆရာဖြစ်သော ဦးရီးတော်ဥပါလိ၏ ထံပါး၌
နေရခြင်း, ဝိနည်းနှင့်ပတ်သက်သော ပြဿနာ
အရပ်ရပ်ကို မပြတ်တွေ့ထိ ကြားသိနေရခြင်း
တို့ကြောင့် ဝိနည်းပြဿနာအရာ၌ ထက်မြက်
သော ပညာရှိသူ ဖြစ်လာသည်။ ထို့ကြောင့်
မြတ်စွာဘုရားရှင်က "ဝိနည်းပြဿနာအရာ၌
ထက်မြက်သော ပညာရှိသော ရဟန်းတို့တွင်
တူတော်ဥပါလိသည်အမြတ်ဆုံးဖြစ်၏" ဟု
ဧတဒဂ်အရာထားတော်မူသည်။ အပ၊၁။ ၁၀၂–
၁၀၃။ အပ၊၄၊၂။၆၆–၆၇။

**ဥပါလိသူကြွယ်**။ ဇမ္ဗူဒိပ်ကျွန်း၌ နိဂဏ္ဌ
တို့၏အထက်တန်းစားအလုပ်အကျွေးဒါယကာ
သုံးယောက်ရှိသည်။ ကပိလဝတ်မြို့သား ဝပ္ပ
မည်သောသာကီဝင်၊ ဝေသာလီပြည်သားသီဟ
စစ်သူကြီး၊ နာဠန္ဒမြို့သား ဥပါလိသူကြွယ်တို့
ဖြစ်သည်။ ဥပါလိသူကြွယ်သည် နာဋပုတ္တ
နိဂဏ္ဌတို့အား ပစ္စည်းလေးပါးဖြင့် အထူးစောင့်
ရှောက်ထောက်ပံ့သူဖြစ်၏။ အံ၊၄၊၃။ ၂၀၉။

ဥပါလိသူကြွယ်သည် နိဂဏ္ဌတို့၏ အယူ
ဝါဒ အသုံးအနှုန်းအရ မနောဒဏ်, မြတ်စွာ
ဘုရား၏အလိုတော်အရ မနောကံဟု ဆိုအပ်
သောကံသည် အပြစ်အကြီးမားဆုံးဖြစ်သည်
ဟု ဘုရားရှင်မိန့်ကြားတော်မူခြင်းကို ဒီဃ
တပဿီ နိဂဏ္ဌထံမှ ကြားသိရသဖြင့် မကျေ
နပ်သောကြောင့် ဘုရားရှင်ထံသွားရောက်
စောဒနာရာ ဘုရားရှင်ဖြေရှင်းဟောကြားတော်
မူသောတရားတော်ကို နာယူရ၍ မြတ်စွာဘုရား
၌ လွန်စွာကြည်ညိုပြီးလျှင် နိဂဏ္ဌသာဝက
အဖြစ်ကိုလည်းကောင်း၊ နိဂဏ္ဌအယူကိုလည်း
ကောင်း ပယ်စွန့်၍ ရတနာသုံးပါးဆည်းကပ်
ကိုးကွယ်သူ, သောတာပန်အဆင့်အထိဖြစ်လာ
သူတည်း။ ဥပါလိသူကြွယ်သည် အရှင်ဂေါတမ
၏တပည့် ဥပါသကာဖြစ်သွားပြီဟူသောသတင်း
ကိုကြားရသော နာဋပုတ္တနိဂဏ္ဌသည် မယုံကြည်
နိုင်ဘဲ ဥပါလိအိမ်သို့ ကိုယ်တိုင် လိုက်သွားရာ
ရှေးကကဲ့သို့ ရှိသေမြတ်နိုးမှုမပြု, ကောင်းစွာ
နေရာမပေးတော့သည်ကို ကိုယ်တိုင်တွေ့ရ
သောအခါ ဆတ်ဆတ်ခါ နာကျည်းလျှက်
"ရဟန်းဂေါတမအား အပြစ်တင်စောဒနာ
မည်ဟု သွားသောသင်သူကြွယ်သည် အပြစ်
စောဒနာချက်ပေါင်း မြောက်များစွာ စွပ်မိပြီး
ပြန်လာခဲ့ရသည်၊ ရဟန်းဂေါတမ၏ စိတ်ညို့
လှည့်စားသောအတတ်ပညာဖြင့် အလှည့်စား
ခံခဲ့ရလေပြီ" ဟုပြောဆိုလေသည်။ ထိုအခါ
ဥပါလိသူကြွယ်က "အရှင် စိတ်ညို့၍လှည့်
ပတ်ခြင်းဖြင့် လှည့်စားခံရခြင်းသည် အလွန်
ကောင်းပါ၏၊ အလွန်မွန်မြတ်ပါ၏၊ အကျွန်ုပ်၏
ဆွေမျိုးသားချင်းတို့သည် ဤစိတ်ညို့၍ လှည့်
ပတ်ခြင်းဖြင့်အညို့ခံရပါမူ ရှည်မြင့်စွာသော
ကာလပတ်လုံး စီးပွားချမ်းသာဘို့ရာ ဖြစ်တန်
ရာပါ၏" စသည်ဖြင့် ပြန်ကြားပြောဆိုလေ
သည်။ "မျောက်ရုပ်သည် ဆေးဆိုးခံနိုင်ပါ၏၊
ထုရိုက်ဖွတ်လျှော်ခြင်းကို မခံနိုင်ပါ၊ အဝတ်
ပုဆိုးသစ်သည် ဆေးဆိုးလည်း ခံနိုင်ပါ၏၊ ထု
ရိုက်ဖွတ်လျှော်ခြင်းကိုလည်း ခံနိုင်ပါ၏– ဟု

ပုဏ္ဏားတို့ကို ခဝါဆေးဆိုးသမားက ပြောကြားသကဲ့သို့ ဤအတူ မိုက်ကန်းသော နိဂဏ္ဌတို့၏ အယူဝါဒသည် သူမိုက်တို့၏ အစွဲကိုသာ ခံနိုင်၏၊ ပညာရှိတို့၏ အစွဲကို မခံယူနိုင်၊ စိစစ်မှုကို မခံနိုင်၊ အစမ်းသတ်ကို မခံနိုင်၊ မြတ်စွာဘုရား၏ ဝါဒသည် ပညာရှိတို့၏အစွဲကို ခံနိုင်၏၊ လူမိုက်တို့၏ အစွဲကိုမခံနိုင်၊ စိစစ်မှုကိုလည်းခံနိုင်၏၊ အစမ်းသပ်ကိုလည်း ခံနိုင်၏" ဟု ဥပါလိသူကြွယ်က နာဋပုတ္တနိဂဏ္ဌအား ပြောပြသည်။ ထိုအခါ နာဋပုတ္တနိဂဏ္ဌ က "သူကြွယ် သင့်ကို မင်းနှင့်တကွလူအပေါင်းက –ဥပါလိသူကြွယ်သည် နာဋပုတ္တနိဂဏ္ဌ၏တပည့်ဟူ၍ သိနားလည်ထားကြ၏၊ ယခုအခါ သင်သူကြွယ်ကို အဘယ်သူ၏ တပည့်ဟူ၍ အသိအမှတ် ပြုကြရပါမည်နည်း"ဟု မေးမြန်းရာ ဥပါလိသူကြွယ်သည် နေရာမှထ၍ ကိုယ်ဝတ်ကို ပခုံးတဖက်၌ စံပါယ်တင်လျက် မြတ်စွာဘုရားရှင် ရှိတော်မူရာအရပ်သို့ မျက်နှာမူ လက်အုပ်ချီပြီးလျှင် နာဋပုတ္တနိဂဏ္ဌကို "အရှင် ထိုသို့ဖြစ်မူအကျွန်ုပ်သည် မည်သူ၏ တပည့်သာဝကဖြစ်သည်ကို နားထောင်ပါလော့"ဟု ပြောဆို၍ မြတ်စွာဘုရား၏ ဂုဏ်တော်တစ်ရာပါဝင်အောင် ဖွဲ့ဆိုသီကျူးလိုက်သော "ဓီရဿ ဝိဂတမောဟဿ" စသော (၁၁) ဂါထာဖြင့် မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်ကြောင်း ပြောပြလိုက်သည်။ နာဋပုတ္တနိဂဏ္ဌသည် လွန်စွာအားကိုးရသော ပစ္စယဒါယကာသူဌေးကို လက်လွတ်ဆုံးရှုံးလိုက်ရသည့်အတွက် လွန်စွာစိတ်ထိခိုက်သဖြင့် နှလုံးသွေးပူများအန်သည်အထိ ဆင်းရဲပင်ပန်းခြင်း ဖြစ်ရလေသည်။ (မ၊၂။၃၅-၄၉။ မဋ္ဌ၊ ၂။၃၆-၇၀။)

**ဥပါလိသူငယ်**။ မြတ်စွာဘုရားရှင် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်အခါက ရာဇဂြိုဟ်မြို့သား (၁၇) ယောက်သော ကလေးသူငယ်ချင်း အပေါင်းအသင်းအစုတစ်စုရှိသည်၊ ထို(၁၇)ယောက်အစုတွင် ဥပါလိသူငယ်သည် ခေါင်းဆောင်ဖြစ်သည်။ ဥပါလိသူငယ်၏ မိဘနှစ်ဦးတို့ တိုင်ပင်စဉ်းစားကြသည်မှာ- ငါတို့ ကွယ်လွန်သောအခါ သားကလေးဥပါလိ မပင်မပန်း ချမ်းချမ်းသာသာ ဖြစ်စေရန် စာရေးအတတ်, ဂဏန်းအတတ်, ငွေစာရင်းအတတ်များ သင်ပေးထားရပါမူ ကောင်းပေမည်၊ သို့သော် စာရေးအတတ်သည်လည်း လက်ဆင်းရဲ, ဂဏန်းအတတ်သည်လည်း ရင်ဘတ်ဆင်းရဲ, ငွေစာရင်းအတတ်သည်လည်း မျက်စိဆင်းရဲ ဖြစ်စေလိမ့်မည်။ သာကီဝင်မင်းသား ရဟန်းတော်များသည် ချမ်းသာသော သီလအလေ့အကျင့်ရှိကြသည်၊ ကောင်းမွန်သောဘောဇဉ်တို့ကို စားသောက်ကြရသည်၊ လေလုံ မိုးလုံ ကောင်းမွန်သော အဆောက်အဦးများ၌ နေကြရသည်၊ အကယ်၍ သားကလေး ဥပါလိ ရဟန်းပြုမည်ဆိုပါလျှင် ငါတို့ကွယ်လွန်သောအခါ၌ မပင်မပန်း ချမ်းချမ်းသာသာ အသက်မွေးရပေလိမ့်မည်-ဟု ကြံစည်ပြောဆိုကြလေသည်။ မိခင်ဘခင်တို့ ကြံစည်ပြောဆိုကြသော ထိုစကားကို ကြားသိရသော ဥပါလိသူငယ်သည် သူငယ်ဘော် အပေါင်းအသင်းများကို သာကီဝင်မင်းသား ရဟန်းတော်များအထံ၌ ရှင်ရဟန်းပြုကြရန် စည်းရုံးပြောဆို ညီညွတ်၍ ရဟန်းတော်များ အထံ၌ ရှင်ရဟန်းပြုကြသည်။ ဥပါလိသူငယ် ခေါင်းဆောင်သော(၁၇)ယောက်အစု=သတ္တရသဝဂ္ဂီရှင်ငယ်တို့သည် နံက်စောစောထ၍ ယာဂုပေးပါ၊ ထမင်းပေးပါ၊ မုန့်ပေးပါ-ဟု ငိုယိုတောင်းကြသည်။ ကျောင်းအိပ်ရာနေရာများကိုလည်း ကျင်ကြီး ကျင်ငယ်တို့ဖြင့် ပေကျံစေကြသည်။ မြတ်စွာဘုရားရှင်သည် နံနက်စောစော၌ ကလေးငယ်တို့၏ အသံကို ကြားသဖြင့် အရှင်အာနန္ဒာအား မေးမြန်းတော်မူရာ အရှင်အာနန္ဒာက အကြောင်းစုံကို

လျှောက်ထားသဖြင့် ကြားသိတော်မူသော ကြောင့် အသက်(၂၀)မပြည့်ကြသေးသော သူငယ်တို့ကို ရဟန်းပြုပေးခြင်းကို ကဲ့ရဲ့ရှုတ်ချ တော်မူပြီးလျှင် "ယော ပန ဘိက္ခု ဧာန ဦနဝီသတိဝဿံ" စသော ဦနဝီသတိသိက္ခာပုဒ် ကို ပညတ်တော်မူသည်။ ဝိ၊၂။၁၆၉။-၁၇၁။ ဝိ၊၃။၁၀၈-၉။

**ဥပါလိကပွက** (ပု) [ဥပါလိ+ကပွက] ဆတ္တာသည်-ဆံပင်ညှပ် အလုပ်ပြုပြင်သမား-ဥပါလိ။ အထခေါ ဘဒ္ဒိယော စ ... ဥပါလိကပ္ပကေန သတ္တမာ ... နိယျန္တိ။ ဝိ၊၄။၃၃၈။

**ဥပါလိဂဟပတိ** (ပု) [ဥပါလိ+ဂဟပတိ] ဥပါလိသူကြွယ်။ ဇေ၀ ဝုတ္တေ ဥပါလိဂဟပတိ နိဂဏ္ဌနာဋပုတ္တံ တေဒဝေါစ။ မ၊၂။၃၇။ (-မဋ္ဌ၊၃။၃၈။ အံဋ္ဌ၊၃။၂၀၉။ ဝိသုဒ္ဓိ၊၂။၇၂။ ဝဇီရ။၉၉။ သာရတ္ထ၊၂။၇၄။)

**ဥပါလိဂါထာ** (ထီ) [ဥပါလိ+ဂါထာ] ဥပါလိသူကြွယ်သည် ဖွဲ့ဆိုအပ်သော ဂါထာ။ ဥပါလိ-ဂါထာသု နာမသတံ။ ဝိဋ္ဌ၊၁။၂၁၆။ ဇေ၀ ဥပါ-လိဂဟပတိနာ ဝုတ္တာ ကိရ ဥပါလိဂါထာ။ ဝဇီရ။၉၉။

**ဥပါလိတ္ထေ(ထေ)ရ** (ပု) [ဥပါလိ+ထေရ] ဥပါလိထေရ်။ (ဝိနည်းအရာ တေဒဂ်ရသော အရှင်ဥပါလိထေရ်နှင့် ထိုအရှင်ဥပါလိ၏ တူတော်ဖြစ်သော ဥပါလိထေရ်-ဟုနှစ်ပါးရှိသည်။) အာယသ္မတာ ဥပါလိတ္ထေရေန ဝုတ္တံ။ ဝိဋ္ဌ၊၁။၄၊(-၁၁။ ဒီဋ္ဌ၊၁။၁၂။ မဋ္ဌ၊၂။၂၇။) ဠတ္တံ သုဒ္ဓံ အာယသ္မာ ဥပါလိထေရော ဣမာ ဂါထာယော အဘာသိတ္ထာတိ။ အပ၊၁။၁၀၃။

**ဥပါလိဒါရက** (ပု) [ဥပါလိ+ဒါရက] ဥပါလိသူငယ်။ (ဝိနည်းအရာ တေဒဂ်ရ အရှင်ဥပါလိထေရ်၏ အလျှာဖြစ်သော ဥပါလိသူငယ်၊ သတ္တရသဝဂ္ဂီတို့၏ခေါင်းဆောင်ဖြစ်သော ဥပါလိသူငယ်-ဟုနှစ်ဦးရှိသည်။) ဥပါလိဒါရ-ကောတိဿ နာမံ အကံသု။ အံဋ္ဌ၊၁။၂၄၁။ ဥပါလိဒါရကော တေသံ ပါမောက္ခော ဟောတိ။ ဝိ၊၂။၁၆၉။ ဝိ၊၃။၁၀၈။

**ဥပါလိဝတ္ထု** (နပုံ) [ဥပါလိ+ဝတ္ထု] (သတ္တရသဝဂ္ဂီခေါင်းဆောင်) ဥပါလိ၏ အကြောင်းအရာ။ (ဝိ၊၃။၁၀၈-၌ ဥပါလိဒါရကဝတ္ထု-ဟု ခေါင်းစီးတပ်ထားသည်။) ဥပါလိဝတ္ထု မဟာဝိဘင်္ဂေ ဝုတ္တနယမေဝ။ ဝိဋ္ဌ၊၃။၂၈၅။

**ဥပါလိသုတ္တ** (နပုံ) [ဥပါလိ+သုတ္တ] ဥပါလိသူကြွယ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်သော သုတ္တန်။ ဥပါလိသုတ္တေ ကမ္မံ။ မဋ္ဌ၊၃။၇၃။ မဋီ၊၃။၄၅။

**ဥပါလိဇေဋ္ဌက** (တိ) [ဥပါလိ+ဇေဋ္ဌက] ဥပါလိသူကြွယ်လျှင်အကြီးအမှူးရှိသော၊ ဥပါလိဦးစီးခေါင်းဆောင်သော။ ဥပါလိပမုခ-ကြည့်။

**ဥပါလိပဉှကဝဏ္ဏနာ** (ထီ) [ ဥပါလိပဉှက + ဝဏ္ဏနာ] ဥပါလိပဉှကကို ဖွင့်ဆိုကြောင်းအဋ္ဌကထာ။ နိဋ္ဌိတာ စ ဥပါလိပဉှကဝဏ္ဏနာ။ ဝိဋ္ဌ၊၄။၂၂၄။

**ဥပါလိပဉှ** (တိ) [ဥပါလိ+ပဉှ] ဥပါလိမေးမြန်းလျှောက်ထားအပ်သော အမေးပုစ္ဆာ ပြဿနာ။ ဥပါလိပဉှေသုပိ ဝတ္ထုဝသေနေဝ ဓမ္မာဓမ္မကမ္မံ ဝိဘတ္တံ။ ဝိဋ္ဌ၊၃။၄၂၉။

**ဥပါလိပမုခ** (တိ) [ဥပါလိ+ပမုခ] ဥပါလိသူကြွယ်လျှင်အကြီးအမှူးရှိသော၊ ဥပါလိဦးစီးခေါင်းဆောင်သော။ ဥပါလိပမုခါယာ(မ၊၂။၃၇)တိ ဥပါလိဇေဋ္ဌကာယ။ ... ဥပါလိပမုခါယာတိ ဥပါလိဂဟပတိယေဝ တတ္ထ ထောကံ သပ္ပ-ညော၊ သော တဿာ ပမုခေါ ဇေဋ္ဌကော။ မဋ္ဌ၊၃။၃၈။

**ဥပါဝသိ** (ကြိ) [ ဥပ+ဝသ+ဤ။ ဆန်းကြောင့်

ဒီယ။ ဥပ+အာ+ဝသ+ဏ္ဍ] ကျင့်သုံး-စောင့်ထိန်း-ဆောက်တည်-ပြီ။ ဥပဝသတိ (၁) ကြည့်။

**ဥပါဝိသ** (ကြိ) [ ဥပ+အာ+ဝိသ+အ+ဟိ] ထိုင်ပါလော။ အောက်ပုဒ် (က) ကြည့်။

**ဥပါဝိသတိ** (ကြိ) [ ဥပ+အာ+ဝိသ+အ+တိ] (က) ထိုင်၏။ (ခ) ဝင်၏။ (က) သန္တတသ္မိံ ဥပါဝိသာတိ။ ဝိမာန။၈၇။ ဝိမာန၊ဋ္ဌ။၂၄၃။ သန္တတသ္မိံ **ဥပါဝိသာ**တိ အနန္တရဟိတာယ ဘူမိယာ အနိသီဒိတွာ အမုကသ္မိံ တိဏ-သန္ထာရကေ နိသီဒါတိ။ ဝိမာန၊ဋ္ဌ။၂၄၃။ ကောမန္တံ **ဥပါဝိသိ**။ ဇာ၊၂။၂၅၉။ ဇာ၊ဋ္ဌ၊၇။၁၁၀။ ဝိ၊ဋ္ဌ၊ ၁။၅၇။ နိသီဒိတိ ဥပါဝိသိ။ ဝိ၊ဋ္ဌ၊၁။၁၀၁။ ဒီ၊ဋ္ဌ၊၂။၇၄။ မ၊ဋ္ဌ၊၁။၁၁၄။ အံ၊ဋ္ဌ၊၂။၁၃။ အာသဇ္ဇ န် ဥပါဝိသိ။ သုတ္တနိ။၃၄၁။ ဥပါဝိသီတိ နိသီဒိ။ သုတ္တနိ၊ဋ္ဌ၊၂။၁၁၂။ ဥပါဝိသိ ပုဏ္ဏရိကတ္တစင်္ဂီ။ ဇာ၊၂။၄၀။ ဇာ၊ဋ္ဌ၊၅။၂၂၅။ ဥပါဝိသီတိ ... ဝါတာပါနေ နိသီဒိ။ ဇာ၊ဋ္ဌ၊၅။၂၂၇။ **ဥပါ-ဝိသုံ**—ထေရီ၊၃၉၂။ ထေရီ၊ဋ္ဌ။၁၂၂။ **ဥပါဝိသိံ**—ထေရ။၂၈၅။ ထေရီ။၃၈၈။ ထေရ၊ဋ္ဌ၊၂။၉၉။ ထေရီ၊ဋ္ဌ။၇၈။ (ခ) ကောမန္တံ ဥပါဝိသိ။ ဇာ၊ ၂။၂၆၃။ ဥပါဝိသီတိ ပိတုဝသနဋ္ဌာနံ စန္ဒက-ပါသာဒံ ပါဝိသိ။ ဇာ၊ဋ္ဌ၊၇။၁၂၀။

**ဥပါဝိသိံ** (ကြိ) [ ဥပ+အာ+ဝိသ+ဏ္ဍ] ထိုင်ပြီ။ ဥပါဝိသတိ (က) ကြည့်။

**ဥပါဝိသိ** (ကြိ) [ဥပ+အာ+ဝိသ+ဤ] (က) ထိုင်ပြီ။ (ခ) ဝင်ပြီ။ ဥပါဝိသတိ-ကြည့်။

**ဥပါဝိသုံ** (ကြိ) [ဥပ+အာ+ဝိသ+ဥံ] ထိုင်ကုန်ပြီ။ ဥပါဝိသတိ (က) ကြည့်။

**ဥပါသက** (တိ) [ဥပ+အာသ+ဏ္ဏု။ ထီ-၌ ဥပါသိကာ] ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်တတ်သော၊သူ၊ ဥပါသကာ။ (ဥပါသကနှင့် ကပ္ပိယကာရကသည် ပရိယာယ်ဖြစ်သည်။) ဥပါသကံ မံ ဘဝံ ဂေါတမော ဓာရေတု။ ဝိ၊ ၁။၇။ မ၊၁။၂၈။ (-ဒီ၊၁။၈၀။) ဗုဒ္ဓံ ဥပါသတီတိ ဥပါသကော။ ဓမ္မံ၊ သံဃံ ဥပါသတီတိ ဥပါသ-ကော။ မ၊ဋ္ဌ၊၁။၁၄၀။ သာရတ္ထ၊၁။၄၂၂။ ပဉ္စမာ ဘိက္ခဝေ ဝဏ္ဏာ ဥပါသကေန အကရဏီယာ။ အံ၊၂။၁၈၃။ ဥပါသကေနာတိ တိသရဏ-ဂတေန။ အံ၊ဋ္ဌ၊၃။၆၂။ ဥပါသိကာ နာမ ဗုဒ္ဓံ သရဏံ ဂတာ ဓမ္မံ သရဏံ ဂတာ သံဃံ သရဏံ ဂတာ။ ဝိ၊၁။၂၈၇၊၂၉၁။ ဥပါသိကာတိ သရဏဂမနေန ဥပါသိကာလက္ခဏေ ဋ္ဌိတာ။ ဝိမာန၊ဋ္ဌ။၅၃။ တီဟိ သရဏဂမနေဟိ သရဏံ ဂတံ ဥပါသကံ ကပ္ပိယကာရကံ မံ ဘဝဝါ ဓာရေတု ဇာနာတု။ ဒီ၊ဋ္ဌ၊၁။၂၁၁။ ကေစ္စေ ကပ္ပိယကာရကသဒ္ဒဿ အတ္ထော ဥပါသက-သဒ္ဒဿ ဝစနီယောပိ ဘဝတီတိ ဝုတ္တံ ဥပါသကံ ကပ္ပိယကာရကန္တိ။ သီ၊ဋီ၊သစ်၊၂။၁၉၂။

ဤနေရာ၌ ဥပါသကာနှင့် ပတ်သက်သော အစီအရင်အချက်အလက်တို့ကို သိနားလည်နိုင်ရန် မေးခွန်း(၆)ချက်နှင့် အဖြေ(၆)ချက်တို့ကို မှတ်သားအပ်၏။

(၁) အဘယ်သူသည် ဥပါသကာမည်သနည်း။ (ဥပါသကာသည် အဘယ်လက္ခဏာရှိသနည်း။) ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သောသူသည် ဥပါသကာမည်၏။ (ဥပါသကာသည် ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ခြင်း လက္ခဏာရှိ၏။)

(၂) အဘယ့်ကြောင့် ဥပါသကာဟု ခေါ်ဆိုရသနည်း။ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တတ်သောကြောင့် ဥပါသကာဟု ခေါ်ဆိုရသည်။

(၃) ဥပါသကာ၏ အကျင့်သီလသည် အဘယ်နည်း။ သူ့အသက်ကို သတ်ခြင်းစသော တရားငါးပါးမှ ရှောင်ကြဉ်ခြင်း (ငါးပါးသီလကို ကျင့်သုံးဆောက်တည်ခြင်း)သည် ဥပါသကာ၏ အကျင့်သီလဖြစ်သည်။

(၄) ဥပါသကာ၏ အသက်မွေးမှု လုပ်ငန်းသည် အဘယ်နည်း။ မရောင်းဝယ်ထိုက်သော ကုန်သွယ်မှုငါးမျိုးကို ရှောင်ကြဉ်၍ တရားသဖြင့် အသက်မွေးခြင်းသည် ဥပါသကာ၏ အသက်မွေးမှုလုပ်ငန်းဖြစ်သည်။ မရောင်းဝယ်ထိုက်သော ကုန်သွယ်မှုလုပ်ငန်းငါးမျိုးမှာ (က) လက်နက်ကုန်-လက်နက်ဘဏ္ဍာ-ရောင်းဝယ်ကုန်သွယ်ခြင်း။ (ခ) လူကုန်-လူ-ရောင်းဝယ် ကုန်သွယ်ခြင်း။ (ဂ) အသားကုန်-ဝက်စသော သတ္တဝါတို့ကိုမွေးမြူ၍-ရောင်းဝယ်ကုန်သွယ်ခြင်း။ (ဃ) မူးယစ်သေစာကုန်-ယစ်မျိုးကုန်တို့ကို ပြုလုပ်၍-ရောင်းဝယ်ကုန်သွယ်ခြင်း။ (င) အဆိပ်ကုန်-အဆိပ်ကုန်ပြုလုပ်၍-ရောင်းဝယ် ကုန်သွယ်ခြင်းတို့ဖြစ်သည်။

(၅) ဥပါသကာ၏ အကျင့်သီလနှင့် အသက်မွေးမှု ပျက်စီးခြင်းသည် အဘယ်နည်း။ သူ့အသက်ကို သတ်ခြင်းစသော တရားငါးပါးကို ကျူးလွန်ခြင်း (ငါးပါးသီလပျက်စီးခြင်း)။ မရောင်းဝယ်ထိုက်သော ကုန်ငါးမျိုးကို ရောင်းဝယ်ကုန်သွယ်ခြင်းသည် ဥပါသကာ၏ အကျင့်သီလနှင့် အသက်မွေးမှု ပျက်စီခြင်းဖြစ်သည်။ (တနည်း) (က) သဒ္ဓါတရား မရှိခြင်း။ (ခ) သီလမရှိခြင်း။ (ဂ) ကောတုဟလမင်္ဂလာကို ယုံကြည်ခြင်း။ (ဃ) ကောတုဟလမင်္ဂလာကို ယုံကြည်၍ ကုသိုလ်ကံ အကုသိုလ်ကံကို မယုံကြည်ခြင်း။ (င) သာသနာတော်မှ အပဖြစ်သော မိစ္ဆာဝါဒ၌ အလှူခံပုဂ္ဂိုလ်ကို ရှာမှီး၍ မိစ္ဆာအယူဝါဒ၌ ဒါနကုသိုလ် ပြုလုပ်ခြင်း စသောအကျင့်သည် ဥပါသကာ၏အကျင့်သီလနှင့် အသက်မွေးမှု ပျက်စီးခြင်း ဖြစ်သည်။

(၆) ဥပါသကာ၏အကျင့်သီလနှင့် အသက်မွေးမှု၏ ပြည့်စုံခြင်းသည် အဘယ်နည်း။ သူ့အသက်သတ်ခြင်းစသော တရားငါးပါးမှ ရှောင်ကြဉ်ခြင်း (ငါးပါးသီလလုံခြုံခြင်း)၊ မရောင်းဝယ်ထိုက်သော ကုန်ငါးမျိုးကို ရှောင်ကြဉ်၍ တရားသဖြင့်အသက်မွေးခြင်းသည် ဥပါသကာ၏ အကျင့်သီလနှင့် အသက်မွေးမှု၏ ပြည့်စုံ ခြင်းဖြစ်သည်။ (တနည်း) (က) သဒ္ဓါတရားရှိခြင်း၊ (ခ) အကျင့်သီလရှိခြင်း၊ (ဂ) ကောတုဟလမင်္ဂလာကို မယုံကြည်ခြင်း၊ (ဃ) ကုသိုလ်အကုသိုလ်ကံကို ယုံကြည်၍ ကောတုဟလမင်္ဂလာကို မယုံကြည်ခြင်း။ (င) သာသနာတော်မှအပဖြစ်သော မိစ္ဆာဝါဒ၌ အလှူခံပုဂ္ဂိုလ်ကို မရှာမှီး၍ ဤသာသနာတော်အတွင်း၌သာ လှူဒါန်းခြင်း -ဟူသောအကျင့်သည် ဥပါသကာ၏ အကျင့်သီလနှင့် အသက်မွေးမှု၏ ပြည့်စုံခြင်းဖြစ်သည်။ သံ၃။၃၄၄-၃၄၅။ အံ၂။၁၈၀-၁၈၃။ ဒီဌ၁။၂၀၉-၂၁၀။ မဋ္ဌ၁။၁၄၀-၁၄၁။ အံဋ္ဌ၂။၂၁-၂၂။ သာရတ္ထ၁။၄၂၂-၄၂၄။ ဒီဋီ၁။၂၈၂-၂၈၃။ သီဋီ၊သစ်၂။၁၈၈-၁၉၀။ မဋီ၁။၂၃၉-၂၄၀။ အံဋီ၂။၂၄-၂၅။

**ဥပါသကဥပါသိကာဌာန** (န) [ဥပါသက+ဥပါသိကာ+ဌာန] ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တတ်သော အမျိုးသားအရာ, အမျိုးသမီးအရာ။ (ရဟန္တာအဖြစ်သို့ရောက်၍ ပရိနိဗ္ဗာန်ပြုသူ ဥပါသကာ, ဥပါသိကာမ အနည်းငယ်သာရှိသောကြောင့် နဋကပါနသုတ် "မ၊၂။၁၂၅-၁၃၂" ၌ ထည့်၍မဟော။) ဥပါ-သကဥပါသိကာဌာနေသု လဒ္ဓမာနမ္ပိ အရ-ဟတ္တံ အပ္ပကဘာဝတော ပါဠိယံ အနုဒ္ဓဋန္တိ ဒဋ္ဌဗ္ဗံ။ မဋီ၃။၈၂။

**ဥပါသကစဏ္ဍာလ** (တိ) [ ဥပါသက+ စဏ္ဍာလ] စဏ္ဍာလနှင့်တူသောဥပါသကာ၊ ဥပါသကာဒွန်းစဏ္ဍား။ ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမ-န္နာဂတော ဥပါသကော ဥပါသကစဏ္ဍာလော စ ဟောတိ ဥပါသကမလဉ္စ ဥပါသက-ပတိကုဋ္ဌော စ။ အံ၂။၁၈၁။ ဒီဋ္ဌ၁။၂၁၀။ မဋ္ဌ၁။၁၄၀။ အံဋ္ဌ၂။၂၂။ သာရတ္ထ၁။၄၂၃။

(-ဒီ၊ဋ္ဌ၊၁။ ၂၈၃။ သီ၊ဋ္ဌ၊သစ်၊ ၂။၁၉၀။ မ၊ဋ္ဌ၊၁။ ၂၄၀။ အံ၊ဋ္ဌ၊ ၂။ ၂၅။)

**ဥပါသကစဏ္ဍာလသုတ္တ** (န) [ဥပါသကစဏ္ဍာလ +သုတ္တ] ဥပါသကစဏ္ဍာလသုတ်။ ဥပါသက-စဏ္ဍာလသုတ္တံ ဥပါသကရတနသုတ္တဉ္စ ပဉ္စဂ္ဂိုတ္တ-ရေ။ (အံ၊ ၂။၁၈၁။) သီ၊ဋ္ဌ၊သစ်၊ ၂။၁၉၀။

**ဥပါသကဇနေ** (ပု) [ဥပါသက+ဇနေ] ဥပါသကာ ဖြစ်သောလူ။ **ဇေ** ဥပါသကဇနံ ယုတ္တဥ္စာနေ ဥပနေတုံ **ဆေကာ**။ ဝိ၊ဋ္ဌ၊ ၂။ ၂၀၆။(-သံ၊ဋ္ဌ၊ ၂။ ၅၃၇။)

**ဥပါသကဓမ္မ** (ပု) [ဥပါသက+ဓမ္မ] ဥပါသကာတို့၏-ကျင့်ဝတ်-အကျင့်တရား။ တေသံ ဥပါသ-ကာနံ သရဏသီလဥပေါသထာနိသံသာဒိဘေဒံ ဥပါသကဓမ္မံ ကထေတွာ။ သုတ္တနိ၊ဋ္ဌ၊ ၂။၁၀၂။

**ဥပါသကနိဟီန** (တိ) [ဥပါသက+နိဟီန] ယုတ်-ညံ့-သောဥပါသကာ၊ ဥပါသကာ-အယုတ်စား-အညံ့စား။ ဥပါသကပစ္ဆိမကောတိ ဥပါသက-နိဟီနော။ အံ၊ဋ္ဌ၊၃။၅၃။ ဥပါသကပဋိကုဋ္ဌောတိ ဥပါသကနိဟီနော။ သာရတ္ထ၊၁။၄၂၄။ (-ဒီ၊ဋ္ဌ၊ ၁။ ၂၈၃။ အံ၊ဋ္ဌ၊ ၂။ ၂၅။) ပတိကိဋ္ဌောတိ လာမ-ကဋ္ဌေန ဥပါသကနိဟီနော။ သီ၊ဋ္ဌ၊သစ်၊ ၂။၁၉၀။

**ဥပါသကပစ္ဆိမက** (တိ) [ဥပါသက+ပစ္ဆိမက] ယုတ် -ညံ့-သော ဥပါသကာ၊ ဥပါသကာ-အယုတ် စား-အညံ့စား။ ဥပါသကပတိကုဋ္ဌောတိ ဥပါ-သကပစ္ဆိမကော။ အံ၊ဋ္ဌ၊၃။၆၂။ ဥပါသက-ပစ္ဆိမကောတိ ဥပါသကနိဟီနော။ အံ၊ဋ္ဌ၊၃။၅၃။

**ဥပါသကပတိ(ဋိ)ကု(ကိ)ဋ္ဌ** (တိ) [ဥပါသက+ ပတိကုဋ္ဌ] ယုတ်-ညံ့-သော ဥပါသကာ၊ ဥပါသ ကာ-အယုတ်စား-အညံ့စား။ ဥပါသက ပတိ-ကုဋ္ဌော(အံ၊ ၂။၁၈၁။ ဒီ၊ဋ္ဌ၊၁။ ၂၁၀။ မ၊ဋ္ဌ၊၁။၁၄၀။ အံ၊ဋ္ဌ၊ ၂။ ၂၂)တိ ဥပါသကပစ္ဆိမကော။ အံ၊ဋ္ဌ၊ ၃။၆၂။ သာရတ္ထ၊၁။၄၂၄။ ပဋိကိဋ္ဌောတိ ဥပါ-သကနိဟီနော။ ဒီ၊ဋ္ဌ၊၁။ ၂၈၃။ ဥပါသက-စဏ္ဍာလ-လည်းကြည့်။

**ဥပါသကပဒုမ** (န) [ဥပါသက+ပဒုမ] ပဒုမ္မာ ကြာနှင့်တူသော ဥပါသကာ။ ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဥပါသကော ဥပါ-သကရတနဉ္စ ဟောတိ ဥပါသကပဒုမဉ္စ ဥပါသကပုဏ္ဍရီကဉ္စ။ အံ၊ ၂။၁၈၁။ ဒီ၊ဋ္ဌ၊၁။ ၂၁၀။ မ၊ဋ္ဌ၊၁။၁၄၁။ အံ၊ဋ္ဌ၊ ၂။ ၂၂။ သာရတ္ထ၊၁။၄၂၄။ စတုန္နမ္ပိ ပရိသာနံ ရတိဇနနဋ္ဌေန ဥပါသကောဝ ရတနံ ဥပါသကရတနံ၊ ဂုဏသောဘာကိတ္တိ-သဒ္ဒသုဂန္ဓတာဟိ ဥပါသကောဝ ပဒုမံ ဥပါသက-ပဒုမံ။ တထာ ဥပါသကပုဏ္ဍရီကောစ ဝေဒိ-တဗ္ဗော။ သာရတ္ထ၊၁။၄၂၄။ ဒီ၊ဋ္ဌ၊၁။ ၂၈၄။ သီ၊ဋ္ဌ၊သစ်၊ ၂။၁၉၁။ မ၊ဋ္ဌ၊၁။ ၂၄၀။ အံ၊ဋ္ဌ၊ ၂။ ၂၅။

**ဥပါသကပရိဝုတ** (တိ) [ဥပါသက+ပရိဝုတ] ဥပါသကာအပေါင်း ခြံရံအပ်သောသူ။ ပဉ္စ-သတဥပါသကပရိဝုတော ဇေတဝနံ ဂန္တွာ။ သုတ္တနိ၊ဋ္ဌ၊ ၂။၁၀၂။

**ဥပါသကပုဏ္ဍရီက** (န) [ဥပါသက+ပုဏ္ဍရီက] ကြာပုဏ္ဍရိက်နှင့်တူသော ဥပါသကာ။ ဥပါသ-ကပဒုမ-ကြည့်။

**ဥပါသကမလ** (န) [ဥပါသက+မလ] အညစ် အကြေးရှိသော ဥပါသကာ၊ ဥပါသကာ အညစ် အကြေး။ ဥပါသကစဏ္ဍာလ-ကြည့်။

**ဥပါသကရတန** (န) [ဥပါသက+ရတန] မွေ့ လျော်ခြင်းကို ဖြစ်စေတတ်သော ဥပါသကာ၊ ရတနာနှင့်တူသော ဥပါသကာ၊ ဥပါသကာ ရတနာ။ ဥပါသကပဒုမ-ကြည့်။

**ဥပါသကဝဏ္ဏ** (ပု) [ဥပါသက+ဝဏ္ဏ] ဥပါသကာ အသွင်-ပုံစံ-သဏ္ဍာန်။ တတော ဥပါသက-ဝဏ္ဏေနာဂန္တွာ ဝန္ဒိတွာ အဋ္ဌာသိ။ အံ၊ဋ္ဌ၊၃။၃၄၅။

**ဥပါသကဝိမိကောသလ္လ** (န) [ ဥပါသကဝိမိ+ ကောသလ္လ] ဥပါသကာ၏အဖြစ်အစီအရင်၌

လိမ္မာသူ၏ ဖြစ်ကြောင်းဖြစ်ရာအသိဉာဏ်ပညာ။ ဥပါသကဝိဓိကောသလ္လတ္ထံ ပနေတ္ထ ကော ဥပါသကော။ ဝိ၊ဋ္ဌ၊၁။၁၄၁။ ဒီ၊ဋ္ဌ၊၁။၂၀၉။ မ၊ ဋ္ဌ၊၁။၁၄၀။

**ဥပါသကဝေဝစန** (ပု) [ဥပါသက+ဝေဝစန] ဥပါသက၏-ဝေဝုစ်-ပရိယာယ်-စကားလှယ် ။ ဇေ ဥပါသကဝေဝစနေန သိက္ခာပစ္စက္ခာနံ ဟောတိ။ ဝိ၊ဋ္ဌ၊၁။၂၁၈။

**ဥပါသကသတ** (နှ) [ဥပါသက+သတ] ဥပါ သကာတို့၏အရာ။ အယံ ပန မဟာနုဘာဝေါ ပရိဝါရေတွာ ဝိစရန္တာနံ ပဥ္စန္နံ ဥပါသကသတာနံ အဂ္ဂပုရိသော။ ဒီ၊ဋ္ဌ၊၃။၁၆။ (-အံ၊ဋ္ဌ၊၂။၁၁၆။ သုတ္တနိ၊ဋ္ဌ၊၂။၉၉။)

**ဥပါသကသမ္ပတ္တိ** (ထီ) [ဥပါသက+သမ္ပတ္တိ] ဥပါသကာ၏ပြည့်စုံခြင်း။ ဥပါသကသမ္ပတ္တိ ဝါတိ ဝုတ္တံ ဟောတိ။ မဟာနိ၊ဋ္ဌ။၂၆၂။

**ဥပါသကသိက္ခာ** (ထီ) [ဥပါသက+သိက္ခာ] ဥပါ သကာတို့၏ အကျင့်သိက္ခာ၊ ဥပါသကာတို့ ကျင့်အပ်သော အကျင့်သီလ။ (ငါးပါး, ဆယ်ပါး သီလ။) ဥပါသကာနံ ဥပါသကသိက္ခာ။ အဘိ၊ ဝိ။၂၅၆။ ဥပါသကသိက္ခာတိ ဥပါသကေဟိ သိက္ခိတဗ္ဗသိက္ခာ။ သာ ပဉ္စသီလဒသသီလ- ဝသေန ဝေဒိတဗ္ဗာ။ အဘိ၊ဋ္ဌ၊၂။၃၂၉။

**ဥပါသကသီလ** (နှ) [ဥပါသက+သီလ] ဥပါသ ကာတို့၏ အကျင့်သီလ။ ဥပါသကသီလံ ဟိ အတ္တနာ သမာဒိယန္တေနပိ သမာဒိန္နံ ပရ- သန္တိကေ သမာဒိယန္တေနပိ။ အံ၊ဋီ၊၂။၁၇၉။

**ဥပါသကာသေ** (တိ) [ ဥပါသက-နှောင် သေ လာ။ နီတိ၊သုတ္တ။၁၁၀၂] ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တတ်-သော၊သူ။ အဂါ- ရိနော ဝါ ပနုပါသကာသေ။ သုတ္တနိ။၃၃၅။ ဥပါသကာသေတိ ဥပါသကာ ဂုဏ္ဍေဝ ဝုတ္တံ ဟောတိ။ သုတ္တနိ၊ဋ္ဌ၊၂။၉၉။

**ဥပါသတိ** (ကြိ) [ဥပ+အာသ+အ+တိ] ဆည်း ကပ်-ကိုးကွယ်-ကပ်ရောက်-၏။ သော ဟိ ဗုဒ္ဓံ ဥပါသတီတိ ဥပါသကော။ ဒီ၊ဋ္ဌ၊၁။၂၀၉။ အံ၊ဋ္ဌ၊၂။၂၁။ **ဥပါသန္တိ**—ထေရီ၊၃၈၅။ သုတ္တံ ထေရီ ယေ န ဥပါသန္တိ န ပယိရုပါသန္တိ။ ထေရီ၊ဋ္ဌ။၆၃။ **ဥပါသရေ**—(အံ၊၁။၁၆၃)တိ ဥပသင်္ကမန္တိ။ အံ၊ဋ္ဌ၊၂။၁၄၄။ (-ဇာ၊၁။၃၂၄။ ဇာ၊ဋ္ဌ၊၄။၄၁၈။) **ဥပါသေမု**—ဇာ၊၂။၂၅၈။ ဇာ၊ ဋ္ဌ၊၇။၁၀၈။ **ဥပါသေယျံ**—အပ၊၁။၁၈၆။ ထေရ၊ ဋ္ဌ၊၁။၂၃၅။

**ဥပါသန**[၁] (နှ) [ ဥပ+အာသ+ယု။ ဓာန်၊ဋီ။၃၉၀] လေးအတတ်ကို သင်ယူလေ့ကျင့်ခြင်း၊(တောင် ပေါက်၊သျှ။) မြားပစ်လေ့ကျင့်ခြင်း၊ (ဓာန်၊သျှ၊ သစ်။) မြားပစ်အတတ်(ဥပစာ)။ သရာဘျာ- သော တုပါသနံ။ ဓာန်။၃၉၀။ လက္ခမုပဂန္တွာ အသနံ ခိပနံ ဥပါသနံ။ ဓာန်၊ဋီ။၃၉၀။ လိစ္ဆ- ဝိကုမာရကေ သန္ဓာဂါရေ ဥပါသနံ ကရောန္တေ။ သံ၊၃။၃၉၅။ ဥပါသနံ ကရောန္တေတိ ကဏ္ဍခိပန- သိပ္ပံ ကရောန္တေ။ သံ၊ဋ္ဌ၊၃။၃၃၂။ ဥပါသနန္တိ အာစရိယဉပါသနံ၊ အာစရိယံ အန္တေဝါသိနာ ဝါ ဒိဝသေ ဒိဝသေ သိက္ခနဝသေန ဥပါသိ- တဗ္ဗတော ဥပါသနန္တိ လဒ္ဓနာမံ ကဏ္ဍခိပန- သိပ္ပံ။ သံ၊ဋီ၊၂။၅၄၅။ (ဤဋီကာအလို ဥပ+ အာသ+ယု-ဟုလည်း ခွဲနိုင်သည်။) အပ္ပမတ္တာ အာတာပီနော ဥပါသနသ္မိံ။ သံ၊၁။၄၅၇။ ဥပါ- သနသ္မိန္တိ သိပ္ပါနံ အဘိယောဂေ အာစရိယာနဉ္စ ပယိရုပါသနေ။ သံ၊ဋ္ဌ၊၂။၂၁၁။ (-သံ၊ဋီ၊၁။၁၉၇။)

**ဥပါသန**[၂] (နှ) [ဥပ+အာသ+ယု] (၁) မှီဝဲ- ဆည်းကပ်-ချဉ်းကပ်-ခြင်း။ (တိ)(၂) မှီဝဲ- ဆည်းကပ်-အပ်သော။ (၃) မှီဝဲ-ဆည်းကပ်- ရာဖြစ်သော(ကမ္မဋ္ဌာန်းအာရုံ)။ သမဏူပါသနဿ စ။ သံ၊၁။၄၃။ သုတ္တနိ။၃၉၀။ ဗဟုဿုတာနံ ဝါ ဘိက္ခူနံ ဥပါသနမ္ပိ သမဏူပါသနံ။ သံ၊ဋ္ဌ၊ ၁။၉၇။ ဥပါသနန္တိ ပယိရုပါသနံ။ သံ၊ဋီ၊၁။၁၄၃။

(တိ)(၂)(၃) သမဏူပါသနဿ စတိ သမဏေဟိ ဥပါသိတဗ္ဗံ သမဏူပါသနံ နာမ အဋ္ဌတိံသဘေဒံ ကမ္မဋ္ဌာနံ။ သံ၊ဋ္ဌ၊၁။၉၆-၇။ သမဏူပါသနဿ စတိ သမဏေဟိ ဥပါသိတဗ္ဗဿ အဋ္ဌတိံသာရမ္မဏဘာဝနာနုယောဂဿ, သမဏာနံ ဝါ ဥပါသနဘူတဿ အဋ္ဌတိံသာရမ္မဏဘေဒဿဝ။ သုတ္တနိ၊ဋ္ဌ၊၂။၂၁၇။ (-ဒီ၊ဋ္ဌ၊၁။၂၀၉။ မ၊ဋ္ဌ၊၁။၁၄၀။ အံ၊ဋ္ဌ၊၂။၂၁။ ဥဒါန၊ဋ္ဌ။၂၆၁။ ဝိမတိ၊၁။၈၇။ ဒီ၊ဋီ၊၁။၂၈၂။ ဒီ၊ဋီ၊၃။၁၁၇။ မ၊ ဋီ၊၁။၂၃၉။ အံ၊ဋီ၊၂။၂၄။)

**ဥပါသနဋ္ဌာန[၁]** (နု) [ဥပါသန+ဌာန] မြားပစ် လေ့ကျင့်ရာ အရပ်ဌာန။ အောက်ပုဒ်ကြည့်။

**ဥပါသနဋ္ဌာန[၂]** (နု) [ဥပါသနဌာန+အ] မြားပစ် လေ့ကျင့်ရာဌာနနှင့်တူသော ကမ္မဋ္ဌာန်းလေ့ကျင့် ရာအရပ်။ သော ဝိဝိတ္တန္တိ ဍမိနာ ကိံ ဒဿေတိ၊ ဧတဿ ဘိက္ခုနော ဥပါသနဋ္ဌာနံ ယောဂပထံ သပ္ပါယသေနာသနံ ဒဿေတိ။ အဘိ၊ဋ္ဌ၊၂။ ၃၄၉။ ဥပါသနဋ္ဌာနန္တိ ဍဿာသဿနံ ဝိယ ဥပါ- သနဿ သိက္ခာယောဂကရဏဿ ကမ္မဋ္ဌာန- ဥပါသနဿ ဌာနန္တိ အတ္ထော။ မူလဋီ၊၂။၁၈၂။

**ဥပါသနဘူတ** (တိ) [ ဥပါသန+ဟုတွာ+ဘူတ] မှီဝဲဆည်းကပ်ရာဖြစ်သော။ ဥပါသန[၂]-ကြည့်။

**ဥပါသနီယ** (တိ) [ဥပ+အာသ+အနီယ] ချဉ်း ကပ်-ဆည်းကပ်-အပ်သော၊သူ။ ဥဘယသမ္ဗ- န္ဓော ပန သဗ္ဗထာပိ ဥပါသနီယော သေဝိ- တဗ္ဗော စ ဝိညူဟိ၊ မဟာနိ၊ဋ္ဌ။၆။

**ဥပါသန္တ** (တိ) [ ဥပ+အာသ+အန္တ] ဆည်းကပ် တတ်သော၊သူ။ ပဗ္ဗဇိတံ ဥပါသိတာတိ ထွေ ယာဒိသံ ဥပါသတော ပညာပဋိလာဘော ဟောတိ။ ဒီ၊ဋီ၊၃။၁၁၇။

**ဥပါသန္တိ** (ကြိ) [ဥပ+အာသ+အ+န္တိ] ဆည်းကပ်- ကိုးကွယ်-ကပ်ရောက်-ကုန်၏။ ဥပါသတိ- ကြည့်။

**ဥပါသဘ** (ပု) [ယာဒိစ္ဆကနာမ်] ဥပါသဘ မည် သော ပစ္စေကဗုဒ္ဓါ။ ပိင်္ဂလော ဥပါသဘော နီတော။ မ၊ဋ္ဌ၊၄။၉၀။

**ဥပါသမာန** (တိ) [ဥပ+အာသ+အ+မာန] ဆည်း ကပ်-ကိုးကွယ်-တတ်သော၊သူ။ အဟံ ဟိ တုမှေဝ ဥပါသမာနော။ ဒီ၊၂။၂၁၇။ (-အပ၊ ၂။၇၉။ ဒီ၊ဋ္ဌ၊၂။၃၀၁။ ထေရ၊ဋ္ဌ၊၁။၃၂၇။)

**ဥပါသယ** (ပု) [ဥပ+အာ+သိ+ဏ] နေရာအရပ်၊ ကျောင်း၊ အိမ်၊ ဇရပ်။ ဥပဿယန္တိ ဝါသာဂါရံ။ ဥပါသယန္တိပိ ပါဌော။ သံ၊ဋ္ဌ၊၁။၈၃။ ဥပဿယ- လည်းကြည့်။

**ဥပါသရေ** (ကြိ) [ဥပ+အာသ+အ+အန္တိ] ဆည်း ကပ်-ကိုးကွယ်-ကပ်ရောက်-ကုန်၏။ ဥပါသ- တိ-ကြည့်။

**ဥပါသိကသိက္ခာ** (ထီ) [ဥပါသိကာ+သိက္ခိတဗ္ဗ+ သိက္ခာ] ဥပါသိကာမ-သီတင်းသည် အမျိုးသမီး- တို့ကျင့်အပ်သော အကျင့်သီလ။ (ငါးပါးသီလ၊ ဆယ်ပါးသီလ။) ဥပါသိကာနံ ဥပါသိကသိက္ခာ။ အဘိ၊ဝိ။၂၅၆။ ဥပါသိကသိက္ခာတိ ဥပါသိ- ကာဟိ သိက္ခိတဗ္ဗသိက္ခာ၊ သာပိ ပဉ္စသီလ- ဒသသီလဝသေန ဝေဒိတဗ္ဗာ။ အဘိ၊ဋ္ဌ၊၂။၃၂၉။

**ဥပါသိကာ** (ထီ) [ဥပ+အာသ+ဏ္ဍု+အာ] ရတနာ သုံးပါးကို ဆည်းကပ်ကိုးကွယ်တတ်သော၊သူမ။ ဥပါသိကာမ။ ဥပါသက-ကြည့်။

**ဥပါသိကာလက္ခဏ** (နု) [ဥပါသိကာ+လက္ခဏ] ဥပါသိကာမ၏မှတ်ကြောင်းလက္ခဏာ။ ဥပါသိကာတိ သရဏဂမနေန ဥပါသိကာ- လက္ခဏေ ဌိတာ။ ဝိမာန၊ဋ္ဌ။၅၃။

**ဥပါသိတ** (တိ) [ဥပ+အာသ+တ] မှီဝဲ-ဆည်း ကပ်-ကိုးကွယ်-အပ်သော၊သူ။ ဗြဟ္မေ ဥပါ- သိတော မေ(သုတ္တနိ။၄၅၀။ စူဠနိ၊၂၀၆)တိ သော မယာ ဘဂဝါ အာသိတော ဥပါသိတော

ပယိရုပါသိတော ပရိပုစ္ဆိတော ပရိပဉ္စိတော။ စူဠနိ၊၂၀၇။ ဥပါသိတောတိ ဥပဂန္တွာ သေဝိတော။ စူဠနိ၊ဋ္ဌ၊၈၂။

**ဥပါသိတဗ္ဗ** (တိ) [ဥပ+အာသ+တဗ္ဗ] (၁) မှီဝဲဆည်းကပ်-ပွါးများ-အားထုတ်-အပ်သော၊သူ။ ဥပါသိတဗ္ဗ(သံ၊ဋ္ဌ၊၁၊၉၆)န္တိ အာသေဝိတဗ္ဗံ ဘာဝေတဗ္ဗံ ဗဟုလီကာတဗ္ဗံ။ သံ၊ဋီ၊၁၊၁၄၂။ ပုနပ္ပုနံ ဥပါသိတဗ္ဗော (အံ၊ဋ္ဌ၊၂၊၉၃)တိ အဘိဏှသော ဥပနိသီဒိတဗ္ဗော။ အံ၊ဋီ၊၂၊၉၃။ (-အဘိ၊ဋ္ဌ၊၃၊၆၈။ သုတ္တနိ၊ဋ္ဌ၊၂၊၂၁၇။)

**ဥပါသိတုံ** (ဗျ) [ဥပ+အာသ+တုံ] ချဉ်းကပ်ခြင်းငှါ။ ဂစ္ဆာမိ တေ ဥပါသိတုံ။ ဒီ၊၂၊၂၂၉။

**ဥပါသိတ** (တိ) [ဥပ+အာသ+တ] မှီဝဲ-ဆည်းကပ်-ကိုးကွယ်-တတ်သော၊သူ။ ပဗ္ဗဇိတံ ဥပါသိတာ(ဒီ၊၃၊၁၂၉)တိ ပဏ္ဍိတံ ပဗ္ဗဇိတံ ဥပသင်္ကမိတွာ ပယိရုပါသိတာ။ ဒီ၊ဋ္ဌ၊၃၊၁၁၅။ ပဗ္ဗဇိတံ ဥပါသိတာတိ ထွေ ယာဒိသံ ပဗ္ဗဇိတံ ဥပါသတော ပညာပဋိလာဘော ဟောတိ။ ဒီ၊ဋီ၊၃၊၁၁၇။ ဥပါသိတာ သပ္ပုရိသာ။ ထေရ၊၂၅၅။ ဥပါသိတာတိ ပရိစရိတာ ပဋိပတ္တိပယိရုပါသနာယ ပယိရုပါသိတာ။ ထေရ၊ဋ္ဌ၊၁၊၃၈၈။

**ဥပါသိတွာ** (ကြိ၊ဝိ) [ဥပ+အာသ+တွာ] မှီဝဲချဉ်းကပ်-ပြီး၍။ သုခိတံ တံ ဥပါသိတွာ၊ ဒုက္ခိတံ တံ ကထံ ဇဟေ။ ဇာ၊၂၊၈၃။

**ဥပါသိတွာန** (ကြိ၊ဝိ) [ဥပ+အာသ+တွာ] ချဉ်းကပ်ပြီး၍။ ဥပါသိတွာန သမ္ဗုဒ္ဓံ၊ ဝေယျာဝစ္စမကာသဟံ။ အပ၊၁၊၂၈၀။

**ဥပါသိန** (တိ) [ဥပ+အာသ+တ] ကပ်၍ထိုင်နေသော၊ အနီး၌ထိုင်နေသော၊သူ။ ဥပါသိနော (ဇာ၊၂၊၈၆)တိအတ္တနော ဇီဝိတံ အဂဏေတွာ ဥပဂန္တွာ နိသိန္နော။ ဇာ၊ဋ္ဌ၊၅၊၃၇၀။ ဥပါသိနောတိ သမီပေ နိသိန္နော။ ဇာ၊ဋီ။

**ဥပါသီသက** (တိ) [ဥပ+အာသီသက] ရှာမှီးတောင့်တ-သော၊သူ။ ဥဒ္ဒုရော ဣတော စိတောစ ဝိစရန္တော အာဟာရုပါသီသကောယေဝ စရတိ။ မိလိန္ဒ၊၃၇၈။ (အာဟာရုပါသီသကောယေဝ=အစာအာဟာရကို ရှာမှီးတောင့်တအဦးမူ၍သာလျှင်။ မနသိကာရုပါသီသကေနေဝ=မနသိကာရကိုရှာမှီးတောင့်တအဦးမူသဖြင့်သာလျှင်။)

**ဥပါသေမု** (ကြိ) [ဥပ+အာသ+ဧယျာမ] ဆည်းကပ်-ကိုးကွယ်-ကပ်ရောက်-ကုန်ရာ၏။ ဥပါသတိ-ကြည့်။

**ဥပါသေယျံ** (ကြိ) [ဥပ+အာသ+ဧယျံ] ဆည်းကပ်-ကိုးကွယ်-ကပ်ရောက်-ရာ၏။ ဥပါသတိ-ကြည့်။

**ဥပါဟ** (ပု) [ ဥပ+အဟ ] တစ်နေ့။ ဥပါဟာ ဥဒကံ ဓူပေတိ။ မဋီ၊၃၊၄၃။

**ဥပါဟဋ** (တိ)[ဥပ+အာ+ဟရ+တ] ကပ်ဆောင်ပေး-အပ်သော။ န အမှေဟိ ကိဉ္စိ အာဟဋံ န ဥပါဟဋံ။ ဝိ၊ဋ္ဌ၊၂၊၁၃၉။ န ဥပါဟဋန္တိ န ဒိန္နံ။ ဝိမတိ၊၁၊၂၆၇။

**ဥပါဟတ** (ကြိဝိ) [ဥပ+အာ+ဟန+တ] ကပ်ရောက်တတ်သော။ ဥပါဟတာ ဘဝါ သဗ္ဗေ။ အပ၊၂၊၂၈၀။

**ဥပါဟန** (ထီ၊ပု) [ဥပ+နဟ+အ။ ဥပနယှတေ ဗန္ဓီယတေတိ ဥပါဟနော၊ ဝဏ္ဏဝိပရိယာယော၊ ရဿဿ ဒီဃတာ။ ဓာန်၊ဋီ၊၅၂၅။] ဖိနပ်။ ကာလဿေဝ ဝုဋ္ဌာယ ဥပါဟနာ ဩမုဉ္စိတွာ။ ဝိ၊၃၊၅၈။ (-မ၊၂၊၃၆၂။ ဝိ၊ဋ္ဌ၊၃၊၁၆၈။ ဝိ၊ဋ္ဌ၊၄၊၁၁၇။ ဒီ၊ဋ္ဌ၊၁၊၈၀။) ဥပါဟနာယော ကာယဗန္ဓနေန ဗန္ဓိတွာ။ ဝိ၊၄၊၂၅၄။

**ဥပါဟနဩမုဋ္ဌန** (န) [ဥပါဟန+ဩမုဋ္ဌန] ဖိနပ်ချွတ်ခြင်း။ ဥပစာရသီမံ ပတွာ ဥပါဟန-

ဩမုဋ္ဌနာဒိ သဗ္ဗံ ကာတဗ္ဗံ။ ဝိ၊ဋ္ဌ၊၄။၁၁၇။ (ဝိ၊ ဋ္ဌ၊၄။၁၁၇-နှင့် သျှ-ဟောင်းတို့၌ ဥပါဟနာ ဩမုဋ္ဌနာဒိ-ဟုဝါကျ ရှိသည်။ ဘာသာဋီကာ၌ သမာသ်ပြင်၍ အနက်ပေးသည်။ ( ဥပါဟန ဩမုဋ္ဌန-သုတ္တန်၊ဋ္ဌ၊၂။၆၂-သည် ဥပါဟန ဩပုဉ္ဆန မှပျက်ယွင်းလာသောပုဒ် ဖြစ်ဖွယ် ရှိသည်။)

**ဥပါဟနကောသက** (ပု) [ဥပါဟန+ကောသက] ဖိနပ်အိမ်၊ ဖိနပ်အိပ်။ ဥပါဟနကောသက- သတ္ထကကောသကကုဉ္စိကာကောသကေသုပိ ဧသေဝ နယော။ ဝိ၊ဋ္ဌ၊၃။၃၇၁။ ဥပါဟန- ကောသကောတိ ဥပါဟနာယ ပက္ခိပနော- ကာသော ကောသကော။ ပါစိတ်၊ယော။၃၄၂။

**ဥပါဟနတေမန** (န) [ဥပါဟန+တေမန] ဖိနပ် ကို စွတ်စိုစေခြင်း၊ ဖိနပ် စွတ်လောက်ရုံ။ ယထာ ဥပါဟနတေမနမတ္တမ္ပိ "ဥဒကံ အတ္ထိ"တိ ဟောတိ။ အဘိ၊ဋ္ဌ၊၁။၂၅၄။

**ဥပါဟနတ္ထဝိကာ** (ထီ) [ဥပါဟန+ထဝိကာ] ဖိနပ်အိတ်။ အနုဇာနာမိ ဘိက္ခဝေ ဥပါဟန- တ္ထဝိကံ။ ဝိ၊၄။၂၅၄။ (-ဝိ၊ဋ္ဌ၊၂။၂၄၂၊၂၄၄။ ဝိ၊ ဋ္ဌ၊၃။၇၂။ သာရတ္ထ၊၂။၁၆၃။)

**ဥပါဟနဒဏ္ဍက** (ပု) [ဥပါဟန+ဒဏ္ဍက] ဖိနပ် ချိတ်စရာ ဒုတ်ငယ်။ ဥပါဟနဒဏ္ဍကေန ဂဟေတွာ။ ဝိ၊ဋ္ဌ၊၄။၁၁၇။ ဝိ၊သင်္ဂဟ။၂၃၀။

**ဥပါဟနဒါယက** (ပု) [ဥပါဟန+ဒါယက] ဖိနပ် ပေးလှူဘူးသောထေရ်၊ ဥပါဟနဒါယကထေရ်။ အာယသ္မာ ဥပါဟနဒါယကော ထေရော ဣမာ ဂါထာယော အဘာသိတ္ထ။ အပ၊၁။၂၅၇။

**ဥပါဟနပပ္ပောဋနသဒ္ဒ** (န) [ဥပါဟနပပ္ပောဋန+ သဒ္ဒ] ဖိနပ်ကိုခါသောအသံ၊ ဖိနပ်ခါသံ။ အာဂစ္ဆန္တာနံ ပဒသဒ္ဒံ ဥပါဟနပပ္ပောဋနသဒ္ဒံ ... သုတွာ ဝေမတိကာ ဟောန္တိ။ ဝိ၊၃။၁၈၆။

**ဥပါဟနမက္ခန** (ထီ) [ဥပါဟန+မက္ခန] ဖိနပ်ကို တန်ဆာဆင်ခြင်း။ ဘိက္ခုနော ဆတ္တမက္ခနံ ဥပါဟနမက္ခနံ...အကိစ္စံ နာမ။ ဓမ္မ၊ဋ္ဌ၊၂။၂၈၂။

ဖြစ်စေခြင်းငှါ အလိုရှိသောသူ။ အထ ခေါ မာရော ပါပိမာ ဘဂဝတော ဘယံ ဆမ္ဘိတတ္တံ လောမဟံသံ ဥပ္ပါဒေတုကာမော မဟန္တံ ဟတ္ထိရာဇဝဏ္ဏံ အဘိနိမ္မိနိတွာ။ သံ၊၁။၁၀၅။ (-အဘိ၊ ဋ္ဌ၊၃။၉၇။ ဝိသုဒ္ဓိ၊ဋီ၊၁။၂၀၂၊၃၅၀။)

**ဥပ္ပါဒေတွာ** (ကြိဝိ) [ဥ+ပဒ+ဏေ+တွာ] ဖြစ်စေ၍။ သန္တာဝုသော သတ္တာ ဥပ္ပါဒေတွာ ဥပ္ပါဒေတွာ သုခံ ဝိဟရန္တိ။ ဒီ၊၃။၁၈၃။

**ဥပ္ပါဒေန္တ** (တိ) [ဥ+ပဒ+ဏေ+အန္တ] ဖြစ်စေသော၊ သူ။ သဠိစ္စ ဥပ္ပါဒေန္တသ ဝါစာယ ဝါစာယ ပါစိတ္တိယံ။ ကင်္ခါ။၂၅၄။ ကုက္ကုစ္စံ ဥပ္ပါဒေန္တသာတိ သံသယံ ဇနေန္တဿ။ ကင်္ခါ၊ဋီ၊သစ်။ ၄၁၆။ (-အံ၊၃။၅၂။ ဒီ၊ဋီ၊၃။၂၇၆။)

**ဥပ္ပါဒေန္တိ** (ကာ၊ကြိ) [ဥ+ပဒ+ဏေ+အန္တိ] ဖြစ်စေကုန်၏။ ဥပ္ပါဒေတိ-ကြည့်။

**ဥပ္ပါဒေမိ** (ကာ၊ကြိ) [ဥ+ပဒ+ဏေ+မိ] ဖြစ်စေ၏။ ဥပ္ပါဒေတိ-ကြည့်။

**ဥပ္ပါဒေယျ** (ကာ၊ကြိ) [ဥ+ပဒ+ဏေ+ယျေ] ဖြစ်စေရာ၏။ ဥပ္ပါဒေတိ-ကြည့်။

**ဥပ္ပါဒေယျာထ** (ကာ၊ကြိ) [ဥ+ပဒ+ဏေ+ယျာထ] ဖြစ်စေကုန်ရာ၏။ ဥပ္ပါဒေတိ-ကြည့်။

**ဥပ္ပါဒေယျာသိ** (ကာ၊ကြိ) [ဥ+ပဒ+ဏေ+ယျာသိ] ဖြစ်စေရာ၏။ ဥပ္ပါဒေတိ-ကြည့်။

**ဥပ္ပါဒေယျုံ** (ကာ၊ကြိ) [ဥ+ပဒ+ဏေ+ယျုံ] ဖြစ်စေကုန်ရာ၏။ ဥပ္ပါဒေတိ-ကြည့်။

**ဥပ္ပါဒေသုံ** (ကာ၊ကြိ) [ဥ+ပဒ+ဏေ+ဥံ] ဖြစ်စေပြီ။ ဥပ္ပါဒေတိ-ကြည့်။

**ဥပ္ပါဒေသိ**¹ (ကာ၊ကြိ) [ဥ+ပဒ+ဏေ+သိ] ဖြစ်စေ၏။ ဥပ္ပါဒေတိ-ကြည့်။

**ဥပ္ပါဒေသိ**² (ကာ၊ကြိ) [ဥ+ပဒ+ဏေ+ဤ] ဖြစ်စေပြီ။ ဥပ္ပါဒေတိ-ကြည့်။

**ဥပ္ပါဒေသုံ** (ကာ၊ကြိ) [ဥ+ပဒ+ဏေ+ဥံ] ဖြစ်စေကုန်ပြီ။ ဥပ္ပါဒေတိ-ကြည့်။

**ဥပ္ပါဒေဿတိ** (ကာ၊ကြိ) [ဥ+ပဒ+ဏေ+ဿတိ] ဖြစ်စေလတ္တံ့။ ဥပ္ပါဒေတိ-ကြည့်။

**ဥပ္ပါဒေဿန္တိ** (ကာ၊ကြိ) [ဥ+ပဒ+ဏေ+ဿန္တိ] ဖြစ်စေကုန်လတ္တံ့။ ဥပ္ပါဒေတိ-ကြည့်။

**ဥပ္ပါဒေဿာမ** (ကာ၊ကြိ) [ဥ+ပဒ+ဏေ+ဿာမ] ဖြစ်စေကုန်လတ္တံ့။ ဥပ္ပါဒေတိ-ကြည့်။

**ဥပ္ပါဒေဿာမိ** (ကာ၊ကြိ) [ဥ+ပဒ+ဏေ+ဿာမိ] ဖြစ်စေလတ္တံ့။ ဥပ္ပါဒေတိ-ကြည့်။

**ဥပ္ပိ(ဗ္ဗိ)လ**¹ (ပု၊န) [(၁) ဥ+ပ္လ(ပိလ)+အ။ နီတိ၊ ဓာ။၂၀၉။ ဓာတွတ္ထ။၂၂၄၊၂၂၆။ (၂) ဥ+ဗိလ+အ။ ဓာတွတ္ထ။၂၅၆။ (၁) ပ္လဓာတ်ဖြစ်မူ ပေါ်လွင်-နှစ်သက်-တက်ကြွ-ပေါလောပေါ်-မျောပါ-ခြင်း အနက်ယူ၍, ဗိလဓာတ်ဖြစ်မူ ကွဲပြား-အထူးသို့ရောက်-တမျိုးတမည်ဖြစ်-ဖျက်ဆီး-ခြင်း အနက်ကို ယူရသည်။] (၁) ပေါ်လွင်နှစ်သက်ဝမ်းမြောက်ခြင်း၊ အားကြီးသောနှစ်သက်ခြင်း၊ ပေါလောပေါ်ခြင်း၊ မျောပါခြင်း။ (တိ)(၂) ပေါ်သော။ (၃) ရှေးအခိုက်အတန့်မှ ကွဲပြားသော-ရှေးအခိုက်အတန့်မှ ထူးသော-နှစ်သက်ခြင်းအခိုက်အတန့်သို့ ရောက်သော၊ ပေါ်လွင်နှစ်သက်ဝမ်းမြောက်သော၊ တမျိုးတမည်ဖြစ်သော၊ ရှေးအခိုက်အတန့်ကို ဖျက်ဆီးတတ်သော။ (၁) ပုတ္တသမ္ဘဝေသနန္တိ ပုတ္တေဟိ သမ္ဘဝေသနံ၊ တွေ ပတ္တသီသေန ဒါရပရိဂ္ဂဟ ပုတ္တဒါရေသု ဥပ္ပိလော ဝိယ။ အံ၊ဋီ၊၃၊၁၃၂။ (ဥဒါန၊ဋ္ဌ၊၃၀၁-အလားတူ အဓိပ္ပါယ်ရှိသော ဝါကျ၌ ဥပ္ပိလာဝိတ-ဟုရှိသည်။ ဥပ္ပိလာဝိတ-ကြည့်။) တဿ မယှံ အနုရုဒ္ဓ ဝေဒဟောသိ "ဥပ္ပိလံ ခေါ မေ ဥဒပါဒိ၊ ဥပ္ပိလာဓိကရဏဉ္စ ပန မေ သမာဓိ စဝိ"။ မ၊၃။၁၉၇။ (-ဝိ၊ဋ္ဌ၊ ၁။၁၃၂။ နေတ္တိ၊ဋ္ဌ၊၁၇၂။ ဝဇိရ။၅၂။ အံ၊ဋီ၊၃။

၁၃၂။ ပါရာဇိကဏ်သစ် နှင့် ဘာသာဋီကာတို့၌ ဥပ္ပိလဝံ-ဟုရှိ၏၊ ကိုယ်စိတ်တို့၏ပေါ်လွင်ခြင်းဟု ဆိုအပ်သော သမာဓိကိုဖျက်ဆီးတတ်သော ဂေဟသိတပီတိ-ဟု ပါရာဇိကဏ်သစ်၊၂။၂၇၈-၌ အနက်ပေး၍, ဗူး တောင်းအသွင် ပေါ်လွင်သောပီတိ-ဟု ဘာသာ ဋီကာ၊၂။၃၆-၌ အနက်ပေးသည်။ ဥပ္ပိလဝ-လည်းကြည့်။ ဘုရားကြီးတိုက် နယား ဆရာတော်ကား ဥဗ္ဗိလ-သင့်ကြောင်းဆုံးဖြတ်သည်။ ဝိနိစ္ဆယကထာ။၅၃-ကြည့်။) ဥပ္ပိလန္တိ "မယာ ဒိဋ္ဌဘယံ ပကတိယာ ဩလောကယမာနံ နတ္ထိ၊ အဒိဋ္ဌေ ကိံ နာမ ဘယ"န္တိ စိန္တယတော ဥပ္ပိလာဝိတတ္တံ ဥဒပါဒိ။ မ၊ဋ္ဌ၊၄။ ၁၄၈။ ဥပ္ပိလန္တိ ... ဘယဿ ဝိနောဒနဝသေန စိန္တေန္တဿ အတ္တနော ပစ္စဝေက္ခဏာကောသလ္လံ နိဿာယ ဥပ္ပန္နံ ဥပ္ပိလာဝိတတ္တံ။ သာရတ္ထ၊၁။၃၉၉။ တေန စိတ္တေ သမာဓိဒူသိကာ ဂေဟဿိတာ ဗလဝ-ပီတိ ဥပ္ပန္နာ။ တေနာဟ "ဥပ္ပိလံ ဥပ္ပန္န"န္တိ။ မ၊ ဋီ၊၃။၃၅၁။ (ဋ္ဌတိဝုတ်၊ဋ္ဌ။၃၀၀-၌ ဥပ္ပိလ္လ-ဟု ရှိ၏။ ဥပ္ပိလ္လ-ကြည့်။) (တိ)(၂)(၃) ဥပ္ပိ(ဗ္ဗိ)လာ-ဝိတတ္တ-ကြည့်။

**ဥပ္ပိလတိ** (ကြိ) [ဥ+ပ္လု(ပိလု)+အ+တိ] ရေး အခိုက်အတန့်မှကွဲပြား၏၊ ရှေးအခိုက်အတန့်မှထူးသော နှစ်သက်ခြင်း အခိုက်အတန့်သို့ ရောက်၏၊ ရှေးအခိုက်အတန့်ကို ဖျက်ဆီး၏။ ရှေးအခိုက်အတန့်မှကွဲပြား၏။ လောက်လက်ခတ်၏၊ တမျိုးတမည်ဖြစ်၏။ ဥပ္ပိလတိ ပုရိမာ-ဝတ္ထာယ ဘိဇ္ဇတိ ဝိသေသံ အာပဇ္ဇတီတိ ဥပ္ပိလံ။ မဋီ၊၂။၉၉။ (ဗိလ-ဓာတ်ဖြင့် ဥဗ္ဗိလတိ-ဟုရှိသင့်သည်။ အထက်ပုဒ်နှင့် ဥဗ္ဗိလယတိ-ကြည့်။)

**ဥပ္ပိလန** (နာ) [ဥ+ပ္လု(ပိလု)+ယု] ပေါလောပေါ်ခြင်း။ အောက်ပုဒ်ကြည့်။

**ဥပ္ပိလနသဘာဝ** (တိ) [ဥပ္ပိလန+သဘာဝ] ပေါလောပေါ်ခြင်းသဘောရှိသော။ ပပ္ပဋကောဇန္တိ အာဒိကပ္ပေ ဥဒကူပရိ ပဋ္ဌမံ ပထဝီဘာဝေန သဏ္ဌာတံ နဝနီတပိဏ္ဍသဒိသံ ဥဒကေပိ ဥပ္ပိ-လနသဘာဝံ အဝိလီယနကံ ... ရသာတလ-သခါတံ ပထဝေါဇံ။ ဝိမတိ၊၁။၉၀။

**ဥပ္ပိ(ဗ္ဗိ)လဘာဝကရဏ** (တိ) [ဥပ္ပိ(ဗ္ဗိ)လဘာဝ+ကရဏ] ပေါလောပေါ်သည်၏-မငြိမ်းအေးသည်၏-အဖြစ်ကို ပြုတတ်သော။ ဥပ္ပိ(ဗ္ဗိ)-လာပိတ°၊ ဥပ္ပိ(ဗ္ဗိ)လာဝိတတ္တ-ကြည့်။

**ဥပ္ပိလဝ** (နာ) [ဥ+ပ္လု(ပိလု၊ပလဝ)+အ] (၁) ပေါ်လွင်တက်ကြွခြင်း။ (တိ)(၂) ပေါ်လွင်နှစ်သက်ဝမ်းမြောက်သော(တရား)။ (၁) သမ္ပယုတ္တဓမ္မာနံ ခေါ်ဘံ ဥပ္ပိလဝဉ္စ အာဝဟန္တေဟိ ဝိတက္ကာဒီဟိ အဘိဘူတတ္တာ အပရိဗျတ္တံ တတ္ထ တတြမဇ္ဈတ္တတာယ ကိစ္စံ။ သာရတ္ထ၊၁။၃၇၄။ ဝိသုဒ္ဓိ၊ဋီ၊၁။၁၈၇။ (တိ)(၂) အောက်ပုဒ်ကြည့်။ ဥပ္ပိ(ဗ္ဗိ)လ-လည်းကြည့်။

**ဥပ္ပိလဝတာ** (ထီ) [ဥပ္ပိလဝ+တာ] ပေါ်လွင်နှစ်သက်ဝမ်းမြောက်သည်၏အဖြစ်။ လောဘေန အကုသလမူလေန အဘိဇ္ဈာ စ ဥဒ္ဓစ္စဉ္စ ဥပ္ပိ-လဝတာ အလောဘေန ကုသလမူလေန နိဂ္ဂ-ဏှာတိ။ ပေဋကော။၂၆၂။

**ဥပ္ပိ(ပ္ပ)လဝတိ** (ကြိ) [ဥ+ပ္လု(ပိလု၊ပလဝ)+အ+တိ] (က) ပေါလောပေါ်၏၊ မျောပါ၏။ (ခ) ပေါ်လွင်တက်ကြွ၏။ (က) သစေ ရဇံ ဥပရိ ဥပ္ပိလဝတိ။ ဝိ၊ဋ္ဌ၊၃။၁၁၁။ ဝိ၊သင်္ဂဟ။၁၁၅။ ဒုပ္ပညဿ ဟိ ကထာ ဥဒကေ ဂေဏ္ဍု ဝိယ ဥပ္ပိ(ပ္ပ)လဝတိ။ သံ၊ဋ္ဌ၊၁။၁၃၈။ အံ၊ဋီ၊၂။၃၆၃။ ဥပ္ပိလဝတိ လဟုကဘာဝတော။ သံ၊ဋီ၊၁။၁၈၂။ **ဥပ္ပိလဝန္တိ**—ဥဒါန၊ဋ္ဌ။၆၇။ သာရတ္ထ၊၃။၂၃၆။ အံ၊ဋီ၊၂။၁၄၂။ **ဥပ္ပိလဝေယျ**—မိလိန္ဒ။၈၆။ (ခ) သိန္ဓဝကုလေ ဇာတသိန္ဓဝါ ပန ဂန္ဓပါနံ ပိဝိတွာ နိဿဒ္ဒါ သန္နိသိန္နာ န ဥပ္ပိလဝန္တိ။ ဇာ၊ဋ္ဌ၊၂။၈၈။

ပါဠိတော်ဒိယောဇနာ၌-ဥပ္ပလဝတီတိ ဥပရိ ဂစ္ဆတိ၊ ပ္လု-ဂတိယန္တိ ဟိ ဓာတုပါဌေသု ဝုတ္တံ။

ထွေ ဥ-ဣတိ ဥပသဂ္ဂသ အတ္တဒဿနတ္ထံ "ဥပရိ"တိ ဝုတ္တံ၊ ပဣာရလကာရသံယောဂေါ ဒဋ္ဌဗ္ဗော။ ပေါတ္ထကေသု ပန "ဥပ္ပိလဝတိ"တိ လိခန္တိ၊ သော အပါဌော-ဟု လာသည်။ ပါစိတ်၊ ယော။၈၉။ ဘာသာဋီကာ၌လည်း ဥပ္လဝတိ-ဟု ရှိသည်။

**ဥပ္ပိလဝန္တ** (တိ) [ဥ+ပ္လု(ပိလု၊ပလဝ)+အ+အန္တ] ပေါလောပေါ်သော၊ မျောပါသော။ ပုန စ ပရံ မဟာရာဇ ကုမ္မော ဥဒကေ ဥပ္ပိလဝန္တော သီသံ ဥက္ခိပိတွာ။ မိလိန္ဒ။၃၅၃။ ဥတ္တရမာနောတိ ဥပ္ပိလဝန္တော။ ဝိသုဒ္ဓိ၊ဋီ၊၁။၄၂၃။

**ဥပ္ပိလဝန္တိ** (ကြိ) [ဥ+ပ္လု(ပိလု၊ပလဝ)+အ+အန္တိ] (က) ပေါလောပေါ်ကုန်၏၊ မျောပါကုန်၏။ (ခ) ပေါ်လွင်တက်ကြွကုန်၏။ ဥပ္ပိလဝတိ-ကြည့်။

**ဥပ္ပိလဝမာန** (တိ) [ဥ+ပ္လု(ပိလု၊ပလဝ)+အ+မာန] (က) ပေါလောပေါ်သော။ (ခ) ပေါ်လွင်တက်ကြွသော။ (က) ယထာ ဟိ မုဂ္ဂမာသပ္ပ-မာဏာပိ ပါသာဏသက္ခရာ ဥဒကေ ပက္ခိတ္တာ ဥပ္ပိလဝမာနာ နာမ နတ္ထိ၊ အံ။၁။၃၆၉။ လာသေ-န္တိတိ ပိတိယာ ဥပ္ပိလဝမာနာ ဝိယ ဥဋ္ဌဟိတွာ လာသိယနာဠကံ နာဋေန္တိ။ ဝိ။၊၂။၂၀၄။

**ဥပ္ပိလဝိတွာ** (ကြိ၊ဝိ) [ဥ+ပ္လု(ပိလု၊ပလဝ)+တွာ] ပေါလောပေါ်၍၊ မျောပါ၍။ ကာလမေဃေန အဘိဝုဋ္ဌေ အာဝါဋေ ဗဟုသော ဝဿနေန ကေစ္စံ အသုစိဇာတံ ဥပ္ပိလဝိတွာ ဝိဂစ္ဆေယျ။ ဝိသုဒ္ဓိ၊ဋီ၊၁။၄၂၁။

**ဥပ္ပိလဝေယျ** (ကြိ) [ဥ+ပ္လု(ပိလု၊ [illegible])+အ+ ဧယျ] ပေါလောပေါ်ရာ၏၊ မျောပါရာ၏။ ဥပ္ပိ-လဝတိ(က)ကြည့်။

**ဥပ္ပိလာဓိကရဏ** (န) [ဥပ္ပိလ+အဓိကရဏ] ပေါ်လွင်-နှစ်သက်-ခြင်းဟူသော အကြောင်း။ ဥပ္ပိ-လာဓိကရဏန္တု ပန မေ သမာဓိ စဝိ၊ မ၃။၁၉၇။

**ဥပ္ပိ(ဗ္ဗိ)လာပန** (တိ) [ဥ+ပ္လု(ပိလု)+ဏာပေ+ယု] ပေါ်လွင်တက်ကြွစေသော။ အောက်ပုဒ် နှင့် ဥပ္ပိလာပေတိ-ကြည့်။

**ဥပ္ပိ(ဗ္ဗိ)လာပနပီတိ** (ထီ) [ဥပ္ပိ(ဗ္ဗိ)လာပနာ+ပီတိ] ပေါ်လွင်တက်ကြွစေသော ပီတိ။ ဥပ္ပိ(ဗ္ဗိ)လာ ဝိတတ္တ-ကြည့်။

**ဥပ္ပိလာပေတိ** (ကာ၊ကြိ) [ဥ+ပ္လု(ပိလု)+ဏာပေ +တိ] ပေါ်လွင်တက်ကြွစေ၏။ ဥပ္ပိလာပေတိ စိတ္တံ ဥပ္ပိလာဝိတံ ကရောတီတိ ဥဗ္ဗိလာပနာ။ သီ၊ဋီ၊သစ်၊၁။၂၂၈။

**ဥပ္ပိလာပေတွာ** (ကြိ၊ဝိ) [ဥ+ပ္လု(ပိလု)+ဏာပေ +တွာ] ပေါလောပေါ်စေ၍၊ မျောပါစေ၍။ ဗောဓိသတ္တော တံ သုတွာ...ဥဒကေ ဥပ္ပိလာ-ပေတွာ အပရမ္ပိ တထာရူပမေဝ တဿာ ကောသကံ ကတွာ ပါသေ ဝိဇ္ဈိ။ ဇာ။၃။၂၆၅။

**ဥပ္ပိလာဝ** (ပု) [ဥ+ပ္လု(ပိလု၊ပလဝ)+ဏ] (၁) ပေါ်လွင်တက်ကြွနှစ်လိုခြင်း။ (တိ)(၂) ပေါ်လွင်တက်ကြွစေသော။ (၁) ဥပ္ပိ(ဗ္ဗိ)လာဝိတ-ဒေါင့်ကွင်း(၁) ကြည့်။ (တိ)(၂) မနသော ဥပ္ပိလာဝါ (ဥဒါန။၁၂၁)တိ စေတသော ဥပ္ပိလာဝိတတ္တကရော။ ဥဒါန။။၂၁၅။

**ဥပ္ပိ(ဗ္ဗိ)လာဝိတ ³** (တိ) [ဥပ္ပိ(ဗ္ဗိ)လာဝ+ဣတ။ ဥပ္ပိလ+အာဝိတ။ ဥ+ပ္လု(ပိလု၊ပလဝ)+တ] (၁) ဖြစ်သောပေါ်လွင်တက်ကြွနှစ်လိုခြင်းရှိသော လောက်လက်ပေါ်သည်၏အဖြစ်ဟူသော ပေါ်လွင်သောအခြင်းအရာဖြင့်ဖြစ်သော၊သူ (ပုဂ္ဂိုလ်၊ စိတ်၊ပီတိ၊သဘော-စသည်)။ (၂) ရေးအခိုက် အတန့်မှ-ကွဲပြား-အထူးသို့ရောက်-သော၊ တမျိုးတမည်ဖြစ်သော (စိတ်၊ပီတိစသည်)။ (၃) အထက်၌ပေါလောပေါ်-တက်ကြွပေါ်လာ-သော၊ ဖူးတောင်းအသွင်ပေါ်လွင်တက်ကြွသော(စိတ်၊ပီတိ-စသည်)။ (၁) တတြ စေ တုမ္ဟေ အဿထ အာနန္ဒိနော သုမနာ ဥပ္ပိလာဝိတာ။

ဒီ၊၁။၃။ (–ဇာ၊၄၊၂။၉။ မ၀ို၊၃။၃၈၇။) အတ္တ-
မနောတိ ဣဓာပိ ဂေဟဿိတသောမနဿ-
ဝသေန ဥပ္ပိလာဝိတောတိ န ဝေမတ္တော
ဒဋ္ဌဗ္ဗော။ မ၀ဋ္ဌ၊၄။၁၉၀။ ယဒေဝ တတ္ထ ပီတိဂတံ
စေတသော ဥပ္ပိလာဝိတံ။ အဘိ၊ဝိ။၃၉၄။ ဝိသု
ဒ္ဓိ၊၁။၁၅၃။ (ဒီ၊၁။၃၄။ ဒီ၊ဋ္ဌ၊၁။၁၁၂–နှင့် အဖွင့်
ဋီကာတို့၌ အလားတူ နေရာတို့ဝယ် ဥပ္ပိ(ဗ္ဗိ)-
လာဝိတတ္တ–ဟုရှိကြသည်။ ဥပ္ပိ(ဗ္ဗိ)လာဝိတတ္တ-
ကြည့်။) စေတသော ဥပ္ပိလာဝိတန္တိ စိတ္တဿ
ဥပ္ပိလဘာဝကရဏံ။ အဘိ၊ဋ္ဌ၊၂။၄၈၈။ ဥပ္ပိလ-
ဘာဝကရဏန္တိ အဝူပသမဘာဝဿ ကရဏံ။
သမ္မော၊ယော။၂၅၉။ ဥပ္ပိလာဝိတန္တိ ကာမဗ္ဗာယံ
ပရိဂ္ဂဟေသု အပရိစ္စတ္တာပေမဿ အာဒီနဝ-
ဒဿိနော တဏှာသဟဂတာယ ပီတိယာ ပဝတ္တိ-
အာကာရော၊ ဣဓ ပန ဒုတိယဈာနပီတိ အဓိ-
ပ္ပေတာ။ ဝိသုဒ္ဓိဋီ၊၁။၁၈၄။ တေသံ ဘိက္ခူနံ
ဥဗ္ဗိလာဝိတမေဝ နတ္ထိ။ ဒီဋီ၊၁။၆၁။ သီဋီ၊သစ်၊
၁။၂၂၈၊(–၂၃၀၊၄၅၂၊၄၈၆။) ပုတ္တသမ္မာဓေယ-
န္တိ ပုတ္တောဟိ သမ္မာဓေယန္တံ၊ တ္တေ စ ပုတ္တ-
သီသေန ဒါရပရိဂ္ဂဟံ, ပုတ္တဒါရေသု ဥပ္ပိလာဝိ-
တေန တေသံ ဃရာဝါသာဒိဟေတု သောကာ-
ဘိဘဝနေ စိတ္တဿ သံကိလိဋ္ဌတံ ဒဿေတိ။
ဥဒါန၊ဋ္ဌ။၃၀၁။ (အံဋီ၊၃။၁၃၂–အလားတူ အဓိပ္ပါယ်
ရှိသောဝါကျ၌ ဥပ္ပိလ–ဟု ရှိသည်။ ဥပ္ပိ(ဗ္ဗိ)လ –
ကြည့်။) ဥပ္ပိ(ဗ္ဗိ)လာဝိတတ္တ–လည်း ကြည့်။ (၂)(၃)
ဥပ္ပိ(ဗ္ဗိ)လာဝိတတ္တ–ကြည့်။

**ဥပ္ပိလာဝိတ**၂ (တိ) [ဥပ္ပိလာဝိတ+အ] လောက်
လက်ပေါ်ခြင်းသဘောနှင့်တူသော၊ တမျိုးတစ်
မည်ဖြစ်လျက် စိတ်၏တက်ကြွခြင်းနှင့် တူသော။
(သျ)။ ဥပ္ပိလာဝိတံ ဝိယာတိ ဝါ ဥပ္ပိလာဝိတံ။
ဝိသုဒ္ဓိဋီ၊၁။၁၈၄။ (–မိလိန္ဒ။၁၈၂။)

**ဥပ္ပိလာဝိတစိတ္တ** (တိ) [ဥပ္ပိလာဝိတ+စိတ္တ] ဗူး
တောင်းအသွင် ပေါ်လွင်သောစိတ်ရှိသော၊သူ။
ဥပ္ပိလာဝိတစိတ္တော ဟိ ရာဇာ အတုလေတ္ဝာ
ကမ္မာနိ ကရောန္တော လဒ္ဓံ ယသံ ဝိနာသေတိ။
ဇာ၊ဋ္ဌ၊၅။၁၁၉။

**ဥပ္ပိ(ဗ္ဗိ)လာဝိတတ္တ** (နပ) [ဥပ္ပိ(ဗ္ဗိ)လာဝိတ+တ္တ]
ဖြစ်သောပေါ်လွင်တက်ကြွနှစ်လိုခြင်းရှိသော-
လောက်လက်ပေါ်သည်၏အဖြစ်ဟူသော ပေါ်
လွင်သောအခြင်းအရာဖြင့်ဖြစ်သော–ရေးအခိုက်
အတန့်မှ ကွဲပြားသော–ရေးအခိုက်အတန့်မှ
အထူးသို့ရောက်သော–တမျိုးတမည် ဖြစ်သော-
အထက်၌ ဗူးတောင်းအသွင်ပေါ်လွင်ကြွတက်
သော–သူ–စိတ်–၏အဖြစ်။ (ပခုက္ကူ ပါဠိတော်
နိသျ၌–ဗူးတောင်းအလား ပေါလောသွားလျက်
ထင်ရှားပေါ်လွင်သော ပီတိသမ္ပယုတ္တစိတ်ရှိသော
ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာဖြစ်သော ဥပ္ပိလာ
ဝနပီတိ–ဟုအနက်ပေး၍၊ ဘာသာဋီကာ ၌-
ဗူးတောင်းအသွင် ပေါ်လွင်တက်ကြွသော စိတ်၏
အဖြစ်–ဟုအနက်ပေးသည်။) တတြ တုမှေဟိ
န အာနန္ဒော န သောမနဿံ န စေတသော
ဥပ္ပိလာဝိတတ္တံ ကရဏီယံ။ ဒီ၊၁။၃။ မိလိန္ဒ။၁၈၂၊
၁၈၃။ ဥပ္ပိလာဝိနော ဘာဝေါ ဥပ္ပိလာဝိတတ္တံ၊
ကဿ ဥပ္ပိလာဝိတတ္တန္တိ၊ စေတသောတိ။ ဥဒ္ဓ-
စ္စာဝဟာယ ဥပ္ပိလာပနပီတိယာ စေတံ အဓိ-
ဝစနံ။ ဒီ၊ဋ္ဌ၊၁။၅၃။ ဥဗ္ဗိလယတီတိ ဥဗ္ဗိလံ၊
ဘိန္ဒတိ ပုရိမာဝတ္ထာယ ဝိသေသံ အာပဇ္ဇတီတိ
အတ္တော၊ ဥဗ္ဗိလမေဝ ဥဗ္ဗိလာဝိတံ၊ တဿ
ဘာဝေါ ဥဗ္ဗိလာဝိတတ္တံ၊ ယာယ ... ဩဒဂ္ဂိယ-
ပီတိယာ စေတံ အဓိဝစနံ။ ဒီဋီ၊၁။၆၁။ ဥဗ္ဗိလ-
ယတီတိ ဥဗ္ဗိလံ၊ ဘိန္ဒတိ ပုရိမာဝတ္ထာယ ဝိသေသံ
အာပဇ္ဇတီတိ အတ္တော။ တဒေဝ ဥဗ္ဗိလာဝိတံ
ပစ္စယန္တရာဂမာဒိဝသေန။ ဥဒ္ဓံ ပလဝတီတိ ဝါ
ဥဗ္ဗိလာဝိတံ အကာရာနံ ဣကာရံ အာ-
ကာရဉ္စ ကတွာ။ သီဋီ၊သစ်၊၁။၂၂၇။ ယဒေဝ
တတ္ထ ပီတိဂတံ စေတသော ဥပ္ပိလာဝိတတ္တံ။
ဒီ၊၁။၃၄။ စေတသော ဥဗ္ဗိလာဝိတတ္တန္တိ စိတ္တဿ
ဥဗ္ဗိလဘာဝကရဏံ။ ဒီ၊ဋ္ဌ၊၁။၁၁၂။ (အဘိ၊ဝိ။

၃၉၄။ အဘိ၊ဋ္ဌ၊၂။၄၈၈–တို့၌ ဥပ္ပိလာဝိတံ–
ဟုရှိသည်။ ဥပ္ပိလာဝိတ<sup>၁</sup> ကြည့်။) ယာယ ဥဗ္ဗိ–
လာပနပီတိယာ ဥပ္ပန္နာယ စိတ္တံ "ဥဗ္ဗိလာ–
ဝိတ"န္တိ ဝုစ္စတိ၊ သာ ပီတိ ဥဗ္ဗိလာဝိတတ္တံ။
ယသ္မာ ပနဿ စိတ္တဿ ဥဗ္ဗိလဘာဝေါ တဿာ
ပီတိယာ သတိ ဟောတိ၊ နာသတိ၊ တသ္မာ သာ
"ဥဗ္ဗိလဘာဝကရဏ"န္တိ ဝုတ္တာ။ ဒီ၊ဋီ၊၁။၁ရ၆။
ယာယ နိမိတ္တဘူတာယ ဥဗ္ဗိလာဝနပီတိယာ
ဥပ္ပန္နာယ စိတ္တံ ဥဗ္ဗိလာဝိတံ နာမ၊ သာယေဝ
ဥဗ္ဗိလာဝိတတ္တံ ဘာဝဝါစကဿ နိမိတ္တေ ပဝ–
တ္တနတော။ ဣတိ ပီတိယာ ဥပ္ပန္နာယ ဝေ စိတ္တဿ
ဥဗ္ဗိလာဝနတော တဿ ဥဗ္ဗိလာဝိတဘာဝေါ
ပီတိယာ ကတော နာမာတိ အာဟ "ဥဗ္ဗိလ–
ဘာဝကရဏ"န္တိ။ သီ၊ဋီ၊သစ်၊၁။၄၅၂။ တဒြ
ဘိက္ခဝေ တထာဂတဿ န အာနန္ဒော န
သောမနဿံ န စေတသော ဥပ္ပိလာဝိတတ္တံ။
မ၊၁။၁၉၃။ ဥပ္ပိလာဝိတတ္တန္တိ ဥပ္ပိလာပနပီတိ။
မ၊ဋ္ဌ၊၂။၂၄။ ဥပ္ပိလတိ ပုရိမာဝတ္ထာယ ဘိဇ္ဇတိ
ဝိသေသံ အာပဇ္ဇတီတိ ဥပ္ပိလံ၊ တဒေဝ ဥပ္ပိ–
လာဝိတံ၊ တဿ ဘာဝေါ ဥပ္ပိလာဝိတတ္တံ။
မ၊ဋီ၊၂။၉၉။ (–မ၊ဋ္ဌ၊၄။၁၄၈။ ဝဇိရ၊၅၂။ မ၊ဋီ၊
၂။၃၂၁။ မ၊ဋီ၊၃။၃၈၇။ အနု၊ဋီ၊၁။၂၀၈။)

(ဤနေရာ၌ ဆရာအမျိုးမျိုးတို့၏ အယူ
အဆတို့ကို ပြသင့်ပေသည်။ အဘယာရာမ
ဆရာတော်၏ မောဂ္ဂလာန်နိသျ၊၂။၈၈–၌ ဥပ္ပ–
လဝတီတိ ဥပ္ပလာဝံ၊ ပီတိသမ္ပယုတ္တစိတ္တံ၊ သဉ္ဇာတံ
ဥပ္ပလာဝံ ယေသန္တိ ဥပ္ပိလာဝိတာ၊ ဘိက္ခူ၊ တေသံ
ဘာဝေါ ဥပ္ပိလာဝိတတ္တံ–ဟု ပြဆို၍၊ ပဒရူပ–
သိဒ္ဓိ၊ ဋ္ဌ၊သျ၊၁။၃၁၈–၌လည်း ထိုနည်းတူပင် ပြဆို
သည်။ သီလက္ခန်ဘာသာဋီကာ၊၁။၃၄၀–၌ ဥပ္ပိ–
လာဝိ+တ္တ=ဥပ္ပိလာဝိတ္တ–ဟုလည်းကောင်း၊
ဥပ္ပိလဝိတ+တ္တ=ဥပ္ပိလဝိတတ္တ–ဟုလည်းကောင်း
ရှိသင့်ကြောင်းပြဆိုသည်။)

**ဥပ္ပိလာဝိတတ္တကရ** (တိ) [ဥပ္ပိလာဝိတတ္တ+
ကရ] ရှေးအခိုက်အတန့်မှ ကွဲပြားသော အထူး
သို့ ရောက်သည်၏အဖြစ်ကို ပြုတတ်သော၊
ပေါ်လွင်တက်ကြွ နှစ်လိုသည်၏အဖြစ်ကိုပြု
တတ်သော။ မနသော ဥပ္ပိလာဝါတိ စေတသော
ဥပ္ပိလာဝိတတ္တကရာ။ ဥဒါန၊ဋ္ဌ။၂၁၅။

**ဥပ္ပိလာဝိတဘာဝတ္ထ** (ပု) [ဥပ္ပိလာဝိတဘာဝ+
အတ္ထ] ပေါ်လွင်တက်ကြွနှစ်လိုသည်၏ အဖြစ်
ဟုဆိုအပ်သောအနက်။ န ဥပ္ပိလာဝိတဘာဝ–
တ္ထ(အံ၊ဋ္ဌ၊၂။၁၂၉)န္တိ ဥပ္ပိလာဝိတဘာဝသင်္ခါတံ
အတ္ထံ န ကထေသီတိ အတ္ထော။ အံ၊ဋီ၊၂။၁၁၉။

**ဥပ္ပိလာဝိတသဘာဝ** (တိ) [ဥပ္ပိလာဝိတ+သဘာဝ]
ပေါ်လွင်တက်ကြွနှစ်လိုသောသဘောရှိသော။
သဟာသာကာရပ္ပဝတ္တာယ ဥပ္ပိလာဝိတသဘာ–
ဝါယ ပီတိယာ အာဟိတဝိသေသာယ တဏှာယ
တံ တဏှာဘိနန္ဒနန္တိ ဝုစ္စတိ။ အနု၊ဋီ၊၃။၂၉၃။

**ဥပ္ပိလာဝိတာကာရ** (ပု) [ဥပ္ပိလာဝိတ+အာကာရ]
ဖူးတောင်းအသွင် ပေါ်လွင်သော–လျှပ်ပေါ်
လော်လီသော–အခြင်းအရာ။ စတ္တာလီသ–
ကောင္ငိဝိဘဝေါ ဟောန္တောပိ ဥပ္ပိလာဝိတာ–
ကာရံ ဝါ အသ္မိမာနမတ္တံ ဝါ န ကရောတိ။
မ၊ဋ္ဌ၊၁။၁၅၁။

**ဥပ္ပိလာဝိ** (တိ) [ဥ+ပ္လု(ပိလု၊ပလဝ)+ဏီ။
ဥပ္ပိလာဝ+ဤ] ပေါလောပေါ်ခြင်းရှိသော၊
လျှပ်ပေါ်လော်လီသော၊ လွန်စွာတပ်နှစ်သက်
တတ်သော၊သူ။ ဥပ္ပိလာဝိနော ဘာဝေါ ဥပ္ပိ–
လာဝိတတ္တံ။ ဒီ၊ဋ္ဌ၊၁။၅၃။ ဒိဗ္ဗေသုပိ အာရမ္မ–
ဏေသု ဥပ္ပိလာဝိနော န ဟောန္တိ။ အဘိ၊ဋ္ဌ၊
၁။၃၀၇။

**ဥပ္ပိလ(ဠ)န** (န) [ဥ+ပီဠ+ယု] (၁) ဖိနှိပ်ခြင်း။
(တိ)(၂) ဖိနှိပ်–ဖြစ်ညှစ်–သော။ ဝိတ္ထမ္ဘန်
သေသဘူတတ္တာယဿ ထမ္ဘိတတ္တာပါဒန်၊ ဥပ္ပိ–
လနန္တိ ဧကော။ ဝိသုဒ္ဓိ၊ဋီ၊၁။၄၄၈။ တာသု ပထ–
ဝီဓာတု အဘိက္ကမပဋိက္ကမာဒိကာလေ ဥပ္ပိဠ–
နဿ ပစ္စယော ဟောတိ။ ဝိသုဒ္ဓိ၊၁။၃၆၇။

(-သံၚ္ဋိ၊၂။၁၀၇။ မူလၚ္ဋိ၊၁။၁၅၀။ ဝိသုဒ္ဓိၚ္ဋိ၊ ၁။၄၅၇။) (တိ)(၂) ဥပ္ပိဋ္ဌနကာလ၊ ဥပ္ပိဋ္ဌန-ဟတ္ထ-ကြည့်။

**ဥပ္ပိလေယျု** (ကြိ) [ဥ+ပိဋ္ဌ+ဏေ+ယျု] ဖိနှိပ်-ထိုး-ထောက်-ကုန်ရာ၏။ ဥပ္ပိဋ္ဌေ(လေ)တိ-ကြည့်။

**ဥပ္ပိလ္လ** (န) [ဥပ္ပိလ+ဏျ] ပေါ်လွင်နှစ်သက်ဝမ်းမြောက်သည်၏အဖြစ်။ ဝိစိကိစ္ဆာ စိတ္တဿ ဥပ-က္ကိလေသောတိ ဉတွာ ဝိဒိတွာ ဝိစိကိစ္ဆံ စိတ္တဿ ဥပက္ကိလေသံ ပဇဟိ၊ အမနသိကာရော ။ပ။ ထိနမိဒ္ဓံ၊ ဆမ္ဘိတတ္တံ၊ ဥပ္ပိလ္လံ၊ ဒုဋ္ဌုလ္လံ။ ဉတိဝုတ်၊ ဋ္ဌ။၃၀၀။ (မ၊၃။၁၉၉။ ဝိဋ္ဌ၊၁။၁၃၂-တို့၌ ဥပ္ပိလ-ဟုရှိသည်။ ဥပ္ပိလ-ကြည့်။)

**ဥပ္ပိဋ္ဌနကာလ** (ပု) [ဥပ္ပိဋ္ဌန+ကာလ] ဖိနှိပ်ရာ-ဖိနှိပ်သော-အခါ။ သဗ္ဗဒါတိ ဥပ္ပိဋ္ဌနကာလေ စ အနုပ္ပိဋ္ဌနကာလေ စ။ အနုၚ္ဋိ၊၁။၁၆၂။

**ဥပ္ပိဋ္ဌနဟတ္ထ** (ပု) [ဥပ္ပိဋ္ဌန+ဟတ္ထ] နှိပ်သောလက်။ တထာ ကုမ္ဘကာရဿ ဒဏ္ဍပ္ပဟာရေန စက္ကံ ဘမယိတွာ ဘာဇနံ ကရောန္တဿ ဥပ္ပိဋ္ဌန-ဟတ္ထော ဝိယ ဝိတက္ကော။ အဘိဋ္ဌ၊၁။၁၅၈။ ပဋိသံဋ္ဌ၊၁။၁၆၉။ ဝိသုဒ္ဓိ၊၁။၁၃၈။ မဟာနိ၊ ဋ္ဌ။ ၁၁၀။ သာရတ္ထ၊၁။၃၆၀။ ဥပ္ပိဋ္ဌနဟတ္ထောတိ ပိဏ္ဍာဿ ဥပ္ပိဋ္ဌနဟတ္ထော။ ဝိသုဒ္ဓိၚ္ဋိ၊၁။၁၆၇။

**ဥပ္ပိဋ္ဌယမာန** (တိ) [ဥ+ပိဋ္ဌ+ဏယ+မာန] ဖိနှိပ်သော၊သူ။ သော ဝေဒနာပ္ပတ္တော ဟုတွာ ဟတ္ထေန အက္ခိနိ ဥပ္ပိဋ္ဌယမာနော ဂဟေတွာ။ ဇာဋ္ဌ၊၁။၅၀၉။

**ဥပ္ပိဋ္ဌိတ** (တိ) [ဥ+ပိဋ္ဌ+တ] (၁) ဖိနှိပ်အပ်-နင်းအပ်-သော။ (၂) နှိပ်စက်-နှောက်ယှက်ဖျက်ဆီး-တတ်သော။ (၁) မဏ္ဍုကောပိ ဒဏ္ဍေ ဋ္ဌပိတောပိ ဥပ္ပိဋ္ဌိတောပိ ဓမ္မဂတေန ပသာဒေန ဝိဿရမကရောန္တာဝ ကာလမကာသိ။ ဝိသုဒ္ဓိ ၚ္ဋိ၊၁။၂၄၇။ အက္ကန္တန္တိ တွေ့ ပါဒေနေဝ အက္ကန္တံ နာမ ဟောတိ၊ ဟတ္ထေန ဥပ္ပိဋ္ဌိတံ။ အံဋ္ဌ၊၁။ ၄၂။ (၂) ဂဂနံ ဥပ္ပိဋ္ဌိတာ ဝါတာ ဝါယန္တိ။ မိလိန္ဒ။၁၂။

**ဥပ္ပိဋ္ဌိယမာန** (တိ) [ဥ+ပိဋ္ဌ+ယ+မာန] ဖိနှိပ်အပ်-ညှစ်အပ်-ကြိတ်အပ်-သော။ အယံ မဟာ-ပထဝီ ဟတ္ထိနာ အက္ကန္တနဋ္ဌကလာပေါ ဝိယ ဥပ္ပိဋ္ဌိယမာနံ ဥစ္ဆုယန္တံ ဝိယ စ။ ဗုဒ္ဓဝံဋ္ဌ။၁၃၉။ (-မူလၚ္ဋိ၊၁။၁၄၉။)

**ဥပ္ပိဋ္ဌိတွာ** (ကြိ၊ဝိ) [ဥ+ပိဋ္ဌ+တွာ] ဖိနှိပ်-ညှပ်-ပွတ်-၍။ ပိဋ္ဌိတော ရထံ ပဝတ္တေတိတိ ခန္ဓ-ဋ္ဌိကေန ယုဂံ ဥပ္ပိဋ္ဌိတွာ ပစ္ဆိမဘာဂေန ရထံ ပဝတ္တေန္တော ဩသက္ကတိ။ အံဋ္ဌ၊၃။၂၁၆။

**ဥပ္ပိဋ္ဌေ(လေ)တိ** (ကြိ) [ဥ+ပိဋ္ဌ+ဏေ+တိ] နှိပ်-ဖိနှိပ်-ဖြစ်ညှစ်-ကြိတ်-ဆုတ်နယ်-၏။ ကောမေ ဟတ္ထပါဒေ ဥပ္ပိဋ္ဌေတိ။ အဘိဋ္ဌ၊၁။၂၂၅။ အထ ခေါ နံ ဥစ္ဆုယန္တေ ပုနပ္ပုနံ ဥပ္ပိဋ္ဌေတိ။ ဝိသုဒ္ဓိၚ္ဋိ၊၂။၃၅၆။ **ဥပ္ပိဋ္ဌေယျ**—သံၚ္ဋိ၊၁။၂၀၂။ **ဥပ္ပိလေယျု**—သံဋ္ဌ၊၁။၁၅၅။ **ဥပ္ပိဋ္ဌေသိ**—အံဋ္ဌ၊၁။၂၁၇။

**ဥပ္ပိဋ္ဌေတွာ** (ကြိ၊ဝိ) [ဥ+ပိဋ္ဌ+ဏေ+တွာ] နှိပ်-နင်း-ထောက်ကန်-ညှပ်-၍။ ယထေဝ ဟိ နိသ-ဘသဒိတော ဥသဘော ဥသဘဗလေန သမန္နာ-ဂတော စတူဟိ ပါဒေဟိ ပထဝိံ ဥပ္ပိဋ္ဌေတွာ အစလဋ္ဌာနေန တိဋ္ဌတိ။ မဋ္ဌ၊၁။၃၃၂။ ဇာဋ္ဌ၊၂။ ၂၅၃။ မာတာ "ပုတ္တံ ရက္ခိဿာမိ"တိ ဇင်္ဃံ ဒွါရ-ဗာဟံ နိဿာယ ဇင်္ဃံ ပါဒေဟိ ဥပ္ပိဋ္ဌေတွာ ဆမာယ နိသိန္နာ သုတ္တံ ကန္တတိ။ ဓမ္မဋ္ဌ၊၂။၁၇၈။ မဇ္ဈေန ကဏှသပ္ပံ ဥပ္ပိဋ္ဌေတွာ ဂဏှန္တော ဝိယ။ မဋ္ဌ၊၂။ ၅၃။(-သံဋ္ဌ၊၂။၄၃။ အံဋ္ဌ၊၂။၂၅၃။ အဘိဋ္ဌ၊၁။၁၉၁၊ ၂၂၅။ အဘိဋ္ဌ၊၂။၃၈၁။ ပဋိသံဋ္ဌ၊၂။၂၃၁။) သီဟော ဟတ္ထိကုမ္ဘေ မုခံ ဥပ္ပိဋ္ဌေတွာ တိက္ခတ္တုံ အပ္ဖောဋိ-ဝတ္တိယံ သီဟနာဒံ နဒိ။ ဇာဋ္ဌ၊၂။၂၂၄။

**ဥပ္ပိင္ဆေန္တ** (တိ) [ဥ+ပိင္ဆ+ဏေ+အန္တ] ဖိနှိပ်-နှိပ်စက်-ညှဉ်းဆဲ-တတ်သော၊သူ။ ပစတောတိ ပရေ ဒဏ္ဍေန ဥပ္ပိင္ဆေန္တဿ။ ဒီဋ္ဌ၊၁။၁၄၄။ ပစန် ဒဟန် ဝိဗာဓေန္တိ အာဟ ဒဏ္ဍေန ဥပ္ပိင္ဆေန္တဿာတိ။ သီဋီ၊သစ်၊၂။၃၆။ ယင္ခိကော-ဋိယာ ဥပ္ပိင္ဆေန္တော ဝိယ ကေဒေသမေဝ ကထေသိ။ မဋ္ဌ၊၄။၄၉။ (-မဋ္ဌ၊၄။၅၈။ အဘိ၊ဋ္ဌ၊၁။၁၈၂။ သံဋီ၊၁။၂၀၆။)

**ဥပ္ပိင္ဆေယျ** (ကြိ) [ဥ+ပိင္ဆ+ဏေ+ဧယျ] ဖိနှိပ်-ထောက်-ရာ၏။ ဥပ္ပိင္ဆေတိ-ကြည့်။

**ဥပ္ပိင္ဆေသိ** (ကြိ) [ဥ+ပိင္ဆ+ဏေ+ဤ] ဖိနှိပ်-ညှစ်-ပြီ။ ဥပ္ပိင္ဆေတိ-ကြည့်။

**ဥပ္ပေဠထ** (ကြိ) [ဥပ+ဎ္လ+ထ။ ဆန်းကြောင့် ပ ၌ ဒွေဘော် ရောက်သည်။] ကပ်ရောက်ကုန်လော၊ လျှိုကုန်လော။ **ကေ** သူလသို့ ဥပ္ပေဠထ။ ဇာ၊၂။၁၅၂။ ဥပ္ပေဠထာတိ အာဝုနထ။ ဇာဋ္ဌ၊၆။၂၁။

**ဥပ္ဖါလေတိ** (ကာ၊ကြိ) [ဥ+ဖလ(ဖာလ)+ဏေ+တိ။ နီတိ၊ဓာ။၁၆၄၊၁၆၇။] ရင်ကို-ကွဲစေ-ခွဲ-၏။ အတ္တာနံ ဥပ္ဖါလေသိ(မ၊၂။၃၁၂)တိ တေနေဝ အသိနာ အတ္တနော ဥဒရံ ဖာလေသိ။ မဋ္ဌ၊၃။၂၃၈။

**ဥပ္ဖါလေသိ** (ကာ၊ကြိ) [ဥ+ဖလ(ဖာလ)+ဏေ+ဤ] ရင်ကို-ကွဲစေ-ခွဲ-ပြီ။ အထက်ပုဒ်ကြည့်။

**ဥပ္ဖါသုလိက** (တိ) [ဥ+ဖာသုလိကာ] ထွက်သော နံရိုးရှိသော။ နံရိုးပြိုင်းပြိုင်း ထွက်သော။ ဥပ္ဖါသုလိကေ(ပေတ။၁၃၈)တိ ဥဂ္ဂတဖာသုလိကေ။ ပေတဋ္ဌ၊၆၃။ (-ပေတ။၁၅၁။ အပ၊၂။၂၂၆။ ပေတဋ္ဌ၊၉၄။ ထေရီဋ္ဌ၊၁၃၇။)

**ဥပ္လဝ**¹ (ကြိ) [ဥ+ပ္လု+အ+ဟိ] ပေါလောပေါ်လော၊ အပေါ်တက်လော့။ ဥပ္လဝတိ-ကြည့်။

**ဥပ္လဝ**² (ပု) [ဥ+ပ္လု+အ] (၁) ပေါ်ခြင်း၊ ငုပ်၍ ပေါ်ခြင်း (သျ)။ (တိ) (၂) ပေါလောပေါ်သော၊ မနက်နဲသော။ (၁) ဥပ္လဝါဒိမတ္တံ ကိံ ဟသမေမ္ဟာ ဟောတိ။ ဝိမတိ၊၂။၄၃။ (တိ)(၂) ဥပ္လဝသဒ္ဓ-ကြည့်။

**ဥပ္လဝတိ** (ကြိ) [ဥ+ပ္လု+အ+တိ] (၁) ပေါလောပေါ်၏၊ အပေါ်သို့တက်၏။ (၂) ပြေးသွား၏။ (၁) ဒုပ္ပညဿ ဟိ ကထာ ဥဒကေ ဂေဏ္ဍု ဝိယ ဥပ္လဝတိ။ ဥဒါနဋ္ဌ၊၃၀၂။ **ဥပ္လဝန္တိ**—ဒီ၊ဋ္ဌ၊၁။၂၂၈။ မဋ္ဌ၊၁။၃၁၃။ အံဋီ၊၁။၂၁၆။ **ဥပ္လဝ** ဥမ္မုဇ္ဇ ဘော ပုထိသိလေ၊ ဥပ္လဝ ဘော ပုထုသိလေ၊ ထလမုပ္လဝ ဘော ပုထုသိလေ။ သံ၊၂။၄၉၉။ နေတ္တိ။၃၉။ ဥပ္လဝါတိ ဇလဿ ဥပရိ ပ္လဝ။ နေတ္တိဋ္ဌ။၁၀၉။ ထလမုပ္လဝါတိ ထလမဘိရုဟ။ သံဋ္ဌ၊၃။၁၄၁။ နေတ္တိဋ္ဌ။၁၀၉။ **ဥပ္လဝေယျ**—သံ၊၂။၄၉၉။ (၂) သော တတ္ထာဝသိကော ပုဂ္ဂလော ဘဝေ ဘဝေ ဥပ္လဝတိ ဓာဝတိ။ ဓမ္မဋ္ဌ၊၂။၃၃၀။ ထေရဋ္ဌ၊၂။၉၅။

**ဥပ္လဝန္တ** (တိ) [ဥ+ပ္လု+အန္တ] ပေါ်တက်လာသော၊ လွှမ်းမိုးသော။ ဥပ္လဝိဿန္တု-ကြည့်။

**ဥပ္လဝမာန** (တိ) [ဥ+ပ္လု+အ+မာန] ပေါလောပေါ်သော။ ဥပ္ပလပတ္တံ ဝိယ ဥဒကေ ဥပ္လဝမာနံ။ ဇာဋ္ဌ၊၃။၄၆၁။

**ဥပ္လဝသဒ္ဓ** (တိ) [ဥပ္လဝါ+သဒ္ဓါ] ပေါလောပေါ်-မနက်နဲ-သောသဒ္ဓါတရားရှိသော၊သူ။ ပရိတ္တ-သဒ္ဓတာယ ဝါ ဥပ္လဝသဒ္ဓတာယ ဝါ ပရိပ္လဝ-ပသာဒဿ ကာမာဝစရရူပါဝစရာဒိဘေဒါ ပညာ န ပရိပူရိ။ ဓမ္မဋ္ဌ၊၁။၁၉၆။

**ဥပ္လဝိတွာ** (ကြိ၊ဝိ) [ဥ+ပ္လု+တွာ] ပေါလောပေါ်၍။ မေဃေ ဝဿန္တေ ဥဒကေန ဥပ္လဝိတွာ … သောတေန ဝုယှမာနံ။ သံဋ္ဌ၊၃။၇၄။ (-ဥဒါနဋ္ဌ၊၃၄၄။ ဇာဋ္ဌ၊၂။၃၁၁။)

**ဥပ္လဝိဿန္တု** (တိ) [ဥ+ပ္လု+အ+ဿန္တု] ပေါ်တက်လာသော၊ လွှမ်းမိုးသော။ ဥပ္လဝိဿံ ဒီပမိမံ

ဉဋ္ဌာရံ။ ဇာ၊၁။၂၄၄။ ဉလ္လဝိဿန္တိ ဇွာမံ ဒီပကံ ဉလ္လဝန္တော အဇ္ဈောတ္ထရန္တော အဘိဘဝိဿတိ။ ဇာ၊ဋ္ဌ၊၄။၁၆၄။

**ဉလ္လဝေယျ** (ကြိ) [ဥ+ပ္လု+အ+ယျေ] ပေါ်လောပေါ်ရာ၏၊ အပေါ်သို့တက်လာရာ၏။ ဉလ္လဝတိ-ကြည့်။

**ဥဗ္ဗဋ္ဋုမ** (တိ) [ဥ+ဝဋ္ဋုမ] လမ်းမှန်မှ ထွက်သော၊ လမ်းလွဲသော (ရထား)။ အဿခဠုကော "ပေဟိ"တိ ဝုတ္တော ... ဥမ္မဂ္ဂံ ဂဏှာတိ၊ ဥဗ္ဗဋ္ဋုမံ ရထံ ကရောတိ။ အံ၊၃။၃၃၃၅။ (-အံ၊ဋ္ဌ၊၃။၂၁၆။)

**ဥဗ္ဗဋ္ဋတိ** (ကြိ) [ဥ+ဝဋ္ဋ+အ+တိ။ ဓာတွတ္ထ။၃၅၂။ နိရုတ္တိ၊နှာ။၅၅၈။] ကြွတက်၏၊ ထ၏။ ကသိဏမ္ပိ ဥဂ္ဃါဋိယမာနံ နေဝ ဥဗ္ဗဋ္ဋတိ။ ဝိသုဒ္ဓိ၊၁။၃၂၁။ နေဝ ဥဗ္ဗဋ္ဋတီတိ နေဝ ဥဋ္ဌဟတိ။ ဝိသုဒ္ဓိ၊ဋ္ဌီ၊၁။၃၉၅။

**ဥဗ္ဗဋ္ဋန** (နု) [ဥ+ဝဋ္ဋ+ယု] ပွတ်သပ်-ပွတ်တိုက်-သုံးသပ်-ကြေးပွတ်-ခြင်း။ တေ္တ စ ဟတ္ထံ အမုဉ္စိတွာ ဥဗ္ဗဋ္ဋနေ ကောဝ အာပတ္တိ။ ကင်္ခါ။၃၅၁။ (ဝိ၊ဋ္ဌ၊၃။၂၂၇-အလားတူအဖွင့်၌ ဥမ္မဒ္ဒနေ-ဟုရှိသည်။) ဥဗ္ဗဋ္ဋန-လည်းကြည့်။

**ဥဗ္ဗဋ္ဋနဃံသနဓောဝန** (နု) [ဥဗ္ဗဋ္ဋန+ဃံသန+ဓောဝန] ပွတ်ခြေ-ပွတ်သပ်-ကြေးပွတ်-ခြင်း, ပွတ်တိုက်ခြင်း, ရေဆေး-ဖွပ်လျှော်-ခြင်း။ တဇ္ဇံ ဝါယမန္တိ ဥဗ္ဗဋ္ဋနဃံသနဓောဝနာဒိကံ တဒနုရူပ-ဝါယာမံ။ အံ၊ဋ္ဌ၊၂။၁၉၅။

**ဥဗ္ဗဋ္ဋာပေတိ** (ကာ၊ကြိ) [ဥ+ဝဋ္ဋ+ဏာပေ+တိ] အထက်၌လည်စေ၏၊ ပွတ်သပ်-သုံးသပ်-ကြေးပွတ်-စေ၏။ ပွတ်တိုက်စေ၏၊ (ဘာသာဋီ)။ ဥမ္မဒ္ဒါပေယျာတိ ဥဗ္ဗဋ္ဋာပေယျ။ ကင်္ခါ။၃၅၁။

**ဥဗ္ဗဋ္ဋာပေယျ** (ကာ၊ကြိ) [ဥ+ဝဋ္ဋ+ဏာပေ+ယျေ] ပွတ်သပ်-ပွတ်တိုက်-သုံးသပ်-ကြေးပွတ်-စေရာ၏။ အထက်ပုဒ်ကြည့်။

**ဥဗ္ဗဋ္ဋိတ** (တိ) [ဥ+ဝဋ္ဋ+တ] ပွတ်သပ်အပ်-ပွတ်ချေအပ်-သော။ အောက်ပုဒ်ကြည့်။

**ဥဗ္ဗဋ္ဋိတသရီရ** (တိ) [ဥဗ္ဗဋ္ဋိတ+သရီရ] ပွတ်သပ်အပ်-ပွတ်ချေအပ်-သော ကိုယ်ရှိသော၊သူ။ (ပေါ့သောကိုယ်ရှိသော။ ဇာတ်၊ဝတ္ထု။) အထရာဇာ ဩဋ္ဌာရိကာနိ အာဘရဏာနိ ဩမုဉ္စိတွာ မဿုကမ္မံ ကာရေတွာ ဥဗ္ဗဋ္ဋိတသရီရော ပေါက္ခရဏိယာ အန္တော ရာဇဝိဘဝေန နှတွာ။ ဇာ၊ဋ္ဌ၊၅။၅၁၆။ (-စရိယာ၊ဋ္ဌ။၂၄၂။)

**ဥဗ္ဗဋ္ဋေတိ** (ကြိ) [ဥ+ဝဋ္ဋ+ဏေ+တိ] ပွတ်-ပွတ်သပ်-ကြေးပွတ်-ထုံ-၏။ ဥစ္ဆာဒေန္တီတိ ဥဗ္ဗ-ဋ္ဋေန္တိ။ သီ၊ဋ္ဌီ၊သစ်၊၁။၃၆၅။ **ဥဗ္ဗဋ္ဋေထ၊ ဥဗ္ဗ-ဋ္ဋေယျုံ**—ဒီ၊၂။၂၅၉။ **ဥဗ္ဗဋ္ဋေသိ**—ဒီ၊ဋ္ဌ၊၂။၂၂၁။

**ဥဗ္ဗဋ္ဋေတွာ** (ကြိ၊ဝိ) [ဥ+ဝဋ္ဋ+ဏေ+တွာ] (၁) ပွတ်-ပွတ်သပ်-ပွတ်တိုက်-ကြေးပွတ်-၍၊ ထုံ၍။ (၂) ဖြေ၍။ (ကြိုးလွန်းကိုဖြေ၍။) (၃) ထုတ်၍။ (၁) ရာဇာ တုဋ္ဌော သာမဏေရဿ ဟတ္ထတော ပတ္တံ ဂဟေတွာ ဂန္ဓေဟိ ဥဗ္ဗဋ္ဋေတွာ ဝရမုတ္တ-သဒိသာနံ ဓာတူနံ ပူရေတွာ အဒါသိ။ ဝိ၊ဋ္ဌ၊၁။၆၃။ ကေဒိဝသံ သရီရံ ဥဗ္ဗဋ္ဋေတွာ ဆန္ဒေ-တဗ္ဗံ သုဝဏ္ဏမေဝ မဂဓနာဠိယာ ဒွါဒသနာဠိ-မတ္တံ လဒ္ဓံ ဝဋ္ဋတိ။ သံ၊ဋ္ဌ၊၂။၁၇၉။ အံ၊ဋ္ဌ၊၁။၁၃၉။ (-ဝိ၊ဋ္ဌ၊၂။၁၀၅။ ဝိ၊ဋ္ဌ၊၃။၂၄၉၊၂၈၇။) (၂) ရဇ္ဇုကေ လဘိတွာ သယံ ဝဋ္ဋိတံ ဥဗ္ဗ-ဋ္ဋေတွာ။ ဝိ၊ဋ္ဌ၊၂။၅၅။ ဥဗ္ဗဋ္ဋေတွာတိ တေ ရဇ္ဇုကေ ဝိသုံ ဝိသုံ ကတွာ။ သာရတ္ထ၊၂။၂၇၀။ ဥဗ္ဗဋ္ဋေတွာတိ ပါကတိကံ ကတွာ။ ဝိမတိ၊၁။၂၃၂။ (၃) အဟဉ္စိ ဇွာမိဿာ ဒေဝတာယ ယကာနံ ဥဗ္ဗဋ္ဋေတွာ ဒဒေယျံ။ အံ၊ဋ္ဌ၊၁။၂၈၆။ တဒါ ရာဂံ သမူလံ ဥဗ္ဗဋ္ဋေတွာ သမုဂ္ဃါတန္တ-မေဝ ဥပ္ပဇ္ဇတိ။ အံ၊ဋ္ဌ၊၂။၂၆။ ဥဗ္ဗဋ္ဋေတွာတိ သမုစ္ဆေဒဝသေန သမူလံ ဥဒ္ဓရိတွာ။ အံ၊ဋ္ဌီ၊၂။၂၈။ (-ဇာ၊ဋ္ဌ၊၁။၄၀၊၈၉။)

**ဥဗ္ဗေဌထ** (ကြိ) [ဥ+ဝဌ+ဏေ+ထ] ပွတ်-ပွတ်သပ်-ကြေးပွတ်-ထုံ-ကုန်လော။ ဥဗ္ဗေဌတိ-ကြည့်။

**ဥဗ္ဗေဌန္တ** (တိ) [ဥ+ဝဌ+ဏေ+အန္တ] ပွတ်-ပွတ်သပ်-ကြေးပွတ်-ထုံ-သော၊သူ။ စုဏ္ဏမတ္တိကာ-ဒီဟိ ဂတ္တာနိ ဥဗ္ဗေဌေန္တော မလ္လကမုဋ္ဌာဒီဟိ ဝါ ဃံသန္တော နှာယတိ (နဟာယတိ)။ မ၊ဋ္ဌ၊၂။ရ၁။ အံ၊ဋ္ဌ၊၃။၁၀၉။

**ဥဗ္ဗေဌယျုံ** (ကြိ) [ဥ+ဝဌ+ဏေ+ဧယျုံ] ပွတ်-ပွတ်သပ်-ကြေးပွတ်-ထုံ-ကုန်ရာ၏။ ဥဗ္ဗေဌတိ-ကြည့်။

**ဥဗ္ဗေဌသိ** (ကြိ) [ဥ+ဝဌ+ဏေ+ဤ] ပွတ်-ပွတ်သပ်-ကြေးပွတ်-ထုံ-ပြီ။ ဥဗ္ဗေဌတိ-ကြည့်။

**ဥဗ္ဗတ္တန** (န) [ဥ+ဝတု(ဝတ္တ)+ယု။ ဥဗ္ဗတ္တိယတေ ဝိသာရီယတေ မလမနေနေတိ ဥဗ္ဗတ္တနံ၊ ဝတု ဝတ္တနေ ဘူဝါဒိ။ ဓာန်၊ဋီ။၂၉၉။] ပွတ်-ပွတ်သပ်-လိမ်းကျံ-ထုံ-ခြင်း၊ ကြေး-ပွတ်-တိုက်-ခြင်း။ ဥစ္ဆာဒနံ ဥဗ္ဗတ္တနံ။ ဝိသုဒ္ဓိ၊ဋီ၊၁။၈၃။ (-သံ၊ဋီ၊၂။၂၅၃။) (ဓာန်၊သျ၊သစ် နှင့် တောင်ပေါက်ဓာန်၊သျ-တို့၌ ဥဗ္ဗဋ္ဋန-ဟုရှိသည်။)

**ဥဗ္ဗတ္တမာန** (တိ) [ဥ+ဝတု(ဝတ္တ)+အ+မာန] ဖြစ်ပေါ်လာသော။ အာစရသမ္ပတ္တိယာ သစ္စကိ-ရိယာယ ဥဗ္ဗတ္တမာနမဟောဃနိဝတ္တနေန အခဏ္ဍ-သီလာတိ သညာတနိစ္ဆယာ ဘဒ္ဒါ သုန္ဒရာ အယံ ဂုတ္တိ။ ဝိမာန၊ဋ္ဌ။၁၀၁။

**ဥဗ္ဗတ္တယိတွာ** (ကြိ၊ဝိ) [ဥ+ဝတု(ဝတ္တ)+ဏယ+တွာ] အထက်၌ဖြစ်စေ၍၊ အထက်သို့ မလှန်၍။ ဥဗ္ဗတ္တယိတွာ ပထဝိံ၊ ပက္ခိပိ ဟတ္ထ-ပါတိယံ။ အပ၊၂။၂၃၀။

**ဥဗ္ဗတ္တိယန္တ** (တိ) [ဥ+ဝတု(ဝတ္တ)+ဏယ+အန္တ] ထက်အောက်ပြောင်းပြန်ဖြစ်သော။ ဥဗ္ဗတ္တိ-ယန္တေပိ ဘန္တေ သဒေဝကေ လောကေ ... ထေရော သာရိပုတ္တော န ပရသ ဒုက္ခံ သာဒိယေယျ။ မိလိန္ဒ။၁၀၈။

**ဥဗ္ဗတ္တေတွာ** (ကြိ၊ဝိ) [ဥ+ဝတု(ဝတ္တ)+ဏေ+တွာ] (၁) ထုတ်၍၊ နုတ်၍။ (၂)(က) အထက်၌ဖြစ်စေ၍၊ ပြောင်းပြန်-ဖြစ်စေ-စီးစေ-၍။ (ခ) လျှံတက်စေ၍။ ဒသဝိဓမ္ပိ သံယောဇနံ သမူ-လကံ ဥဗ္ဗတ္တေတွာ ဆဒ္ဒေသိ။ အံ၊ဋ္ဌ၊၂။၁၀၂။ (၂)(က) တံ ပါစိနနိန္နာယ ဂင်္ဂါယ ဥဗ္ဗတ္တေတွာ ပစ္ဆာမုခကရဏံ ဝိယ အတိဒုက္ကရံ။ ဓမ္မ၊ဋ္ဌ၊၂။၉၉။ (ခ) ဒေဝတာ သမုဒ္ဒံ ဥဗ္ဗတ္တေတွာ သဗ္ဗေဝ တုမှေ ဃာတေဿန္တိ။ ဇာ၊ဋ္ဌ၊၄။၁၆၃။

**ဥဗ္ဗဒ္ဓ** (တိ) [(၁) အဝ+ဝဒ္ဓ။ (၂) ဥ+ဝဒ္ဓ] (၁) အောက်သို့သက်၍-ကြီး-တိုးပွား-သော။ (၂) အထက်သို့တက်၍-ကြီး-တိုးပွား-သော။ အောက်ပုဒ်ကြည့်။

**ဥဗ္ဗဒ္ဓပိဏ္ဍိက** (တိ) [ဥဗ္ဗဒ္ဓပိဏ္ဍ+ဣက] (၁) အောက်သို့သက်၍-ကြီး-တိုးပွား-သော ခြေသလုံး မြင်းခေါင်းအသားစိုင်ရှိသော၊သူ။ (၂) အထက်သို့တက်၍-ကြီး-တိုးပွား-သောခြေသလုံး မြင်းခေါင်းအသားစိုင်ရှိသော၊သူ။ (၁)(၂) ဝိကဋော ဝါ ပဏ္ဍော ဝါ ဥဗ္ဗဒ္ဓပိဏ္ဍိကော ဝါ၊ သော ဒုဝိဓော ဟေဋ္ဌာ ဩရုဠှာဟိ ဝါ ဥပရိ အာရုဠှာဟိ ဝါ မဟတီဟိ ဇင်္ဃပိဏ္ဍိကာဟိ သမန္နာဂတော။ ဝိ၊ဋ္ဌ၊၃။၃၁၂။ ဝိ၊သင်္ဂဟ။၁၄၄။ (-ဝိ၊ဝိနိစ္ဆယ၊ဋီ။၁၅၉။)

(ရှေးဥမင်-သျှ၌ "ဥပဒ္ဓပိဏ္ဍိကော= မြင်းခေါင်းသလုံးတွဲလွဲကျသောသူ" ဟုလည်းကောင်း၊ ဘာသာဋီကာ၌ "အောက်သို့သက်သောကြီးသော သလုံးမြင်းခေါင်းသားရှိသူသည်သော်၎င်း၊ (ဝါ) အထက်သို့တက်သော ကြီးသောသလုံးမြင်းခေါင်းသားရှိသူသည်သော်၎င်း" ဟုလည်းကောင်း အနက်ပေးသည်။ ပါစိတ်ယောဇနာ ၂ရ၂-၌ ဥပန္ဓပိဏ္ဍိ-ကာယ အတ္ထံ သဟ ဘောဒေန ဒဿေန္တော အာဟ "သော ဒုဝိဓော"တိအာဒိ- စသည်ဖြင့် ပြဆိုသည်။ ယင်းတို့အလို "ဥပန္ဓ(ဥပဒ္ဓ)ပိဏ္ဍိကော=

ထက်ဝက်သောခြေသလုံးမြင်းခေါင်းသား ရှိသောသူ” ဟု သဒ္ဒါနက်ပေးရလိမ့်မည်။)

**ဥပ္ပန္န** (ပု၊နု) [ဥ+ပဒ္+အ] (၁)အထက်(လည်ပင်း)၌-ဖွံ့ချည်-နှောင်ဖွဲ့-ကြောင်း ကြိုး။ (တိ)(၂) အထက်(လည်ပင်း)၌-ဖွံ့ချည်-နှောင်ဖွဲ့-ကြောင်း ကြိုးရှိသော၊ ကြိုးဆွဲချသော၊သူ။ (၁) ဝရံ မေ ဣဓ ဥပ္ပန္နံ၊ ယဉ္စ ဟီနံ ပုနာစရေ။ ထေရီ။၃၈၉။ ဣမသ္မိံ ဝနန္တရေ ဥပ္ပန္နံ ဗဒ္ဓိတွာ မရဏံ မေ ဝရံ သေယျန္တိ အဝေါစ။ ထေရီ၊ဋ္ဌ။၈၃။ (တိ)(၂) ဣတ္ထိံ ... ရဇ္ဇုပါသေ ဂီဝံ ပဋိမုဉ္စိတွာ ဥပ္ပန္နာ ကာလမကာသိ။ အဘိ၊ဋ္ဌ၊ ၃။၄၄၅။

**ဥပ္ပန္နတိ** (ကြိ) [ဥ+ပဒ္+အ+တိ] အထက် (လည်ပင်း)၌-ဖွံ့ချည်-နှောင်ဖွဲ့-၏၊ ကြိုးဆွဲချ၏။ ဝိသံ ခါဒန္တိ၊ ရဇ္ဇုယာ ဥပ္ပန္နန္တိ။ အဘိ၊ဋ္ဌ၊၂။၉၉။ ဝိသုဒ္ဓိ၊ ၂။၁၃၅။ မဟာနိ၊ဋ္ဌ။၆၄။ **ဥပ္ပန္နာမ** —သုတ္တနိ၊ ဋ္ဌ၊၁။၁၀၉။ အပ၊ဋ္ဌ၊၁။၂၁၅။

**ဥပ္ပန္နန** (နု) [ဥ+ပဒ္+ယု] အထက်(လည်ပင်း)၌-ဖွံ့ချည်-နှောင်ဖွဲ့-ခြင်း၊ ကြိုးဆွဲချခြင်း။ စိတ္တဝိဃာတမယံ ဒေါမနဿံ စိတ္တဝိဃာတတော ဝေ ဥပ္ပန္နံ ဥပ္ပန္နနဇရာတိသာရာဒိကာယိကံ ဒုက္ခဉ္စ။ မူလဋီ၊ ၂။၆၈။

**ဥပ္ပန္နန္တ** (တိ) [ဥ+ပဒ္+အန္တ] အထက်(လည်ပင်း)၌-နှောင်ဖွဲ့-ဖွံ့ချည်သော၊ ကြိုးဆွဲချသော၊သူ။ ကောဓဝသေန အဘုဉ္ဇန္တဿ, ဥပ္ပန္နန္တဿ စ ဒုက္ခံ ဥပ္ပဇ္ဇတိ။ အဘိ၊ဋ္ဌ။၂။၉၁။ ပဋိသံ၊ဋ္ဌ၊၁။ ၁၃၄။ ဝိသုဒ္ဓိ၊၂။၁၃၁။ မဟာနိ၊ဋ္ဌ။၆၁။

**ဥပ္ပန္နန္တိ** (ကြိ) [ဥ+ပဒ္+အ+အန္တိ] အထက် (လည်ပင်း)၌-ဖွံ့ချည်-နှောင်ဖွဲ့-ကုန်၏၊ ကြိုးဆွဲချကုန်၏။ ဥပ္ပန္နတိ-ကြည့်။

**ဥပ္ပန္နာမ** (ကြိ) [ဥ+ပဒ္+အ+မ] အထက် (လည်ပင်း)၌-ဖွံ့ချည်-နှောင်ဖွဲ့-ကုန်၏၊ ကြိုးဆွဲချကုန်၏။ ဥပ္ပန္နတိ-ကြည့်။

**ဥပ္ပန္ဓိတုံ** (ဗျ) [ဥ+ပဒ္+တုံ] အထက်(လည်ပင်း)၌ ဖွံ့ချည်-နှောင်ဖွဲ့-ခြင်းငှါ၊ ကြိုးဆွဲချခြင်းငှာ။ အောက်ပုဒ်ကြည့်။

**ဥပ္ပန္ဓိတုကာမ** (တိ) [ဥပ္ပန္ဓိတုံ+ကမု+ဏ] အထက်(လည်ပင်း)၌ ဖွံ့ချည်ခြင်းငှါအလိုရှိသော၊ ကြိုးဆွဲချလိုသော၊သူ။ ကော ကိရ ဣတ္ထိံ ဥပ္ပန္ဓိတုကာမာ ရက္ခေ ရဇ္ဇုံ လဂ္ဂေတွာ သံဝိဓာတဗ္ဗံ သံဝိဒဟတိ။ အဘိ၊ဋ္ဌ၊၃။၄၄၄။ (-ဝိမာန၊ ဋ္ဌ။၁၉၁။)

**ဥပ္ပန္ဓိတွာ** (ကြိ၊ဝိ) [ဥ+ပဒ္+တွာ] (၁) အထက် (လည်ပင်း)၌-ဖွံ့ချည်-နှောင်ဖွဲ့-၍၊ ကြိုးဆွဲချ၍။ (၂) အထက်၌-ဖွံ့ချည်-နှောင်ဖွဲ့-၍၊ ဆွဲချိတ်-ချိတ်ဆွဲ-၍။ (၁) ရဇ္ဇုယာ ဝါ ဥပ္ပန္ဓိတွာ ကာလကံကရောဟိ။ ဝိ၊၁။၉၂၉၃။ (-ဝိ၊ဋ္ဌ၊၂။၅၀။ ဒီ၊ ဋ္ဌ၊၂။၂၄။) (၂) ဥလ္လုယီတောတိ ဥပ္ပန္ဓိတွာ လယီတော။ သံ၊ဋီ၊၁။၁၃၃။

**ဥပ္ပရိပေတဝတ္ထု** (နု) [ဥပ္ပရိပေတ+ဝတ္ထု] ဥပ္ပရိမည်သောမိန်းမ၏ အကြောင်းအရာ ဝတ္ထု။ (ဥပ္ပရိပေတဝတ္ထုဟု ဆိုသော်လည်း ထိုဥပ္ပရိသည် ပြိတ္တာမ မဟုတ်ချေ။ မိဖုရားခေါင်ကြီးသာဖြစ်သည်၊ အရှင်သခင်မင်း ကွယ်လွန်သွားသောကြောင့် စိုးရိမ်ပူဆွေးသော ဥပ္ပရိ-ဟု ဆိုလိုသည်။ ဥပ္ပရိ (၂) လည်းကြည့်။) အဟု ရာဇာ ဗြဟ္မဒတ္တောတိ ဣဒံ ဥပ္ပရိပေတဝတ္ထုံ သတ္ထာ ... ကထေသိ။ ပေတ၊ဋ္ဌ။၁၄၈။

**ဥပ္ပရိဝဂ္ဂ** (ပု) [ဥပ္ပရိ+ဝဂ္ဂ] ဥပ္ပရိဝဂ်။ ဥရဂဝဂ္ဂေါ ဥပ္ပရိဝဂ္ဂေါ စူဠဝဂ္ဂေါ။ ပေတ၊ဋ္ဌ။၃။

**ဥပ္ပရိ** (ထီ) [ဥ+ဝရီ။ ဥဗ်ရီ(သံ)] (၁) မိဖုရား။ (၂) ဥပ္ပရိမည်သူ။ (ဥပ္ပရိမည်သူ နှစ်ဦးတွေ့ရသည်၊ ဥပ္ပရိမင်းသမီး နှင့် ဥပ္ပရိမိဖုရား-တို့ဖြစ်သည်။ ဥပ္ပရိမင်းသမီး၏ အကြောင်းအရာမှာ—ကကုသန်ဘုရားရှင်လက်ထက်တော်၌ ကြက်မဖြစ်ခဲ့စဉ်က ကမ္မဋ္ဌာန်း စီးဖြန်းသော

ပုဂ္ဂိုလ်၏ တရားသံကိုကြားနာရ၍ စုတေသော အခါ မင်းမျိုး၌ ဥဗ္ဗရီမည်သောမင်းသမီးဖြစ်ပြီးလျှင် ကိုယ်လက်အညစ်အကြေးစွန့်ရာအရပ်၌ မြင်တွေ့ရသောပိုးလောက်အစုကို "ပုဠဝက သညာ" စီးဖြန်းသောကြောင့် ပဌမစျာန်ရ၍ ဗြဟ္မာဘုံသို့ရောက်ရ၏၊ ထိုမှစုတေ၍ ယခု ဂေါတမဘုရားရှင်ပွင့်တော်မူသောကာလ၌ ရာဇဂြိုဟ်ပြည်၌ ဝက်မငယ်ဖြစ်ရလေသည်။ ဓမ္မ၊ဋ္ဌ၊၂။၃၃၂။ ဥဗ္ဗရီမိဖုရား၏ အကြောင်းအရာမှာ—လွန်လေပြီးသောကာလ ပဉ္စာလတိုင်း ကပိလမြို့ စူဠနီဗြဟ္မဒတ်မင်း၏ ဥဗ္ဗရီမည်သော မိဖုရားခေါင်ကြီးသည် ဗြဟ္မဒတ်မင်း နတ်ရွာစံ၍ ပူဆွေးသောကရောက်နေရှာသည်၊ ထိုအခါဘုရားအလောင်းရသေ့က တရားဟောသဖြင့် မေတ္တာဘာဝနာစီးဖြန်းသောကြောင့် ဗြဟ္မာ့ပြည်သို့ရောက်ရလေသည်။ ပေတ၊ဋ္ဌ။၁၄၈-၁၅၅။

(၁) ဥဗ္ဗရိ ကေန ဒေါသေန၊ ဒဇ္ဈသိ ဒကရက္ခိနော။ ဇာ၊၁။၃၈၅။ ဥဗ္ဗရိန္တိ ဩရောဓံ။ ဧဝံ ဂုဏသမ္ပန္နံ နန္ဒာဒေဝိံ ကေန ဒေါသေန ဒကရက္ခသဿ ဒဿသိ။ ဇာ၊ဋ္ဌ၊၆။၃၂၆။ (၂) တံ ဒါရိကံ ကဟာပဏရာသိမှိ ဌပေတွာ ... "ဥဗ္ဗရီ"တိ နာမံ ကာရာပေတွာ အဂ္ဂမဟေသိ-ဋ္ဌာနေ ဌပေတွာ။ ပေတ၊ဋ္ဌ။၁၄၉။ သာ ဧကဿ ယောဂါဝစရဿ ဝိပဿနာကမ္မဋ္ဌာနံ သဇ္ဈာယ-န္တဿ ဓမ္မဃောသံ သုတွာ တတော စုတာ ရာဇကုလေ နိဗ္ဗတ္တိတွာ ဥဗ္ဗရီ နာမ ရာဇဓီတာ အဟောသိ။ ဓမ္မ၊ဋ္ဌ၊၂။၃၃၂။

**ဥဗ္ဗသတိ** (ကြိ) [ဥ+ဝသ+အ+တိ] တည်ရှိနေသည်မဟုတ်၊ (လူတို့)မတည်နေ၊ မတည်ရှိ။ **ကော** ပစ္စန္တဂါမကော ကဒါစိ ဝသတိ၊ ကဒါစိ ဥဗ္ဗသတိ။ ဇာ၊ဋ္ဌ၊၂။၇၀။

**ဥဗ္ဗသိတ** (တိ) [ဥ+ဝသ+တ။ ဥ+ဝသိတ] မတည်နေ-မတည်ရှိ-သော၊ (လူတို့) နေရာအရပ်မဟုတ်သော။ အောက်ပုဒ်ကြည့်။

**ဥဗ္ဗသိတကာလ** (ပု) [ဥဗ္ဗသိတ+ကာလ] မတည်နေသော-မတည်ရှိသော-(လူတို့)နေရာအရပ်မဟုတ်သော-အခါကာလ။ ဝါနရဂဏော ဥဗ္ဗ-သိတကာလေ အာဂန္တွာ တဿ ဖလာနိ ခါဒတိ။ ဇာ၊ဋ္ဌ၊၂။၇၀။

**ဥဗ္ဗဟတိ** (ကြိ) [ဥ+ဝဟ+အ+တိ] (၁) ဆောင်-ရွက်ဆောင်-သယ်ဆောင်-၏။ (၂) ထုတ်ဆောင်-ဖယ်ထုတ်-ပယ်ရှား-ကင်းစေ-၏။ (၁) ဘိယျော ပုနပ္ပုနံ ဘိယျောသော မတ္တာယ အတ္တနော ဝုရံ ဘာရံ ဝဟတေ ဥဗ္ဗဟတိ။ ထေရ၊ဋ္ဌ၊၁။၃၈၂၊ (၂) ဥဗ္ဗာဟိကာယ-ကြည့်။ **ဥဗ္ဗဟန္တိ** ဝိမတိ၊၁။၂၈၆။ ဝိနယလင်္ကာရဋီ၊၂။၁၆၄။

**ဥဗ္ဗဟန** (န) [ဥ+ဝဟ+ယု] (၁) နုတ်-ထုတ်ဆောင်-ခြင်း။ (တိ)(၂) မိမိအပေါ်၌ တင်၍ ထမ်းပိုးရွက်ဆောင်တတ်သော။ (၁) သလ္လဿ ဥဗ္ဗဟနံ သလ္လုဗ္ဗဟနံ။ သံ၊ဋီ၊၁။၉၀။ (-သံ၊ဋီ၊၂။၃၃၈။) (တိ)(၂) အောက်ပုဒ်ကြည့်။

**ဥဗ္ဗဟနပစ္စုပဋ္ဌာန** (တိ) [ဥဗ္ဗဟန+ပစ္စုပဋ္ဌာန] (နိဿယပစ္စည်းအဖြစ်ကြောင့် ထိုမနောဓာတ်မနောဝိညာဏဓာတ်နှစ်ပါးတို့ကို) မိမိအပေါ်၌ တင်၍ ထမ်းပိုးရွက်ဆောင်၏သို့ ဉာဏ်အား ရှေးရှုထင်သော။ မနောဓာတုမနောဝိညာဏ-ဓာတူနံ နိဿယလက္ခဏံ ဟဒယဝတ္ထု၊ ... ဥဗ္ဗဟနပစ္စုပဋ္ဌာနံ။ ဝိသုဒ္ဓိ၊၂။၇၇။ နိဿယ-ဘာဝတော ဥပရိ အာရောပေတွာ ဝဟန္တံ ဝိယ ပစ္စုပတိဋ္ဌတီတိ ဥဗ္ဗဟနပစ္စုပဋ္ဌာနံ။ ဝိသုဒ္ဓိ၊ဋီ၊၂။၉၈။

**ဥဗ္ဗဟန္တိ** (ကြိ) [ဥ+ဝဟ+အ+အန္တိ] ထုတ်ဆောင်-ဖယ်ထုတ်-ပယ်ရှား-ကင်းစေ-ကုန်၏။ ဥဗ္ဗဟတိ (၂) ကြည့်။

**ဥဗ္ဗဟာပေတိ** (ကာ၊ကြိ) [ဥ+ဝဟ+ဏာပေ+တိ] ဆောင်-သယ်ဆောင်-စေ၏။ သီယံ သီယံ သယ်ရာပေတွာ သီယံ သီယံ ဥဗ္ဗဟာပေယျ။

အံ၊၁။ ၂၄၃-၂၄၄။ ဥဗ္ဗဟာပေယျာတိ ခလဋ္ဌာနံ အာဟရာပေယျ။ အံ၊ဋ္ဌ၊၂။ ၂၂၂။

**ဥဗ္ဗဟာပေတွာ** (ကာ၊ကြိ၊ဝိ) [ဥ+ဝဟ+ဏာပေ+တွာ] ဆောင်စေ၍၊ သယ်ဆောင်စေ၍။ သီယံ သီယံ ဥဗ္ဗဟာပေတွာ သီယံ သီယံ ပုဉ္ဇံ ကာရာပေယျ။ အံ၊၁။ ၂၄၄။ (-ခုဒ္ဒကာ၊ဋ္ဌ။ ၂၀၆။)

**ဥဗ္ဗဟာပေယျ** (ကာ၊ကြိ) [ဥ+ဝဟ+ဏာပေ+ယျ] ဆောင်-သယ်ဆောင်-စေရာ၏။ ဥဗ္ဗ-ဟာပေတိ-ကြည့်။

**ဥဗ္ဗဟေတိ** (ကြိ) [ဥ+ဝဟ+ဏေ+တိ] ဆောင်-ဖြစ်စေ-၏။ ဥဒဗ္ဗဟေတိ ဥဗ္ဗဟေယျ ဓာရေယျ၊ အတ္တနိ သဥ္ဇနေယျာတိ အတ္ထော။ သုတ္တနိ၊ဋ္ဌ၊ ၂။၁၈၁။

**ဥဗ္ဗဟေယျ** (ကြိ) [ဥ+ဝဟ+ဏေ+ယျ] ဆောင်-ဖြစ်စေ-ရာ၏။ အထက်ပုဒ်ကြည့်။

**ဥဗ္ဗာဠှေတွာ** (ကြိ၊ဝိ) [ဥ+ပဠ+ဏေ+တွာ] ခွဲ-ကိုက်ဖြတ်-၍၊ (ပခုက္ကူ၊သျှ)၊ အထက်သို့တက်စေ၍၊ ထုတ်-နှုတ်-၍၊ (ဘာသာ၊ဋီ)။ ဒန္တေဟိ ဥဗ္ဗာ-ဠှေတွာ ခါဒနံ နာမ ဒုက္ခံ ပဗ္ဗဇိတဿ။ ဒီ၊ဋ္ဌ၊ ၁။ ၂၄၂။ (ဤနေရာဝယ် သီ၊ဋီ၊သစ်၊ ၂၂၆၉-၌ ဒန္တေန ဥပ္ပါဋိတံ ဝက္ကလံ-ဟုရှိသည်၊ ဘာသာ ဋီကာ ၌လည်း ဥ+ပဋ+ဏေ+တွာ-ဟု ခွဲ၍ ဥပ္ပါဋေတွာ ရှိသင့်ကြောင်းဆိုသည်။ ဤ၌ ပ ကို ဗ ပြုသည် ဟု မှတ်ရာ၏။)

**ဥဗ္ဗာဓကေ** (တိ) [ ဥ+ဗာဓ+ဏွု။ ထိ ၌ ဥဗ္ဗာ-ဓိကာ ] နှိပ်စက်ညှဉ်းဆဲခြင်းကို ပြုတတ်သော။ ဥဗ္ဗာဓိကံ ဗဟုဇနပမဒ္ဒနံ၊ အဗာဠ္ဍ ဂိရံ သော န ဘဏိ ဖရုသံ၊ ဒီ၊၃။၁၄၁။ ဥဗ္ဗာဓိကန္တိ အဋ္ဋောသ-ယုတ္တတ္တာ အာဗာဓကေရိ။ ဒီ၊ဋ္ဌ၊၃။၁၂၁။

**ဥဗ္ဗာဓတိ** (ကြိ) [ဥ+ဗာဓ+အ+တိ] နှိပ်စက်-ညှဉ်းဆဲ-၏။ ယောဇနသတံ ခေါ ရာဇည မနုဿဂန္ဓော ဒေဝေ ဥဗ္ဗာဓတိ။ ဒီ၊၂။၂၆၀။ မ၊ဋ္ဌ၊၂။၃၁၃။ ဥဗ္ဗာဓတီတိ ... ဗာဓတိ။ ဒီ။ဋ္ဌ၊၂။၃၉၈။

**ဥဗ္ဗာဓန** (န) [ဥ+ဗာဓ+ယု] အထက်အထက်၌-ထပ်ဆင့်၍-နှိပ်စက်ညှဉ်းဆဲခြင်း၊ နှောင်အိမ်သွင်းခြင်း၊ ထောင်ချခြင်း၊ နှောင်အိမ်သွင်း၍ နှိပ်စက်ခြင်း။ ဥဗ္ဗာဓနာယာ(ဒီ၊၃။၁၃၅)တိ ဗန္ဓနာ-ဂါရပ္ပဝေသနေန။ ဒီ၊ဋ္ဌ၊၃။၁၁၉။ ဥဗ္ဗာဓနာယာတိ ဗန္ဓနာဂါရေ ပက္ခိပိတွာ ဥဒ္ဓံ ဥဒ္ဓံ ဗာဓနေန။ ဒီ၊ ဋီ၊၃။၁၂၀။

**ဥဗ္ဗာဓိကာ** (ထိ) [ ဥ+ဗာဓ+ဏွု+အာ] နှိပ်စက်ညှဉ်းဆဲခြင်းကို ပြုတတ်သော (စကား)။ ဥဗ္ဗာ-ဓကေ-ကြည့်။

**ဥဗ္ဗာသိတ** (တိ) [ဥ+ဝသ+တ။ ဥ+ဝါသိတ] (လူတို့) နေရာအရပ်မဟုတ်သော။ ဇဝံ ဇေန သော ပဒေသော ဥဗ္ဗာသိတော အဟောသိ။ ထေရ၊ဋ္ဌ၊ ၂။၃၂၆။ (ရူပသိဒ္ဓိ၊၁၂၇-၌ ဥ ဥပသာရ၏ အနက် တို့ကိုပြရာ၌ "ဝိယောဂေ ဥဗ္ဗာသိတော" ဟု ပါရှိသည်။ ကင်း၍နေသော၊ အသီးနေသော-ဟု အနက်ပေးသည်။)

**ဥဗ္ဗာသေတွာ** (ကာ၊ကြိ၊ဝိ) [ ဥ+ဝသ+ဏေ+တွာ။ ဥ+ဝါသေတွာ] (လူတို့) မတည်နေစေမူ၍၊ အသီးအခြား-တည်နေစေ-တည်နေရာကိုပြု-၍။ အဘယော နာမ ဓောရော ပဋ္ဌသတပရိဝါရော ကေသိမ္ဗိ ဌာနေ ခန္ဓဝါရံ ဗန္ဓိတွာ သမန္တာ တိ-ယောဇနံ ဥဗ္ဗာသေတွာ ဝသတိ။ ဝိ၊ဋ္ဌ၊၂။၆၈။ ဝိ၊သင်္ဂဟ၊၁၄။ ဥဗ္ဗာသေတွာတိ သမန္တတော တိ-ယောဇနံ ဝိလုမ္ပနေ့ာ မနုဿေ ပလာပေတွာ အညေသံ အဝါသံ ကတွာ။ သာရတ္ထ၊၂။ ၂၇၆။ ဝိနယာလင်္ကာရဋီ၊၁။၆၅။ (-ဝိမတိ၊၁။ ၂၃၇။)

**ဥဗ္ဗာဟတိ** (ကြိ) [ဥ+ဗာဓ+အ+တိ] ညှဉ်းဆဲ-နှိပ်စက်-၏။ သရီရဂန္ဓော ဒူရတောဝ ဥဗ္ဗာဟတိ၊ သံ၊ဋ္ဌ၊၃။၆၀။ (ကတ္ထစိမူ၌ ဥဗ္ဗာဟတိ-ဟုရှိ၏။)

**ဥဗ္ဗာဟန** (န) [ဥ+ဝဟ+ယု] (၁) ဆွဲငင်ထုတ်-

နုတ်ယူ-ခြင်း၊ အပေါင်းမှ ထုတ်ဆောင်ယူခြင်း။ (၂) ထုတ်ဆောင်ရာအပေါင်း။ (၁) သလ္လဿ ပဋိဝိဒ္ဓဿ ကတ္တန် ဥဗ္ဗာဟန် သလ္လကတ္တံ။ သီ၊ဋီ၊သစ်၊၁။၃၇၇။ (၂) ဥဗ္ဗာဟနဘူတ-ကြည့်။

**ဥဗ္ဗာဟနက** (တိ) [ဥ+ဝဟ+ဏွု] ထုတ်ဆောင်-ဆွဲနုတ်-တတ်သော။ ဥဗ္ဗာဟနကဝါတ-ကြည့်။

**ဥဗ္ဗာဟနကရဏ** (နု) [ဥဗ္ဗာဟန+ကရဏ] ထုတ်ခြင်းကိုပြုခြင်း။ ကထဉ္စိ ကေဝစနနိဒ္ဒိဋ္ဌတော ဥဗ္ဗာဟနကရဏံ ယုတ္တံ သိယာ ကေသိုံယေဝတ္ထော ဥဗ္ဗာဟိတဗ္ဗဿ အညဿတ္ထဿ အဘာဝတော။ သီ၊ဋီ၊သစ်၊၁။၂၃၃။

**ဥဗ္ဗာဟနကဝါတ** (ပု) [ဥဗ္ဗာဟနက+ဝါတ] ထုတ်ဆောင်-ဆွဲနုတ်-တတ်သောလေ။ န ဟိ သိနေ-ရုဥဗ္ဗာဟနကဝါတော သာမဏ္ဍေ ပုရာဏပဏ္ဏဿ လဇ္ဇတိ။ ဇာ၊ဋ္ဌ၊၄။၃၃၃။

**ဥဗ္ဗာဟနတ္ထ** (ပု) [ဥဗ္ဗာဟန+အတ္ထ။ ဥ+ဝါဟနတ္ထ] ထုတ်ယူခြင်းအနက်၊ အပေါင်းမှထုတ်ယူခြင်း အနက်။ ဉာဏာနန္တိ...ဥဗ္ဗာဟနတ္ထေ စေတံ သာမိ-ဝစနံ။ ပဋိသံ၊ဋ္ဌ၊၁။၅၅။ ဥဗ္ဗာဟနတ္ထေပိ ဟိ ကေဝစနမိစ္ဆန္တိ ကေစိ။ သီ၊ဋီ၊သစ်၊၁။၂၃၃။ ဥဗ္ဗာဟနတ္ထေ စေတန္တိ တေဠ ဥဒ္ဓံ ဝါဟနတ္ထေ။ သမုဟနီဟရဏတ္ထေတိ အတ္ထော။ ပဋိသံ၊ဂံ။၈၅။

**ဥဗ္ဗာဟနဘူတ** (တိ) [ဥဗ္ဗာဟန+ဘူတ] ထုတ်ယူရာ အပေါင်းဖြစ်၍ဖြစ်သော။ တ္တေ စ ဆန္နံ ဝဏ္ဏာနံ ဥဗ္ဗာဟနဘူတာနံ ယမကာ ယမကာ ဝဏ္ဏာ ပဝတ္တန္တီတိ ပါဠိသေသေန သမ္ဗန္ဓော။ သီ၊ဋီ၊သစ်၊၁။၂၃၆။

**ဥဗ္ဗာဟာပေတဗ္ဗ** (တိ) [ဥ+ဝဟ+ဏာပေ+တဗ္ဗ] ထုတ်ဆောင်-သယ်ဆောင်-စေအပ်သော။ ဥဗ္ဗာ-ဟာပေတဗ္ဗ(ဝိ၊၄။၃၃၆)န္တိ ခလမဏ္ဍလံ ဟရာ-ပေတဗ္ဗံ။ သာရတ္ထ၊၃။၄၁၀။

**ဥဗ္ဗာဟာပေတွာ** (ကာ၊ကြိဝိ) [ဥ+ဝဟ+ဏာပေ+တွာ] ထုတ်ဆောင်-သယ်ဆောင်-စေ၍။ ဥဗ္ဗာဟာ-ပေတွာ ပုဉ္ဇံ ကာရာပေတဗ္ဗံ။ ဝိ၊၄။၃၃၆။

**ဥဗ္ဗာဟိကကမ္မသမ္မုတိ** (ထီ) [ဥဗ္ဗာဟိကာ+ကမ္မ+သမ္မုတိ] ဥဗ္ဗာဟိကကံသမုတ်ခြင်း၊ ဥဗ္ဗာဟိက ကမ္မဝါစာဖြင့်သမုတ်ခြင်း။ ဥဗ္ဗာဟိကကမ္မ-သမ္မုတိယံ အဋ္ဌပိ ဇနာ ကေတော၀ သမ္မတာ။ ဝိမတိ၊၂။၂၄၂။

**ဥဗ္ဗာဟိကသမ္မုတိ** (ထီ) [ဥဗ္ဗာဟိကာ+သမ္မုတိ] (သံဃာမှ) ထုတ်နုတ်ရွေးချယ်၍ သမုတ်ခြင်း။ ဥဗ္ဗာဟိကမ္မဝါစာဖြင့် သမုတ်ခြင်း။ တေနေ၀ သတ္တသတိကက္ခန္ဓကေ ဥဗ္ဗာဟိကသမ္မုတိယံ အဋ္ဌပိ ဇနာ ကေတော သမ္မတာ။ သာရတ္ထ၊၃။၄၀၂။

**ဥဗ္ဗာဟိကဝဂ္ဂ** (ပု) [ဥဗ္ဗာဟိကာ+ဝဂ္ဂ] ဥဗ္ဗာဟိကဝဂ်။ ဥဗ္ဗာဟိကဝဂ္ဂေ "န အတ္ထကုသလော"တိ န အဋ္ဌကထာကုသလော။ ဝိ၊ဋ္ဌ၊၄။၂၂၁။

**ဥဗ္ဗာဟိက(ကာ)ဝိနိစ္ဆယ** (ပု) [ဥဗ္ဗာဟိကာ+ဝိနိစ္ဆယ] ဥဗ္ဗာဟိကကမ္မဝါစာဖြင့် ရွေးကောက်ဆုံးဖြတ်ရာ၊ မဟုတ်မလျား တားမြစ်ခြင်းရှိသောကြောင့် နှစ်ယောက်သုံးယောက်သော ရဟန်းတို့ကို ရွေးကောက်ဆုံးဖြတ်ရာ။ ဥဗ္ဗာဟိကဝိနိစ္ဆ-ယေတိ ... ဒွေ တယော ဘိက္ခူ ဥစ္စိနိတွာ ဝိနိစ္ဆယော ဥဗ္ဗာဟိကဝိနိစ္ဆယောတိ ဒဋ္ဌဗ္ဗော။ ကင်္ခါ၊ဋီ၊သစ်။၄၂၀။ (ကင်္ခါ။၂၅၇-၌ ဥဗ္ဗာ-ဟိကဝိနိစ္ဆယ-ဟုရှိသည်။) ဇေ ဥဗ္ဗာဟိကာ-ဝိနိစ္ဆယေ ဓမ္မကထိကဿ ဘိက္ခုနော နိဿာ-ရဏာ နိဿာရဏာ နာမ။ ဝိ၊ဋ္ဌ၊၄။၂၅၇။

**ဥဗ္ဗာဟိကာ** (ထီ) [ဥ+ဗာဟ+ဏွု+အာ။ ဓာတွတ္ထ။ ၂၅၆။] (သံဃာမှ)-ထုတ်နုတ်-ရွေးချယ်-သမုတ်ခြင်း၊ အလဇ္ဇီတို့၏ ခြိမ်းခြောက်ခြင်း, ငြင်းခုံခြင်းကို ကင်းစေကုန်ကြောင်းဖြစ်သော ဥတ္တိဒုတိယ ကမ္မဝါစာဖြင့် သံဃာ၏သမုတ်ခြင်း။ မအူသျ၊ ၄။၅၀၂။ (ယင်းသျှ၌-ဥဗ္ဗာဟိကာ-ဟုရှိ၊) (သံဃာ

မှ)–ထုတ်နုတ်–ရွေးချယ်–ယူခြင်း။ ဥဗ္ဗာဟိကကမ္မဝါစာ။ (စူဠဝါမြန်မာပြန်။)

ဝိဝါဒါဓိကရုဏ်း စသည်ဖြစ်ပေါ်လာ၍ ထိုအဓိကရုဏ်းကို ဆုံးဖြတ်ရာသံဃာအစည်းအဝေး၌ အလဇ္ဇီရဟန်းတို့ များစွာပါဝင်နေသဖြင့် ငြင်းခုံစကား မဆုံးနိုင်အောင် ဖြစ်နေ၏၊ ထိုစကားတို့၏ ဆိုလိုချက်အနက်သဘောကိုလည်းမသိရ၊ ဝိနည်း၌ မကျွမ်းကျင် မလိမ္မာသော ဓမ္မကထိကရဟန်းကလည်း ဝင်ရောက်ပြောဆိုလာ၏၊ ထိုအခါ သံဃာသည် ပန်ကြား၍လည်းကောင်း, ဥတ္တိဒုတိယကမ္မဝါစာဖြင့်လည်းကောင်း အင်္ဂါဆယ်ပါးနှင့်ပြည့်စုံသော ရဟန်းနှစ်ပါးကိုဖြစ်စေ, သုံးပါးကိုဖြစ်စေ ထိုနှစ်ဘက်သံဃာမှ ထုတ်နုတ်ရွေးချယ်၍ ဥဗ္ဗာဟိကသမ္မုတိ ပေးရသည်။ ထိုအခါ၌ အလဇ္ဇီရဟန်း, ဓမ္မကထိကရဟန်းတို့၏ ချိမ်းချောက်ခြင်း ငြင်းခုံခြင်းတို့သည် ကင်းပျောက်သွားလေသည်။ ထိုအဓိကရုဏ်းသည်လည်း ဓမ္မဝိနယနှင့်အညီ ငြိမ်းအေးသွားလေသည်၊ ဝိ၄။၂၂၃–၂၂၅။ ဝိဋ္ဌ၄။၄၂။

မြတ်စွာဘုရားရှင်ပရိနိဗ္ဗာန်စံ၍ နှစ်တစ်ရာရှိသောအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသားရဟန်းတို့သည် "ဆယ်ပါးသောဝတ္ထု"ကို ပြောဟောကြသောကြောင့် ပါဝါပြည်သား ရဟန်းတော်များ, အဝန္တိဒက္ခိဏာပထတိုင်းသား ရဟန်းတော်များနှင့် ဝိဝါဒါဓိကရုဏ်း ဖြစ်ပွားလေသည်။ ထိုအဓိကရုဏ်းကို ဝေသာလီပြည်၌ ဆုံးဖြတ်ကြသောအခါ အဆုံးမသတ်နိုင်အောင်စကားပြောဆိုကြသဖြင့် ဝေသာလီပြည်သားရဟန်းတော်များဘက်မှလေးပါး, ပါဝါပြည်သား ရဟန်းတော်များဘက်မှလေးပါး ထုတ်နုတ်ရွေးချယ်၍ ဥဗ္ဗာဟိကသမ္မုတိပေးပြီးလျှင် ထိုရှစ်ပါးတွင်ပါဝင်သော အရှင်ရေဝတမထေရ်က တင်ပြလျှောက်ထားသော"ဆယ်ပါးသောဝတ္ထု"ကို သံဃထေရ်ဖြစ်သော အရှင်သဗ္ဗကာမိမထေရ်မြတ်က အဓမ္မဟု ဆုံးဖြတ်တော်မူ၍ ထိုအဓိကရုဏ်းကို ငြိမ်းအေးစေတော်မူခဲ့လေသည်။ ဝိ၄။၄၉၁–၅၀၈။

ဥဗ္ဗာဟိကာယ သမ္မန္နိတဗ္ဗော(ဝိ၄။၂၂၃)–တိ အပလောကေတွာ ဝါ သမ္မန္နိတဗ္ဗော ပရတော ဝုတ္တာယ ဉတ္တိဒုတိယာယ ဝါ ကမ္မဝါစာယ။ ဝိဋ္ဌ၄။၄၂။ အနန္တာနိ ဘဿာနိ ဓမ္မကထိကံ ဥဒ္ဓရိတွာ ဗာဟတိ ပဋိသေဓေတိ ဧတာယ သမ္မုတိယာတိ ဥဗ္ဗာဟိကာ။ ပါစိတ်၊ယော။၄၄၇။ အနုဇာနာမိ ဘိက္ခဝေ ဝေရုပံ အဓိကရဏံ ဥဗ္ဗာဟိကာယ ဝူပသမေတုံ။ ဝိ၄။၂၂၃၊(–၅၀၅။ ဝိ၅။၃၄၂။) ဥဗ္ဗာဟိကာယာ(ဝိဋ္ဌ၊၂။၁၇၅)တိ ဥဗ္ဗဟန္တိ ဝိယောဇေန္တိ တောယ အလဇ္ဇီနံ တဇ္ဇနီ ဝါ ကလဟံ ဝါတိ ဥဗ္ဗာဟိကာ၊ သံဃသမ္မုတိ။ ဝိမတိ၊၁။၂၈၆။ ဥဗ္ဗာဟိကာယာတိ ဥဗ္ဗဟန္တိ ဝိယောဇေန္တိ တောယ အလဇ္ဇီနံ တဇ္ဇနီ ဝါ ကလဟံ ဝါတိ ဥဗ္ဗာဟိကာ၊ သံဃသမ္မုတိ၊ တာယ။ ဝိနယာလင်္ကာရဋီ၊၂။၁၆၄။ ကတိ ဟိ နု ခေါ ဘန္တေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု ဥဗ္ဗာဟိကာယ သမ္မန္နိတဗ္ဗော။ အံ၃။၃၁၂။ ဥဗ္ဗာဟိကာယာတိ သမ္ပတ္တအဓိကရဏံ ဝူပသမေတုံ သံဃတော ဥဗ္ဗာဟိတွာ ဥဒ္ဓရိတွာ ဂဟဏတ္ထာယ။ အံဋ္ဌ၊၃။၃၁၀။ (–ဝိဋ္ဌ၄။၄၂၊၁၈၂။ ကင်္ခါ။၂၈၉။ မဋ္ဌ၄။၂၈။ ဝဇိရ။၅၂၀။ ကင်္ခါဋီ။သစ်။၄၄၇။ သာရတ္ထ၊၃။၃၈၀။ ဝိမတိ၊၂။၂၂၇။ အံဋီ၊၃။၂၀၀။)

**ဥဗ္ဗာဟိကာဒိကမ္မ** (န) [ဥဗ္ဗာဟိကာဒိ+ကမ္မ] ဥဗ္ဗာဟိကအစရှိသောကံ။ ယသ္မာ ဥဗ္ဗာဟိကာဒိကမ္မံ ဗဟူနမ္ပိ ကာတုံ ဝဋ္ဋတိ။ သာရတ္ထ၊၂။၃၆၃။

**ဥဗ္ဗာဟိတဗ္ဗ** (တိ) [ဥ+ဝဟ+တဗ္ဗ] ထုတ်ဆောင်အပ်သော။ ဥဗ္ဗာဟနကရဏ–ကြည့်။

**ဥဗ္ဗာဟိတွာ** (ကြိဝိ) [ဥ+ဝဟ+တွာ] ထုတ်၍။ ဥဗ္ဗာဟိကာ–ကြည့်။

**ဥဗ္ဗာဟေတိ[1]** (ကြိ) [ဥ+ဗာဓ+ဏေ+တိ] နှိပ်စက်၏။ မာ နံ ကုဏာလံ သကုဏံ အဒ္ဒိနပရိယာယပထေ

ကိလမထော ဥဗ္ဘာဟေတ္ထ။ ဇာ၊၂။၁၁၃။ ဥဗ္ဘာဟေတ္ထာတိ ဗာဓယိတ္ထ။ ဇာ၊ဋ္ဌ၊၅။၄၄၈။

**ဥဗ္ဘာဟေတိ**[၂] (ကာ၊ကြိ) [ဥ+ဝဟ+ဏေ+တိ] ထုတ်ဆောင်စေ၏။ ယထာ နာမ ဆေကော အဟိတုဏ္ဍိကော သပ္ပဒဋ္ဌဝိသံ တေနေဝ သပ္ပေန ပုန ဍံသာပေတွာ ဥဗ္ဘာဟေယျ။ မ၊ဋ္ဌ၊၂။၁၈၀။

**ဥဗ္ဘာဟေတ္ထ** (ကြိ) [ဥ+ဗာဓ+ဏေ+တ္ထ] နှိပ်စက်ပြီ။ ဥဗ္ဘာဟေတိ[၁]-ကြည့်။

**ဥဗ္ဘာဟေယျ** (ကာ၊ကြိ) [ဥ+ဝဟ+ဏေ+ဧယျ] ထုတ်ဆောင်စေရာ၏။ ဥဗ္ဘာဟေတိ[၂]-ကြည့်။

**ဥဗ္ဘာဠှ** (တိ) [ဥ+ဗာဓ+တ] နှိပ်စက်-နှောက်ယှက်-အပ်သောသူ။ သကုဏသံဃဿ သဒ္ဒေန ဥဗ္ဘာဠှော(ဝိ၊၁။၂၂၂)တိ ... သော ဘိက္ခု တေန သဒ္ဒေန ပီဠိတော ဟုတွာ။ ဝိ၊ဋ္ဌ၊၂။၁၅၂။ (-ဝိ၊ဋ္ဌ၊၁။၁၈၉။ ဝိ၊သင်္ဂဟ။၁၄၈။ ဝိသုဒ္ဓိ၊၁။၁၇၇။ သာရတ္ထ၊၂။၃၄။ ဝိမတိ၊၁။၁၀၅။ ဝိသုဒ္ဓိဋီ၊၁။၂၀၄။)

**ဥဗ္ဗိအဓိက** (တိ) [ဥဗ္ဗိ+အဓိက] မြေ-ပထဝီ-ဓာတ်လွန်ကဲသော။ ဥဗ္ဗိအဓိကာနံ (အဘိဓမ္မဝတာရ။ ၉၁) ပထဝီအဓိကာနံ။ အဘိဓမ္မဝတာရ၊ ဋီ၊၁။၁၁၆။

**ဥဗ္ဗိဂ** (ပု) [ဥ+ဝိဇ+ဏ] ထိတ်လန့်ခြင်း။ အညမ္ပိ သဇ္ဈာယနနယံ ဒဿေတုံ ဝုတ္တံ "ပဟာရဿ ဥဗ္ဗိဂါ"တိ။... ဘီတာတိ ဣမိနာ "ဥဗ္ဗိဂါ"တိ ဧတ္ထ ဥပုဗ္ဗဝိဇဓာတုဿတ္ထံ ဒဿေတိ။ ပါစိတ်၊ယော။၁၂၀။ (ဝိ၊ဋ္ဌ၊၃။၁၄၈-၌ ပဟာရဿ မုစ္ဆိတာ-ဟုရှိသည်။)

**ဥဗ္ဗိဂ္ဂ** (တိ) [ဥ+ဝိဇီ(ဝိဇ)+တ။ ဥဝိဂ္န၊သံ။] ထိတ်လန့်-နှလုံးသားတုံလှုပ်-ကြောက်ရွံ့-သောသူ။ နိစ္စံ ဥတြဿမိဒံ စိတ္တံ၊ နိစ္စံ ဥဗ္ဗိဂ္ဂမိဒံ မနော။ သံ၊၁။၅၂။ မ၊ဋ္ဌ၊၁။၂၄၀။ (-ဥဒါန။၉၉။ အပ၊၂။၃၁၉။ ဒီ၊ဋ္ဌ၊၁။၁၂၄။ ဒီ၊ဋ္ဌ၊၂။၃၄၁။ အဘိ၊ဋ္ဌ၊၁။၅၃။ အပ၊ဋ္ဌ၊၁။၃၃။ ဇာ၊ဋ္ဌ၊၁။၃၂။) ဒုတိယပဒံ ပုရိမဿေဝ ဝေဝစနံ။ သံ၊ဋ္ဌ၊၁။၁၀၄။ ဥဗ္ဗိဂ္ဂန္တိ သံဝိဂ္ဂံ၊... ဥဗ္ဗိဂ္ဂန္တိ ဘယဝသေန သဟ နိဿယေန သဉ္စလိတံ။ ဒီ၊ဋီ၊၂။၂၈၄။ မ၊ဋီ၊၁။၃၃၄။ (-မ၊ဋ္ဌ၊၂။၂၀၄။ ဥဒါန၊ဋ္ဌ။၁၄၅။ ဗုဒ္ဓဝံ၊ဋ္ဌ။၁၄၁။ စရိယာ၊ဋ္ဌ။၁၄၄။ သီ၊ဋီ၊သစ်၊၂။၇။)

**ဥဗ္ဗိဂ္ဂမ(မာ)နသ** (တိ) [ဥဗ္ဗိဂ္ဂ+မ(မာ)နသ] ထိတ်လန့်သော စိတ်ရှိသောသူ။ တတ္ထ တတ္ထေဝ အဋ္ဌာသိ၊ ဥဗ္ဗိဂ္ဂမနသော တဒါ။ ထေရ။၃၃၅။ ထေရ၊ဋ္ဌ၊၂။၃၃၂။ နိစ္စံ ဥဗ္ဗိဂ္ဂဟဒယာ၊ သဗ္ဗလောကဝိဟေသကာ။ ဇာ၊၁။၃၂။(-၁၅၃။) မဟာရာဇ ကာကာ နာမ နိစ္စံ ဥဗ္ဗိဂ္ဂမာနသာ ဘယပ္ပတ္တာဝ ဝိဟရန္တိ။ ဇာ၊ဋ္ဌ၊၁။၅၁၂။ (-ဇာ၊ဋ္ဌ၊၆။၃၁၂။)

**ဥဗ္ဗိဂ္ဂရူပ** (တိ) [ဥဗ္ဗိဂ္ဂ+ရူပ] ထိတ်လန့်သော သဘောရှိသောသူ။ ဥဗ္ဗိဂ္ဂရူပေါ ပုရိသော၊ သောရဋ္ဌံ တေဒမြဝိ။ ပေတ။၂၀၂။ ဥဗ္ဗိဂ္ဂရူပေါတိ ဥတြဿသဘာဝေါ။ ပေတ၊ဋ္ဌ။၂၃၄။ (-ဇာ၊ဋ္ဌ၊၅။၂၃။)

**ဥဗ္ဗိဂ္ဂဟဒယ** (တိ) [ဥဗ္ဗိဂ္ဂ+ဟဒယ] ထိတ်လန့်သောစိတ်ရှိသောသူ။ ဥဗ္ဗိဂ္ဂမ(မာ)နသ-ကြည့်။

**ဥဗ္ဗိဇတိ** (ကြိ) [ဥ+ဝိဇီ(ဝိဇ)+အ+တိ။ နီတိ၊ဓာ။၄၉။ ပါစိတ်၊ယော။၁၂၀။] ထိတ်လန့်၏။ တံ ဒိသွာ ဥဗ္ဗိဇိ သာမ။ ဇာ၊၂။၁၇၅။ ဇာ၊ဋ္ဌ၊၆။၉၆။

**ဥဗ္ဗိဇိ** (ကြိ) [ဥ+ဝိဇီ+ဤ] ထိတ်လန့်ပြီ။ အထက်ပုဒ်ကြည့်။

**ဥဗ္ဗိဇ္ဇတိ** (ကြိ) [ဥ+ဝိဇီ+ယ+တိ။ နီတိ၊ဓာ။၄၉၊ ၂၂၄။] ထိတ်လန့်-တုန်လှုပ်-၏။ သော စ ရာဇာ တိက္ခတ္တုံ ရတ္တိယာ ဥဗ္ဗိဇ္ဇတိ။ သုတ္တနိ၊ဋ္ဌ၊၁။၇၆။ အပ၊ဋ္ဌ၊၁။၁၈၆။ (-အံ၊ဋီ၊၃။၁၁၄။) **ဥဗ္ဗိဇ္ဇန္တိ**— ဥဗ္ဗိဇ္ဇန္တိပိ(ဝိ၊၁။၂၁၈)တိ ... ဥဗ္ဗေဂံ ဣဉ္ဇနံ စလနံ ပဋိလဘန္တိ။ ဝိ၊ဋ္ဌ၊၂။၁၅၁။ (-ဝိ၊၃။၁၀၄။ နေတ္တိ၊၁၂။ ဝိ၊ဋ္ဌ၊၃။၂၇၈။) **ဥဗ္ဗိဇ္ဇိ**—သံ၊၁။၂၂၉။ မိလိန္ဒ။၂၇၇။ သံ၊ဋ္ဌ၊၁။၃၁၇။ **ဥဗ္ဗိဇ္ဇိံသု**—ဇာ၊ဋ္ဌ၊၂။၂၅၈။

**ဥဗ္ဗိဇ္ဇနာ** (ထီ) [ဥ+ဝိဇီ+ယ+ယု+အာ] ထိတ်လန့်-ကြောက်ရွံ့-တုန်လှုပ်-ခြင်း။ ပရိတဿနာတိ ဥဗ္ဗိဇ္ဇနာ ဖန္ဒနာ။ ဒီ၊ဋ္ဌ၊၁။၁၀၂။ တာ ပန စိတ္တဿ ပုရိမာဝတ္ထာယ စလနံ ကမ္ပနန္တိ အာဟ ဥဗ္ဗိဇ္ဇနာ ဖန္ဒနာတိ။ ဒီ၊ဋီ၊၁။၁။၁၅၇။ ဘယံ နာမ ဘီတံ၊ တံ ပန ဥဗ္ဗိဇ္ဇနာကာရေန ... ဒုဝိဓန္တိ အာဟ ဥဗ္ဗေဂဘယဉ္စေဝ ဥတ္တာသဘယဉ္စာတိ။ ဒီ၊ဋီ၊၃၊၁၀၇။ (-သီ၊ဋီ၊သစ်၊၁။၄၁၈။)

**ဥဗ္ဗိဇ္ဇန္တ** (တိ) [ဥ+ဝိဇီ+ယ+အန္တ] ထိတ်လန့်တုန်လှုပ်သော၊သူ။ အရဟတ္တမဂ္ဂေန စ ဝဋ္ဋဘယ-တော ပညုဗ္ဗေဂ္ဂေန ဥဗ္ဗိဇ္ဇန္တော...ဘယူပရတော နာမ။ မူလဋီ၊၃။၃၃။

**ဥဗ္ဗိဇ္ဇန္တိ** (ကြိ) [ဥ+ဝိဇီ+ယ+အန္တိ] ထိတ်လန့်-တုန်လှုပ်-ကုန်၏။ ဥဗ္ဗိဇ္ဇတိ-ကြည့်။

**ဥဗ္ဗိဇ္ဇိံသု** (ကြိ) [ဥ+ဝိဇီ+ယ+ဥံ] ထိတ်လန့်-တုန်လှုပ်-ကုန်ပြီ။ ဥဗ္ဗိဇ္ဇတိ-ကြည့်။

**ဥဗ္ဗိဇ္ဇိ** (ကြိ) [ဥ+ဝိဇီ+ယ+ဤ] ထိတ်လန့်-တုန်လှုပ်-ပြီ။ ဥဗ္ဗိဇ္ဇတိ-ကြည့်။

**ဥဗ္ဗိဇ္ဇိတွာ** (ကြိဝိ) [ဥ+ဝိဇီ+ယ+တွာ] ထိတ်လန့်-တုန်လှုပ်-၍။ ဝေဠု ဝိဘာဝယတော သီလဝိပ-တ္တိတော ဥဗ္ဗိဇ္ဇိတွာ သီလသမ္ပတ္တိနိန္နံ မာနသံ ဟောတိ။ ဝိသုဒ္ဓိ၊၁။၅၆။ ဥဗ္ဗိဇ္ဇိတွာတိ ဉာဏု-တြာသေန ဥတ္တသိတွာ။ ဝိသုဒ္ဓိဋီ၊၁။၈၇။

**ဥဗ္ဗိဇ္ဇေတိ** (ကာ၊ကြိ) [ဥ+ဝိဇီ+ယ+ဏေ+တိ] ထိတ်လန့်စေ၏။ သသဗိဠာရာဒိကော ဘီရုကဇာ-တိကော ကောစိ သတ္တော မံ န ဥတ္တာသတိ န ဥဗ္ဗိဇ္ဇေတိ။ စရိယာ၊ဋ္ဌ။၂၅၁။

**ဥဗ္ဗိဒ္ဓ** (န) [ဥ+ဝိဒ္ဓ(=ဝိ+ဣဓ+တ)။ ဝိဒ္ဓ[၂]-ကြည့်။] (၁) အမြင့်၊ (တိ)(၂) မြင့်-မတ်မတ် ထောင်-သော၊ အစောက်မြင့်သော၊ အထက်သို့မြင့်တက်သော။ (၃) ဝေးသော။ (မဟာဝါဘာသာဋီ၌ ဥ+ဝိဓ+တ-ပစ္စည်းကြံ၍ အထက်သို့ ဖောက်ထွင်းအပ်သည်-ဟုအနက်ပေး၏၊ ရွှေဥမင်နိသျှဉ်း၌ အထက်ထုတ်ချင်း-ဟုအနက်ပေးသည်။) (၁) ဟတ္ထသတုဗ္ဗေဓမဿာတိ ဟတ္ထသတုဗ္ဗေဓော၊ ဟတ္ထသတံ ဥဗ္ဗိဒ္ဓဿပိ။ သံ၊ဋ္ဌ၊၂။၉၇။ (-မ၊ဋီ၊၁။၃၅၂။) (တိ)(၂) တတ္ထ ရူပိယဘူမိယံ၊ ပါသာဒံ မာပယိံ အဟံ။ ... ဥဗ္ဗိဒ္ဓံ နဘမုဂ္ဂတံ။ အပ၊၁။၂။ ဥဗ္ဗိဒ္ဓံ ဥဂ္ဂတံ။ အပ၊ဋ္ဌ၊၁။၁၁၆။ ဥဗ္ဗိဒ္ဓံ ဘဝနံ မယှံ။ အပ၊၁။၃၇။ ဥဗ္ဗိဒ္ဓံ ဥစ္စံ။ အပ၊ဋ္ဌ၊၁။၂၉၉။ ဥဿိတဘာဝေါတိ ဥဗ္ဗိဒ္ဓဘာဝေါ။ မ၊ဋီ၊၁။၃၅၂။ ဝိဒ္ဓန္တိ ဥဗ္ဗိဒ္ဓံ၊ မေဃဝိဂမေန ဒူရီဘူတန္တိ အတ္ထော။ ဝိ၊ဋ္ဌ၊၃။၂၄၀။ (-ဒီ၊ဋ္ဌ၊၂။၂၂၃။ မ၊ဋ္ဌ၊၂။၂၇၆။ မ၊ဋ္ဌ၊၃။၁၈၈။ ဥဒါန၊ဋ္ဌ။၉၀။ ဣတိဝုတ်၊ဋ္ဌ။၈၆။) သဥပသဂ္ဂဿ ပဒဿ အတ္ထော ဥပသဂ္ဂေန ဝိနာပိ ဝိညာယတီတိ အာဟ ဝိဒ္ဓန္တိ ဥဗ္ဗိဒ္ဓန္တိ။ သာ စဿ ဥဗ္ဗိဒ္ဓတာ ဥပက္ကိလေသဝိဂမေန ဒူရဘာဝေန ဥပဋ္ဌာနန္တိ အာဟ မေဃဝိဂမေန ဒူရီဘူတန္တိ။ သာရတ္ထ၊၃။၁၄၉။ ဥဗ္ဗိဒ္ဓေတိ ဒူရေ။ မ၊ဋီ၊၂။၂၉၇။ (-မ၊ဋီ၊၃။၁၃၁။)

**ဥဗ္ဗိနယ** (တိ) [ဥ+ဝိနယ] ထွက်သွားသော-ကင်းကွာသော-ပျက်စီးသော-ဝိနည်းရှိသော၊ ဝိနည်းမှကင်းသော၊ ဝိနည်းမဟုတ်သော။ ဥဒ္ဓမ္မ-ကြည့်။

**ဥဗ္ဗိရ** (န) [ဥဗ္ဗိ+ဤရ+အ] မြေမှထွက်သောဆား၊ တွင်းထွက်ဆား၊ မြေပေါက်ဆား။ ဥဗ္ဗိတော ဘူမိတော ဤရတိ ဥဂ္ဂစ္ဆတီတိ ဥဗ္ဗိရန္တိ ဝစနတ္ထံ ဒဿေန္တော အာဟ "ဘူမိတော အင်္ကုရံ ဥဋ္ဌ-ဟတီ"တိ။ ဣမိနာ အဋ္ဌကထာနယေန သြဋ္ဌဇော တတိယက္ခရောယေဝ ယုဇ္ဇတိ၊ ပေါတ္ထကေသု ပန စတုတ္ထက္ခရောယေဝ ဒိဿတိ။ ဥဗ္ဘိဒန္တိပိ ပါဌော။ ပါစိတ်၊ယော။၃၄၄-၅။ (ဝိ၊ဋ္ဌ၊၃။၃၇၂-၌ ဥဗ္ဘိဒံ-ဟုရှိ၏။ ဥဗ္ဘိဒ-လည်းကြည့်။)

**ဥဗ္ဗိလ**—ဥပ္ပိ(ဗ္ဗိ)လ-ကြည့်။

**ဥဗ္ဗိလာပန**—ဥပ္ပိ(ဗ္ဗိ)လာပန-ကြည့်။

**ဥဗ္ဗိလာဝိတ**—ဥပ္ပိ(ဗ္ဗိ)လာဝိတ¹-ကြည့်။

**ဥဗ္ဗိလာဝိတတ္တ**—ဥပ္ပိ(ဗ္ဗိ)လာဝိတတ္တ-ကြည့်။

**ဥဗ္ဗိရိ** (ထီ) [ယာဒိစ္ဆကနာမ်] ဥဗ္ဗိရိမည်သူ။ ထိုသူသည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော် ကာလဝယ် ဟံသာဝတီမြို့၌ဖြစ်၍ ရဟန္တာအရှင်မြတ်အား အမွှေးရှည်သော ကောဇောနက်အခင်းစသည်ကို ခင်း၍ သိတင်းသုံးစေပြီးလျှင် ဆွမ်းလှူခဲ့သောကုသိုလ်ကြောင့် နတ်ပြည်သုဂတိတို့၌ဖြစ်၍ ဤဘုရားရှင်လက်ထက်တော်၌ သာဝတ္ထိပြည်ဝယ် ဥစ္စာကြွယ်ဝသော သူကြွယ်မျိုး၌ "ဥဗ္ဗိရိ" အမည်ဖြင့် အလွန်အဆင်းလှသော အမျိုးသမီးဖြစ်လာသူတည်း။ ကောသလမင်းက နှစ်ချိုက်သိမ်းပိုက်၍ "ဇီဝန္တီ" မည်သော သမီးတစ်ယောက်မွေးဖွားသောအခါ အဘိသိက်သွန်းခံရသော မိဖုရားဖြစ်လာ၏။ ထိုသမီး ကွယ်လွန်သောကြောင့် သုသာန်သို့သွား၍ ငိုကြွေးသောအခါ ဘုရားရှင်က "ဤသုသာန်၌ ဇီဝန္တီ အမည်ဖြင့်သေသော သင်၏သမီးပေါင်း ရှစ်သောင်းလေးထောင်တို့တွင် အဘယ်သူကိုရည်၍ စိုးရိမ်ပူဆွေး ငိုကြွေးသနည်း-စသည်ဖြင့် ဟောတော်မူသောတရားတော်ကို နာယူရသဖြင့် ရဟန္တာအဖြစ်သို့ရောက်လေသည်။ ထေရီ၊ဋ္ဌ။၅၅-၅၉။ (အပ၊၂။၂၀၂-၌ ကောသနဒါယိကာထေရီ-ဟု လာသည်။) အတ္တာနံ အဓိဂစ္ဆ ဥဗ္ဗိရိ။ ထေရီ။ ၃၈၅။ ထေရီ၊ဋ္ဌ။၅၆။

**ဥဗ္ဗိလယတိ** (ကြိ) [ဥ+ဗိလ+ဏယ+တိ] ရွှေးအခိုက်အတန့်မှ-ကွဲပြား-အထူးသို့ရောက်-၏၊ ရွှေးအခိုက်အတန့်ကို ဖျက်ဆီး၏။ လောက်လက်ခတ်၏၊ တမျိုးတမည်ဖြစ်၏။ ဥပ္ပိ(ဗ္ဗိ)လ၊ ဥပ္ပိ-(ဗ္ဗိ)လာဝိတတ္တ-တို့ကြည့်။

**ဥဗ္ဗီ** (ထီ) [အဝ+ဏ+ဝုတ္တိဇောတကဤ။ ဝိတ္ထိဏ္ဏ-တ္တာ ဥဗ္ဗီ၊ အဝတိ ဘူတာနီတိ ဝါ ဥဗ္ဗီ၊ နဒါဒိ။ ဓာန်၊ဋီ။၁၈၁။ ဥရု+ဤ။ ဝိ၊ပိ။ဓာန်။ ဥဗ်ဝီ၊သံ။] မြေ၊ ပထဝီ။ ဥဗ္ဗိအဓိက-ကြည့်။

**ဥဗ္ဗေဂ¹** (ပု) [ဥ+ဝိဇီ+ဏ] ထိတ်လန့်-တုန်လှုပ်-ကြောက်ရွံ့-ခြင်း။ စေတသော ဥဗ္ဗေဂေါ ဥတြာ-သော။ မဟာနိ။၂၈၉။ စူဠနိ။၂၄၁။ (-မဟာနိ။ ၃၁၉။) ဥဗ္ဗေဂေါတိ ဘီရုကော။ မဟာနိ၊ဋ္ဌ။၃၄၈၊ (-၃၇၆။) ဥဗ္ဗေဂံ ဣဒ္ဓနံ စလနံ ပဋိလဘန္တိ။ ဝိ၊ ဋ္ဌ၊၂။၁၅၁။ တာဝဒေဝ တဿ ဥဗ္ဗေဂါ။ ဇာ၊၁။ ၃၅၀၊၃၉၀။ ဥဗ္ဗေဂါ သဉ္ဇာယာ ဥပ္ပဇ္ဇန္တိ။ ဇာ၊ဋ္ဌ၊ ၆။၂၃၃။

**ဥဗ္ဗေဂ²** (တိ) [ဥ+ဝေဂ] အထက်သို့တက်သော အဟုန်ရှိသော (ပီတိ)။ ဥဗ္ဗေဂါ ပီတိ ဗလဝတီ ဟောတိ။ ပဋိသံ၊ဋ္ဌ၊၁။၁၆၉။ ပကတိယာ ဒိဋ္ဌာ-ရမ္မဏာဝသေန ဗုဒ္ဓါရမ္မဏံ ဥဗ္ဗေဂံ ပီတိံ ဥပ္ပါဒေတွာ။ အဘိ၊ဋ္ဌ၊၁။၁၅၉။ ဥဗ္ဗေဂါတိ ဥဒ္ဓဂ္ဂဝေဂီ။ ပဋိသံ၊ ဂံ၊၁၄၁။

**ဥဗ္ဗေဂဇနန** (နု) [ဥဗ္ဗေဂ+ဇနန] (၁) ထိတ်လန့်ခြင်းကို ဖြစ်စေခြင်း။ (တိ)(၂) ထိတ်လန့်ခြင်းကို ဖြစ်စေတတ်သော။ (၁) အောက်ပုဒ်ကြည့်။ (တိ) (၂) ဥဗ္ဗေဂဇနနတော မာနသမ္ပိ။ အဘိ၊ဋ္ဌ၊၂။၁၀၁။

**ဥဗ္ဗေဂဇနနရသ** (တိ) [ဥဗ္ဗေဂဇနန+ရသ] ထိတ်လန့်ခြင်းကို ဖြစ်စေခြင်းကိစ္စရှိသော။ ပရသန္တာနေ ဥဗ္ဗေဂဇနနရသာ။ အဘိ၊ဋ္ဌ၊၂။၇၀။

**ဥဗ္ဗေဂဇာတ** (တိ) [ဥဗ္ဗေဂ+ဇာတ] ဖြစ်သောထိတ်လန့်ခြင်းရှိသော၊သူ။ ဥဗ္ဗေဂဇာတာ သုမနာ၊ ဟဋ္ဌတုဋ္ဌာ အဟံသု တေ။ အပ၊၂။၄၅။ ထေရ၊ ဋ္ဌ၊၁။၄၅၅။

**ဥဗ္ဗေဂ(ဂါ)ပီတိ** (ထီ) [ဥဗ္ဗေဂါ+ပီတိ] အထက်သို့တက်သော အဟုန်ရှိသော ပီတိ၊ ဥဗ္ဗေဂပီတိ။ ဥဗ္ဗေဂပီတိယာ ဥဒဂ္ဂေါ ကာယံ ဥဒဂ္ဂံ ကတွာ။ ထေရ၊ဋ္ဌ၊၂။၈၇။ (-မ၊ဋီ၊၂။၁၄၆။) ဥဗ္ဗေဂါပီတိ ဗလဝတီ ဟောတိ၊ ကာယံ ဥဒ္ဓဂ္ဂံ ကတွာ အာကာသေ လင်္ဃာပနပ္ပမာဏပ္ပတ္တာ။ အဘိ၊ဋ္ဌ၊ ၁။၁၅၉။ ပဋိသံ၊ဋ္ဌ၊၁။၁၆၉။ ဝိသုဒ္ဓိ၊၁။၁၃၉။ မဟာနိ၊ဋ္ဌ။၁၁၁။

**ဥဗ္ဗေဂပီတိသဟိတ** (တိ) [ဥဗ္ဗေဂပီတိ+သဟိတ] ဥဗ္ဗေဂပီတိနှင့် တကွဖြစ်သော။ ဝိပဿနာပိ ဥက္ကံသဂတာ ဥဗ္ဗေဂပီတိသဟိတာ အာကာသေ လဃ်ာပနမတ္တာပိ ဟောတိ။ ဝိသုဒ္ဓိဋီ၊၂။၁၄။

**ဥဗ္ဗေဂပတ္တ** (တိ) [ဥဗ္ဗေဂ+ပတ္တ] ထိတ်လန့်ခြင်းသို့ရောက်သော၊သူ။ ဥဗ္ဗိဇိ(ဇေ)တု-ကြည့်။

**ဥဗ္ဗေဂဗဟုလ** (တိ) [ဥဗ္ဗေဂ+ဗဟုလ] ထိတ်လန့်ခြင်းများသော၊သူ။ ဣမေကေစ္စေ သဗ္ဗသခါ-ရေသု ဥဗ္ဗေဂဗဟုလော ဟောတိ။ ပဋိသံ။ ၃၈၁။ မ၊ဋ္ဌ၊၄။၅၈။ သံ၊ဋ္ဌ၊၁။၁၁၃။ အံ၊ဋ္ဌ၊၁။၄၁၆။ ထေရ၊ဋ္ဌ၊၂။၄၀၉။ မဟာနိ၊ဋ္ဌ။၂၀၂။ ဥဗ္ဗေဂဗဟု-လောတိ ဉာဏဘယဝသေန ဘယဗဟုလော။ ပဋိသံ၊ဋ္ဌ၊၂။၂၆၂။ ဥဗ္ဗေဂဗဟုလောတိ ဝုတ္တ-နယေန သဗ္ဗသခါရေသု အဘိဏှံ ပဝတ္တ-သံဝေဂေါ။ မ၊ဋီ၊၃။၂၇၄။ သံ၊ဋီ၊၁။၁၆၄။ (-အံ၊ဋီ၊၁။၂၈၇။)

**ဥဗ္ဗေဂဘယ** (ပု) [ဥဗ္ဗေဂ+ဘယ] ထိတ်လန့်ခြင်းဟူသောကြောက်ခြင်း။ ဥဗ္ဗေဂဉတ္တာသ-ဘယန္တိ ဥဗ္ဗေဂဘယဉ္စ ဥတ္တာသဘယဉ္စ။ ဒီ၊ဋ္ဌ၊ ၃။၁၀၅။ (-ဒီ၊ဋီ၊၃။၁၀၇။)

**ဥဗ္ဗေဂဝန္တု** (တိ) [ဥဗ္ဗေဂ+ဝန္တု] ထိတ်လန့်ခြင်းရှိသော၊သူ။ အောက်ပုဒ်ကြည့်။

**ဥဗ္ဗေဂီ** (တိ) [ဥ+ဝိဇီ(ဝိဇ)+ဏီ။ ဥဗ္ဗေဂ+ဤ] ထိတ်လန့်လေ့-ထိတ်လန့်ခြင်း-ရှိသော၊သူ။ နိစ္စံ ဥဗ္ဗေဂိနော ကာကာ။ ဇာ၊၁။၁၅၃။ ဥဗ္ဗေ-ဂိနောတိ ဥဗ္ဗေဂဝန္တော။ ဇာ၊ဋ္ဌ၊၃။၂၉၄။

**ဥဗ္ဗေဇန** (န) [ဥ+ဝိဇီ(ဝိဇ)+ယု] ထိတ်လန့်ခြင်း။ ဥတြာသန္တိ ဥဗ္ဗေဇနံ။ မဟာနိ၊ဋ္ဌ။၃၇၆။

**ဥဗ္ဗေဇနီယ** (တိ) [ဥ+ဝိဇီ(ဝိဇ)+အနီယ] ထိတ်လန့်စေတတ်သော၊သူ။ သော...အမနာပေါ ဟောတိ ဥဗ္ဗေဇနီယော။ ဇာ၊ဋ္ဌ၊၁။၃၄၁။ (-ဓမ္မ၊ဋ္ဌ၊၁။၁၀၅။ ဇာ၊ဋ္ဌ၊၁။၅၃၁။)

**ဥဗ္ဗေဇယိတဗ္ဗ** (တိ) [ဥ+ဝိဇီ(ဝိဇ)+ဏယ+တဗ္ဗ] ထိတ်လန့်စေအပ်သော။ ဝေမေဝ ခေါ မဟာ-ရာဇ ယောဂိနာ ယောဂါဝစရေန သဗ္ဗဘဝ-ပဋိသန္ဓိသု မာနသံ ဥဗ္ဗေဇယိတဗ္ဗံ။ မိလိန္ဒ။၃၇၁။

**ဥဗ္ဗိဇိတ** (တိ) [ဥ+ဝိဇီ+တ] ထိတ်လန့်စေအပ်သော၊သူ။ မယာ အတ္တနာယေဝ အတ္တာနံ သံဝေဇိတော ဥဗ္ဗိဇိတော သံဝေဂမာပါဒိတော။ မဟာနိ။၃၁၉။

**ဥဗ္ဗိဇိ(ဇေ)တု** (တိ) [ဥ+ဝိဇီ+ဏော+တု] ထိတ်လန့်စေတတ်သော၊သူ။ ကေစ္စော ပုဂ္ဂလော သက-ပရိသံ ဥဗ္ဗိဇိ(ဇေ)တာ ဟောတိ။ အဘိ၊ပု၊၁၅၅။ အံ၊၁။၄၂၄။ (-အံ၊၃။၃၂။) ဥဗ္ဗိဇိ(ဇေ)တာ ဟောတီတိ ဃဋ္ဋေတွာ ဝိဇ္ဈိတွာ ဥဗ္ဗေဂပတ္တံ ကရောတိ။ အဘိ၊ဋ္ဌ၊၃။၇၇။ အံ၊ဋ္ဌ၊၂။၃၂၈။

**ဥဗ္ဗေဇေတိ** (ကာ၊ကြိ) [ဥ+ဝိဇီ(ဝိဇ)+ဏော+တိ] ထိတ်လန့်စေ၏။ ယော အတ္တနော ဂေါဂဏံ ဃဋ္ဋေတိ ဥဗ္ဗေဇေတိ၊ အဘိ၊ဋ္ဌ၊၃။၇၇။ အံ၊ဋီ၊၂။ ၃၂၄။

**ဥဗ္ဗေဇေတွာ** (ကြိ၊ဝိ) [ဥ+ဝိဇီ(ဝိဇ)+ဏော+တွာ] ထိတ်လန့်စေ၍။ ရာဇာနံ သုဒ္ဓုတရံ ဥဗ္ဗေ-ဇေတွာ တဿ ဝူပသမနတ္ထံ ... ယညယဇနေ သမာဒပေသိ။ သုတ္တနိ၊ဋ္ဌ၊၁။၇၆။ အပ၊ဋ္ဌ၊၁။၁၈၆။

**ဥဗ္ဗေဓ[1]** (ပု) [ဥ+ဝိဓ+ဏ] (၁) အမြင့်။ (၂) အကျယ်၊ အပြန့်၊ အနံ။ (တိ)(၃) မြင့်သော။ (၁) ဧကေကဿ ဒွါရေ သတ္တ သတ္တ ဧသိကာ နိခါတာ အဟေသုံ တိပေါရိသင်္ဂါ ... ဥဗ္ဗေဓေန။ ဒီ၊၂။၁၄၀။ (-သံ၊၁။၃၈၉။ ဝိ၊ဋ္ဌ၊၁။၇၀။ သာရတ္ထ၊ ၁။၂၅၂။) (၂) တိရိယံ သောဠသုဗ္ဗေဓော(ဇာ၊ ၁။၇၆)တိ ဝိတ္ထာရတော သောဠသကရီသပါတ-ဝိတ္ထာရော အဟောသိ။ ဇာ၊ဋ္ဌ၊၂။၃၀၂။ (တိ)(၃) ယောဇနာနံ သတာနုစ္စော၊ ဟိမဝါ ပဉ္စ(ဝိ၊ဋ္ဌ၊ ၁။၉၂)တိ ယောဇနာနံ ပဉ္စသတာနိ ဥစ္စော ဥဗ္ဗေဓော။ ဝိမတိ၊၁။၅၅။ (-သာရတ္ထ၊၁။၂၅၄။)

**ဥဗ္ဗေဓ[2]** (ပု) [အဝ+ဝိဓ+ဏ] အဓောက်၊ အနက်။

သေယျထာပိ ဘိက္ခဝေ ပေါက္ခရဏီ…ပညာသ-ယောဇနာနိ ဥဗ္ဗေဓေန ပုဏ္ဏာ။ သံ၊၁။၃၅၂။ (-မဟာနိ။၂၇၄။) ဥဗ္ဗေဓေနာတိ ဂမ္ဘီရတာယ။ သံ၊ဋ္ဌ၊၂။၁၁၉။ ဥဗ္ဗေဓေနာတိ အဝဝေဓေန အဓောဒိသတာယ၊ တေနာဟ "ဂမ္ဘီရတာယာ"-တိ။ သံ၊ဋီ၊၂။၁၂၇။ (-မဟာနိ၊ဋ္ဌ။၃၂၉။ ဝိသုဒ္ဓိ၊ ဋီ၊၂။၂၆။)

**ဥဗ္ဗေဓဝန္တု** (တိ) [ဥဗ္ဗေဓ+ဝန္တု] အမြင့်ရှိသော၊ မြင့်သော။ ဥစ္စာတိ အနီစာ၊ ဥဗ္ဗေဓဝန္တိယောတိ အတ္ထော။ မ၊ဋီ၊၂။၁၄၆။

**ဥဗ္ဗေဓတိ** (ကြိ) [ဥ+ဝိဓ+အ+တိ] တုန်လှုပ်၏။ ဥဗ္ဗေဓတိ မေ ဟဒယံ။ ဇာ၊၂။၂၀၉၊၂၁၂။ ဥဗ္ဗေဓတီတိ တာတ မဟောသဓပဏ္ဍိတ ဟဒယံ မေ … ကမ္ပတိ။ ဇာ၊ဋ္ဌ၊၆။၂၈၄။

**ဥဗ္ဗေဓပမာဏ** (နှ) [ဥဗ္ဗေဓ+ပမာဏ] အမြင့်-မြင့်သော-ပမာဏ၊ မြင့်သောအတိုင်းအရှည်။ ဇဂတိယာ ပမာဏန္တိ ဝတ္ထာတိ…ဝေ ဥစ္စာတိ ဥစ္စဝတ္ထုသ ဥဗ္ဗေဓပမာဏံ ဝတ္ထာ။ ဝိမတိ၊၂။၇။

**ဥဗ္ဗေဓသဒ္ဒ** (ပု) [ဥဗ္ဗေဓ+သဒ္ဒ] ဥဗ္ဗေဓသဒ္ဒါ။ တထာပိ တတ္ထ ဥဗ္ဗေဓသဒ္ဒေါ ဝိတ္ထာရဝါစ-ကောတိ ဝေဒိတဗ္ဗော။ သီ၊ဋီ၊သစ်၊၁။၂၄၂။

**ဥဇ္ဈံ၊ဥဇ္ဈ**[၁] (ဗျ) [နိပါတ်] (၁) အမြင့်၊ (၂) အထက်။ (၁) ဥဇ္ဈမာဟု သဟဿဓာ(ထေရ။၂၅၃)တိ ဥဇ္ဈံ ဥစ္စံ ဝေမဿ ပါသာဒဿ သဟဿဓာ သဟ-ဿကဏ္ဍပ္ပမာဏမာဟု။ ထေရ၊ဋ္ဌ၊၁။၃၆။ (ဒီ၊ဋ္ဌ၊ ၃။၄၀-၌ ဥဒ္ဓမာဟု သဟဿဓာ-ဟုရှိ၏။) (-ဒီ၊ ဋီ၊၃။၃၄။) (၂) ဥဇ္ဈသဒ္ဒေါ ဟိ ဥပရိအတ္ထေ နေပါတိကော။ သီ၊ဋီ၊သစ်၊၂။၃၅၇။

**ဥဇ္ဈ**[၂] (နှ) [ယာဒိစ္ဆကနာမ်] ဥဇ္ဈအရပ်၊ ဥဇ္ဈေယျက-ကြည့်။

**ဥဇ္ဈကပ္ပရ** (ပု) [ဥဇ္ဈ+ကပ္ပရ] တံတောင်ဆစ်၏ အထက်။ ထွေ စ ဥဇ္ဈကပ္ပရမ္ပိ ဥဇ္ဈဇာဏုမဏ္ဍ-လေနေ၀ သင်္ဂဟိတံ။ ဝိ၊ဋ္ဌ၊၃။၁၇၄။ ကခါ။၂၉၄။ (-ကခါ၊ဋီ၊သစ်။၄၅၁။)

**ဥဇ္ဈက္ခက** (ပု) [ဥဇ္ဈ+အက္ခက] ညှပ်ရိုး၏အထက်။ ဥဇ္ဈက္ခက(ဝိ၊၂။၂၇၇)န္တိ အက္ခကာနံ ဥပရိ။ ဝိ၊ ဋ္ဌ၊၃။၁၇၅။ (-ဝိမတိ၊၂။၃၁၂။)

**ဥဇ္ဈဇာဏုမဏ္ဍလ** (နှ) [ဥဇ္ဈ+ဇာဏုမဏ္ဍလ] ပုဆစ်ဒူးဝန်း၏ အထက်။ ဥဇ္ဈဇာဏုမဏ္ဍလန္တိ ဥပရိဇာဏုမဏ္ဍလံ။ ဝိ၊၂။၂၇၆။ (-ဝိ၊၁။၁၈၉။ ဝိ၊၂။၂၂၃။) ဥဇ္ဈဇာဏုမဏ္ဍလ(ဝိ၊၂။၂၇၆)န္တိ ဇာဏုမဏ္ဍလာနံ ဥပရိ။ ကခါ။၂၉၄။ ဝိ၊ဋ္ဌ၊၃။ ၁၇၄၊(-၁၅၆။) ဥဇ္ဈဇာဏုမဏ္ဍလ(ဝိ၊ဝိနိစ္ဆယ။ ၁၈၆)န္တိ ဇာဏုမဏ္ဍလာနံ ဥဇ္ဈန္တိ ဝိဂ္ဂဟော။ ဥဇ္ဈသဒ္ဒေါ ဥဒ္ဓံသဒ္ဒပရိယာယော။ ဝိ၊ဝိနိစ္ဆယ၊ဋီ၊ ၂။၃၂။ ဇာဏုမဏ္ဍလာနံ ဥပရိတိ ဣမိနာ ဇာဏု-မဏ္ဍလာနံ ဥဇ္ဈ ဥဇ္ဈဇာဏုမဏ္ဍလန္တိ။ ဥဇ္ဈသဒ္ဒေါ ဟိ ဥပရိပရိယာယော သတ္တမျန္တနိပါတော။ ပါစိတ်၊ယော။၁၂၆။

**ဥဇ္ဈဇာဏုမဏ္ဍလိကာ** (ထီ) [ဥဇ္ဈဇာဏုမဏ္ဍလ+ဣက+အာ] ပုဆစ်ဒူးဝန်း၏အထက်၌ သုံးသပ်ခြင်းစသည်ကိုသာယာသော၊သူ။ (ကာယသံသဂ္ဂ ရာဂစိုစွတ်နေသောလူယောကျ်ားက ထိုရာဂစိုစွတ်နေသောမိမိ၏ ညှပ်ရိုးအောက်, တံတောင်ဆစ် အထက်, ပုဆစ်ဒူဝန်းအထက်အရပ်ကို သုံးသပ်ခြင်းစသည်ကို သာယာခြင်းကြောင့်သင့်သော ပါရာဇိကအာပတ်ကို မုချအားဖြင့်ကောက်ရသည်၊ ဥပစာအားဖြင့်ရဟန်းမကိုကောက်ရသည်။) ဥဇ္ဈဇာဏုမဏ္ဍလိကာ(ဝိ၊၂။၂၇၆)တိ ဣဒံ ပန ဣမိဿာ ပါရာဇိကာယ နာမမတ္တံ။ ဝိ၊ဋ္ဌ၊၃။၁၇၄။ ဥဇ္ဈဇာဏုမဏ္ဍလိကာ နာမ ယာ ကာယသံသဂ္ဂရာဂေန အဝဿုတာ … သာဒိ-ယတိ၊ တဿာ အဓိဝစနံ။ သာရတ္ထ၊၂။၂၉၈။ (-ကခါ၊ဋီ၊သစ်။၂၂၃။ သာရတ္ထ၊၂။၂၉၇။ ဝိမတိ၊ ၁။၁၄၂၊၂၅၀။) ဥပစာရဝသေန တု ဥဇ္ဈဇာ-ဏုမဏ္ဍလာဒိကာ ပါရာဇိကာပန္နာ ပရိဂ္ဂယှန္တိ။ ခုဒ္ဒသိက္ခာ၊ဋီ၊သစ်။၂၅၅။

**ဥဗ္ဗိဇိတဗ္ဗ** (တိ) [ဥ+ဘဇ+တဗ္ဗ] ခါး၀တ်-သင်းပိုင်-ကို-ပင့်-မ-အပ်သော။ အောက်ပုဒ်ကြည့်။

**ဥဗ္ဗိဇိတွာ** (ကြိ၊ဝိ) [ဥ+ဘဇ+တွာ] ခါး၀တ်-သင်းပိုင်-ကို-ပင့်-မ-၍။ သာ ဥဗ္ဗိဇိတွာ အင်္ဂ-ဇာတေ အဘိနိသီဒိ။ ၀ိ၊၁။၅၀။ န ဥဗ္ဗိဇိတွာ ပဋိသိတဗ္ဗာ၊ ၀စ္စပါဒုကာယ ဌိတေန ဥဗ္ဗိဇိတဗ္ဗံ။ ၀ိ၊၄။၃၉၂။ ၀ိ၊သင်္ဂဟ။၂၄၁။ ဥဗ္ဗိဇိတွာ(၀ိ၊ ၀ိနိစ္ဆယ။၂၈၀)တိ စီ၀ရံ ဥက္ခိပိတွာ။ ၀ိ၊၀ိနိစ္ဆယ၊ ဋီ၊၂။၃၂၅။

**ဥဗ္ဗဠှက** (တိ) [ဥဗ္ဗဠှ(=ဥဗ္ဗ+ဠှာ+အ)+က] အထက်၌ ရပ်သော၊သူ။ (ထိုင်ရာမှ ထသော အခါမှစ၍ တစ်နေရာတည်း၌သာ ရပ်နေသော-မထိုင်ဘဲနေသော-သူ။) ဥဗ္ဗဠှကောပိ ဟောတိ (ဟောမိ) အာသနပဋိက္ခိတ္တော။ ဒီ၊၁။၁၅၈။ ဒီ၊၃။၃၄။ မ၊၁။၁၁၁။ အံ၊၁။၃၀၁။ အဘိ၊ပု၊၁၆၄။ ဥဗ္ဗဠှကောတိ ဥဒ္ဓံ ဌိတကော။ မ၊ဋ္ဌ၊၁။၃၅၀။ မ၊ဋ္ဌ၊၂။၂၂၆။ အံ၊ဋ္ဌ၊၂။၂၄၆။ အဘိ၊ဋ္ဌ၊၃။၈၃။ ဥဗ္ဗဠှကာ ဟောန္တိ(မ၊၁။၁၃၀)တိ ဥဒ္ဓံယေ၀ ဌိတကာ ဟောန္တိ အနိသိန္နာ။ မ၊ဋ္ဌ၊၁။၃၆၈။ ဥဒ္ဓံ-ယေ၀ တိဋ္ဌနကာ နိသဇ္ဇာယ ၀ုဋ္ဌိတကာလတော ပဋ္ဌာယ ဌိတာနေ၀ နေ၀ တိဋ္ဌနကာ။ တေနာဟ "အနိသိန္နာ"တိ။ မ၊ဋီ၊၂။၄၇။ (-သီ၊ဋီ၊သစ်၊၂။၃၅၇။)

**ဥဗ္ဘဏ္ဍ** (န) [ဥက္ခိတ္တ+ဘဏ္ဍ] မြှောက်ချီအပ်သော -ဘဏ္ဍာ-အထုပ်အပိုး။ အောက်ပုဒ်ကြည့်။

**ဥဗ္ဘဏ္ဍိက** (တိ) [ဥဗ္ဘဏ္ဍ+ဣက] မြှောက်ချီအပ်သော-ဘဏ္ဍာ-အထုပ်အပိုး-ရှိသော၊သူ။ စီ၀ရေဟိ ဥဗ္ဘဏ္ဍိကေ(၀ိ၊၃။၄၀၂)တိ စီ၀ရေဟိ ဥဗ္ဘဏ္ဍေ ကတေ၊ ယထာ ဥက္ခိတ္တဘဏ္ဍာ ဟောန္တိ၊ ဧ၀ံ ကတေ၊ ဥက္ခိတ္တဘဏ္ဍိကဘာ၀ံ အာပါဒိတေတိ အတ္ထော။ ၀ိ၊ဋ္ဌ၊၃။၄၀၉။ (-၀ိ၊ဋ္ဌ၊၄။၆၆။ ၀ိ၊သင်္ဂဟ။၂၈၃။ ၀ဇိရ၊၆၃။ သာရတ္ထ၊၃။၄၀၁။ ၀ိမတိ၊ ၂။၂၄၀။ ပါစိတ်၊ယော။၄၇၈။) (၀ိ၊၃။၄၀၂-၌ ဥဗ္ဘဏ္ဍိတေ-ဟုရှိသည်။ အောက်ပုဒ်ကြည့်။)

**ဥဗ္ဘဏ္ဍိတ** (တိ) [ဥဗ္ဘဏ္ဍ+ဣတ] မြှောက်ချီအပ်သော-ဘဏ္ဍာ-အထုပ်အပိုး-ရှိ သည်၏အဖြစ်သို့-ရောက်စေအပ်သော-ရောက်သော၊သူ။ သမ္ဗဟုလေ ဘိက္ခူ စီ၀ရေဟိ ဥဗ္ဘဏ္ဍိတေ သိဗ္ဗေသိ စီ၀ရဘိသိ ကရိတွာ။ ၀ိ၊၃။၄၀၂။ ဥက္ခိတ္တဘဏ္ဍိကဘာ၀ံ အာပါဒိတေတိ ဣမိနာ ဥဗ္ဘဏ္ဍိတေတိ ဧတ္ထ ဥက္ခိတ္တံ ဘဏ္ဍံ ဥဗ္ဘဏ္ဍံ၊ ဥဗ္ဘဏ္ဍဘာ၀ံ ဣတာ အာပါဒိတာတိ ဥဗ္ဘဏ္ဍိတာတိ ၀စနတ္ထံ ဒဿေတိ။ ပါစိတ်၊ယော။၃၈၀။ (၀ိ၊ ဋ္ဌ၊၃။၄၀၉-လာ အဖွင့်၌ ဥဗ္ဘဏ္ဍိကေ-ဟုရှိသည်။ အထက်ပုဒ်ကြည့်။)

**ဥဗ္ဘတ** (ပု) [ဥ+ဘရ+တ] (၁) အထက်သို့ယူရာ-ခြေကြွရာ-အခါ။ (တိ)(၂) နုတ်-ထုတ်ဆောင်-ထုတ်ဖေါ်-အပ်သော။ (၃) နုတ်-ထုတ်-ရာဖြစ်သော၊ နုတ်သော။ (၄) စွန့်အပ်သော။ (၅) အထက်သို့တက်သော၊ ပေါ်ထွက်သော။ (၁) ဥဗ္ဘတံ တာဒိသမေ၀ ဟောတိ(မ၊၃။၂၂၂)-တိ... ဥဒ္ဓရဏကာလေ တာဒိသမေ၀။ မ၊ဋ္ဌ၊၄။ ၁၆၇။ (-မ၊ဋီ၊၃။၃၆၄။) (တိ)(၂) ဥဗ္ဘတသ္မိံ ကထိနေ(၀ိ၊၁။၂၉၅)တိ ကထိနေ စ ဥဗ္ဘတသ္မိံ။ ၀ိ၊ဋ္ဌ၊၂။၂၂၁။ (-ဓမ္မ၊၁၈၊ ကင်္ခါ၊၁၅၂။ ဓမ္မ၊ဋ္ဌ၊၁။ ၁၈၃။ သာရတ္ထ၊၂။၃၈၅။) ဥဗ္ဘတေတိ အဋ္ဌန္နံ မာတိကာနမညတရေန, အန္တရုဗ္ဘာရေန ၀ါ ဥဒ္ဓဋေ။ ကင်္ခါ၊ဋီ၊သစ်၊၂၇၃။ ဥဒကာ ထလမုဗ္ဘ-တ(ဇာ၊၁။၁၃)န္တိ ဥဒကတော ထလမုဒ္ဓိတ္တံ။ ဇာ၊ဋ္ဌ၊၁။၂၈၅။ (-ဇာ၊၁။၁၀၁။ ဇာ၊ဋ္ဌ၊၃။၄၉။) (၃) ဥဗ္ဘတဒိ၀သ-ကြည့်။ (၄) ကိံ နု တွံ ဥဗ္ဘတံ မြူသိ၊...စတ္တာဟံ ဥဗ္ဘတံ မြူမိ။ ဇာ၊၁။ ၂၅၄။ ဇာ၊ဋ္ဌ၊၄။၁၉၆။ (၅) အောက်ပုဒ်ကြည့်။

**ဥဗ္ဘတက** (တိ) [ဥဗ္ဘတ+က] အထက်သို့တက်-ပေါ်ထွက်လာ-သကဲ့သို့သော၊ မြင့်လှစွာသော၊ ဥဗ္ဘတကမည်သော။(အဆောက်အဦး၊လွှတ်တော်။) တေန ခေါ ပန သမယေန ပါ၀ေယျကာနံ မလ္လာနံ ဥဗ္ဘတကံ နာမ နဝံ သန္ထာဂါရံ အစိရကာရိတံ ဟောတိ။ ဒီ၊၃။၁၇၅။ ဥဗ္ဘတကန္တိ

တဿ နာမံ၊ ဥစ္စတ္တာ ဝါ ဝေ ဝုတ္တံ။ ဒီ၊ဋ္ဌ၊ ၃။၁၅၃။ ဥစ္စာဝိဋ္ဌာနတာယ တံ သန္ဓာဂါရံ ဘူမိတော ဥဗ္ဗတံ ဝိယာတိ ဥဗ္ဗ-တကန္တိ နာမံ လဘတိ၊ တေနာဟ " ဥစ္စတ္တာ ဝါ ဝေ ဝုတ္တ"န္တိ။ ဒီ၊ဋီ၊၃။၁၆၃။

**ဥဗ္ဗတဂုဏ** (တိ) [ဥဗ္ဗတ+ဂုဏ] ထုတ်ဖော်ပြောကြားအပ်သော ဂုဏ်ကျေးဇူးရှိသော၊သူ။ သတ္ထာရာ အာဘတဝဏ္ဏော ဥဗ္ဗတဂုဏောတိ အတ္ထော။ သံ၊ဋီ၊၁။၁၆၆။

**ဥဗ္ဗတဒိဝသ** (ပု) [ဥဗ္ဗတ+ဒိဝသ] နုတ်ရာဖြစ်သောနေ့၊ နုတ်သောနေ့။ ဥဗ္ဗတဒိဝသတော ပဋ္ဌာယ ... ပရိဟာရံ လဘတိ။ ဝဇီရ။၂၁၇။ (-ကင်္ခါ၊ဋီ။ရ၁။)

(၁) ဥသဘအသံ။ ဆဇ္ဇော ဥသဘော ဂန္ဓာရော မဇ္ဈိမော ဓေဝတော နိသာဒေါတိ ဧတေ သတ္တသရာ။ ဒီ၊ဋီ၊၂။၂၄၇။ အံ၊ဋီ၊၃။၁၂၀။ နဒန္တိ ဥသဘံ ဂါဝေါ။ ဓာန်။၁၃၃။ ယသ္မာ ပန သော သရော ဥသဘော ဝိယ နဒတိ၊ တသ္မာ ဥသဘောတိ ဝုစ္စတိ။ ဓာန်၊ဋီ။၁၃၂။ (၂) နွား။ (က) နွားထီး။ ဥသဘော သုညာယ ဂေါသာလာယ ဂမ္ဘီရံ နဒိတဗ္ဗံ မညတိ။ အံ၊ ၁။၁၈၈။ ဥသဘောတိ ဂေါဏော။ အံ၊ဋ္ဌ၊၂။ ၁၈၁။ (ခ) နွားထူး၊ နွားမြတ်၊ နွားမျိုး၊ မင်္ဂလာနွားလား၊ နွားလားဥသဘ။ ယေ တေ ဥသဘာ ဂေါပိတရော ဂေါပရိဏာယကာ။ မ၊၁။၂၈၄။ ဥသဘ(မဟာနိ။၆၇)န္တိ မင်္ဂလဥသဘံ။ မဟာနိ၊ ဋ္ဌ။၁၈၇။ နိသဘသခ်တော ဥသဘော။ မ၊ဋ္ဌ၊ ၁။၃၃၂။ အံ၊ဋ္ဌ၊၂။၂၅၃။ ဥသဘောရိဝ ဆေတွာ ဗန္ဓနာနိ။ သုတ္တနိ၊၂၈၃။ ဥသဘောတိ ဂေါပိ-တာ ဂေါပရိဏာယကော ဂေါယူထပတိ ဗလီ-ဗဒ္ဒေါ။ သုတ္တနိ၊ဋ္ဌ၊၁။၃၆။ (-အံ၊ဋ္ဌ၊၂။၂၅၃။ အံ၊ ဋ္ဌ၊၃။၂၉၄။) (၃) ကြက်တက်ပင်။ အထော သိင်္ဂီစ ဥသဘော။ ဓာန်။၅၉၀။ (၄) ဥသဘ မည်သောဆေးပင်။ ဥသဘောသဂေါသေဋ္ဌေ-

သူသဘံ ဝိသယင္ဝိယံ။ ဓာန်။၉၉၆။ (အဘိဓာန်ဋီကာအလိုမူ-ဥသဘော ဥသဘေ သေဋ္ဌေ-ဟုရှိရမည်။ ဤ၌ ဥသဘမည်သော ဆေးပင်ဟူသည် ကြက်တက်ပင်ကိုပင် ဆိုလိုဟန်တူသည်။) (၅) မြတ်သော၊ အမြတ်၊ ကြီးမြတ်သည်။ (ဝိသိဋ္ဌာရိယနာဂေကောသဘဂ္ဂါ မောက္ခပုင်္ဂဝါ။ သီဟကုဉ္ဇရသဒ္ဒူလာဒိ တုသမာသဂါ ပုမေ-ဟူသော အဘိဓာန် ထောက်၍ "ပုံလိင်"ဟုမှတ်ရမည်။) မဇ္ဈေ သိဝိနံ ဥသဘောမှိ ဇာတော။ ဇာ၊၂။၄၆။ ဥသဘောမှိတိ ဇေဋ္ဌကရာဇာ ဟုတွာ ဇာတော။ ဇာ၊ဋ္ဌ၊၅။၂၃၉။ ပုရိသူသဘ(ဝိ၊၁၄၈)လည်းကြည့်။ (၆) ဥသဘရာသီ (ပြိဿရာသီ)။ မေသာဒိကောဒ္ဒါဒသကောဋ္ဌာသော ရာသိ နာမ၊ အာဒိနာ ဥသဘ…မိနေ သင်္ဂဏှာတိ။ ဓာန်၊ဋီ။၆၁။

(၇) ဥသဘမည်သူ။ ပါဠိအဋ္ဌကထာတို့၌ ဥသဘအမည်ဖြင့် ပစ္စေကဗုဒ္ဓါတစ်ဆူ၊ မထေရ်နှစ်ပါးဟု သုံးဦးတွေ့ရသည်။ ပစ္စေကဗုဒ္ဓါကား ဣသိဂိလိတောင်သို့ ဝင်တော်မူကြကုန်သော ပစ္စေကဗုဒ္ဓါငါးရာတို့တွင် တစ်ဆူအပါအဝင်ဖြစ်သော ဥသဘပစ္စေကဗုဒ္ဓါ ဖြစ်သည်။ ဥသဘ-ဉ္စိဒ္ဓါ ဇာလိနိံ ဒုက္ခမူလံ။ မ၊၃။၁၁၅။ (-မ၊ဋ္ဌ၊၄။၉၁။)

ဥသဘထေရ်နှစ်ပါးတွင် တစ်ပါးကား ကောသလတိုင်း သူဋ္ဌေးမျိုး၌ ဖြစ်သော ဥသဘအမည်ရသော အမျိုးကောင်းသားတည်း။ ဇေတဝန်ကျောင်းလွှတ်ပွဲ၌ ဘုရားရှင်အား ကြည်ညို၍ ရဟန်းပြုခဲ့သည်။ မိုးအခါတွင် စိမ်းစို၍ မွှေ့လျော်ဖွယ်ကောင်းသော တောတောင်တို့ကို မြင်ရသဖြင့် "စိတ်စေတနာမရှိသော သစ်ပင် စသည်တို့သည်ပင် ဥတုနှင့် ပြည့်စုံခြင်းကြောင့် ကြီးပွားကြသေး၏၊ ငါသည် လျောက်ပတ်သော ဥတုကိုရရှိသောကြောင့် ဂုဏ်တို့ဖြင့် အဘယ်ကြောင့် ကြီးပွားခြင်းသို့ မရောက်ဘဲရှိအံ့နည်း" ဟုဆင်ခြင်၍ ဝိပဿနာ ပွားများသောကြောင့် ရဟန္တာအဖြစ်သို့ ရောက်လေသည်။ ထိုမထေရ်သည် ဤကမ္ဘာမှ သုံးဆယ့်တစ်ကမ္ဘာအထက် သိခီဘုရားရှင်၏ သာသနာတော်၌ ဘုမ္မစိုးနတ်ဖြစ်၍ ဘုရားရှင်အား မန္ဒာရဝ=ထင်ရှားပန်း =နတ်ပန်းတို့ဖြင့် ပူဇော်ခဲ့ဘူးသောကြောင့် မန္ဒာရဝပုပ္ဖပူဇက ထေရ် ဟုလည်း အမည်တွင်သည်။ ထေရ။၂၄၃။ ထေရ၊ဋ္ဌ၊၁။၂၇၆-၈။ အပ၊၁။၁၉၆။ အပ၊ဋ္ဌ၊၂။၁၆၅။

အခြား ဥသဘအမည်ရသောမထေရ်၏ အကြောင်းအရာကား-ကပိလဝတ်ပြည် သာကီဝင်မင်းမျိုး၌ ဖြစ်သောသူတည်း၊ ဘုရားရှင် ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူရာကာလ ဆွေတော်မျိုးတော်တို့အစည်းအဝေး၌ မြတ်စွာဘုရား၏တန်ခိုးအာနုဘော်ကို ဖူးမြင်ရ၍ သဒ္ဓါ တရားဖြစ်ကာ ရဟန်းပြုရာတွင် ဥသဘ ထေရ် ဟု အမည်တွင်သည်။ ရဟန်းတရားအားမထုတ်ဘဲ နေ့၌ အပေါင်းအဖော်တို့ဖြင့် ပျော်ပျော်နေ၍ ညဉ့်အိပ်ခြင်းဖြင့် အချိန်ကုန်စေသူဖြစ်သည်။ တစ်ခုသောညဉ့် သတိလက်လွှတ် အိပ်နေစဉ် "ဆံပင်ကိုပယ်၍ သရက်ရွက်နုရောင် သင်္ကန်းဝတ်လျက် ဆင်စီးပြီး မြို့တွင်းသို့ဆွမ်းခံဝင်စဉ် စည်းစိမ်ခံစားနေသူ လူအပေါင်းကို မြင်ရသဖြင့် ရှက်၍ ဆင်ပေါ်မှ ဆင်းကာ မိမိကိုယ်ကို ကြည့်မိသည်"ဟု အိပ်မက်မြင်မက်သဖြင့် သံဝေဂရသောကြောင့် ဝိပဿနာပွားများသောအခါ ရဟန္တာဖြစ်လေသည်။ ထိုမထေရ်သည် ဤကမ္ဘာမှ သုံးဆယ့်တစ်ကမ္ဘာ အထက် သိခီဘုရားရှင်၏သာသနာတော်၌ အမျိုးကောင်းသား ဖြစ်၍ ဘုရားရှင်အား ကြို့သီးပေးလှူဘူးသောကြောင့် ကောသမ္ဗဖလိယ ထေရ်ဟုလည်း အမည်ရသည်။

ဇနေတိ ဘိယျော ဥသဘဿ ကလျတံ။

ထေရ၊ ၂၅၈။ ကပိလဝတ္ထုသ္မိံ သာကိယရာဇ-ကုလေ နိဗ္ဗတ္တိတွာ ဥသဘောတိ လဒ္ဓနာမော … ပဗ္ဗဇိ။ ထေရ၊ဋ္ဌ၊၁။၄၀၈။ (-အပ၊ ၂။၉၄။)

(န)(၈) ဥသဘအတိုင်းအတာ၊ (က) တာ ၂၀=အတောင် ၁၄၀။ တာယ ယဋ္ဌိယာ ဝီသတိယဋ္ဌိယော ဥသဘံ။ အဘိ၊ဋ္ဌ၊ ၂။၃၂၈။ (-ဒီ၊ဋ္ဌ၊ ၂။၅။ သံ၊ဋ္ဌ၊၃။ ၂၂၁။ ဒီ၊ဋီ၊ ၂။ရ။ သံ၊ဋီ၊ ၂။၄၆၀။) (ခ) ၂၈-တောင်၊ ၂၈-တောင်ရှိသော အရပ်ဌာန။ ဥသဘေ ဥသဘေ ပေါက္ခရဏီ ခဏာပေသိ။ သံ၊ဋ္ဌ၊၃။၈။ အဋ္ဌဝီသတိဟတ္ထဋ္ဌာနံ ဥသဘံ နာမ။ …ဥသဘေ အဋ္ဌဝီသတိဟတ္ထပ္ပ-မာဏေ ဌာနေ။ သံ၊ဋီ၊ ၂။ ၂၈။ (၉) ဥသဘမည်သော (ဥယျာဉ်)။ (ပိယဒဿီဘုရားရှင် ဓမ္မစကြာ ဟောတော်မူရာဥယျာဉ် ဖြစ်သည်။) ဥသဘုယျာန-ကြည့်။

**ဥသဘ[၂]** (တိ) [ဥသဘ+ဏ။ အာသဘ+ဏ] နွားလား ဥသဘနှင့်တူသော၊ နွားလားဥသဘ အတူ ကြီးမြတ်တော်မူသော၊သူ။ ဥသဘံ ပဝရံ ဝီရံ။ သုတ္တနိ။၃ရ၈။ မ၊ ၂။၄၁၂။ အပ၊၁။၁၂၆၊ (-၂၃ရ။) အစ္ဆမ္ဘိတတ္တေန ဥသဘသဒိသတာယ ဥသဘံ။ သုတ္တနိ၊ဋ္ဌ၊ ၂။၁၉၁။ ဥသဘန္တိ ဝသဘော နိသဘော ဝိသဘော အာသဘောတိ စတ္တာ-ရော ဇေဋ္ဌပုင်္ဂဝါ။ … အယမ္ပိ ဗြာဟ္မဏော မုခါရုဠှဝသေန ကေန္တပသီဒနဝသေန အာ-သဘန္တိ ဝတ္တဗ္ဗေ ဥသဘန္တိအာဒိမာဟ။ အပ၊ ဋ္ဌ၊ ၂။၉၁။ (ဤအလို ဥသဘ-ကား အာသဘ-မှ အာ-ကို ဥပြု၍ ပြောင်းလာသော ပုဒ်ဖြစ်သည်။ ယင်းနောင် ဏ ပစ္စည်းသက်ရသည်။)

**ဥသဘ[၃]** (တိ) [ဥသဘ+ရာဇ] နွားလားဥသဘ မင်း။ ဥသဘရာဇ-ကြည့်။

**ဥသဘက** (ပုန) [ယာဒိစ္ဆကနာမ်] ကြက်သွန်နီ ဥ။ ဥသဘက(ဝိ၊ဋ္ဌ၊၃။၁၀၀) ဥမ္မသုဝိယိ။ ဝဇိရ။ ၃၁၉။ သျ။၉၄။

**ဥသဘက္ခန္ဓ** (ပု) [ဥသဘ+ခန္ဓ] ဥသဘက္ခန္ဓမည်သူ။ (ဒီပင်္ကရာမြတ်စွာဘုရား၏ သားတော်ဖြစ်သည်။) ပဒုမာနာမ သာ နာရီ၊ ဥသဘ-က္ခန္ဓော အတြဇော။ ဗုဒ္ဓဝံ။၃၂၂။ (-ဗုဒ္ဓဝံ၊ဋ္ဌ။ ၁၅ရ။)

**ဥသဘဂန္ဓ** (ပု) [ဥသဘ+ဂန္ဓ] နွားလားဥသဘ ၏ အနံ့။ ဂါဝီ ဝေ စ ကဒါစိ ဥသဘဂန္ဓေန ဂဗ္ဘံ ဂဏှန္တိ။ ဝိ၊ဋ္ဌ၊၁။၁၈၀။

**ဥသဘဂါမီ** (တိ) [ဥသဘ+ဂမု+ဏီ] နွားလား ဥသဘကဲ့သို့ သွားလေ့ရှိသော၊သူ။ သုဝဏ္ဏ-ဝဏ္ဏော ဥသဘဂါမီတိအာဒိကာ ပဋိဘာဂံ ဥပနိမာယ ဝုတ္တတာယ ပဋိဘာဂူပနိမာ နာမ။ အဘိ၊ဋ္ဌ၊၃။ ၂ရ။

**ဥသဘစမ္မ** (နု) [ဥသဘ+စမ္မ] နွားလားဥသဘ ၏ အရေ။ တထာဂတဿ ဟိ ဒဟရကာလေ သင်္ကုသတသမ္ဗာဟတံ ဥသဘစမ္မံ ဝိယ ဝိဟတဝလိကော ကာယော ဟောတိ။ သံ၊ ဋ္ဌ၊၃။ ၂ရ၆။ (-ဝိသုဒ္ဓိ၊၁။၁၄၈။)

**ဥသဘဆိန္နဝိသာဏ** (ပု) [ဥသဘ+ဆိန္နဝိသာဏ] ကျိုးသောဦးချိုရှိသော-ဦးချိုကျိုးသော-နွားလား။ ဝေမေဝ ခေါ် အဟံ ဘန္တေ ဥသဘဆိန္နဝိသာ-ဏသမေန စေတသာ ဝိဟရာမိ။ အံ၊၃။၁၈၃။ ဥသဘဆိန္နဝိသာဏသမေနာတိ ဥသဘဿ ဆိန္နဝိသာဏဿ စိတ္တသဒိသေန။ အံ၊ဋ္ဌ၊၃။ ၂၆၃။ ဆိန္နာနိ ဝိသာဏာနိ ဧတဿာတိ ဆိန္န-ဝိသာဏော၊ ဥသဘော စ သော ဥသဘဆိန္န-ဝိသာဏော စာတိ ဥသဘဆိန္နဝိသာဏော။ ဝိသေသနပရနိပါတော့ ဆိန္နဝိသာဏော ဥသဘော၊ ဝိသေသနပ်ရောယံ သမာသော။ အံ၊ဋီ၊၃။ ၂၈၅။

**ဥသဘဋ္ဌာန** (နု) [ဥသဘ+ဌာန] ဥသဘ အတိုင်း အရှည်ရှိသောအရပ်။ ဥဒ္ဓံ ဥပ္ပတန္တော စတ္တာရိပိ အဋ္ဌပိ ဥသဘဋ္ဌာနာနိ ဥပ္ပတတိ။ အံ၊ဋ္ဌ၊ ၂။ ၂၉၂။

**ဥသဘတ္ထေရ** (ပု) [ဥသဘ+ထေရ] ဥသဘ

ထေရ်။ အာယသ္မတော ဥသဘတ္ထေရဿ ဂါထာ။ ထေရ၊ဋ္ဌ၊၁။၂၇၆၊၄၀၈။ ဥသဘ (၇) ကြည့်။

**ဥသဘဒါန** (န) [ဥသဘ+ဒါန] နွားလားဥသဘ အလှူ။ (နွားမတို့၏အလယ်၌ နွားလားဥသဘ ကို လွှတ်ခြင်းကို နွားလားဥသဘ အလှူဟု ခေါ်သည်။) ဥသဘဒါန(ဝိ၊၅။၂၃၁)န္တိ ဂေါ- ဂဏဿ အန္တရေ ဥသဘဝိဿဇ္ဇနံ။ ဝိ၊ဋ္ဌ၊၄။ ၁၇၃။

**ဥသဘပ္ပမာဏ** (တိ) [ဥသဘ+ပမာဏ] တစ် ဥသဘအတိုင်းအရှည်ရှိသော။ ဥသဘပ္ပမာ- ဏောပိ(သံ၊ဋ္ဌ၊၁။၁၀၈။ အံ၊ဋ္ဌ၊၂။၃၀၅)တိ ဝီသ- တိယဋ္ဌိယော ဥသဘံ။ တသ္မိံ ဥသဘပ္ပမာဏေ ပဒေသေ။ သံ၊ဋီ၊၁။၁၅၉။ အံ၊ဋီ၊၂။၃၀၂။

**ဥသဘဗလ** (န) [ဥသဘ+ဗလ] နွားလားဥသဘ ၏-ခွန်အား-စွမ်းအား။ ယထေဝ ဟိ နိသဘ- သင်္ခါတော ဥသဘော ဥသဘဗလေန သမန္နာ- ဂတော စတူဟိ ပါဒေဟိ ပထဝိံ ဥပ္ပီဠေတွာ အစလဋ္ဌာနေန တိဋ္ဌတိ။ မ၊ဋ္ဌ၊၁။၃၃၂။ အဘိ၊ ဋ္ဌ၊၂။၃၈၁။

**ဥသဘမုခ** (န) [ဥသဘ+မုခ] ဥသဘမုခမည် သောအဝ။ တဿ စတူသုပဿေသု သီဟ- မုခံ ဟတ္ထိမုခံ အဿမုခံ ဥသဘမုခန္တိ စတ္တာရိ- မုခါနိ ဟောန္တိ။ မ၊ဋ္ဌ၊၃။၂၅။

**ဥသဘယုဒ္ဓ** (န) [ဥသဘ+ယုဒ္ဓ] နွားလားဖြင့် စစ်ထိုးခြင်း၊ နွားလားတိုက်ပွဲ။ ဥသဘယုဒ္ဓံ အဇယုဒ္ဓံ။ ဒီ၊၁။၆၊၆၁။ (-ဇာ၊ဋ္ဌ၊၁။၃၅၅။ သာရတ္ထ၊၂။၃၀၅။)

**ဥသဘရာဇ** (ပု) [ဥသဘ+ရာဇ] နွားလား ဥသဘ မင်း။ ဥသဘရာဇာဝ သောဘန္တော။ ဥဒါန၊ဋ္ဌ၊၃၇၃။ ဥသဘောဟီတိ သဗ္ဗသေတေဟိ ဥသဘရာဇူဟိ။ ဇာ၊ဋ္ဌ၊၇။၇၅။

**ဥသဘလက္ခဏ** (န) [ဥသဘ+လက္ခဏ] နွား လား၏-ကြန်အင်-လက္ခဏာ။ (အဋ္ဌကထာ အလိုတည်း။ မဏိလက္ခဏ-ဒီ၊ဋ္ဌ၊၁။၈၉-ကြည့်။) နွားလား၏ ကြန်အင်လက္ခဏာကို ပြသော ကျမ်း။ (ဋီကာအလို။) မဟိံသလက္ခဏံ ဥသ- ဘလက္ခဏံ။ ဒီ၊၁။၉။ မဟာနိ။၂၉၇။ လက္ခဏန္တိ တေသံ လက္ခဏပ္ပကာသကသတ္ထံ။ သီ၊ဋီ၊သစ်၊ ၁။၃၇၂။

**ဥသဘဝတီပုရ** (ပု၊န) [ဥသဘဝတီ+ပုရ] ဥသဘဝတီမြို့။ ဥသဘဝတီပုရေ ပုရုတ္တမေ။ ဗုဒ္ဓဝံ၊ဋ္ဌ။၂၉၅။

**ဥသဘဝတီ** (တိ) [ဥသဘဝန္တု+ဤ] နွားလား ဥသဘ-ရှိ-ပေါများ-သော၊ ဥသဘဝတီမည် သော၊(မြို့)။ အောက်ပုဒ်ကြည့်။

**ဥသဘဝတီနဂရ** (ထီ၊န) [ဥသဘဝတီ+နဂရ] ဥသဘဝတီမြို့။ အထာပရေန သမယေန မဟာပဒုမော မုနိဝသဘော ဥသဘသမဂတိ ဥသဘဝတီနဂရံ ဥပနိဿာယ ဝသံ ဥပဂဉ္ဆိ။ ဗုဒ္ဓဝံ၊ဋ္ဌ။၂၁၃၊(-၂၉၅။)

**ဥသဘဝိတ္ထာရ** (တိ) [ဥသဘ+ဝိတ္ထာရ] တစ် ဥသဘ အကျယ်ရှိသော။ ဥသဘော သု ပဿေသု ဒွေ ဒွေ ဥသဘဝိတ္ထာရေ မဂ္ဂေ ... ကာရာ- ပေသိ။ သံ၊ဋ္ဌ၊၃။၈။

**ဥသဘဝိဿဇ္ဇန** (န) [ဥသဘ+ဝိဿဇ္ဇန] နွား လားဥသဘကို လွှတ်ခြင်း။ ဥသဘဒါန-ကြည့်။

**ဥသဘသတ** (န) [ဥသဘ+သတ] နွားလား ဥသဘတို့၏ အရာ။ သတ္တ စ ဥသဘသတာနိ ... ဟောန္တိ။ ဒီ၊၁။၁၂၀။

**ဥသဘသမဂတိ** (တိ) [ဥသဘသမဂတ+ဤ] နွားလားဥသဘအတူ သွားခြင်းရှိတော်မူသော၊ သူ(မြတ်စွာဘုရား)။ ဥသဘဝတီနဂရ-ကြည့်။

အဘိဓာန်-၄(၂)-၄၀-ပ.မ.သ.စ

**ဥသဘသဟဿ** (န) [ဥသဘ+သဟဿ] နွားလားဥသဘအထောင်။ ယဿ ဥသဘသဟဿာနိ၊ တဒါ ယောဇေန္တိ ဝီသတိ။ ဇာ၊၂။ရ၁။

**ဥသဘာဇာနီယ** (ပု) [ဥသဘ+အာဇာနီယ] အာဇာနည်နွားလား။ အဿာဇာနီယော ဥသဘာဇာနီယော ပုရိသာဇာနီယော။ သံ၊၃၊၂။၂၆၂။ အံ၊၃၊၂။၂၉၂။

**ဥသဘာဇည** (ပု) [ဥသဘ+အာဇည] အာဇာနည်နွားလား။ ဥသဘာဇညော အဿာဇညော ဟတ္ထာဇညော။ ထေရ၊၃၁။၈၄။

**ဥသဘုယျာန** (န) [ဥသဘ+ဥယျာန] ဥသဘမည်သောဥယျာဉ်။ ဝတ္တိ စက္က မဟာဝီရော၊ ဥသဘုယျာနေ မနောရမေ။ ဗုဒ္ဓဝံ။၃၅၂။

**ဥသဒ္ဒ** (ပု) [ဥသ+သဒ္ဒ] ဥသ-သဒ္ဒါ။ ပတိပုဗ္ဗော ဥသ-သဒ္ဒေါ ရုဇာယန္တိ ဟိ နေရုတ္တိကာ။ သီ၊ဋီ၊သစ်၊၁။၃၈။

**ဥသာ** (ထီ) [ဥသ+အ။ ဝိ၊ပိ၊ဓာန်။ ဥဓါ(သံ)] (၁) ဘောဇဉ် (သစ်သီးကြီးငယ်)။ (၂) အပူငွေ့၊ ပါစကတေဇောဓာတ်။ (၁)(၂) အတ္တိ နေသံ ဥသာမတ္တံ။ ဇာ၊၂။၁ရ၆။ ဥသာမတ္တန္တိ ဘောဇနမတ္တံ။ ဥသာတိ ဟိ ဘောဇနဿ နာမံ၊ တဿ စ အတ္ထိတာယ။ အထ ဝါ ဥသာတိ ဥသ္မာ။ ဇာ၊ဋ္ဌ၊၆။၉၉။ (-အံ၊၃၊၂။၁၉၅။) ဥသာမတ္တန္တိ ကေဒိဝသေ ယာပနမတ္တံ ဖလာဖလံ အတ္ထိ။ ဇာ၊ဋ္ဌ၊ဟောင်း။ ဥသာတိ ဥသ္မာ၊ ပါစကတေဇောဓာတုယာ နာမမေတံ။ တဒတ္ထာယ ပန ဘုဥ္ဇိတဗ္ဗတာယ သဗ္ဗာနိပိ ဘောဇနာနိ ဥသာတိ ဝုစ္စန္တိ။ ဇာ၊ဋီ၊သစ်။

**ဥသိန္ဒရ** (ပု) [ယာဒိစ္ဆကနာမ်] ဥသိန္ဒရမင်း။ ဥသိန္ဒရော ကဿပေါ စ၊ အာသဘော စ ပုထုဇ္ဇနော။ ဇာ၊၂။၁၈၅။ ဇာ၊ဋ္ဌ၊၆။၁၂၃။ (-ဇာ၊၂။၂ရ၃။ ဇာ၊ဋ္ဌ၊ရ။၁၄၅။)

**ဥသိရကလာပ** (ပု) [ဥသိရ+ကလာပ] ပန်းရင်းမြက်စည်း။ အထ ဒွေ တရုဏနာဂါ သောဏ္ဍာဟိ ဥသိရကလာပေ ဂဟေတွာ ကေလာသကူဋံ မဇ္ဈန္တာ ဝိယ နှာပေသုံ။ ဇာ၊ဋ္ဌ၊၅။၄၀။ ဥသိ(သီ)ရ လည်းကြည့်။

**ဥသီနက** (ပု) [ယာဒိစ္ဆကနာမ်] ဥသီနကမင်း။ နာယံ မိဂါနမတ္ထာယ၊ ဥသီနက ဘဝိဿာမိ။ ဇာ၊၁။၂၄၈။ အတီတေ ကဿပသမ္မာသမ္ဗုဒ္ဓကာလေ ဗာရာဏသိယံ ဥသီနကော နာမ ရာဇာ ရဇ္ဇံ ကာရေသိ။ ဇာ၊ဋ္ဌ၊၄။၁၈၂။

**ဥသီနကရာဇ** (ပု)[ဥသီနက+ရာဇ] ဥသီနကမင်း။ ဥသီနကရာဇာပိ ဩရောဓေ ဂဟေတွာ ပါသာဒံ အဘိရုဟိ။ ဇာ၊ဋ္ဌ၊၄။၁၈၃။

**ဥသိ(သီ)ရ** (န) [ဝသ+ဤရ။ ဥသ+ဤရ။ ဓာန်၊ဋီ။၆၀၁။ ဝသန္တိ ဝါသံ ကရောန္တိ ဧတေနာတိ ဥသီရံ။ ဗီရဏမူလံ။ မောဂ်၊ရ။၁၆၉။ ဥသိရ+သဏ်။ ဥသီရဿ မူလံ ဥသီရံ။ မောဂ်၊၄။၆ရ။ ဥဂီရ(သံ)] (၁) ပန်းရင်းပင်၊ ပန်းရင်းမြက်။ (၂) ဖြိတ်-မြက်မွှေး-ရှင်မွှေးလွှန်း-မြက်ပင်၏အမြစ်၊ ပန်းရင်း။ (အမရကောသဘာသာဋီကာ၌ ဗီရဏ-ကို ဖြိတ်၊ မြက်မွှေး၊ ရှင်မွှေးလွှန်း-ဟုပြန်ဆိုသည်။) (၁) ဥသီရဥ္စ ဗီရဏဥ္စ ဥသီရဗီရဏံ။ ကစ္စည်း၊သုတ္တ။၃၂၃။ ကာသံ ကုသံ ပေါဋကိလံ၊ ဥသိရံ မုဥ္ဇပဗ္ဗဇံ။ ဇာ၊၂။၃၂၆။ ပဏ္ဏသာလာတိ ဥသီရပဗ္ဗဇာဒီဟိ ပဏ္ဏေဟိ ဆာဒိတာ နိဝသနသာလာတိ အတ္ထော။ အပ၊ဋ္ဌ၊၁။၂၃၅။ ဥသီရတိဏ-လည်းကြည့်။ (၂) မူလံ တုသီရံ ဗီရဏဿ ဟိ။ ဓာန်။၆၀၁။ ဗီရဏဿ သေတကုသုမဿ တိဏဝိသေသဿ မူလံ ဥသီရံ နာမ။ ဓာန်၊ဋီ။၆၀၁။ ဥသီရံ မုဥ္ဇပဗ္ဗဇံ၊ ဥရဿ ပနုဒိဿာမိ။ ထေရ။၂၂၆။ မူလဗီဇံ နာမ ဟလိဒ္ဒိ...ဥသီရံ ဘဒ္ဒမုတ္တကံ။ ဝိ၊၂။၅၂။ တဏှာယ မူလံ ခဏထ၊

ဥသီရတ္ထော၀ ဗီရဏံ။ ဓမ္မ၊၆၁။ ယထာ ဥသီ-ရေန အတ္ထိကော ပုရိသော မဟန္တေန ကုဒါ-လေန ဗီရဏံ ခဏတိ၊ ဝေမဿာ မူလံ ခဏထာတိ အတ္ထော။ ဓမ္မ၊၃၊၂။၃၃၁။ ဥသီရ-တ္ထော၀ ဗီရဏံ၊ ထေရ၊၂၈၄။ ယထာ ဥသီရေန အတ္ထိကော ပုရိသော မဟန္တေန ကုဒါလေန ဗီရဏာပရနာမံ ဥသီရံ နာမ တိဏံ ခဏတိ၊ **ဝေမဿ** မူလံ ခဏထာတိ အတ္ထော။ ထေရ၊ ၃၊၂။၉၆။

**ဥသီရကလာပက** (ပု) [ဥသီရ+ကလာပက] ပန်းရင်းမြက်စည်းတို့၏အပေါင်း၊ ပန်းရင်းမြက်စည်းထုံး။ ထေရဿ သရီရံ စိတကံ အာရော-ပေတွာ ဥသီရကလာပကေဟိ အာလိမ္ပေသုံ။ သံ၊၃၊၃။၂၅၃။

**ဥသီရတိဏ** (နု) [ဥသီရ+တိဏ] ပန်းရင်းမြက်။ ကောစ္ဆေနာတိ ဥသီရတိဏာဒီနိ ဗန္ဓိတွာ သမံ ဆိန္ဒိတွာ ဂဟိတကောစ္ဆေန။ ဝိမတိ၊၂။၂၂၈။

**ဥသီရတ္ထ** (တိ) [ဥသီရ+အတ္ထ] ပန်းရင်းဖြင့်အလိုရှိသောသူ။ ဥသီရ(၂)ကြည့်။

**ဥသီ(သိ)ရဒ္ဓဇ** (ပု) [ယာဒိစ္ဆကနာမ်] ဥသီရ-ဒ္ဓဇတောင်။ ဥတ္တရာယ ဒိသာယ ဥသီ(သိ)ရ-ဒ္ဓဇော နာမ ပဗ္ဗတော။ ဝိ၊၃၊၃။၂၂၈။ ဒီ၊၃၊၁။ ၁၅၆။ မ၊၃၊၂။၁၀၅။ အံ၊၃၊၁။၇၆၊၃၇၈။ ခုဒ္ဒက၊ ၃၊၁၁၁။ သုတ္တနိ၊၃၊၂။၁၆။ ဣတိဝုတ်၊၃၊၂၄၈။

**ဥသီ(သိ)ရနာဠိ** (ထီ) [ဥသီရ+နာဠိ] ပန်းရင်းရိုးတံ။ မူလာနိ ဥဒ္ဒရေယျ အန္တမသော ဥသီရနာဠိ-မတ္တာနိ။ အံ၊၁၊၂၀၅၊၅၁၉။ ဝိ၊၃၊၁။၈၁။ မ၊၃၊၁။ ၁၃။ ဥဒါန၊၃၊၂၅-၌ ဥသီရနာဠမတ္တ-ဟုရှိသည်။

**ဥသီရပါဒုကာ** (ထီ) [ဥသီရ+ပါဒုကာ] ပန်းရင်းမြက်ဖြင့် ပြုအပ်သောခြေနင်း။ ဥသီရပါဒုကာ-တိပိ ဝဒန္တိ။ ဝိ၊၃၊၃။၃၆၈။

**ဥသီ(သိ)ရမယ** (တိ) [ဥသီရ+မယ] ပန်းရင်းမြက်ဖြင့်ပြီးသော။ ကောစ္ဆံ နာမ ဝါကမယံ ဝါ ဥသီရမယံ ဝါ မုဉ္ဇမယံ ဝါ။ ဝိ၊၂။၅၉။ ဝိသင်္ဂဟ။ ၈၉၊၄၄၅။ ကောစ္ဆန္တိ ဥသီရမယံ ဝါ မုဉ္ဇ-ပဗ္ဗဇမယံ ဝါ။ ဝိ၊၃၊၄။၅၉။

**ဥသု** (ထီ၊ပု) [ဣသ+ဥ။ ဥသ+အ။ ဣသ ဂမနေ၊ ဥ၊ ဣဿု။ ဥသ ဒါဟေ ဝါ။ ဓာန်ဋီ။၃၈၉။ ဣဖု (သံ)] မြား။ ဥသု စ ကာရကံကော သူစိ သာရထိ။ ဝိ၊၁။၁၃၈။

**ဥသုကာရ** (တိ) [ဥသု+ကရ+ဏ] မြားပြုလုပ်သောသူ။ မြားသမား၊ လေးသမား။ ဥသု-ကာရာ နမယန္တိ တေဇနံ။ မ၊၂။၃၀၈။ ဥသု-ကာရာတိ ဥသုကာရကာ။ မ၊၃၊၃။၂၃၆။

**ဥသုကာရက** (တိ) [ဥသု+ကာရက] မြားပြုလုပ်သောသူ။ မြားသမား၊ လေးသမား။ အထက်ပုဒ်ကြည့်။

**ဥသုကာရာကတ** (တိ) [ဥသုကာရ+အကတ] မြားသမားသည်-မပြုအပ်-မချွန်အပ်-သော။ ဥသုကာရာကတေန စ(ဇာ၊၁။၇၁)တိ ဥသုကာ ရေဟိပိ အကတေန။ ဇာ၊၃၊၂။၂၅၂။

**ဥသုတ္တ** (တိ) [ဥ+သုတ္တ] ပါဠိတော်မှကင်းသော၊ ပါဠိတော်မဟုတ်သော (တရား)။ အသုတ္တကန္တိ သုတ္တဝိရဟိတံ၊ ဥသုတ္တံ တတြ နတ္ထီတိ အဓိ-ပ္ပါယော။ ဝဇိရ။၅၇၆။

**ဥသုဒဏ္ဍက** (ပု၊နု) [ဥသု+ဒဏ္ဍက] မြားပြုလုပ်ကြောင်းဖြစ်သောတုတ်၊ မြားတံ။ အညတရံ ဥသုကာရံ ဥသုဒဏ္ဍကံ ဥသုယန္တေ ပက္ခိပိတွာ အက္ခိကောဋိယာ သြလောကေတွာ ဥဇုံ ကရောန္တံ ဒိသွာ။ ထေရ၊၃၊၁။၈၉။

**ဥသုပါတ** (ပု) [ဥသု+ပါတ] မြားကျရာအရပ်။ ဥသုပါတေ(ပဋိသံ၊၃၊၁။၂၆)တိ ဇိယာဝေဂ-က္ခိတ္တဥသုနော ပတနဋ္ဌာနေ။ ပဋိသံ၊ဋ၊။၅၁-၂။

**ဥသုပါတန** (န) [ဥသု+ပါတန] မြားကျရာအရပ်။ နာဂေါပိ မေ န မုစ္စေယျ၊ အာဂတော ဥသုပါတနံ။ ဇာ၊၂။၁၇၄။

**ဥသုပ္ပဟာရ** (ပု) [ဥသု+ပဟာရ] မြားဖြင့်-ပုတ်ခတ်-ပစ်ခြင်း၊ လေးပစ်ခြင်း။ သတ္တိပ္ပဟာ-ရာနံ အသိပ္ပဟာရာနံ ဥသုပ္ပဟာရာနံ။ မ၊၃။ ၁၇၄။ သံ၊၃။၃၈၅။ အံ၊၁။၄၃၂။

**ဥသုမ** (ထီ၊န) [ဥသု+ဋ္ဌမ။ ဥသတိ ဒဟတီတိ ဥသုမံ။ မောဂ်၊ရ။၁၃၀။ ဥဗ္ဗန်(သံ)] (၁) အပူ၊ အခိုးအငွေ့၊ ကိုယ်ငွေ့၊ တေဇောဓာတ်။ (တိ)(၂) ပူသော။ (၁) ဥသ္မဋ္ဌ ပဋိစ္စာတိ...ဥသုမံ ပဋိစ္စ။ အံ၊ဋ္ဌ၊၂။၁၉၅။ ယံ တေဇော တေဇောဂတံ ဥသ္မာ ဥသ္မာဂတံ ဥသမံ ဥသုမဂတံ။ အဘိ၊ ဓ။၂၀၂။ ဥသုမန္တိ ဗလဝဥသ္မာ။ အဘိ၊ဋ္ဌ၊ ၁။၃၇၄။ (-မ၊ဋ္ဌ၊၁။၃၂။) ဥသုမ(အဘိဝိ။၈၅)န္တိ စက္ခု-ဥသုမံ။ အဘိ၊ဋ္ဌ၊၂။၆၅။ ဒနုပထဝိယာ စ ယတ္တကံ ဌာနံ ဥသုမာယ အနုဂတံ။ ဝိ၊ဋ္ဌ၊ ၃။ ၂၄။ (-အဘိ၊ဋ္ဌ၊၁။၅၈။) (တိ) (၂) ဥသုမ-ဝါတ-ကြည့်။

**ဥသုမကဇာတ** (တိ) [ဥသုမက+ဇာတ] ဖြစ်သော အပူငွေ့ရှိသော-အခိုးအငွေ့ထွက်သော-ရေရှိသော။ ဥဿဒကဇာတောတိ ဥသုမက-ဇာတော။ အံ၊ဋ္ဌ၊၃။၆၈။

**ဥသုမဂတ** (တိ) [ဥသုမ+ဂတ] အပူ-အခိုးငွေ့-အဖြစ်သို့ရောက်သော၊ အပူ၊ အခိုးအငွေ့။ ဥသုမမေဝ ဥသုမဘာဝံ ဂတန္တိ ဥသုမဂတံ။ အဘိ၊ဋ္ဌ၊၁။၃၇၄။ ဥသုမန္တိ စက္ခုဥသုမံ၊ တဒေဝ ဥသုမဂတံ၊ သဘာဝေနေဝ ဥသုမဘာဝံ ပတ္တန္တိ အတ္ထော။ မ၊ဋီ၊၁။၇၈။

**ဥသုမဇာတ** (တိ) [ဥသုမ+ဇာတ] ဖြစ်သော-ကိုယ်ငွေ့-အပူ-ရှိသော။ တသ္မိံ ကုပ္ပိတေ အယံ ကာယော သန္တပ္ပတိ၊ ကောပါကဇရာဒိဘာဝေန ဥသုမဇာတော ဟောတိ။ မ၊ဋ္ဌ၊၂။၁၃၁။ ဝိသုဒ္ဓိ၊ ၁။၃၄၅။ ဥသုမဇာတောတိ ဥသ္မာဘိဘူတော။ မ၊ဋီ၊၂။၁၇၃။ ဝိသုဒ္ဓိ၊ဋီ၊၁။၄၃၀။ ဥဿဒက-ဇာတောတိ ဥသုမဇာတော။ သံ၊ဋ္ဌ၊၃။၂၁၀။

**ဥသုမဇာတဟဒယ** (တိ) [ဥသုမဇာတ+ဟဒယ] ဖြစ်သောပူသောနှလုံးရှိသော၊ စိတ်နှလုံးပူ လောင်သော၊သူ။ ဥသုမဇာတဟဒယော(မ၊ဋ္ဌ၊ ၃။၄၄)တိ ဥတ္တတ္တဟဒယော။ မ၊ဋီ၊၃။၃၁။

**ဥသုမနိက္ခမန** (န) [ဥသုမ+နိက္ခမန] အခိုးအငွေ့ ထွက်-အခိုးအငွေ့ကိုထွက်စေ-ခြင်း။ ဥသုမ-နိက္ခမနတ္ထံ ဘာဇနာနိ ထောကံ ဝိဝရိတ္ဝာ။ ဇာ၊ဋ္ဌ၊၁။၂၆၁။

**ဥသုမဝဋ္ဋိ** (ထီ) [ဥသုမ+ဝဋ္ဋိ] အခိုးအငွေ့-အခွေ-အလိပ်-အလုံး။ မတ္တကတော ဥသုမဝဋ္ဋိ ဝိယ ဥဋ္ဌဟတိ။ မ၊ဋ္ဌ၊၁။၃၈၈။ (-ဝိသုဒ္ဓိ၊၁။၁၆၇။ ဝိသုဒ္ဓိ၊ဋီ၊၁။၁၉၆။)

**ဥသုမဝါတ** (ပု) [ဥသုမ+ဝါတ] ပူသောလေ၊ လေပူ။ ဥစ္စာရပဿာဝါဒီတိ အာဒိသဒ္ဒေန ပိတ္တိသေမှလသိကာဒိနီဟရဏဝါတဿ စေဝ ဥသုမဝါတဿ စ သင်္ဂဟော ဝေဒိတဗ္ဗော။ မ၊ဋီ၊၂။၁၇၄။

**ဥသုမာကာရ** (ပု) [ဥသုမ+အာကာရ] ပူလောင်သောအခြင်းအရာ။ ဥသ္မာ တိ ဥသုမာကာရော။ သံ၊ဋ္ဌ၊၃။၂၇၃။

**ဥသုမုဋ္ဌိကရဏ** (န) [ဥသု+မုဋ္ဌိကရဏ] မြား လက်ဆုပ်ပြုခြင်း။ မုဋ္ဌိကရဏာဒီဟိတိ ဥသုမုဋ္ဌိ-ကရဏဇိယာဂါဟဇိယာဝိဇ္ဈာဒီဟိ။ မ၊ဋီ၊၃။၂၅၉။

**ဥသုမုပ္ပါဒ** (ပု) [ဥသုမ+ဥပ္ပါဒ] အပူအငွေ့၏ ဖြစ်ခြင်း။ တာလပက္ကံ ဗန္ဓနာတိ တာလဖလံ ဝိယ ဥသုမုပ္ပါဒေန ဝဏ္ဏတော။ ဋီတိဝုတ်၊ဋ္ဌ၊၂၆၄။

**ဥသုယန္တ** (န) [ဥသု+ယန္တ] (၁) မြားလုပ်သော -စက်-ယန္တရား။ (၂) မြား,ယန္တရား။ (၁) ဥသု ဒဏ္ဍက-ကြည့်။ (၂) အောက်ပုဒ်ကြည့်။

**ဥသုယန္တပါသာဏ** (ပု) [ဥသု+ယန္တ+ပါသာဏ] မြား, ယန္တရား, ကျောက်။ ကာယေန ဝါ သတ္တိ-အာဒီနံ, ကာယပဋိဗဒ္ဓေန ဝါ ဥသုယန္တပါသာ-ဏာဒီနံ နိဿဇ္ဇနံ။ ကင်္ခါ၊ဋီ၊သစ်။၂၁၂။

**ဥသုလောမ** (တိ) [ဥသု+လောမ] မြားကဲ့သို့ ချွန်ထက်သောအမွေးရှိသော၊သူ။ ဣဓာဟံ အာဝုသော ... ဥသုလောမံ ပုရိသံ ဝေဟာသံ ဂစ္ဆန္တံ။ ဝိ၊၁။၁၄၆။ သံ၊၁။၄၄၈။

**ဥသုလောမပေတ** (ပု) [ဥသုလောမ+ပေတ] မြားကဲ့သောချွန်ထက်သောအမွေး-ရှိ-ပေါက်-သောပြိတ္တာ။ ဥသုလောမဝတ္ထုသို့...တသ္မာ ဥသုလောမပေတော ဇာတော။ ဝိ၊ဋ္ဌ၊၂။၉၉။ သံ၊ဋ္ဌ၊၂။၂၀၂။

**ဥသုလောမဝတ္ထု** (န) [ဥသုလောမ+ဝတ္ထု] မြားကဲ့သို့ ချွန်ထက်သောအမွေး-ရှိ-ပေါက်-သော ပြိတ္တာ၏-အကြောင်းအရာ-ဝတ္ထု။ အထက်ပုဒ်ကြည့်။

**ဥသုသိပ္ပ** (န) [ဥသု+သိပ္ပ] မြားအတတ်၊ လေးအတတ်။ ဣဿတ္တန္တိ ဥသုသိပ္ပံ။ သံ၊ဋ္ဌ၊၁။၁၅၂။ (-သံ၊ဋီ၊၁။၁၉၈။)

**ဥသူယက** (ပု) [ဥသူယ+ဏ္ဍု] (၁) ဥသူယ ပဏ္ဍုတ်။(တိ)(၂) ငြူစူစောင်းမြောင်း-မနာလို-သော၊သူ။ ဥသူယကော(ဝိ၊ဝိနိစ္ဆယ၊ဂါထာ။ ၂၅၂၀)တိ ယဿ ပရေသံ အစ္ဆရာစရံ ပဿတော ဥသူယာယ ဥပ္ပန္နာယ ပရိဠာဟော ဝူပသမ္မတိ၊ အယံ ဥသူယပဏ္ဍကော။ ဝိ၊ဝိနိစ္ဆယ၊ ဋီ၊၂။၁၆၂။(တိ)(၂) ဥသူယက(သုတ္တနိ။ ၃၂၆)န္တိ ဣဿာမနကတာယ အန္တေဝါသိ-ကဿ ဝုဍ္ဎိံ အသဟမာနံ။ သုတ္တနိ၊ဋ္ဌ၊၂။၆၃။

**ဥသူယစိတ္တ** (န) [ဥသူယ+စိတ္တ] မနာလိုခြင်းနှင့် ယှဉ်သောစိတ်၊ မနာလိုဝန်တိုစိတ်၊ ငြူစူစောင်း-မြောင်းသောစိတ်။ မဟာသတ္တော ပဝတ္တံ ဒေဝ-တာနံ သက္ကာရသမ္မာနံ ပဋိစ္စ ဥပ္ပန္နံ အတ္တနော ဥသူယစိတ္တံ ဗဟိ အနာဝိကတွာ။ မ၊ဋီ၊၃။၁၅၀။

**ဥသူယတိ** (ကြိ) [ဥသူယ+အ+တိ] ငြူစူစောင်း-မြောင်း၏၊ မနာလိုဝန်တို၏။ ဣဿတိ ဥသူ-ယတိ။ မဟာနိ။၃၄၉။ (-ဒီ၊ဋ္ဌ၊၁။၄၂။ မ၊ဋ္ဌ၊၄။ ၄၉။ မ၊ဋီ၊၃။၂၆၁။) **ဥသူယန္တိ**—ဇာ၊ဋ္ဌ၊၃။၇။ မ၊ဋီ၊၁။၂၉၁။**ဥသူယသိ**—ပေတ။၁၄၃။ ပေတ၊ ဋ္ဌ။၈၂။**ဥသူယာမိ**—ဇာ၊၁။၂၃၈။ ဇာ၊ဋ္ဌ၊၄။၁၃၈။

**ဥသူယနကိရိယာ** (ထီ) [ဥသူယနာ+ကိရိယာ] ဥသူယနာ-ငြူစူစောင်းမြောင်းခြင်း-ကြိယာ (ပုဒ်)။ ဥသူယနကိရိယာယ ကမ္မဘာဝံ သန္ဓာယ "ဥပယောဂတ္တေ ဝါ"တိ ဝုတ္တံ။ သာရတ္ထ၊၃။ ၂၃၁။ ဝိမတိ၊၂။၁၀၁။

**ဥသူယန္တ** (တိ) [ဥသူယန+အတ္ထ] ငြူစူစောင်း-မြောင်းခြင်းအနက်ရှိသော။ ဝဿသ ဘိက္ခု-နောတိ စ ဥဇ္ဈာယနဿ ဥသူယနတ္ထတ္တာ သမ္ပဒါနဝစနံ။ ဥဒါန၊ဋ္ဌ။၁၇၄။

**ဥသူယနလက္ခဏ** (တိ) [ဥသူယန+လက္ခဏ] သူတပါးစည်းစိမ်ကိုသီးမခံနိုင်ခြင်း-ငြူစူစောင်း-မြောင်းခြင်း-လျှင်မှတ်ကြောင်းလက္ခဏာရှိ-သော။ သာ ပရသမ္ပတ္တီနံ ဥသူယနလက္ခဏာ။ ဝိသုဒ္ဓိ၊၂။၂၀၀။ ဥသူယနံ အသဟနံ။ ဝိသုဒ္ဓိ၊ ဋီ၊၂။၁၅၂။

**ဥသူယနာ** (ထီ၊န) [ဥသူယ+ယု+အာ] သူတပါး-စည်းစိမ်ကိုသီးမခံနိုင်ခြင်း၊ ငြူစူစောင်းမြောင်း-ခြင်း၊ မနာလိုဝန်တိုခြင်း။ (အပြစ်ပြောခြင်းဖြင့် ဖြစ်ခြင်း။ ဘာသာဋီ။) ယာ ပရလာဘ...ပူဇ-နာသု ဣဿာ ဣဿာယနာ ဣဿာယိတတ္တံ ဥသူယာ ဥသူယနာ ဥသူယိတတ္တံ။ အဘိ၊၁။ ၂၂၆။ အဘိ၊ဝိ။၃၇၂။ အဘိ၊ပု။၁၂၂။ (-မဟာ နိ။၃၄၉။) ဥသူယနံ အသဟနံ။ ဝိသုဒ္ဓိ၊ဋီ၊၂။ ၁၅၂။ ပရသမ္ပတ္တိခီယနလက္ခဏာ ဣဿာ၊

ဥသူယနာတိ အတ္တော။ ပဋိသံ၊ဌ၁။၂၉၂။

**ဥသူယန္တ** (တိ) [ဥသူယ+အန္တ] ငြူစူစောင်းမြောင်း-မနာလိုဝန်တို-သော၊သူ။ ဥသူယ-တော(ဒီ၊ဋ၊၂။၃၇၄)တိ ဥသူယံ ဣသံ ဥပ္ပါဒ-ယတော။ ဒီ၊ဋီ၊၂။၃၂၂။ (-ပဋိသံ၊ဌ၁။၃၁၁။ ဥဒါန၊ဋ။၂၃၂။)

**ဥသူယန္တီ** (ကြိ) [ဥသူယ+အ+အန္တိ] ငြူစူစောင်းမြောင်း -မနာလိုဝန်တို-ကုန်၏။ ဥသူယတိ-ကြည့်။

**ဥသူယပက္ကက** (ပု) [ဥသူယ+ပက္ကက] ဥသူယပက္ကုတ်။ (သူတပါးတို့၏ မေထုန်အမှုကိုမြင်ရသောအခါ မနာလိုမှုဖြစ်သဖြင့် မိမိကိုမှီဝဲစေလိုသောရာဂဖြစ်လာလတ်သော် သုက်လွှတ်ခြင်းဖြင့် ရာဂငြိမ်းသွားသောပက္ကုတ်ဖြစ်သည်။) ယဿ ပရေသံ အဇ္ဈာစာရံ ပဿတော ဥသူယာယ ဥပ္ပန္နာယ ပရိဠာဟော ဝူပသမ္မတိ၊ အယံ ဥသူယပက္ကကော။ ဝိ၊ဌ၁၃။၂၉၇။ ဝိ၊သင်္ဂဟ။ ၁၄၅။ ကင်္ခါ၊ဋီ၊သစ်။၁၆၈။ ဥသူယာယ ဥပ္ပန္နာယာတိ ဥသူယာယဝသေန အတ္တနော သေဝေတုကာမတာရာဂေ ဥပ္ပန္နေ အသုစိ-မုတ္တိယာ ပရိဠာဟော ဝူပသမ္မတိ။ ဝိနယာလင်္ကာရဋီ၊၁။၂၃၈။

**ဥသူယမာန** (တိ) [ဥသူယ+အ+မာန] ငြူစူစောင်းမြောင်း-မနာလိုဝန်တို-တတ်သော၊သူ။ ဥသူယမာနော်(မ၊ဋ၊၃။၂၁၉)တိ "န မံ သေဇနော ပရိဝါရေတိ"တိ ဥသူယံ ကရောန္တော။ မ၊ဋီ၊၃။၃၁။ (-အံ၊ဌ၃။၂၆၂။)

**ဥသူယဝိဂမ** (ပု) [ဥသူယ+ဝိဂမ] ငြူစူခြင်း-မနာလိုခြင်း-မှ ကင်းခြင်း။ တေသမေဝ ဝုတ္တာနံ လာဘာဒီသု ဥသူယဝိဂမေန အနုသူယကော စ သိယာ။ သုတ္တနိ၊ဋ၊၂။၆၆။

**ဥသူယဝိသုဂ္ဂါရ** (ပု) [ဥသူယဝိသ+ဥဂ္ဂါရ] ငြူစူခြင်း-မနာလိုခြင်း-ဟူသော အဆိပ်ကို ထွေးအံခြင်း။ တဿာ တံ ဥသူယဝိသုဂ္ဂါရံ ဥဂ္ဂိရန္တော ရတနတ္တယဿ အဝဏ္ဏမေဝ ဘာသတိ။ ဒီ၊ဋ၊၁။၄၂။ ဥသူယသဒ္ဓါတဿ ဝိသဿ ဥဂ္ဂါရော ဥဂ္ဂိလနံ ဥသူယဝိသုဂ္ဂါရော။ သီ၊ဋီ၊သစ်၊၁။၁၉၆။

**ဥသူယသိ** (ကြိ) [ဥသူယ+အ+သိ] ငြူစူစောင်းမြောင်း၏၊ မနာလိုဖြစ်၏။ ဥသူယတိ-ကြည့်။

**ဥသူယာ** (ထီ) [ဥသူယ+အ+အာ] ငြူစူစောင်းမြောင်းခြင်း၊ မနာလိုခြင်း၊ အပြစ်တင်ခြင်း၊ သူတပါးစည်းစိမ်ကိုသည်းမခံနိုင်ခြင်း။ ကာ ဥသူယာ ဝိဇာနတ(ဝိ၊၃။၅၅)န္တိ ဝမ္မေန နယန္တိတိ ဝေ ဝိဇာနန္တာနံ ကာ ဣဿာ။ ဝိ၊ဌ၃။၂၅၇။ (-အဘိ၊ဓ။၂၂၆။ အဘိ၊ဌ၁။၄၀၄။ (-ဒီ၊ဋီ၊၂။ ၃၂၂။)

**ဥသူယာမိ** (ကြိ) [ဥသူယ+အ+မိ] ငြူစူစောင်းမြောင်း၏၊ မနာလိုဖြစ်၏။ ဥသူယတိ-ကြည့်။

**ဥသူယာယိတတ္တ** (နု) [ဥသူယ+အာယ+တတ္တ] ငြူစူစောင်းမြောင်းရာ၏။ ဝေမေဝ ခေါ မဟာ-ရာဇ ယောဂိနာ ယောဂါဝစရေန သကမနေ ကိလေသေ ဥပ္ပန္နေ ဥသူယာယိတတ္တံ၊ မိလိန္ဒ၊၃၇၇။

**ဥသူယိတ** (တိ) [ဥသူယ+တ] ငြူစူစောင်းမြောင်း-မနာလို-သော၊သူ။ ဥသူယနာ-ကြည့်။

**ဥသေတိ** (ကြိ) [ဥသ+ဧ+တိ] ပူလောင်စေ၏။ အရယော ဥပဂန္တွာ ဥသေတိ ဒါဟေတီတိ ဥပေါသထော။ သီ၊ဋီ၊သစ်၊၂။၁၁။

**ဥသ္မာ** (ထီ၊ပု) [ဥသူ+မ။ (ဝိ၊ပိ၊ဓာန်။) ဥသု+မ။ ဥသတိ ဒဟတီတိ ဥသ္မာ၊ တေဇောဓာတု။ မောဂ်၊ရ။၁၃၇။ ဥသနံ ဒဟနံ ဥသ္မာ။ နီတိ၊သုတ္တ၊နှာ။၃၃၄။ ဥမ္ဗန်(သံ)။ ဤပုဒ်ကို ရူပသိဒ္ဓိ။၆၅၃-သုတ်၌ ပုံလိင်၊ ဖြဟ္မာဒိဂိုဏ်းဟုဆို၏။ ပါဠိအဋ္ဌကထာတို့၌ ဣတ္ထိလိင်ဖြင့် တွေ့ရ၏။] (၁) အပူ၊ ပူလောင်ခြင်း၊ တေဇောဓာတ်၊ ကိုယ်ငွေ့၊ ကမ္မဇတေဇောဓာတ်၊ ဝမ်းမီး။ (၂)

တန်ခိုးအရှိန်အစော်။ (၁) ဒွိန္နံ ကဗ္ဗာနံ သံဃ-ဋ္ဋနသမောဓာနာ ဥဿွာ ဇာယတိ။ သံ၊၃။၁၈၇။ ယာ တဇ္ဇာ ဥဿွာ၊ သာ နိရုဇ္ဈတိ။ သံ၊၁။ ၃၂၂။ ဥဿွာ(အဘိ၊ဓ။၂၀၂)တိ ဥဿွာကာရော။ အဘိ၊ဋ္ဌ၊၁။၃၇၄။ ဥဿွာ(သံ၊၂။၁၁၇)တိ ကမ္ဗဇ-တေဇောဓာတု။ သံ၊ဋ္ဌ၊၂။၂၉၆။ ဥဿွာယ ပန ပရိယာဒိန္နာယ ဝူပသမတိ။ မ၊ဋ္ဌ၊၄။၂၂၉။ (-ဒီ၊ဋ္ဌ၊၂။၃၆၂။ ဒီ၊ဋီ၊၂။၃၁၀။ မ၊ဋီ၊၃။၄၁၇။ အံ၊ဋီ၊၃။၁၀၄။) ဥဿွိကတ-လည်းကြည့်။ (၂) ဥဿွာဂတ(၃)ကြည့်။

**ဥဿွာကာရ** (ပု) [ဥဿွာ+အာကာရ] ပူသော အခြင်းအရာ။ အထက်ပုဒ်ကြည့်။

**ဥဿွာဂတ** (တိ) [ဥဿွာ+ဂတ] (၁) အပူငွေ့၊ ပူလောင်ခြင်း၊ တေဇောဓာတ်။ (၂) အပူ၏ အဖြစ်သို့ရောက်သော(အပူ)။ (၃) ရဟန်းတို့၏ တန်ခိုးအရှိန်အစော်။ (၁) ဥသုမ-ကြည့်။ (၂) ဥဿွာဂတ(အဘိ၊ဓ။၂၀၂)န္တိ ဥဿွာဘာဝံ ဂတံ။ ဥဿွာကာရဿေဝေတံ နာမံ။ အဘိ၊ဋ္ဌ၊၁။၃၇၄။ ဥဿွာဝ ဥဿွာဘာဝံ ဂတတ္တာ ဥဿွာဂတံ။ အဘိ၊ဋ္ဌ၊၂။၆၅။ မ၊ဋီ၊၁။၇၈။ (၃) ဥဿွာဂတ(ဇာ၊၂။၃၈)န္တိ သမဏတေဇံ။ ဇာ၊ဋ္ဌ၊၅။၂၂၀။

**ဥဿွာဇာတ** (တိ) [ဥဿွာ+ဇာတ] ဖြစ်သောအပူ ရှိသော၊ အပူဖြစ်သော၊ ပူလောင်သော။ ယဒါ ပန…တေ ပဒေသာ ဥဿွာဇာတာ ဟောန္တိ။ အဘိ၊ဋ္ဌ၊၂။၂၃၄။ (-ပဋိသံ၊ဋ္ဌ၊၁။၇၈။ ခုဒ္ဒက၊ ဋ္ဌ။၅၂။)

**ဥဿွာဒုဗ္ဗလ** (တိ) [ဥဿွာ+ဒုဗ္ဗလ] ဝမ်းမီးအား နည်းသော၊ ဝမ်းမီးညံ့သော၊သူ။ ဒွိဟိ ဘန္တေ နာဂသေန ကာရဏေဟိ ဘောဇနံ ဇိဝိတံ ဟရတိ အတိဘုတ္တေန ဝါ ဥဿွာဒုဗ္ဗလတာယ ဝါ။ မိလိန္ဒ။၁၅၅။

**ဥဿွာဓာတု** (ထီ၊ပု) [ဥဿွာ+ဓာတု] အပူဓာတ်။ ဥဿွာဓာတု ဝိယ ဝေဒနာ။ သံ၊ဋ္ဌ၊၂။၉၄။ သံ၊ ဋီ၊၂။၁၀၈။

**ဥဿွာပဋိဗဒ္ဓ** (တိ) [ဥဿွာ+ပဋိဗဒ္ဓ] ကမ္ဗဇ တေဇောနှင့်စပ်သော။ တထာ ဟိ တံ … ဥဿွာပဋိဗဒ္ဓန္တိ။ သုတ္တနိ၊ဋ္ဌ၊၂။၁၇၈။

**ဥဿွာပယတိ** (ကာ၊ကြိ) [ဥဿွာ+ဏာပယ+တိ] ပူစေတတ်၏။ တိက္ခဘာဝေန သေသဘူတတ္တယံ ဥဿွာပယတီတိ အတ္ထော။ ဝိသုဒ္ဓိ၊ဋီ၊၁။၄၄၄။

**ဥဿွာပေတိ** (ကာ၊ကြိ) [ဥဿွာ+ဏာပေ+တိ] ပူစေ တတ်၏။ တေဇေတိ…သေသဘူတတ္တယံ ဥဿွာ-ပေတီတိ တေဇော။ ဝိဘာဝိနီ။၁၉၅။ (-မဏိမဉ္ဇူ၊၂။၁၁၃။)

**ဥဿွာဘိဘူတ** (တိ) [ဥဿွာ+အဘိဘူတ] အပူ ငွေ့-ကိုယ်ငွေ့-သည် နှိပ်စက်အပ်သော။ ဥဿွာ ဇာတ-ကြည့်။

**ဥဿွာသဘာဝ** (တိ) [ဥဿွာ+သဘာဝ] အပူ-ပူသော-သဘောရှိသော။ ဥဏှဘာဝေါ လက္ခဏံ တေဇောဓာတုယာ ဥဿွာသဘာ-ဝတ္တာ။ ဝိသုဒ္ဓိ၊ဋီ၊၁။၄၃၃။

**ဥဿွာယုဝိညာဏာပဂမ** (တိ) [ဥဿွာယုဝိညာဏ +အပဂမ] ကမ္ဗဇတေဇော, အသက် (ဇီဝိ တိန္ဒြေ), ဝိညာဏ်တို့မှကင်းသော။ အယံ ကာယော ဥဿွာယုဝိညာဏာပဂမော ဆဍ္ဍ-နီယဓမ္မော။ သံ၊ဋီ၊၁။၁၇၆။

**ဥဿွိ** (တိ) [ဥဿွာ+ဤ] ဉာဏ်အပူငွေ့-ကိုယ်အပူ ငွေ့-ရှိသော၊သူ။ အောက်ပုဒ်ကြည့်။

**ဥဿွိကတ** (တိ) [ဥဿွိ+ကတ] (က) အငွေ့ရှိ သည်ကို ပြုအပ်သော၊(ဘာသာဋီ။) အငွေ့ကို ယူစေအပ်သော(ကြက်ဥ)။ (ခ) ဉာဏ်ငွေ့ရှိ သည်ကို ပြုအပ်သော၊ ဉာဏ်ငွေ့ရှိသော၊သူ။ (က) သမ္မာ ပရိသေဒိတာနီတိ … သုဋ္ဌု သမန္တတော သေဒိတာနိ။ ဥဿွိကတာနီတိ ဝုတ္တံ ဟောတိ။ ဝိ၊ဋ္ဌ၊၁။၁၀၈။ (ခ) အပိနာယံ

အရိယွော ဘိက္ခု ဂဒ္ဒဗာဓိပုဗ္ဗော ဥသ္မီကတောပိ ဣမသ္မိံ ဓမ္မဝိနယေ။ မ၊၁။၁၈၅။ ကိံ နု ခေါ ဣမဿ အပ္ပမတ္တကာပိ ဉာဏုသ္မာ အတ္ထိ။ ... မဂ္ဂဖလာနံ ပစ္စယသမတ္ထာယ ဉာဏုသ္မာယ ဥသ္မီကတဘာဝံ ပဋိပက္ခန္တာ ဝဒန္တိ။ မ႒၊၂။၁၁။ ဉာဏမယာ ဥသ္မာ တေဿ အတ္ထီတိ ဥသ္မီ။ ...တသ္မိံ အတ္တဘာဝေ ပဋိဝေဓဂဗ္ဘော အပိ ဥသ္မီကတောတိ ဝိကတဘာဝတော ပညာဗီဇ-မဿ ဣမသ္မိံ ဓမ္မဝိနယေ အပိ နု အတ္ထိ။ မ၊ ဋီ၊၂။၈၄။

**ဥသ္မုဒက** (န) [ဥသ္မာ+ဥဒက] (၁) အပူဓာတ်ရှိ-အလွန်ပူ-သောရေ။အောက်ပုဒ်ကြည့်။

**ဥသ္မုဒကဇာတ** (န) [ဥသ္မုဒက+ဇာတ] ဖြစ်သောအလွန်ပူသောရေ။ ဥသ္မုဒကဇာတော(သံ၊၃။၁၀၉) တိ ဥသုမဇာတော။ သံ၊႒၊၃။၂၁၀။ ဥသ္မုဒကဇာ-တောတိ တဿေဝ ကုထိတဘာဝဿ ဥသ္မု-ဒကတံ အစ္စုဏှတံ ပတ္တော။ သံ၊ဋီ၊၂။၄၄၇။

**ဥသ္မူပနိဗန္ဓ** (တိ) [ဥသ္မာ+ဥပနိဗန္ဓ] ကမ္မဇတေဇောဓာတ်နှင့်စပ်သော။ ဥသ္မူပနိဗန္ဓ(မဟာနိ။၃၃)န္တိ ကမ္မဇတေဇောဓာတူပနိဗန္ဓံ။ မဟာနိ၊႒။၁၃၁။

**ဥဿ** (တိ) [ဥ+သိ+အ။ ဝိ၊ပိ၊ဓာန်။ ဥဒ+သျ?] မြင့်-မြတ်-သော၊သူ။ န ဥဿေသု န ဩ-မေသု၊ သမတ္တော နောပနီယရေ။ အံ၊၂။၃၁၆။ ဥဿာ တိ ဥဿိတတာ သေယျပုဂ္ဂလာ။ အံ၊႒၊၃။၁၁၈။ (ဝိ၊ပိ၊ဓာန်-၌ ဥဿ-ကို ဥဒ္ဓံ သိတာ-ဟု ဖွင့်ပြထားသည်။) န ဥဿေသု ဝဒတေ(သုတ္တနိ။၈၁၂)တိ ဝိသိဋ္ဌေသု အတ္တာနံ အန္တောကတွာ "အဟံ ဝိသိဋ္ဌော"တိ အတိ-မာနဝသေန န ဝဒတိ။ သုတ္တနိ၊႒၊၂။၂၆၅။

**ဥဿက္ကတိ** (ကြိ) [ဥ+သက္က+အ+တိ] (၁) အဆင့်ဆင့်တက်၏၊ လုံးလပြု၏၊ အားထုတ်၏။(၂) ချဉ်းကပ်၏။ (၁) ယော ဟိ သမထဝသေနေဝ ဥဿက္ကတိ။ ပဋိသံ၊႒၊၁။၂၈၇။ ဝိသုဒ္ဓိ၊၂။၃၄၇။ ဝိသုဒ္ဓိ၊ဋီ၊၂။၅၂၆။ (၂) ဩသက္ကန္တိယာ ဝါ ဥဿက္ကေယျာ(ဒီ၊၁။၂၁၉)တိ ပဋိက္ကမန္တိယာ ဥပဂစ္ဆေယျ။ ဒီ၊႒၊၁။၃၂၉။

**ဥဿက္ကန္တ** (တိ) [ဥ+သက္က+အန္တ] အားထုတ်သော၊သူ။ ဣတိ သော ဝေရူပေါ တဝ လောဘဓမ္မော ယေန တွံ ဩသက္ကန္တိယာ ဥဿက္ကန္တော ဝိယ...အဟောသိ။ ဒီ၊႒၊၁။၃၂၉။

**ဥဿက္ကိတ** (တိ) [ဥ+သက္က+တ] အားထုတ်အပ်သော။ ဥဿက္ကိတာ မေ ဝိပဿနာ။ အံ၊ဋီ၊၁။၂၃၇။

**ဥဿက္ကိတုံ** (ဗျ) [ဥ+သက္က+တုံ] အဆင့်ဆင့်တက်-အားထုတ်-ခြင်းငှါ။ ယဿ သမာဓိ ဥပ-ရူပရိ သမာပဇ္ဇနတ္ထာယ ဥဿက္ကိတုံ ပစ္စယော န ဟောတိ။ အဘိ၊႒၊၂။၄၀၁။

**ဥဿက္ကိတွာ** (ကြိ၊ဝိ) [ဥ+သက္က+တွာ] (၁) တက်၍။ (၂) အဆင့်ဆင့်တက်-အားထုတ်-၍။ (၁) သေတာ ကိမိ ကဏှသီသာ ပါဒေဟိ ဥဿ-က္ကိတွာ။ အံ၊၂။၂၁၀။ ပါဒေဟိ ဥဿက္ကိတွာတိ အဂ္ဂနခတောပဋ္ဌာယ ပါဒေဟိ အဘိရုဟိတွာ။ အံ၊႒၊၃။၇၃။ (၂) ဥဿက္ကိတွာ(ပဋိသံ၊႒၊၁။၂၈၇)တိ ဥပရူပရိ သက္ကိတွာ။ ပဋိသံ၊ဂံ။၂၀၀။ ဥဿက္ကိတွာ(ဒီ၊႒၊၂။၃၅၆။ မ၊႒၊၁။၂၅၅)တိ ဝိသုဒ္ဓိပရမ္ပရာယ အာရုဟိတွာ။ ဘာဝနံ ဥပရိ နေတွာတိ အတ္ထော။ ဒီ၊ဋီ၊၂။၃၀၃။ မ၊ဋီ၊၁။၃၅၁။ ဥဿက္ကိတွာ(မ၊႒၊၂။၂၄၃)တိ ဥဒယဗ္ဗယ-ဉာဏာဒိဉာဏပဋိပါဋိယာ အာရဘိတွာ။ မ၊ဋီ၊၂။၂၆၅။ (-ဝိသုဒ္ဓိ၊၂။၆၆၊၃၄၇။ ဝိသုဒ္ဓိ၊ဋီ၊၂။၇၅၊၅၂၆။)

**ဥဿက္ကေယျ** (ကြိ) [ဥ+သက္က+ဧယျ] ချဉ်းကပ်ရာ၏။ ဥဿက္ကတိ(၂)ကြည့်။

**ဥဿကီတ** (တိ) [အဝ+သကိ+တ။ ဥ+သကိ+တ] (၁) အောက်အဖို့အားဖြင့် ယုံမှားခြင်းရှိသော၊(ဘာသာ၊ဋီ။) ကြောက်ရွံ့သော၊(ကျ၊သျ။)

ယုံမှားရွံ့ရှာသော၊သူ။ (၂) ရွံ့ရှာယုံမှားအပ်သော၊ သူ။ (၁) ကန္တာရဒ္ဓါနမဂ္ဂပွဋိပန္နော ပုရိသော... ဥဿုက္ကီတပရိသင်္ကီတော ဟောတိ။ ဒီ၊ဋ္ဌ၊၁။ ၁၉၂။ မ၊ဋ္ဌ၊၂။၂၁၉။ ဥဿုက္ကီတပရိသင်္ကီတော ...အဝသင်္ကီတော စေဝ သမန္တတော သင်္ကီ- တော စ၊ အတိဝိယ သင်္ကီတောတိ ဝုတ္တံ ဟောတိ။ သီ၊ဋီ၊သစ်၊၂။၁၃၀။ (-မဟာနိ၊ဋ္ဌ။ ၂၀၂။ သာရတ္ထ၊၃။၁၄၂။ အံ၊ဋီ၊၁။၈၀။) (၂) ပဋ္ဌဟင်္ဂေဟိ သမန္နာဂတော ဘိက္ခု ဥဿုက္ကီတ- ပရိသင်္ကီတော ဟောတိ ပါပဘိက္ခုပိ အကုပ္ပ- ဓမ္မောပိ။ ဝိ၊၅။၂၃၀။ (-အံ၊၂။၁၁၂။ ဝိ၊ဋ္ဌ၊၄။ ၁၇၃။ အံ၊ဋ္ဌ၊၃။၄၃။ ဓမ္မ၊ဋ္ဌ၊၂။၃၀၂။) ဥဿု- က္ကီတောတိ ဥဋ္ဌဟိတ္ဂာ သင်္ကီတော။ ပါစိတ်၊ ယော။၅၇၆။

**ဥဿုက္ကီ** (တိ) [ဥ+သကိ+ဏီ] အထက်အထက် ၌ရွံ့ရှာယုံမှားသော၊ ကြောက်ရွံ့လေ့ရှိသော၊ ရွံ့ရှာ ကြောက်ရွံ့တတ်သော၊သူ။ အထ ခေါ အဇာ- တသတ္တု ကုမာရော ဘီတော အဟောသိ၊ ဥဗ္ဗိဂ္ဂေါ ဥဿုက္ကီ ဥတြဿော။ ဝိ၊၄။၃၄၁။ ဥဿု- က္ကီတိ... ဥဒ္ဓမုဒ္ဓံ သင်္ကမာနော။ သာရတ္ထ၊၃။ ၄၁၁။ (- ဥဒါန၊၉၉။ ဒီ၊ဋ္ဌ၊၁။၁၂၄။ ဥဒါန၊ ဋ္ဌ။၁၄၅။ သီ၊ဋီ၊သစ်၊၂။၇။)

**ဥဿင်္ခ** (တိ) [ဥ+သင်္ခ] အထက်၌တည်သော- ဖမျက်-ခြေမျက်စိ-ရှိသော(ခြေ)။ အောက်ပုဒ် ကြည့်။

**ဥဿင်္ခပါဒ** (တိ) [ဥဿင်္ခ+ပါဒ] အထက်၌ တည်သော-ဖမျက်-ခြေမျက်စိ-ရှိသော ခြေရှိ သော၊သူ။ အယဉ္စိ ဒေဝ ကုမာရော ဥဿင်္ခ- ပါဒေါ။ ဒီ၊၂။၁၅။ (-ဒီ၊၃။၁၁၈။ မ၊၂။၃၃၇။) ဥဒ္ဓံ ပတိဋ္ဌိတဂေါပ္ဖကတ္တာ ဥဿင်္ခါ ပါဒါ အဿာတိ ဥဿင်္ခပါဒေါ။ ဒီ၊ဋ္ဌ၊၂။၃၈။ မ၊ဋ္ဌ၊ ၃။၂၅၈။ (-ဒီ၊ဋ္ဌ၊၃။၁၁၂။) သင်္ခါ ဝုစ္စန္တိ ဂေါပ္ဖကာ၊ ဥဒ္ဓံ သင်္ခါ ဧတေသန္တိ ဥဿင်္ခါ၊ ပါဒါ။ ဒီ၊ဋီ၊ ၂။၃၈။ မ၊ဋီ၊၃။၁၇၃။

**ဥဿဂ္ဂ** (ပု) [ဥ+သဇ္ဇ+ဏ] စွန့်ခြင်း။ ကဿွာ?။ ပဂေဝ အပဝါဒါ အဘိနိဝိသန္တိ၊ တတော ပရံ ဥဿဂ္ဂေါ ပဝတ္တတိ။ ဒီ၊ဋီ၊၃။၁၈၇။

**ဥဿဂ္ဂဝိဓာန** (နု) [ဥသဂ္ဂ+ဝိဓာန] စွန့်လွှတ် အပ်သောအစီအရင်။(သျ။) စွန့်ခြင်းအစီအရင်။ အပဝါဒိတဗ္ဗဋ္ဌာနတော အညတ္ထ ဥဿဂ္ဂဝိဓာနံ နိဝိရေတိ။ ဝဇီရ၊၄၅၁။

**ဥဿဇ္ဇိ(ဇီ)** (ကြိ) [အဝ+သဇ+ဤ] စွန့်လွှတ်ပြီ။ တံ သန္ဓာယ ဝုတ္တံ "ဩဿဇ္ဇိ"တိ။ ဥဿဇ္ဇိတိပိ ပါဌော။ ဒီ၊ဋ္ဌ၊၂။၁၄၇။ အံ၊ဋ္ဌ၊၃။၂၄၉။ ဥဿ- ဇီတိပိ ပါဌော။ သံ၊ဋ္ဌ၊၃။၂၈၅။

**ဥဿဇ္ဇိတွာ** (ကြိဝိ) [အဝ+သဇ+တွာ] စွန့်-ပုတ် ခတ်-တွန်းဖယ်-၍။ ရထိသာယ သတ္တိံ ဥဿဇ္ဇိတွာ (အံ၊၃။၃၃)တိ သီသံ နာမေတွာ ယုဂံ ဘူမိယံ ပါပေတွာ သတ္တိနာ ရထိသံ ပဟရိတွာ။ အံ၊ဋ္ဌ၊ ၃။၂၁၆။

**ဥဿဋ** (တိ) [ဥ+သဋ+အ] ကျော်စောထင်ရှား သော။ ယာနာ ပစ္စောရောဟိတွာ ပတ္တိကောဝ ဥဿဋာယ ဥဿဋာယ ပရိသာယ ယေန အာယသ္မာ ရဋ္ဌပါလော တေနုပသင်္ကမိ။ မ၊ ၂။၂၅၄။ ဥဿဋာယ ဥဿဋာယာတိ ဥဿိ- တာယ ဥဿိတာယ မဟာမတ္တမဟာရဋ္ဌိ- ကာဒီနံ ဝသေန ဥဂ္ဂတုဂ္ဂတမေဝ ပရိသံ ဂဟေတွာ ဥပသင်္ကမီတိ အတ္ထော။ မ၊ဋ္ဌ၊၃။၂ ၁၀။ (-ပေဋကော။၂၇၆။)

**ဥဿဒ** (ပု) [ဥ+သဒ+အ] (၁) ဥဿဒငရဲ။ (၂) ပြန့်ပြော-များပြား-ပွားစီး-ခြင်း။ (၃) များပြား-ပြန့်ပြော-ထူထဲ-လွန်ကဲ-သော၊ အများအပြားလွန်လွန်ကဲကဲဖြစ်သော၊ သံသရာ ပွားစီးကြောင်းဖြစ်သော(တရား)၊ ဥဿဒတရား။ (ဥဿဒတရားတို့သည် ရာဂုဿဒ။ ဒေါသု ဿဒ။ မောဟုဿဒ။ မာနုဿဒ။ ဒိဋ္ဌုဿဒ။ ကိလေသုဿဒ။ ကမ္မုဿဒ-ဟု ခုနစ်ပါးရှိသည်၊

မဟာနိ။၅၅။ မဟာနိ၊ဋ္ဌ။၁၇၃။) (၄) အပူငွေ့။ (တိ)(၅) များပြားသော၊ များပြားခြင်းရှိသော။ (၆) များပြားပြန့်ပြောသောဂုဏ်ရှိသော။

(၁) ဥဿဒငရဲ။ ၎င်းကို ငရဲငယ်ဟု ခေါ်ကြသည်။ အမည်အားဖြင့်လေးမျိုးရှိ၏။ ထိုဥဿဒငရဲတို့သည် ငရဲကြီးရှစ်ထပ်၏ တံခါးလေးပေါက်၌ ထပ်ကာထပ်ကာ တည်ကုန်၏။ ထို့ကြောင့် ငရဲကြီးတစ်ထပ်စီ၌ ဥဿဒငရဲငယ် (၁၆)ခုစီရှိသဖြင့် ငရဲကြီးရှစ်ထပ်၌ ဥဿဒငရဲငယ်ပေါင်း၁၂၈-ခု ရှိ၏။ ထိုငရဲတို့ တည်နေကြပုံကား အဝီစိငရဲ၏ အပြင်ဘက် တဆက်တည်း၌ ဂူထနိရယ=ဘင်ပုပ်ငရဲ ရှိ၏။ ၎င်း၏အပြင်ဘက်၌ ကုက္ကုလနိရယ=ပြာပူငရဲရှိ၏။ ၎င်း၏အပြင်ဘက်၌ သိမ္ဗလိဝန=လက်ပံတောငရဲ ရှိ၏။ ၎င်း၏ အပြင်ဘက်၌ အသိပတ္တဝန=သန်လျက်ရွက်တောငရဲရှိ၏။ ၎င်း၏အပြင်ဘက်၌ ခါရောဒကနဒီ=တမ္ဗလောဟနဒီ=ဝေတ္တရဏီ=ကြိမ်ပိုက်ချောင်း ငရဲရှိ၏။ ဝေတ္တရဏီ-ကြိမ်ပိုက်ချောင်းငရဲကို အသိပတ္တဝန=သန်လျက်ရွက်တောငရဲ၏ အရံအဖြစ် ယူ၍ ဥဿဒငရဲငယ် လေးမျိုးဟုလာသည်။ မ၊၃။၂၂၃-၄။ မ၊ဋ္ဌ၊၄။၁၆၇။ ဇာ၊ဋ္ဌ၊၅။၂၈၈-၉။ မ၊ဋီ၊၃။၃၆၄။ ငရဲကြီးတို့၌ ခံစားရသော ဆင်းရဲထက် ဥဿဒငရဲတို့၌ ခံစားရသောဆင်းရဲဒုက္ခက သာလွန်သည်။ မ၊၁။၄၁၃။ မ၊ဋ္ဌ၊၂။၃၁၉။

တသောဝ မဟာနိရယဿ ဥဿဒေ အပစ္စိ ဝုဋ္ဌာနိမံ နာမ ဝေဒနံ ဝေဒယမာနော။ မ၊၁။၄၁၃။ ဝေ မဟာနိရယဒုက္ခတော ဥဿ-ဒေ ဝိပါကဝုဋ္ဌာနဝေဒနာ ဒုက္ခတရာတိ ဝဒန္တိ။ မ၊ဋ္ဌ၊၂။၃၁၉။ ပစ္စေကာ သောဠသုဿဒါ(ဇာ၊၂။၆၀)တိ တေသံ ...သတံ အဋ္ဌ ဝီသတိ စ ဥဿဒနိရယာ။ ဇာ၊ဋ္ဌ၊၅။၂၈၉။ (၂) များပြား-ပွားစီး-ခြင်း။ သတ္တုဿ ဥဿဒါ ဟောန္တိ၊ ... ခန္ဓေ ဥဿဒေါ ဟောတိ။ ဒီ၊၃။၁၂၄။ (၃) များပြား-ပြန့်ပြော-ထူထဲ-လွန်ကဲ-သော၊ အများအပြားလွန်လွန်ကဲကဲဖြစ်သော၊ သံသရာပွားစီးကြောင်းဖြစ်သော(တရား)၊ ဥဿဒတရား။ ယဿုဿဒါ နတ္ထိ ကုဟိဉ္စိ လောကေ။ သုတ္တနိ။၄၀၁။ နေတ္တိ။၁၂၉။ (-နေတ္တိ၊ဋ္ဌ။၂၄၁။) ယဿုဿဒါ နတ္ထိ ကုဟိဉ္စိ လောကေတိ ယဿ ခီဏာသဝဿ ရာဂါ-ဒယော သတ္တ ဥဿဒါ ကုကိဉ္စိ လောကေ နတ္ထိ။ သုတ္တနိ၊ဋ္ဌ၊၂။၂၃၇။ ကမ္မဝိပါကဝဋ္ဋာနံ, ကိလေသဝဋ္ဋဿ စ ဥဿဒေန ဥပစယေန ဥဿဒါ၊ ရာဂါဒယော။ နေတ္တိ၊ဋီ။၁၃၄။ (-နေတ္တိ၊ဝိ။၃၀၅။) (၄) အပူငွေ့။ အောက်ပုဒ်ကြည့်။ (တိ)(၅) များပြားသော၊ များပြားခြင်းရှိသော။ သတ္တု-ဿဒန္တိ သတ္တေဟိ ဥဿဒံ ဥဿန္နံ ဗဟုဇနံ အာကိဏ္ဏမနုဿံ။ ဒီ၊ဋ္ဌ၊၁။ ၂၁၈။ ဥဿဒတာ နာမေတ္ထ ဗဟုလတာတိ ဝုတ္တံ ဗဟုဇနန္တိ။ သီ၊ဋီ၊သစ်၊၂။၂၁၂။ မိဿကကာလေ ဥဿ-ဒဝသေန မနုဿိကာတဗ္ဗာ ဟောန္တိ။ အဘိ၊ဋ္ဌ၊၂။၂၂၁။ ပဋိဘာဂနိမိတ္တံ ပန ဥဿဒဝသေန ဥပဋ္ဌာတိ။ ဝိသုဒ္ဓိ၊၁။၁၈၄။ ဥဿဒဝသေနာတိ ရတ္တသေတနီလဝဏ္ဏေသု ဥဿဒဿ ဝဏ္ဏဿ ဝသေန။ ဝိသုဒ္ဓိ၊ဋီ၊၁။ ၂၁၂။ (၆) ဥဿဒနန္ဒိယ-ကြည့်။

**ဥဿဒက** (တိ) [ဥဿဒ+က] အပူငွေ့ရှိသော ရေရှိသော။ အောက်ပုဒ်ကြည့်။

**ဥဿဒကဇာတ** (တိ) [ဥဿဒက+ဇာတ] ဖြစ်သော-အပူငွေ့ ရှိသောရေရှိသော-အခိုးအငွေ့ ထွက်သောရေရှိသော(အိုး)။ သေယျထာပိ ဗြာဟ္မဏ ဥဒပတ္တော အဂ္ဂိနာ သန္တတ္တော ဥက္ကုဓိတော ဥဿဒကဇာတော။ အံ၊၂။၂၀၃။ ဥဿဒကဇာတောတိ ဥသုမကဇာတော။ အံ၊ဋ္ဌ၊၃။၆၈။ (အံ၊ဋီ၊၃။၅၉-၌ ဥဿူရကဇာတော-ဟုရှိ၏။ ဥဿူရကဇာတ-ကြည့်။)

**ဥဿဒကိတ္တန** (န) [ဥဿဒ+ကိတ္တန] များ-ပြန့်ပြော-ထူပြော-လွန်ကဲ-ခြင်းကို ကြားခြင်း။ ဥဿဒကိတ္တနေ(ဝိသုဒ္ဓိ၊၁။၉၉)တိ ဝိပါက-ကထာယံ ဂဟိတဥဿဒကိတ္တနေ။ ဝိသုဒ္ဓိဋီ၊၁။၁၂၄။ (-အဘိဋ္ဌ၊၁။၃၀၈။)

**ဥဿဒကိတ္တနဂဟဏ** (န) [ဥဿဒကိတ္တန+ဂဟဏ] ပြန့်ပြောခြင်းကိုကြားခြင်းကို ယူခြင်း။ သာကေတပဥှေ ဝိပါကုဒ္ဓါရကထာယ ဥဿဒ-ကိတ္တနဂဟဏာယ သမ္ဗန္ဓံ အာဟ "ကမ္မဝသေန (ပ) ဒဿေတု"န္တိ။ အနုဋီ၊၁။၁၃၅။

**ဥဿဒဂတ** (တိ) [ဥဿဒ+ဂတ] ပြန့်ပြော-များပြား-ခြင်းသို့ ရောက်သော။ ဣမာနိ ဒသ ကိလေသဝတ္ထူနိ အာသေဝိတာနိ ... ဥဿဒ-ဂတာနိ။ အဘိ၊ဝိ။၃၅၄။ ဥဿဒဂတာနီတိ ဝေပုလ္လဂတာနိ။ အဘိ၊ဋ္ဌ၊၂။၄၄၂။

**ဥဿဒနန္ဒိယ** (တိ) [ဥဿဒ+နန္ဒိယ] များပြား ပြန့်ပြောသောဂုဏ်ရှိသူကို-ချီးမွမ်းအပ်-နှစ်သက်စေ-ဝမ်းမြောက်စေ-တတ်သော(သုတ်)။ ဧဝမေတံ သုတ္တံ ခီဏာသဝါနံ ဥက္ကံပိတ္တာ ပသံ-သိတတ္တာ ဥဿဒနန္ဒိယံ။ သံ၊ဋ္ဌ၊၂။၂၅၅။ ဥဿ-ဒနန္ဒိယန္တိ ဥဿန္နဂုဏဝတော တောသနံ သမ္မောဒါပနံ ဂုဏကိတ္တနေန။ သံ၊ဋီ၊၂။၂၂၆။

**ဥဿဒနိယမ** (ပု) [ဥဿဒ+နိယမ] (ပထဝီဓာတ်စသည်တို့၏) ပြန့်ပြောများပြားသည်၏ အစွမ်းအားဖြင့် (ရာဂစရိုက်စသည်တို့ကို) မှတ်ခြင်း။ (သျှ။) ဧဝံ ဓာတုနဉ္စ ယထာဝုတ္တနေဝ နယေန ဥဿဒနိယမော နာမ နတ္ထိ။ ဝိသုဒ္ဓိ၊၁။၉၉။ (-ဝိသုဒ္ဓိဋီ၊၁။၁၂၃။)

**ဥဿဒနိရယ** (ပု) [ဥဿဒ+နိရယ] ဥဿဒငရဲ။ သေ သောဠသသု ဥဿဒနိရယေသု နိဗ္ဗတ္တိ-ဿတိ။ အဘိ၊ဋ္ဌ၊၂။၄၃၆။

**ဥဿဒနိရယစာရိကာ** (ထီ) [ဥဿဒနိရယ+စာရိကာ] ဥဿဒငရဲ၌လှည့်လည်သွားလာခြင်း။ တဒါ ဗောဓိသတ္တော ဒေဝပုတ္တော ဟုတွာ ဥဿဒနိရယစာရိကံ စရတိ။ ဇာ၊ဋ္ဌ၊၃။၁၉၃။

**ဥဿဒယုတ္တ** (တိ) [ဥဿဒ+ယုတ္တ] ပြန့်ပြောသည်နှင့်ယှဉ်သော(စကား)။(သျှ။) နိဿိတဇ-ပ္ပိတံ အတ္တနော ဓမ္မတာယ ဥဿဒယုတ္တံ ဘာ-သိတုံ န သက္ကောတိ။ ဝိဋ္ဌ၊၄။၂၁၆။ ဥဿဒယု-တ္တန္တိ လောဘာဒိဥဿဒယုတ္တံ။ ပါစိတ်၊ယော။ ၆၁၅။

**ဥဿဒရာဂါဒိဒေါသ** (တိ) [ဥဿဒရာဂါဒိ+ဒေါသ] များပြားပြန့်ပြော ထူပြောလွန်ကဲသော ရာဂအစရှိသောအပြစ်ရှိသော၊သူ။ ဥဿဒရာဂါဒိဒေါသာ မဟာရဇက္ခာ။ ဝိမတိ၊၁။၅၅။

**ဥဿဒရာဂါဒိရဇ** (တိ) [ဥဿဒရာဂါဒိ+ရဇ] များပြား ပြန့်ပြော ထူပြောလွန်ကဲသော ရာဂအစရှိသောကိလေသာမြူရှိသော၊သူ။ ဥဿဒ-ရာဂါဒိရဇာ မဟာရဇက္ခာ။ သာရတ္ထ၊၁။၂၅၁။ ဝိသုဒ္ဓိဋီ၊၁။၂၄၀။

**ဥဿဒသာမန္တ** (ပု၊န) [ဥဿဒ+သာမန္တ] ဥဿဒငရဲ၏-အနီးအနား-နံပါး-အရပ်ဌာန။ သောပိ ဥဿဒသာမန္တေ ဇာလသဒ္ဒေန တံ သာဋကံ အနုဿရိတွာ သဂ္ဂေ နိဗ္ဗတ္တော။ မ၊ဋ္ဌ၊၄။၁၆၆။ အံ၊ဋ္ဌ၊၂။၁၂၀။

**ဥဿန္န** (တိ) [ဥ+သဒ+တ] ပြန့်ပြော-ထူပြော-များပြား-တိုးပွား-ဆည်းပူးအပ်-စုဝေး-သော။ ဘေသဇ္ဇံ ဥဿန္နံ ဟောတိ(ဝိ၊၂။၁၃၆)တိ ဝဇတော အာဟရိတွာ ဌပိတသပ္ပိ ဗဟု ဟောတိ။ ဝိဋ္ဌ၊၃။၁၂၄။ ဥဿန္နသဒ္ဒေါ ဗဟု-ပရိယာယောတိ အာဟ ဗဟူတိ။ ပါစိတ်၊

ယော။၉၉။ မာဂဓေသု ပဥ္စ အာဗာဓာ ဥဿန္နာ ဟောန္တိ(ဝိ၊၃။၁၀၁)တိ…ပဥ္စ အာဗာဓာ ဥဿန္နာ ဝုဍ္ဎိပ္ပတ္တာ ဖာတိပ္ပတ္တာ ဟောန္တိ။ ဝိ၊ဋ္ဌ၊၃။၂၃၇။ ဥဿန္နသဒ္ဒေါ ဥဿဒသဒ္ဒေါ စ ဝုဍ္ဎိပ္ပတ္တပရိယာယောတိ အာဟ ဥဿန္နာ ဝုဍ္ဎိပ္ပတ္တာတိ။ ပါစိတ်၊ယော။၂၃၇။ (-မ၊ဋ္ဌ၊၄။၂၃၆။ အံ၊ဋ္ဌ၊၁။၄၁၁။) တဿ ပန ဂေဟေ ဒွိဒသဝဿာနိ ဘတ္တကံ ဥဿန္နံ ဟောတိ။ ပဋိသံ၊ဋ္ဌ၊၂။၂၉၄။ မဟာကောဋ္ဌိကတ္ထေရော အဓိဂမပရိယတ္တိ-သဝနပုဗ္ဗယောဂါနံ ဝသေန အနန္တနယုဿဒံ ပဋိသမ္ဘိဒါပဘေဒံ ပတ္တော။ မ၊ဋ္ဌ၊၂။၂၃၇။ အန-န္တနယုဿဒန္တိ ပစ္စယုပ္ပန္နာဘာသိတတ္ထနိဗ္ဗာန-ဝိပါကကြိယာဒိဝသေန အနန္တပဘေဒေ ဝိသယေ ပဝတ္တိယာ အနန္တနယေဟိ ဥဿန္နံ ဥပစိတံ။ မ၊ဋီ၊၂။၂၅၆။ ("အနန္တနယုဿဒံ= အဆုံးမရှိသောနည်းတို့ဖြင့်-ဆည်းပူးအပ်-များပြား-သော" ဟု အနက်ပေးရမည်။)

**ဥဿန္နကာလ** (ပု) [ဥဿန္န+ကာလ] များပြား-ပေါများ-ရာအခါ။ ဘတ္တာဂါရေ ပန စိဝရံ ဥပေတွာ ဥဿန္နကာလေ ကေကဿဘိက္ခု-နော တိစီဝရံ ဝါ…ဒဿန္တိ။ ဝိ၊ဋ္ဌ၊၃။၄၀၄။ (-မ၊ဋ္ဌ၊၁၆၁။)

**ဥဿန္နကိလေသ** (တိ) [ဥဿန္န+ကိလေသ] များပြား-ထူထပ်-သော ကိလေသာရှိသော၊ သူ။ ပဏ္ဍကာတိ လောကာမိသနိဿိတကထာ-ဗဟုလာ ဥဿန္နကိလေသာ အဝူပသန္တပရိ-ဠာဟာ နပုံသကာ။ အဘိ၊ဋ္ဌ၊၂။၃၂၅။ မဟာနိ၊ ဋ္ဌ။၃၉၉။ (-သာရတ္ထ၊၃။၂၄၁။ အံ၊ဋီ၊၃။၃၉။ ဝိသုဒ္ဓိ၊ဋီ၊၁။၄၂။)

**ဥဿန္နကုသလ** (တိ) [ဥဿန္န+ကုသလ] ဆည်းပူးအပ်-များပြား-သော ကောင်းမှုရှိသော၊ သူ။ ဥဿန္နကုသလာ ဇနတာ၊ တမှိ ကပ္ပေ အဇာ-ယထ။ အပ၊၂။၃၄၃။ ဥဿန္နကုသလာတိ ဥပစိတပုညာ။ ဗုဒ္ဓဝံ၊ဋ္ဌ။၂၂၈။

**ဥဿန္နကုသလမူလ** (တိ) [ဥဿန္နကုသလ + မူလ] ဆည်းပူးအပ်-များပြား-သော ကုသိုလ်-အရင်းခံ-အခြေခံ-အကြောင်းရင်း-ရှိသော၊သူ။ တာယ စ ပန ဝေလာယ ဒေဝဘဝေန အတ္ထိ ဒေဝပုတ္တော ဥဿန္နကုသလမူလော ခိဏာ-ယုကော။ မိလိန္ဒ။၁၂၉။

**ဥဿန္နကုသလသဥ္စယ** (တိ) [ဥဿန္နကုသလ+သဥ္စယ] ဆည်းပူးအပ်သောများပြားသော ကုသိုလ်ရှိသော၊သူ။ အဟံ တေန သမယေန… ဥဿန္နကုသလသဥ္စယော။ ဗုဒ္ဓဝံ။၃၃၀။

**ဥဿန္နဂုဏဝဏ္ဏ** (တိ) [ဥဿန္နဂုဏ+ဝဏ္ဏ] များပြား ပြန့်ပြောသောဂုဏ်ရှိသော၊သူ။ ဥဿဒ-နန္ဒိယ-ကြည့်။

**ဥဿန္နဋ္ဌ** (ပု) [ဥဿန္န+အတ္ထ] ပြန့်ပြောများပြားသည်၏ အဖြစ်ဟူသော အနက်။ တဿာ တဿာ ကိရိယာယ ဥဿန္နဋ္ဌေန ဗလံ။ သီ၊ ဋီ၊သစ်၊၂။၄၀။ သံ၊ဋီ၊၂။၂၆၈။

**ဥဿန္နဋ္ဌာန** (န) [ဥဿန္န+ဌာန] ပြန့်ပြောများပြားရာ အရပ်ဌာန။ မိစ္ဆာဇီဝါနံ ဥဿန္နဋ္ဌာနေ အရိယဝံသကေ ပေသေတွာ အရိယဝံသံ ကထာပေန္တိ။ ဒီ၊ဋ္ဌ၊၂။၁၁၄။ အံ၊ဋ္ဌ၊၃။၁၅၇။ (-မ၊ဋ္ဌ၊၄။၁၄၄။)

**ဥဿန္နတရ** (တိ) [ဥဿန္န+တရ] အထူးသဖြင့်-အလွန်-များပြားသော။ သော စ ခေါ ရာဂေ ဥဿန္နတရေ အဂ္ဂိနာ ဝိနဿတိ။ ဝိသုဒ္ဓိ၊၂။၅၂။ ပဋိသံ၊ဋ္ဌ၊၁။၃၃၃။ ဥဿန္နတရေတိ အတိဝိယ ဥဿန္နေ။ ဝိသုဒ္ဓိ၊ဋီ၊၂။၅၅။ (-သာရတ္ထ၊၁။၂၈၇။)

**ဥဿန္နတေဇ** (တိ) [ဥဿန္န+တေဇ] များပြားသော တန်ခိုးအရှိန်အစော်ရှိသော၊သူ။ တဿ ဟိ ဥဿန္နတေဇတာယ ခုဒ္ဒကေသု ပါဏေသု အနုကမ္ပာ ဟောတိ။ အံ၊ဋ္ဌ၊၃။၂၉၃။

**ဥဿန္နဒိင္ဂိက** (တိ) [ဥဿန္န+ဒိင္ဂိ+က] များပြားသောမိစ္ဆာအယူရှိသော၊သူ။ ယေ ပန ဥဿန္နဒိင္ဂိကာ သတ္တာ။ ပေဋကော။၃၂၈။

**ဥဿန္နဒေါသ** (တိ) [ဥဿန္န+ဒေါသ] ပြော-များပြား-စုဝေးတည်နေ-သော သလိပ်, သည်းခြေ, လေ ဟူသော ဒေါသရှိသော၊သူ။ ယထာ ဟိ ကုသလော ဝေဇ္ဇော ဥဿန္နဒေါသံ ပုဂ္ဂလံ တိကိစ္ဆန္တော။ ဥဒါန၊ဋ္ဌ။၁၅၄။ သရီရံ ဝါ ဥဿန္နဒေါသဗ္ဗေဝ သေဒမလမက္ခနတဒ္ဓ။ ဒီ၊ဋ္ဌ၊၂။၃၇၆။ မ၊ဋ္ဌ၊၁။၂၉၄။ သံ၊ဋ္ဌ၊၃။၁၉၃။ အဘိ၊ဋ္ဌ၊၂။၂၆၃။ ဥဿန္နဒေါသန္တိ ဝါတာဒိဥဿန္နဒေါသံ။ ဒီ၊ဋီ၊၂။၃၂၅။ မ၊ဋီ၊၁။၃၈၁။ သံ၊ဋီ၊၂။၄၃၁။ (-သီ၊ဋီ၊သစ်၊၂။၅။)

**ဥဿန္နဓာတုက** (တိ) [ဥဿန္န+ဓာတု+က] ဆည်းပူးအပ်-ပြော-များပြား-စုဝေး-သော သည်းခြေ သလိပ်စသောဓာတ်ရှိသော၊သူ။ အထ ထေရော ဘဂဝတော ပရိနိဗ္ဗာနတော ပဘုတိ ဌာနနိသဇ္ဇဗဟုလတ္တာ ဥဿန္နဓာတုကံ ကာယံ သမဿာသေတုံ။ ဝိ၊ဋ္ဌ၊၁။၈။ (-ဒီ၊ဋ္ဌ၊၁။၈။ အံ၊ဋ္ဌ၊၁။ ၃၀၇။ ခုဒ္ဒက၊ဋ္ဌ။၈၀။) ဥဿန္နဓာတုကန္တိ ဥပစိတပိတ္တသေမှာဒိဓာတုကံ။ ဝိမတိ၊၁။၁၅။ (-သာရတ္ထ၊၁။၅၅။ ဒီ၊ဋီ၊၁။၂၃။ သီ၊ဋီ၊သစ်၊၁။၆၉။)

**ဥဿန္နပည** (တိ) [ဥဿန္န+ပညာ] လွန်ကဲ များပြားသော ပညာရှိသော၊သူ။ ဘူရိပညာတိ ဗဟုပည ဥဿန္နပည။ သံ၊ဋ္ဌ၊၁။၉၂။ ဥဿန္နပညာတိ အဓိကပည။ သံ၊ဋီ၊၁။၁၃၇။

**ဥဿန္နပရိဠာဟ** (တိ) [ဥဿန္န+ပရိဠာဟ] များပြားသောပူလောင်ခြင်း (ကိလေသာ) ရှိသော၊သူ။ ပဏ္ဍကပစ္စေ ဥဿန္နပရိဠာဟတာ ပဏ္ဍကဘာဝပတ္တီတိ ဝိညာယတိ။ သာရတ္ထ၊၃။၂၅၆။

**ဥဿန္နပါပ** (တိ) [ဥဿန္န+ပါပ] များပြားသော မကောင်းမှုရှိသော၊သူ။ တဿပါပိယသိကကမ္မာရဟဿာတိ ဥပဝါဠဘိက္ခုသဒိသဿ ဥဿန္နပါပဿ။ ဝိ၊ဋ္ဌ၊၄။၂၄၄။

**ဥဿန္နပိတ္တ** (တိ) [ဥဿန္န+ပိတ္တ] ပြော-များပြား-သောသည်းခြေရှိသော၊သူ။ သပရိဠာဟကာယဓာတုကောတိ ဥဿန္နပိတ္တတာယ သပရိဠာဟကာယသဘာဝေါ။ အံ၊ဋီ၊၁။၁၆၉။

**ဥဿန္နပုည** (တိ) [ဥဿန္န+ပုည] များစွာဆည်းပူးအပ်သော ကောင်းမှုရှိသော၊သူ။ ဥဿန္နပုညာပိ ဘဝန္တိဟေကေ။ ပေတ၊၁၇၃။ ဥဿန္နပုညာပိ ဘဝန္တိဟေကေတိ...ဥဿန္နကုသလဓမ္မာပိ ဧကစ္စေ ပုဂ္ဂလာ လဒ္ဓပစ္စယဲ့ ာ အပုညဿ ဝသေန ဇာတိအာဒိနာ နိဟီနာ ဘဝန္တိ။ ပေတ၊ဋ္ဌ။၁၈၂။

**ဥဿန္နပုညနိဿန္နသမုပ္ပန္န** (တိ) [ဥဿန္နပုညနိဿန္န+သမုပ္ပန္န] များစွာဆည်းပူးအပ်သော ကောင်းမှု၏အကျိုးဆက်ကြောင့် ကောင်းစွာဖြစ်သော။ သတသဟဿကပ္ပါဓိကေသု စတူသု အသင်္ချေယျေသု ဥဿန္နပုညနိဿန္နသမုပ္ပန္နော လာဘသက္ကာရော မဟောဃော ဝိယ အဇ္ဈောတ္ထရမာနော အာဂစ္ဆတိ။ ဒီ၊ဋ္ဌ၊၂။၂၄၆။

**ဥဿန္နဗျာဓိဒုက္ခ** (တိ) [ဥဿန္န+ဗျာဓိဒုက္ခ] များပြားသည်းထန်သော-ဗျာဓိဒုက္ခ-နာခြင်းဆင်းရဲ-ရှိသော၊သူ။ ဥဿန္နဗျာဓိဒုက္ခဿ ရောဂိနော ဝမနဝိရေစနပ္ပဝတ္တိယံ ဝိယ စ။ အဘိ၊ဋ္ဌ၊၁။၂၄၄။

**ဥဿန္နဗြဟ္မစရိယ** (တိ) [ဥဿန္န+ဗြဟ္မစရိယ] များပြားသော မြတ်သော အကျင့်ရှိသော၊သူ။ အပိ စ ဘိက္ခု နာမ ဥဿန္နဗြဟ္မစရိယာ ဟောန္တိ၊ တထာ ဘိက္ခုနိယော။ အဘိ၊ဋ္ဌ၊ ၂။၃၂၅။ မဟာနိ၊ဋ္ဌ။၃၉၉။ (-သာရတ္ထ၊၃။ ၂၄၁။ အံ၊ဋီ၊၃။၃၉။ ဝိသုဒ္ဓိ၊ဋီ၊၁။၄၂။)

**ဥဿန္နဘဏ္ဍက** (ပု၊န) [ဥဿန္န+ဘဏ္ဍက] များပြား-စုဆောင်းလာ-သောကုန်ပစ္စည်း၊ဥစ္စာဘဏ္ဍာ။ သော ဒွါဒသဝဿာနိ ဥဿန္နဘဏ္ဍကံ

ကေဒိဝသေနေဝ ဝိက္ကိဏ်ိ။ ပဋိသံ၊ဋ္ဌ၊၂။၂၉၄။

**ဥဿန္နရာဂ** (တိ) [ဥဿန္န+ရာဂ] များပြား-ထူထဲ-သော ရာဂရှိသော၊သူ။ ဘဂဝါ ဥဿန္န-ရာဂံ အာယသ္မန္တံ နန္ဒံ ဒေဝစ္ဆရာယော ဒဿေ-တွာ။ ဥဒါန၊ဋ္ဌ။၁၅၄။

**ဥဿန္နလောဘ** (တိ) [ဥဿန္န+လောဘ] များပြား လွန်ကဲသောလောဘရှိသော၊သူ။ လောဘော ဥဿဒေါ ဧတေသန္တိ လောဘုဿဒါ၊ ဥဿန္န-လောဘာ၊ လောဘာဓိကာတိ အတ္ထော။ ဝိသုဒ္ဓိ၊ ဋီ၊၁။၁၂၄။

**ဥဿန္နဝီရိယ** (တိ) [ဥဿန္န+ဝီရိယ] ကြီးမား လွန်ကဲများပြားသောဝီရိယရှိသော၊သူ။ နာပိ မဟန္တဘာဝံ ဒိသွာ ဥဿန္နဝီရိယာ။ ဝိ၊ဋ္ဌ၊၁။ ၁၅၃။ ဥဿန္နဝီရိယာတိ အဓိကဝီရိယာ၊ မဟုဿာဟာတိ အတ္ထော။ သာရတ္ထ၊၁။၄၄၀။

**ဥဿန္နာသီဝိသ** (တိ) [ဥဿန္န+အာသီဝိသ] များ သောမြွေရှိသော။ ဥဿန္နာသီဝိသေ အရညေ ကေသိုံ ဝမ္မိကပဿေ အဋ္ဌာသိ။ ဇာ၊ဋ္ဌ၊၃။၃၉၆။

**ဥဿပေသိ** (ကာ၊ကြိ) [ဥ+သိ+ဏာပေ+ဤ။ ဆန်း ကြောင့် ရဿ] ထောင်မတ်စေပြီ၊ စိုက်ထူပြီ။ ပင့်မြှောက်ပြီ။ ဟဋ္ဌော ဟဋ္ဌေန စိတ္တေန၊ ပဋ္ဌမံ ဥဿပေသဟံ။ အပ၊၁။၆၁။ ထေရ၊ဋ္ဌ၊၁။၁၈၅။

**ဥဿယ** (တိ) [ဥ+သိ+အ(ဏ)။ ဝိ၊ပိ၊ဓာန်။] (၁) စုန့်စုန့်တက်-မို့မောက်-မြင့်မောက်-သော။ (၂) များပြား-ပြော-ထောင်လွှား-သော။ (၁) ဥဿယဘူတ-ကြည့်။(၂) ဥဿယဝါဒ-ကြည့်။

**ဥဿယာ** (ထိ) [ဥဿယ+ဝါဒိကာ။ နောက် ပုဒ်ချေ] ဥဿယဝါဒိကာသိက္ခာပုဒ်၊ မာနုဿယ, ကောဓုဿယ၏အစွမ်းဖြင့်(မာနဒေါသ ထောင် လွှားများပြားခြင်း၏အစွမ်းဖြင့်) အိမ်ရှင်, အိမ် ရှင်၏သား, ကျွန်အမှုလုပ်, ရဟန်း, ပရိဗိုဇ်တို့ နှင့်ငြင်းခုံရန်ပွားတရားဆင်သော ရဟန်းမအား ပညတ်အပ်သော သိက္ခာပုဒ်။ (ပါစိတ္တိယပါဠိ။ ၂-ကဏ္ဍ၊ ၁-ဝဂ်၊ ၁-သိက္ခာပုဒ်။ ဝိ၊၂။၂၈၉။ ဥဿယာ သန္နိစယဥ္စာ(ဝိ၊၅။၁၆၀)တိ ဥဿယ ဝါဒိကာတိ စ, ပတ္တသန္နိစယံ ကရေယျာတိ စ ဝုတ္တံ သိက္ခာပဒဒွယံ။ ဝိ၊ဋ္ဌ၊၄။၁၄၇။

**ဥဿယဘူတ** (တိ) [ဥဿယ+ဘူတ] စုန့်စုန့် တက်-မို့မောက်-သည်ဖြစ်၍ဖြစ်သော။ ဝန္တုဿယောတိ ဥပစိကာဟိ ဝန္တဿ မတ္တိ-ကာပိဏ္ဍဿ ဥဿယဘူတော။ မဋီ၊၂။၁၀၄။

**ဥဿယဝါဒ** (တိ) [ဥဿယ+ဝါဒ] (၁) မာနုဿယ ကောဓုဿယအစွမ်းဖြင့် ပြောဆို ငြင်းခုံခြင်း-တရားဆင်ခြင်း-တရားစွဲခြင်း-ကြောင့်ဖြစ်သော (အာပတ်)၊ ဥဿယဝါဒအာပတ်။ (၂) မာနု-ဿယ ကောဓုဿယ၏အစွမ်းဖြင့် ပြောဆို ငြင်းခုံ-တရားဆင်-တရားစွဲ-သော၊သူ။ (၁) အဟံ အယျေ ကေံ အာပတ္တိံ အာပဇ္ဇိံ ဥဿ-ယဝါဒံ၊ သာဟံ အယျေ သံယံ ကေိဿာ အာပတ္တိယာ ဥဿယဝါဒါယ ပဋိမာနတ္တံ ယာစာမိ။ ကင်္ခါ။၃၀၅။ (၂) ယာ ပန ဘိက္ခုနီ ဥဿယဝါဒါ။ ဝိ၊ဝိနိစ္ဆယ၊ဂါထာ။၂၀၁၁။ ဥဿယဝါဒါတိ မာနုဿယကောဓုဿယ-ဝသေန ဝိဝဒမာနာ။ ဝိ၊ဝိနိစ္ဆယ၊ဋီ၊၂။၃၉၉။

**ဥဿယဝါဒိကဝတ္ထု** (န) [ဥဿယဝါဒိက+ဝတ္ထု] မာန, ဒေါသ များသည်၏အစွမ်းဖြင့် ပြော ဆိုငြင်းခုံခြင်း ဟူသောအကြောင်း၊ တရားဆင်-တရားစွဲ-ခြင်းဟူသောအကြောင်း။ သာဝတ္ထိယံ ထုလ္လနန္ဒံ အာရဗ္ဘ ဥဿယဝါဒိကဝတ္ထုသ္မိံ ပညတ္တံ။ ကင်္ခါ။၂၉၈။

**ဥဿယဝါဒိက** (တိ) [ဥဿယ+ဝါဒိက။ ထိ-၌ ဥဿယဝါဒိကာ။] (၁) မာန,ဒေါသများသည် ၏အစွမ်းဖြင့် ပြောဆိုငြင်းခုံသော၊ တရားဆင် -တရားစွဲ-သော၊သူ၊ (ရဟန်းမ။) (၂) မာန, ဒေါသများသည်၏အစွမ်းဖြင့်ပြောဆိုငြင်းခုံခြင်း၊

တရားဆင်–တရားစွဲ–ခြင်း။ (ဦးဗုဒ်နိဿျ– ၌ ဥဿုယဝါဒိကာ–ဟုရှိသည်။ မာန်အမျက်ပြော သည်–ဟုအနက် ပြန်ဆိုသည်။ ဦးဟုတ်စိန် အဘိဓာန်၌လည်း ဥဿုယျဝါဒိကာ–ဟု မူလ ပုဒ်ရင်းပြထားသည်။ ကင်္ခါဘာသာဋီကာအလို– ထောင်လွှားတက်ကြွသော မာနကောဓ အစွမ်း ဖြင့် ပြောဆိုငြင်းခုံတတ်သော၊သူ–ဟု အနက် ပြန်ဆိုရမည်။) (၁) ယာ ပန ဘိက္ခုနီ ဥဿ– ယဝါဒိကာ ဝိဟရေယျ။ ဝိ၊၂။၂၈၉။ ဥဿယ– ဝါဒိကာ နာမ အဍ္ဍကာရိကာ ဝုစ္စတိ။ ဝိ၊၂။ ၂၈၉။ ဥဿယဝါဒိကာတိ မာနုဿယကောဓု– ဿယဝသေန ဝိဝဒမာနာ။ ဝိဋ္ဌ၊၃။၁၈၀။ ကင်္ခါ။ ၂၉၈။ ဥဿယဝသေန ဝဒန် ဥဿယဝါဒေါ၊ သောယေဝ ဥဿယဝါဒိကာတိ ဒဿေန္တော အာဟ ဥဿယဝါဒိကာတိအာဒိ။ ပါစိတ်၊ ယော။၁၄၇။ (၂) ဥဿယဝါဒိကဝတ္ထု–ကြည့်။

**ဥဿုရထ** (ကြိ) [ဥ+သရ+အ+ထ] ပယ်ရှား– ဖယ်–ကုန်လော့။ အထ ဒိဋ္ဌမင်္ဂလိကာ "ဥဿ– ရထ ဥဿုရထာ"တိ ပုရတော ပုရတော ဟိနုဇန် အပနေန္တေဟိ ပုရိသေဟိ နီယမာနာ။ သုတ္တနိဋ္ဌ၊၁။၁၆၈။ (–မဋ္ဌ၊၃။၄၉။ ဇာဋ္ဌ၊၁။၄၅၉။)

**ဥဿဝ** (ပု) [ဥ+သု(သူ)+ဏ။ ကံ ဥဿဝန္တိ ဥဂ္ဂိရန္တိ ဧတ္ထာတိ ဥဿဝေါ။ နာနာသမိဒ္ဓိဟိ သဝန္တိ ဧတ္ထာတိ ဝါ ဥဿဝေါ။ ဓာန်ဋီ။၁၇၈။ ဥတ္သဝ (သံ)] (၁) ပွဲသဘင်။ (၂) ပွဲသဘင်ဝင်သူ။ (၁) မနုဿာ ယညေသု ဆဏေသု ဥဿဝေသု ဝိသာခံ မိဂါရမာတံ ပဌမံ ဘောဇေန္တိ။ ဝိ၊ ၁။၂၈၅။ ဥဿဝေသူတိ အာသဋ္ဌိပဝါရဏာနက္ခ– တ္တာဒိသု မဟုဿဝေသု။ ဝိဋ္ဌ၊၂။၂၁၄။ (–ဝိ၊ ၃။၃၀၁။ ဇာ၊၂။၂၅၇။) (၂) ဥဿဝဝေသ– ကြည့်။ (ဆီးနှင်း၊ ဆီးနှင်းပေါက်–ကို ဟောရာ၌ ဥဿာဝေါ–ဟု ဒီဃဖြင့်ရှိသင့်သည်။ ဝလာ– ဟကောဝ အနိလေန၊ သူရိယေန ဝိယ ဥဿဝေါ။ ဗုဒ္ဓဝံ။၃၆၁။ ဥဿဝေါတိ ဟိမဗိန္ဒု။ ဗုဒ္ဓဝံဋ္ဌ။၂၇၂–တို့၌ ဥဿဝေါ–ဟု ဆန်းကြောင့် ရဿဖြင့် ရှိနေသည်။)

**ဥဿဝကိစ္စန** (နု) [ဥဿဝ+ကိစ္စန] ပွဲသဘင် ကစားပျော်ပါးရာ။ အဟိတုဏ္ဍိကော သတ္တမေ ဒိဝသေ ဥဿဝကိစ္စနတော အာဂန္တွာ … နိဒ္ဒံ ဩက္ကမိ။ ဇာဋ္ဌ၊၃။၁၈၄။

**ဥဿဝဒဿန** (နု) [ဥဿဝ+ဒဿန] ပွဲသဘင် ကြည့်ရှုခြင်း။ စတ္တာရော ဒေဝပုတ္တာ…ဥဿဝ– ဒဿနံ အာဂမိံသု။ ဇာဋ္ဌ၊၃။၈၀။

**ဥဿဝဒိဝသ** (ပု) [ဥဿဝ+ဒိဝသ] ပွဲသဘင် ကျင်းပရာနေ့။ အထေကသ္မိံ ဥဿဝဒိဝသေ မဟာဇနေ မဏ္ဍိတပသာဓိတေ ဓမ္မသဝနာယ ဝိဟာရံ ဂစ္ဆန္တေ … အဒါသိ။ ဓမ္မဋ္ဌ၊၁။၂၅၈။ (–ဝိမာနဋ္ဌ။၆၉၈၁၇၁။)

**ဥဿဝပရိယောသာန** (နု) [ဥဿဝ+ပရိယော သာန] ပွဲသဘင်၏အဆုံး။ သော ကေသ္မိံ ဥဿဝဒိဝသေ…မန်ံ လဘိတွာ ဥဿဝပရိ– ယောသာနေ ဗဟုံ သုရာဘတ္တံ ဂါဟာပေတွာ။ ဇာဋ္ဌ၊၃။၄၈၂။

**ဥဿဝပူဇာ** (ထီ) [ဥဿဝ+ပူဇာ] ပူဇော်ပွဲသဘင်။ ကာဟာမ သေရိသမဟံ ဥဠာရံ၊ ဝိမာန။၁၂၁။ မဟန္တိ ဥဿဝပူဇံ။ ဝိမာနဋ္ဌ။၃၂၅။

**ဥဿဝဗိန္ဒု** (ပုနု) [ဥဿဝ+ဗိန္ဒု] ဆီးနှင်းပေါက်။ (ဥဿာဝဗိန္ဒု–ဟု ရှိသင့်သည်။ ဥဿာဝ– ကြည့်။) "သမ္မ သာရထိ ကဟံ နု ခေါ တေ ဥဿဝဗိန္ဒူ၊ န တေ ဣဒါနိ ဝဿာမိ"တိ ပုစ္ဆိ။ ဇာဋ္ဌ၊၄။၁၂၂။

**ဥဿဝဘေရိ** (ထီ) [ဥဿဝ+ဘေရိ] ပွဲသဘင် အလို့ငှါ တီးခတ်အပ်သောစည်။ "ဓမ္မိကော နော ရာဇာ လဒ္ဓေါ"တိ ဟဋ္ဌတုဋ္ဌာ နဂရေ ဥဿဝဘေရိံ စရာပေတွာ။ ဇာဋ္ဌ၊၂။၂၂၀။

**ဥဿဝသမ္ဗတ္တိ**(ထီ) [ဥဿဝ+သမ္ဗတ္တိ] ပွဲသဘင်-၏-နှင့်-ပြည့်စုံခြင်း။ မဟာဇနော ဟဋ္ဌတုဋ္ဌော ဥဿဝသမ္ဗတ္တိံ ပစ္စနုဘောတိ။ ထေရဋ္ဌ၊၁။၁၇၈။

**ဥဿဝဝေသ** (ပု) [ဥဿဝ+ဝေသ] ပွဲသဘင်ဝင်သူ၏ အသွင်အပြင်။ ဆဏဝေသန္တိ တုဋ္ဌိဇနနဝေသံ၊ ဥဿဝဝေသန္တိအတ္ထော။ သာရတ္ထ၊၁။၁၄၀။

**ဥဿဟဇာတ** - ဥဿာဟဇာတ-ကြည့်။

**ဥဿဟတိ** (ကြိ) [ဥ+သဟ+အ+တိ] စွမ်းနိုင်၏၊ လုံ့လကြိုးကုတ်အားထုတ်၏။ သစေ ဥဿဟတိ သောဓေတဗ္ဗော(ဝိ၊၄။၃၇၅)တိ ယဒိ သက္ကောတိ။ ဝိဋ္ဌ၊၁၁၇။ ဆန္ဒဇာတော ဥဿဟတိ။ မ၊၂။၁၄၅။ ဥဿဟတီတိ ဝီရိယံ ကရောတိ။ မဋ္ဌ၊၃။၁၃၄။ (-ဝိ၊၁။၂၂၄။ ဝိ၊၃။ ၅၉၊၁၁၇၊၃၁၁။ သံ၊၂။၄၉၇။ ဝိဋ္ဌ၊၂။၁၅၅။ ဝိ၊ဋ္ဌ၊၃။၂၆၁၊၂၉၄၊၃၇၆။ သံဋ္ဌ၊၃။၁၄၁။ အံဋ္ဌ၊၃။ ၃၅။ ပါစိတ်၊ယော။၅၂၅။) **ဥဿဟန္တိ**—ဒီ၊၁။၁၂၈။ ဒီဋ္ဌ၊၁။၂၆၅။ ဒီဋီ၊၁။၃၂၄။ **ဥဿဟသိ**—ဥဒါန။၁၂၈။ ဥဒါနဋ္ဌ။၂၃၄။ **ဥဿဟာမိ**—ဝိ၊၁။၃၁။ ဝိ၊၃။၄၀၀။ ဝိဋ္ဌ၊၁။၂၁၃။ ဝိဋ္ဌ၊၃။၄၀၈။ သာရတ္ထ၊၂။၆၆။ ဇာဋ္ဌ၊၁။၁၇၆။ ဇာဋ္ဌ၊၃။၂၂၇။ **ဥဿဟေ**(မိ-ဝိဘတ်)—ဇာ၊၁။ ၄။ ဇာဋ္ဌ၊၁။၁၇၆။ **ဥဿဟသေ**—ဇာ၊၁။၃၁၅။ ဇာဋ္ဌ၊၄။၄၀၀။ **ဥဿဟေ**—ဇာဋ္ဌ၊၄။၂၂၂။ ဇာ၊ဋ္ဌ၊၅။၃၄၆။ **ဥဿဟေယျံ**—ဝိသုဒ္ဓိ၊၁။၁၁၂။ ဝိသုဒ္ဓိဋီ၊၁။၁၃၄။ **ဥဿဟိ**—ဇာဋ္ဌ၊၁။၄၂၈။ ဇာဋ္ဌ၊၃။၂၀၆။ **ဥဿဟိံသု**—ဇာဋ္ဌ၊၅။၁၃၈။ **ဥဿဟိဿတိ**—အံဋ္ဌ၊၁။၁၇၇။ **ဥဿဟိဿာမိ**— အံဋ္ဌ၊၃။၃၆။

**ဥဿဟန** (ထီ၊နု) [ဥ+သဟ+ယု] (၁) အားထုတ်ခြင်း။(၂) အားထုတ်တတ်သော (ဝီရိယ)။ (၁) အောက်ပုဒ်ကြည့်။ (၂) ဥဿောဠှီ-ကြည့်။

**ဥဿဟနလက္ခဏ** (တိ)[ဥဿဟန+လက္ခဏ] အားထုတ်ခြင်းလက္ခဏာရှိသော။ ဝီရဘာဝေါ ဝီရိယံ၊ တံ ဥဿဟနလက္ခဏံ။ ဝိသုဒ္ဓိ၊၂။၉၃။

**ဥသဟန္တ** (ထီ၊နု) [ဥ+သဟ+အန္တ] အားထုတ်သော၊သူ။ ဥဿဟန္တော တုလယတိ။ မ၊၂။ ၃၈၅။ ခုဒ္ဒကဋ္ဌ။၁၁၃။ သုတ္တနိဋ္ဌ၊၂။၁၈။ ဥဿဟန္တော ယုဉ္ဇတိ။ သံဋ္ဌ၊၁။၅၈။ ဥဿဟန္တောတိ ဝီရိယံ ကရောန္တော။ သံဋီ၊၁။၁၀၄။

**ဥဿဟန္တိ** (ကြိ) [ဥ+သဟ+အ+အန္တိ] စွမ်းနိုင်ကုန်၏၊ လုံ့လကြိုးကုတ်အားထုတ်ကုန်၏။ ဥဿဟတိ-ကြည့်။

**ဥဿဟသိ** (ကြိ) [ဥ+သဟ+အ+သိ] စွမ်းနိုင်၏၊ လုံ့လကြိုးကုတ်အားထုတ်၏။ အထက်ပုဒ်ကြည့်။

**ဥဿဟသေ** (ကြိ) [ဥ+သဟ+အ+သေ] စွမ်းနိုင်၏၊ လုံ့လကြိုးကုတ်အားထုတ်၏။ ဥဿဟတိ-ကြည့်။

**ဥဿဟာမိ** (ကြိ) [ဥ+သဟ+အ+မိ] စွမ်းနိုင်၏၊ လုံ့လကြိုးကုတ်အားထုတ်၏။ ဥဿဟတိ-ကြည့်။

**ဥဿဟိံသု** (ကြိ) [ဥ+သဟ+ဥံ] စွမ်းနိုင်ကုန်ပြီ၊ လုံ့လကြိုးကုတ်အားထုတ်ကုန်ပြီ။ ဥဿဟတိ-ကြည့်။

**ဥဿဟိ** (ကြိ) [ဥ+သဟ+ဤ] စွမ်းနိုင်ပြီ၊ လုံ့လကြိုးကုတ်အားထုတ်ပြီ။ ဥဿဟတိ-ကြည့်။

**ဥဿဟိ(ဟေ)တွာ** (ကြိ၊ဝိ) [ဥ+သဟ+တွာ] စွမ်းနိုင်၍၊ လုံ့လကြိုးကုတ်အားထုတ်၍။ ဥဿဟိတွာ တုလေတိ၊ ပဋိသံဋ္ဌ၊၁။၁၀။ ခုဒ္ဒက၊ ဋ္ဌ။၁၉၁။ ဥဿဟေတွာ တုလေတိ။ မ၊၂။၁၄၅။

**ဥဿဟိဿတိ** (ကြိ) [ဥ+သဟ+ဿတိ] စွမ်းနိုင်လတ္တံ့၊ လုံ့လကြိုးကုတ်အားထုတ်လတ္တံ့။ ဥဿဟတိ-ကြည့်။

**ဥဿဟိဿာမိ** (ကြိ) [ဥ+သဟ+ဿာမိ] စွမ်းနိုင်-လတ္တံ့-အံ့၊ လုံ့လကြိုးကုတ်အားထုတ်-လတ္တံ့-အံ့။ ဥဿဟတိ-ကြည့်။

**ဥဿဟေ¹**(ကြိ)[ဥ+သဟ+အ+မိ] စွမ်းနိုင်၏၊ လုံ့လကြိုးကုတ်အားထုတ်၏။ဥဿဟတိ-ကြည့်။

**ဥဿဟေ²** (ကြိ) [ဥ+သဟ+ယျ] စွမ်းနိုင်ရာ၏၊ လုံ့လကြိုးကုတ်အားထုတ်ရာ၏။ ဥဿဟတိ-ကြည့်။

**ဥဿဟေယျံ** (ကြိ) [ဥ+သဟ+ယျံ] စွမ်းနိုင်ရာ၏၊ လုံ့လကြိုးကုတ်အားထုတ်ရာ၏။ ဥဿဟတိ-ကြည့်။

**ဥဿာဒ** (ပု) [ဥ+သဒ+ဏ] (၁) ကုန်းမြင့်အရပ်။ (၂) တင်နေခြင်း၊ ကုန်းပေါ်၌ တင်နေခြင်း။ (၃) ငါဟုထင်သောမာန။ (၁) တဿတ္ထော-ယထာ ဥန္နတေ ထလေ ဥဿာဒေ ဘူမိဘာဂေ မေဃေဟိ အဘိဝုဋ္ဌံ ဥဒကံ နိန္နံ ပဝတ္တတိ။ ခုဒ္ဒကာ၊ဋ္ဌ။၁၇၉။ (၂)(၃) ကီ နု ခေါ ဘန္တေ ဩရိမံ တီရံ ပါရိမံ တီရံ၊ ကော မဇ္ဈေ သံသီဒေါ၊ ကော ထလေ ဥဿာဒေါ။ သံ၊၂။ ၃၈၇။ ဒီ၊ဋ္ဌ၊၁။၁၁၃။ မ၊ဋီ၊၁။၂၁။ ထလေ ဥဿာဒေါတိ ခေါ ဘိက္ခု အသ္မိမာနဿေတံ အဓိဝစနံ။ သံ၊၂။၃၈၇။ ဥဿာဒေါတိ ဇလမဇ္ဈေ ဥဋ္ဌိတေ ထလသ္မိံ ဥဿာရိတော အာရုဠှော။ သီ၊ဋီ၊သစ်၊၁။၄၅၆။

**ဥဿာဒနပက္ခ** (ပု) [ဥဿာဒန+ပက္ခ] ချီးမွမ်းခြင်းအဘို့။ နာမာတိ အသမ္ဘာဝနေ အပသာဒနပက္ခေ၊ ဥဿာဒနပက္ခေ ပန သမ္ဘာဝနေ။ သံ၊ဋီ၊၂။၃၀၁။

**ဥဿာဒနာ** (ထီ၊န) [ဥ+သဒ+ယု+အာ] မြှောက်ပင့်ခြင်း၊ ချီးမြှောက်ခြင်း။ ဥဿာဒနဉ္စ ဉတွာ အပသာဒနဉ္စ ဉတွာ နေဝုဿာဒေယျ န အပသာဒေယျ၊ ဓမ္မမေဝ ဒေသေယျ။ မ၊၃။ ၂၇၃။ နေဝုဿာဒေယျ န အပသာဒေယျာတိ ဂေဟဿိတဝသေန ကဉ္စိ ပုဂ္ဂလံ နေဝ ဥက္ခိပေယျ န အဝက္ခိပေယျ။ မ၊ဋ္ဌ၊၄။၁၉၂။ အယံ အာမိသေန အနုပလိတ္တော ပစ္စယေဟိ ဝိနိဝတ္တမာနသော အဗ္ဘာ မုတ္တော စန္ဒိမာ ဝိယာတိ ဧဝမဿ ဂေဟဿိတဝသေန ဥဿာဒနာပိ နတ္ထိ။ မ၊ဋ္ဌ၊၂။၂၈၅။ ဥဿာဒနာတိ ဂုဏဝသေန ဥက္ကံသနာ။ မ၊ဋီ၊၂။၃၀၂။ ကတ္တုဗ္ဗဿ သရသေနေဝ ကရဏံ စိတ္တရုစိယံ၊ န တထာ ပရဿ ဥဿာဒနေန။ ပဋိသံ၊ဋ္ဌ၊၁။၃၆။

**ဥဿာဒနာကာရ** (ပု) [ဥဿာဒန+အာကာရ] ချီးမွမ်း-ချီးမြှောက်-ပုံ အခြင်းအရာ။ အပသာဒနာကာရံ ဥဿာဒနာကာရဉ္စ ဝိဘာဝေတုံ "ကထ"န္တိအာဒိ အာရဒ္ဓံ။ အံ၊ဋီ၊၂။၃၉၆။

**ဥဿာဒယမာန** (တိ) [အဝ+သဒ+ဏယ+မာန] အောက်သို့-ရောက်စေ-ကျစေ-သော။ ဩသီဒန္တာနန္တိ ပဋိပက္ခဝသေန အဓော သီဒန္တာနံ၊ ဥဿာဒယမာနာနန္တိ အတ္ထော။ သံ၊ဋီ၊၁။၁၃၇။

**ဥဿာဒိယမာန** (တိ) [ဥ+သဒ+ ယ+မာန] ထွက်စေအပ်သော၊သူ။ ဧဝံ တေ ရဋ္ဌဝါသီဟိ မနုဿေဟိ ဥဿာဒိယမာနာ သဗ္ဗေပိ အညတိတ္ထိယာ သမာဂန္တွာ ပဒုမုတ္တရဒသဗလမေဝ သရဏမဂမံသု။ ဗုဒ္ဓဝံ၊ဋ္ဌ။၂၃၂။

**ဥဿာဒေတဗ္ဗ** (တိ) [ဥ+သဒ+ဏေ+တဗ္ဗ] ချီးမွမ်းအပ်သော၊သူ။ သော နေဝ ဥဿာဒေတဗ္ဗော။ ဒီ၊၃။၁၀၆။ ဒီ၊ဋ္ဌ၊၃။၉၅။

**ဥဿာဒေတိ¹** (ကာ၊ကြိ) [ဥ+သဒ+ဏေ+တိ] အထက်သို့-တက်ရောက်-ရွှေ့-စေ-၏၊ ချီးမြှောက်-မြှောက်ပင့်-၏။ ဥဿာဒေတု-ကြည့်။

**ဥဿာဒေတိ²** (ကာ၊ကြိ) [အဝ+သဒ+ဏေ+တိ] ထွက်စေ၏၊ နှင်ထုတ်၏။ ရဋ္ဌတောတိ သကလရဋ္ဌတောပိ။ နိစ္ဆုဘန္တီတိ နီဟရန္တိ ဥဿာဒေန္တိ တေသံ နိဝါသံ န ဒေန္တီတိ အတ္ထော။ ဗုဒ္ဓဝံ၊ဋ္ဌ။၂၁၂။

**ဥဿာဒေတု** (တိ) [ဥ+သဒ+ဏေ+တု] ချီးမွမ်း-မြှောက်ပင့်ပြောဆို-တတ်သော၊သူ။ ဥဿာဒေတာ စ ဟောတိ။ ဝိ၊၅။၃၁၉။ ဥဿာဒေတာ ဟောတီတိ "အမှာကံ အာစရိယော မဟာ-တေပိဋကော ပရမဓမ္မကထိကော"တိအာဒိနာ နယေန ကေစ္စိ ဥဿာဒေတိ။ ဝိ။၄။၂၁၆။ ဥဿာရေတိ(ဥဿာဒေတိ။၌။)တိ ဥဒ္ဓံ ဂမာပေတိ။ ဣမိနာ ဥဿာဒေတိ ဥပရိ ဂမာ-ပေတီတိ ဥဿာဒေတာတိ ဝစနတ္ထံ ဒဿေတိ။ ပါစိတ်၊ယော။၆၁၅။

**ဥဿာဒေတွာ** (ကြိ၊ဝိ) [ဥ+သဒ+ဏေ+တွာ] (၁) တင်၍။ (၂) ထစေ၍။ (၁) ထလေ ဥဿာဒေတွာ ဌပိတနာဝါယ ဖုဋ္ဌောကာသော ဝ ဌာနံ။ ဝိ။၁။၂၈၉။ (၂) ဖေဏုဒ္ဒေဟကန္တိ ဖေဏံ ဥဒ္ဒေဟိတွာ၊ ဥဿာဒေတွာတိ အတ္ထော။ အံ။၃။၁၈၉။ (အံဋီ၊၃။၁၉၆-၌ ဥဿာဒေ-တွာ-ဟုမတွေ့ရ၊ ဥဋ္ဌာပေတွာ-ဟု တွေ့ရသည်။)

**ဥဿာဒေန္တ** (တိ) [ဥ+သဒ+ဏေ+အန္တ] ချီးမွမ်း-ချီးမွမ်းလို-သော၊ မြှောက်ပင့်သော၊သူ။ အာယသ္မန္တံ အာနန္ဒံ ဥဿာဒေန္တောပိ ဘဏတိ အပသာဒေန္တောပိ။ ဒီ။၂။၇၆။ သံ။၂။၈၁။ ဥဿာဒေန္တောတိ ပညာယ ဥက္ကံသေန္တော၊ ဥဂ္ဂဏှန္တောတိ အတ္ထော။ ဒီဋီ၊၂။၈၃။ ကိံ နု ခေါ သမဏော ဂေါတမော ဂဟပတိမ္ပိ ဝသေန ပရိသံ ဥဿာဒေန္တော ဝါ အပသာဒေန္တော ဝါ ဓမ္မံ ဒေသေတိ။ မ။၃။၂၅၆။ (-မဋီ၊ ၃။၁၇၁။ သံဋီ၊၁။၁၀၀။)

**ဥဿာဒေန္တိ** (ကာ၊ကြိ) [ဥ+သဒ+ဏေ+အန္တိ] ထွက်စေကုန်၏။ နိစ္ဆုဘန္တိတိ နီဟရန္တိ ဥဿာ-ဒေန္တိ တေသံ နိဝါသံ န ဒေန္တီတိ အတ္ထော။ ဗုဒ္ဓဝံ။။၂၃၂။

**ဥဿာပန** (န) [ဥ+သိ+ဏာပေ+ယု] (၁) ထောင်မတ်စေ-ထောင်-စိုက်ထူ-ပင့်မြှောက်-ခြင်း။ (၂) ထောင်လွှားခြင်း၊ မာန်မူခြင်း။ (တိ)(၃) စိုက်ထူကြောင်းဖြစ်သော။ (၁) မဟတော ဓမ္မဓဇဿ ဥဿာပနံ သေ ဂဝေသီ ပရိယေသီတိ မဟေသိ။ စူဋ္ဌနိ။ရရ။ ဓမ္မဓဇဿ ဥဿာပနန္တိ နဝဝိဓ-လောကုတ္တရဓမ္မဿ ဥဿာပေတွာ ဌပနံ။ စူဋ္ဌနိ။။၂၃။ တာယ စန္ဒနယဋ္ဌိကာယ ကတဿ ပတ္တဿ အာကာသေ ဥဿာပနံ။ သုတ္တနိ။၊ ၂။၂၈၅။ (၂) ဥန္နတိန္တိ ဥဿာပနံ။ မဟာနိ။၊ ၌။၂၄၄။ (တိ)(၃) အောက်ပုဒ်ကြည့်။

**ဥဿာပနဝီရိယ** (န) [ဥဿာပန+ဝီရိယ] စိုက်ထူကြောင်းဖြစ်သောဝီရိယ။ ဥဿာဟောတိ ဥဿာပနဝီရိယံ။ အံ။၃။၉၉။

**ဥဿာပယတိ** (ကာ၊ကြိ) [ဥ+သိ+ဏာပယ+တိ] ထောင်မတ်စေ-စိုက်ထူ-၏။ သစေ တတြ အဘိဝိဿံ၊ သေတစ္ဆတ္တံ ဥဿာပယိဿံ။ ဓမ္မ၊ ၌၁။၁၀၆။ **ဥဿာပယိံသု**—ဇာ။၄။၁၃၅။

**ဥဿာပယိံသု** (ကာ၊ကြိ) [ဥ+သိ+ဏာပယ+ဣံသု] ထောင်မတ်စေ-စိုက်ထူ-ကုန်ပြီ။ အထက်ပုဒ်ကြည့်။

**ဥဿာပယိဿ** (ကာ၊ကြိ) [ဥ+သိ+ဏာပယ+ဿာ] ထောင်မတ်စေ-စိုက်ထူ-ရာ၏။ ဥဿာပယတိ-ကြည့်။

**ဥဿာပိတ** (တိ) [ဥ+သိ+ဏာပေ+တ] (၁) ထောင်မတ်စေ-စိုက်ထူ-အပ်သော။ (၂) အထက်သို့တက်စေအပ်-စုန့်စုန့်တက်-မို့မောက်-သော။ (၁) အယံ အတ္တဘာဝေါ နာမ တီဟိ အဋ္ဌိ သတေဟိ ဥဿာပိတော။ မ။၁။၃၉၂။ အာဝါဋံ ခဏိတွာ တသ္မိံ အာဝါဋေ ဥဿာပိတတ္တာ ပထဝိသိတော။ နေတ္တိဝိဘာ။ ၃၂၄။ (၂) တိလာဒိနံ နာဠိအာဒီဟိ မိနနကာလေ

ဥဿာပိတာ သိခါယေဝ သိခါ။ သီဋီ၊သစ်၊၁။၃၅၂။ အံ၊ဋီ၊၂။၃၇၄။ ဥဿာပေတွာ-လည်းကြည့်။

**ဥဿာပိတသေိကာထမ္ဘ** (ပု) [ဥဿာပိတ+သေိကာထမ္ဘ] ထောင်မတ်စေအပ်-စိုက်ထူအပ်-သောတံခါးတိုင်။ နဂရသောဘနတ္ထံ ဥဿာပိတသေိကာထမ္ဘဉ္စ။ အပ၊ဋ္ဌ၊၁။၃၂၀။

**ဥဿာပိတကာလ** (ပု) [ဥဿာပိတ+ကာလ] ထောင်မတ်စေအပ်-စိုက်ထူအပ်-သော အခါ။ ဘာတိက မမ ဆတ္တံ ဥဿာပိတကာလတော ပဋ္ဌာယ။ ဇာ၊ဋ္ဌ၊၄။၁၃၈။

**ဥဿာပိတဆတ္တ** (န) [ဥဿာပိတ+ဆတ္တ] ထောင်မတ်စေအပ်-စိုက်ထူအပ်-သောထီး။ ရထမဇ္ဈေ ဥဿာပိတဆတ္တမ္ပိ သေတမေဝ အဟောသိ။ သံ၊ဋ္ဌ၊၃။၁၅၆။

**ဥဿာပိတဋ္ဌ** (ပု) [ဥဿာပိတ+အတ္ထ] ထောင်မတ်စေအပ်-စိုက်ထူအပ်-သောအနက်သဘော။ တဏှာဓဇောတိ ဥဿာပိတဋ္ဌေန တဏှာဓဇော။ မဟာနိ၊ဋ္ဌ။၁၇၅။

**ဥဿာပိတထမ္ဘ** (ပု) [ဥဿာပိတ+ထမ္ဘ] ထောင် မတ်စေအပ်-စိုက်ထူအပ်-သောတိုင်။ လောကတ္တယေ ဥဂ္ဂတတ္တာ တွမေဝ ယူပေါ ဥဿာပိတထမ္ဘသဒိသော။ အပ၊ဋ္ဌ၊၁။၂၄၉။

**ဥဿာပိတဓဇ** (ပု) [ဥဿာပိတ+ဓဇ] ထောင် မတ်စေအပ်-စိုက်ထူအပ်-သော အလံတံခွန်။ သော ယောဓော နဂရသောဘတ္ထာယ ဥဿာ-ပိတဓဇေ ဝိယ မာနဒ္ဓဇေ ပါတေတွာ။ အံ၊ဋ္ဌ၊ ၃။၃၂။

**ဥဿာပိတရဇတတောရဏ** (န) [ဥဿာပိတ+ရဇတတောရဏ] ထောင်မတ်စေအပ်-စိုက် ထူအပ်-သောငွေတုရိုဏ်းတိုင်။ ဒေဝနဂရေ ဥဿာပိတရဇတတောရဏံ ဝိယ သောဘတိ။ ဒီ၊ဋ္ဌ၊၁။၂၁၇။ မ၊ဋ္ဌ၊၃။၃၀၄။

**ဥဿာပိတသိခါ** (ထီ) [ဥဿာပိတာ+သိခါ] စုန့်. စုန့်တက်-မို့မောက်-သော အထွတ်။ တိလာဒီနံ နာဠိအာဒီဟိ မိနနကာလေ ဥဿာပိတသိခါ ယေဝ သိခါ။ မ၊ဋီ၊၂။၁၅၉။

**ဥဿာပိတသေတစ္ဆတ္တ** (န) [ဥဿာပိတ+သေတစ္ဆတ္တ] ထောင်မတ်စေအပ်-စိုက်ထူအပ်-သော ထီးဖြူ။ ဟတ္ထိက္ခန္ဓေ ဥဿာပိတသေတ-ဆတ္တေန ဥပသောဘိတော သောဘမာနော။ အပ၊ဋ္ဌ၊၂။၂၄။

**ဥဿာပေတိ** (ကာ၊ကြိ) [ဥ+သိ+ဏာပေ+တိ] ထောင်မတ်စေ-စိုက်ထူ-စိုက်ထူစေ-မတ်မတ် ထား-ထောင်-၏။ ထမ္ဘံ ဥဿာပေတိ၊ ဒုက္ကဋံ။ ဝိ၊ဋ္ဌ၊၂။၁၅၆။ တန္တတော ဥဋ္ဌိတပေသကာရော ကိသ္မိဉ္စိဒေဝ ဂဟေတွာ ဥဇုကံ ကာယံ ဥဿာ-ပေတိ။ အဘိ၊ဋ္ဌ၊၂။၄၆၀။ သံ၊ဋီ၊၂။၄၁၆။ အံ၊ဋီ၊၁။၇၇။ **ဥဿာပေန္တိ**—အဘိ၊ဋ္ဌ၊၁။၁၂၅။ ဇာ၊ဋ္ဌ၊၁။၁၄။ **ဥဿာပေသိ**—မ၊ဋ္ဌ၊၃။၂၄၂။ **ဥဿာပေမိ**—အပ၊၁။၅။ အပ၊ဋ္ဌ၊၁။၁၂၃။ **ဥဿာပေန္တု**—ဇာ၊ဋ္ဌ၊၅။၃၃၈။ **ဥဿာပေဟိ**—မ၊ဋ္ဌ၊၃။၂၄၂။ ဇာ၊ဋ္ဌ၊၅။၃၅။ **ဥဿာပေယျာထ**—ဇာ၊ဋ္ဌ၊၄။၁၂၇၊၁၃၅။ **ဥဿာပေသိ**—ဒီ၊ဋ္ဌ၊၂။၂၀၄။ မ၊ဋ္ဌ၊၃။၂၂၄။ အပ၊ဋ္ဌ၊၁။၃၀၂။ **ဥဿာပေသုံ**—ဝိမာန၊ဋ္ဌ။၂၈။ ဇာ၊ဋ္ဌ၊၄။၁၃၅။ **ဥဿာပေသီ**—အပ၊၁။၁၉၅။ ထေရ၊ဋ္ဌ၊၁။၂၈၁။

**ဥဿာပေတုံ** (ဗျ) [ဥ+သိ+ဏာပေ+တုံ] ထောင် မတ်စေ-စိုက်ထူ-ခြင်းငှါ။ ဣဓ ဝသိတုံ ဣစ္ဆတိ၊ ဥဒါဟု ပေတ္တိကေ ရဇ္ဇေ ဆတ္တံ ဥဿာပေတုံ။ မ၊ဋ္ဌ၊၃။၂၂၄။ မဟာနိ၊ဋ္ဌ။၉၀။

**ဥဿာပေတုကာမ** (တိ) [ဥဿာပေတုံ+ကမု+ဏ] ထောင်မတ်စေ-စိုက်ထူ-ခြင်းငှါ အလိုရှိ

သောၤသူ။ မံ ဂဏှိတွာ အဗ္ဗုနာ ဆတ္တံ ဥဿာပေတုကာမော။ ဒီၤဋ္ဌၤ၁။၁၃၇။ (-မၤဋ္ဌၤ၁။၂၂၄။ သီၤဋီၤသစ်ၤ၂။၂၄။)

